

ကျင်းထို၏ ယဲ့လောင်စမ်း
2003
တက္ကသိုလ်
နေလင်းအောင်
ခြေရာကောက်ခရီးသည်
၆ အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၃)
Alien
သိုင်းစာစဉ်များpage



တက္ကသိုလ်
နေလင်းအောင်
ခြေရာကောက်ခရီးသည်
တတိယပိုင်း

# (တတိယပိုင်း)

ငှါးရက်ငှါးနှုန်း ၅ပြား
ရက်လွန်ကြေး ၅ပြား
စပေါ် ၁၀ပြား
စာအုပ်ရောက်ရှိ စုတ်ပြဲပျက်စီးပျောက်
ဆုံးပါက စာအုပ်တန်ဖိုး (၂) ဆ
ပေးလျော်ရမည်။

မဥ္ဇ ဂုဏ် အပယ် ...


တက္ကသိုလ် ခေးလင်းအောင် - မြေရာစကောက်သိုင်း

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | * | ၂၂၈/ ၂၀၀၃ (၂) |
| စာမူခွင့်ပြုချက်အမှတ် | * | ၆၉ / ၂၀၀၃ (၁) |
| ပထမအကြိမ် | * | ၂၀၀၃ ဇူလိုင်လ |
| အုပ်ရေ | * | ၅၀၀ |
| တန်ဖိုး | * | ၄၅၀ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ် | * | ဒေါ်ကြည်မြင့်တင် |
| | * | မြင့်သိဂီပုံနှိပ်တိုက် |
| | | အမှတ် ၂၀၈ ၊ လမ်း - ... |
| | | ပန်းဘဲတန်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | * | ဦးတင့်လွင် (သော်တစာ... |
| | | အမှတ် (၆၀၅) ၊ သုဓမ္မာ... |
| | | မြောက်ဥက္ကလာပ ၊ ရန်ကု... |
| ဖြန့်ချိရေး | * | မြိတ် (စာပေ) |
| | | ၁၉၀ ၊ ၃၀ - လမ်း၊ ... |
| စီစဥ်သူ | * | ကိုလှနိုင် (မြိတ်) |

အထက်မြန်မာပြည်ဖြန့်ချိရေး * နဂါးစာပေ၊ မန္တလေ...


# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | .... ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | .... ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | .... ဒို့အရေး |

.... .... .... ....

စည်းကမ်းလိုက်နာ ဘေးကင်းကွာ၊
စည်းကမ်းရှိမှ တိုးတက်မည်၊
စည်းမျဥ်းကိုက်ညီ ဘေးကင်းသည်၊

.... .... .... ....

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန် ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံ များ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အခန်း (၄၇)

### ညရန်သူ

သုံးလှ စားသောက်ဆိုင်တွင် တည်းခိုရန် အခန်းများရှိသဖြင့် အဆင်ပြေသွားသည်။

ဆိုင်မှ လူသင်များသည် ချင်ကျင်းယုံတို့၏ မြင်းများကို အနောက်ဘက် မြင်းဇောင်းများဆီသို့ ယူဆောင်သွားပြီး အစာရေစာ ကောင်းမွန်စွာ ကျွေးမွေးသည်။

ညနေမှောင်သောအခါ ချင်ကျင်းယုံနှင့် ဖုံကျော်ဇီဝါတို့သည် သူတို့အခန်းများဆီသို့ သွားကြသည်။

တစ်ယောက်တစ်ခန်းစီ ငှားထားသဖြင့် ကျယ်ကျယ်ဝန်းဝန်း လွပ်လွပ်လပ်လပ် အိပ်နိုင်သည်မှာ မှန်သည်။ သို့သော် သူတို့မအိပ်နိုင်ကြပါ။

ညသည် အလင်းရောင်ဝိုးတဝါးဖြင့် မှုန်ပျပျ ဖြစ်နေ၏၊ ကောင်းကင်တွင် လခြမ်းကွေးကလေး ရှိနေပုံမှာ ကလေး ကစားစရာအရုပ်ကလေးတစ်ခုကို ကြိုးဖြင့်ဆွဲထားသကဲ့သို့ပင်၊

ထိုအချိန်မျိုး၌ ရန်သူများ ရောက်လာတတ်သည်ကို ချင်ကျင်းယုံရော ဖုံကျက်ဝါပါ သိနေသည်၊ ထို့ကြောင့် သူတို့ နှစ်ယောက်စလုံး မအိပ်နိုင်ကြပေ၊

ဖုံကျက်ဝါက သူမ၏ရန်သူများဆိုက်ဆိုက် မြိုက်မြိုက်ရောက် လာပါစေဟု ကျိတ်၍ဆုတောင်းနေသလို ချင်ကျင်းယုံကလည်း ဖုံကျက်ဝါကဲ့သို့ပင် ဆုတောင်းနေသည်၊

အကြောင်းမှာ ဤရန်သူများကို မြန်မြန်ရှင်းနိုင်လေ သူ့ အနေဖြင့် ချက်ကျင်းဟုန်ကို ရှာချိန်ပိုရနိုင်မည် ဖြစ်သော ကြောင့်ပင်၊

မွန်းတည့်ချိန်၊ ထမင်းစားသောက်ပြီးချိန်၌ ဖုံကျက်ဝါ အဘယ်ကြောင့် ရန်သူများကြွအောင် ပြောခဲ့သနည်းဟု မေးသည်၊

ထိုအခါတွင် ချင်ကျင်းယုံက ရန်သူကို လိုက်ရှာနေလျှင် အချိန်ပိုကုန်မည်၊ ရန်သူက ကိုယ့်ကိုလာရှာအောင် ထောင်ချောက် ဆင်ပေးလိုက်ခြင်းသာဖြစ်ကြောင်း ရှင်းပြသည်၊

ချင်ကျင်းယုံသည် ချက်ကျင်းဟုန်နှင့် ခွဲခွာခဲ့ပြီးသည့် နေ့ရက်ပိုင်းတွင် အတော်ကလေး သွက်လာသည်၊

သိုင်းလောက၏သဘောကို ဂဃနဏမသိသေးသော်လည်း အတော်အတန်နားလည် သဘောပေါက်လာသည်၊ ထို့ကြောင့်



အချို့နေရာများတွင် သူကပင် ဖုံကျက်ဝါကိုဦးဆောင်ခဲ့ခြင်း ဖြစ်ပေသည်၊

အကျိုးအကြောင်း သိရသောအခါ ဖုံကျက်ဝါ ကျေနပ် သွား၏၊

ဆိုင်ပြင်သို့ သုတ်ခနဲပြန်ထွက်သွားသော သိုင်းသမား နှစ် ယောက်သည် မြို့ပြ၊ မြို့နီတို့စေလွှတ်ထားသော လူများ ဖြစ်ချေက ကောင်းလေစွဟု တောင့်တမိလေ၏၊

ဖုံကျက်ဝါနှင့် ချင်ကျင်းယုံတို့သည် အခန်းချင်းကပ်လျက် ရှိကြသည်၊ တမင်နီးနီးကပ်ကပ် နေရာယူထားခြင်းဖြစ်သည်၊ သို့မှသာ တစ်ယောက်ကိုတစ်ယောက် ကူညီနိုင်မည်မဟုတ်ပါ လား၊

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏၊

ညဦးအတော်နက်လာသော အခါ ဖုံကျက်ဝါ စောင့်မခံ နိုင်တော့ချေ၊ ငိုက်မျဉ်းလာတော့သည်၊ ထိုသို့ငိုက်မျဉ်းခြင်း မှာ ရန်သူများ လာချင်မှလာတော့မည်ဟု စိတ်လျှော့လိုက် ခြင်းကြောင့် ဖြစ်သည်၊

'ဖျပ်....ဖျပ်'

ထိုစဉ် ခြေသံတစ်သံထွက်လာ၏၊

အိပ်ပျော်လုလုဖြစ်နေသော ဖုံကျက်ဝါမှာ ဆတ်ခနဲ ပြန် နိုးလာ၏၊ ထိုညင်သာသောခြေသံကို သူမ ပီသစွာ ကြားလိုက် နိုင်သည် မဟုတ်ပါလား၊ သူမသည် အိပ်နေရာမှ ဖြည်းညင်း စွာ ထလိုက်၏၊ အိပ်ရာဘေးမှဓားကို နောက်ကျော၌ သိုင်း လွယ်ထားသည်၊

'ဖျပ်....ဖျပ်'

တိုးညင်းသောခြေသံသည် တပ်မ၌ ပေါ်လာပြန်သည်။ အိပ်ပျော်သလို အချိန်ကပင် ထိုခြေသံကို ကြားလိုက်နိုင်သူ အဖို့ သေချာစွာ စိုးရိမ်နေချိန်၌ ဆိုဖွယ်ရာ မရှိတော့ချေ။

'ခေါက်....ခေါက်'

ဖုံကျော်ဝါသည် သူမ၏ဘေးမှ အခန်းနံရံကို ဖြည်းညင်းစွာ ခေါက်လိုက်၏။

'ခေါက်....ခေါက်'

ဟူသော အသံမှာ တိုးညှင်းလှသည်။ ဖုံကျော်ဝါက တမင် ဖြည်းညင်းစွာ ခေါက်ခြင်းဖြစ်၏။ ရန်သူများမကြားစေရန် သတိထားရပေသည်။

'ခေါက်....ခေါက်'

ထိုတခေါက်ခေါက်အသံမှာ ချင်ကျောင်းယုံဘက်မှ ပြန်သည့် အချက်ပေးသံဖြစ်၏။ ဖုံကျော်ဝါ ဝမ်းသာသွားသည်။

ချင်ကျောင်းယုံသည်၊ သူမကဲ့သို့ အိပ်တဲ ရန်သူများကို စောင့်ဆိုင်းနေပေသည်တကား။

ပေါ့ပေါ့ဖျတ်လတ်သော ခြေသံများသည် တဖြည်းဖြည်း ချင်း ပေါ်လာသည်။ ရန်သူများကား တဖြည်းဖြည်း ချဉ်း ကပ်လာသည်။

ဖုံကျော်ဝါက ခြေသံများကိုနားစွင့်ပြီး တွက်ချက်နေ၏။ ခြေသံရှင်တစ်ယောက်လား၊ နှစ်ယောက်လား မှန်းဆနေခြင်း ဖြစ်သည်။



ခြေသံများကို တိတိကျကျခန့်မှန်း၍မရပေ၊ လေးယောက် ခန့် ရှိလိမ့်မည်ဟုတော့ အကြမ်းဖျင်းခန့်မှန်းနိုင်သည်။ ဖုံကျော်ဝါ မဲ့ပြုံးပြုံးလိုက်၏။

သူမ ထရပ်လိုက်သည်။ ပြတင်းပေါက်ကိုဖွင့်မည်၊ ပြတင်း ပေါက်မှထွက်ပြီး ရန်သူများကိုစိန်ခေါ်မည်၊ ဖုံကျော်ဝါက ထိုသို့ဆုံးဖြတ်လိုက်၏။

'ချွမ်း...'

'ဝုန်း....'

ထိုစဉ် လေတိုးသံများနှင့်အတူ ပြတင်းပေါက်ကို ကြီးမား သော အရာဝတ္ထုများက လာရောက်ထိမှန်တော့၏။ တံခါး ရွက်လည်း ကျိုးပဲ့သွားသည်။

ဖုံကျော်ဝါ ခုန်ဆုတ်နိုင်သဖြင့် သူမအား ပြတင်းတံခါး တစအနကလေးများပင် မထိခိုက်ချေ။

'ဟင်....သူတို့က အပြင်မှာ စောင့်ရောက်နေပြီပဲ၊ ငါ အပြင် ထွက်တာ ငါ့ကိုသက်စတုံးလုပ်ဖို့ စောင့်နေကြတာကိုး'

ဖုံကျော်ဝါ ရေရွတ်ပြီး ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်၏။ သူမ အပြင်ထွက်ရန် အကြံထုတ်နေစဉ် ချင်ကျောင်းယုံ၏အခန်း ဆီမှ အော်သံကြားလိုက်ရ၏။

'မင်းတို့ ဘယ်ပြေးမလဲ'

ချင်ကျောင်းယုံ၏ အော်သံပင်။

ထို့နောက် မာန်သွင်းထောင်ဟစ်သံများ ကြားရပြီး ချင် ကျောင်းယုံကိုယ်တိုင် အခန်းအပြင်သို့ရောက်သွားပြီဖြစ်ကြောင်း သိလိုက်သည်။

'သတ်… ဒီကောင့်ကို သတ်ပစ်'

ရန်သူများက ချင်ကျင်းယုံအား သတ်ဖြတ်ရန် အချင်းချင်းအားပေးနေသည်။ အသံများလည်း ဆက်တိုက်ပင် ထွက်ပေါ်လာသည်။

* * *

သူစဉ်းစားနေစဉ် ချင်ကျင်းယုံ အပြင်းအထန် တိုက်ခိုက်နေရပြီဖြစ်ကြောင်း သိလိုက်သောအခါ ဖုံကျွက်ဝါ တွေမနေနိုင်တော့ချေ။

'အစ်ကို… ညီမလာပြီ'

ဖုံကျွက်ဝါ အခန်းထောင်းမှ မနေတော့ချေ၊ တံခါးပေါက်ကို ဖွင့်လိုက်သည်။ ဓားကို [illegible] ဖြန့် ဝှေ့ယမ်းရင်း အပြင်သို့ ခုန်ပျံ ထွက်သွားလေ၏။

သူမထင်သည့် မည်သည့်လက်နက်ဖုန်းမှ ရောက်မလာပေ၊ သူမအား ချောင်းမြောင်းတိုက်ခိုက် မည့်သူလည်းမရှိပါ။ ဖုံကျွက်ဝါ အံ့အားသင့်သွားသည်။



'ဘယ်ရောက်ကုန်ကြပြီလဲ၊ လာကြလေ'

ဖုံကျွက်ဝါ ဒေါသဖြစ်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ စားသောက်ဆိုင်၏အနောက်ဘက်မြင်းဇောင်းအနီး၌ လူတစ်စု ရှုတ်ရှုတ်သဲသဲ တိုက်ခိုက်နေသည်ကို တွေ့ရသည်။ ထိုအထဲတွင် ချင်ကျင်းယုံ ရောက်ရှိနေကြောင်း တွေ့မြင်လိုက်ရလေတော့သည်။

ချင်ကျင်းယုံက တစ်ယောက်တည်း၊ ရန်သူကလေးယောက်ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းဖြစ်သည်။

'ဟင်….ဒီလူတွေပဲကိုး'

ဖုံကျွက်ဝါ တီးတိုးရေရွတ်လိုက်၏။

အကြောင်းမှာ ချင်ကျင်းယုံအား ဝိုင်းဝန်းတိုက်ခိုက်နေသော လူလေးယောက်တွင် နေ့လယ်ပိုင်းက စားရင်းသောက်ရင်း တွေ့လိုက်ရသော လူနှစ်ယောက် ပါရှိနေသောကြောင့်တည်း။ ထိုနှစ်ယောက်အားဝူဝီလျှံနှင့် ဓားကျိုးစွမ်တို့ပင် ဖြစ်ကြပေ၏၊ ကျန်နှစ်ယောက်ကိုကား သူတို့မတွေ့ဖူးချေ။

ထိုလူနှစ်ယောက်စလုံး လုံးဝသားနားသပ်ရပ်ခြင်းမရှိပေ။ လူဆိုးလူရမ်းကားများ ဖြစ်ကြောင်း သူတို့အသွင်အပြင်က ဖော်ပြလျက်ရှိသည်။

တစ်ယောက်မှာမူ မုတ်ဆိတ်မွေး၊ ပါးမြိုင်မွေးများပြည့်နေပြီး ညစ်ထေးထေး အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

ကျန်တစ်ယောက်ကား ခန္ဓာကိုယ် ပိန်လှီပြီး မျက်လုံးများကလည်း ယခုပင် ခုန်ထွက်တော့မလို ပြူးကျယ်ဝိုင်းစက်

နေသည်။ ထိုရုပ်ရည်များ၊ မြင်ရုံနှင့် ထိတ်လန့်စရာကောင်း
သော ရုပ်ရည်များဖြစ်နေပေသည်။

ဖုံကျက်ဝါသည် တိုက်ပွဲအတွင်းသို့ ရုတ်တရက်ဝင်မသွား
ပေ။ ရန်သူများ၏ သိုင်းပညာ အခြေအနေကို ဆန်းစစ်အကဲ
ခတ်နေ၏။

ချင်ကျင်းယုံအား ဝိုင်းဝန်းတိုက်ခိုက်နေကြသူလေးယောက်
ထဲတွင် မြေပြင်ဖူးသော လူနှစ်ဦးကပို၍အစွမ်းထက်နေကြောင်း
တွေ့လိုက်ရသည်။ ထိုလူနှစ်ဦးသည် ဝဲ ယာညှပ်၍ ချင်ကျင်းယုံ
၏ နံကြားများဆီသို့ ဓားဖြင့်ထိုးသွင်း၏။

ကြောက်စရာကောင်းသောပူးပေါင်းတိုက်ကွက်ပေ၊ ရှေ့မှ
ရန်သူ ဂူဝီလျှံနှင့် ဓားကျိစွမ်ကို ဂရုစိုက်နေရသော ချင်ကျင်း
ယုံသည် နောက်ဘက်မှ ညှပ်တိုက်သော ဓားနှစ်လက်ကို
ရှောင်ထွက်ရန် ခက်ခဲသွား၏။

ထိုအခါ ချင်ကျင်းယုံသည် အံ့မှယ်သရဲလှပသော ရှောင်
တိမ်းကွက်ကို အသုံးပြုလေတော့သည်။ ချင်ကျင်းယုံထံမှ
မာန်သွင်းသံပေါ်လာပြီး သူ့တစ်ကိုယ်လုံး လေထဲမြောက်
တက်သွားသည်။ လေထဲ၌တစ်ပတ်ကျွမ်းပစ်ပြီးနောက်လူသစ်
ဓားသမားနှစ်ဦး၏နောက်ကျောများဆီသို့ပြန်လည်ကျရောက်
သွားလေ၏။

ဖုံကျက်ဝါသည် ချင်ကျင်းယုံကို ကျိတ်၍ ချီးကျူးလိုက်၏။
နောက်ဆုံး ဖုံကျက်ဝါသည် တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်
သွားသည်။



'ရှင်တို့လူများပေမယ့် ရှင်တို့ကိုကြောက်နေမယ်များ ထင်
သလား၊ လုံးဝမကြောက်သေးဘူး'

ဖုံကျက်ဝါ၏ ဓားရောင်ဝင်းခနဲလက်ခနဲ ဖြစ်သွားသော
အခါ ရန်သူများ ရှုံ့ခနဲဆုတ်သွား၏။ ထိုမျှပြင်းထန်စွာတိုက်ခိုက်
နေချိန်တွင် ချင်ကျင်းယုံသည် ရန်သူများကို တစ်ကွက်မျှ
ပြန်လည် တိုက်ခိုက်သည်မဟုတ်ချေ။ ရှောင်တိမ်းပေးရုံသာ
ရှောင်တိမ်းနေသည်။ ဖုံကျက်ဝါဝင်လာသည့်အခါ ဂူဝီလျှံနှင့်
ဓားကျိစွမ်တို့ကို ထိန်းပြီးတိုက်ခိုက်သည်။ ထိုအခါ လူသစ်
နှစ်ဦး၏ အတွဲသည် ချင်ကျင်းယုံဖြစ်သွားလေတော့၏။

'ရှင်တို့ကြောက်သွားပြီလား၊ ကြောက်ရင်တော့ ရှင်တို့ရဲ့
ဓားတွေကို အောက်ချပြီး ကိုယ့်လမ်းကိုယ် ပြန်ကြပေ
တော့'

ဖုံကျက်ဝါ အတော်ရဲတင်းမှုရှိသည်။ သူမ၏အပြောအဆို
ရဲတင်းပုံကိုကြည့်ပါက သာမန်အရပ်သူတစ်ဦးမဖြစ်နိုင်၊ သိုင်း
လောကမှ သိုင်းသမားတစ်ဦးသာ ဖြစ်ရမည်ဟု ချင်ကျင်းယုံ
တွေးဆသည်။ အတွဲနှစ်တွဲ ပြင်းထန်စွာ တိုက်ခိုက်ကြသော
အခါ ဖုံကျက်ဝါက ရှေ့သို့ တဖြည်းဖြည်း တိုးသွားနေပြီး
ချင်ကျင်းယုံက တဖြည်းဖြည်း နောက်ဆုတ်ရသည်။

နောက်ဆုတ်နေခြင်းမှာ လူလေးယောက်ကို ခွဲထုတ်နေ
နေခြင်းဖြစ်သည်။

ဂူဝီလျှံနှင့် ဓားကျိစွမ်တို့သည် သူတို့နောက်ဆုတ်ပေးနေ
ရသည့်တိုင် ဇာပြောမလျှော့ပေ။ ဖုံကျက်ဝါအား ထိကပါး
ရိကပါး ပြောနေကြသေးသည်။ အောက်လမ်း သိုင်းသမား

လူဆိုး ဓားပြများပင် အပြောအဆို သင့်ခံ့သူ သိမ်မွေ့မှုလုံးဝ မရှိပေ။

ချင်ကျွမ်းယုံသည် ဖုံကျွဲဝါ၏ သိုင်းပညာကို အတော် အသင့်ရှိသည်ဟု ယုံကြည်သွားပြီး ဖြစ်၍ ဝင်ကူရန်မစဉ်း၊ စား ချော၊ သူ ရင်ဆိုင်နေရသည့် ရန်သူနှစ်ဦးကို မည်သို့စီရင်ရမည် နည်းဟု တွေးနေသည်။

'ညီမလေး....အခု ဒီလူတွေထဲမှာ မြွေဖြူနဲ့ မြွေနီပါ လား'

ဖုံကျွဲဝါက တိုက်ခိုက်နေရင်းမှ ပြန်ဖြေလိုက်၏။

'မပါဘူး။ အခုလာတဲ့လူတွေက ဘွဲ့ယ်အဖွဲ့အပေါင်းတွေပဲ၊ သာ မညသိုင်းသမားတွေပဲ၊ သူတို့ အားပေါင် အရင်းသန်နေတာ အစ်ကိုကြည့်ပါလား'

ဖုံကျွဲဝါ၏ အဖြေစကားကို ကြားလိုက်ရသောအခါ ချင်ကျွမ်းယုံ လွန်စွာစိတ်ပျက်သွား၏။

'မြွေနီမြွေဖြူမပါမှတော့ ဘာလုပ်ရမှာလဲ၊ သက်သက် အိပ်ရေးပျက်တာပဲ ရှိတော့တာပေါ့'

'အစ်ကို....ဒီလောက်လဲ စိတ်မပျက်ပါနဲ့'

'စိတ်ပျက်တာတော့မဟုတ်ပါဘူး၊ အစ်ကိုရဲ့ တန်ဖိုးရှိတဲ့ နားနေချိန်တွေကို သက်သက်အချိန်ဖြုန်းသလိုဖြစ်သွားလို့ စိတ်ပျက် တာပေါ့'



'သူတို့ဒီလောက် လာတိုက်တာဟာ ညီမတို့ အတွက် သဲလွန်စပဲပေါ့ အစ်ကိုရဲ့၊ အဲဒီထဲက တစ်ယောက်ယောက်ကို ဖမ်းပြီး စစ်ခေါ်လိုက်ရင် မြွေနီနဲ့ မြွေဖြူ ဘယ်မှာရှိသလဲ ဆိုတာ သိပြီပေါ့၊ ကဲ...ဖမ်းကြရအောင်'

ချင်ကျွမ်းယုံနှင့် ဖုံကျွဲဝါ တို့သည် ထိုစကား များကို အေးအေးဆေးဆေး ပြောနေကြခြင်းဖြစ်၏။ ရန်သူများကို လုံးဝဂရုမစိုက်ဘဲ ပြောနေကြသည်ဖြစ်ရာ ဓားကျိုးစွမ်တို့ လူ သိုက်မှာ လွန်စွာမှ ခံရခက်သော ဖြစ်နေကြသည်။

ချင်ကျွမ်းယုံ ပြောနေသည့် စကားအရဆိုလျှင် သူတို့လေး ယောက်မှာ သိုင်းလောက၏ သူငယ်နုပ်စားလေးများ ဖြစ်နေ ကြရလေ၏။

ထိုအထဲတွင် ဝူစီလျှံနှင့် ဓားကျိုးစွမ် တို့မှာ အခံပြင်းဆုံး၊ ဒေါသ အထွက်ဆုံးဖြစ်နေသည်။ ဝူစီလျှံက မုတ်ဆိတ်မွေး ပါးမြိုင်းမွေးရှိသည့် သိုင်းသမားအား လှမ်း၍ ခနဲ့လိုက်လေ သည်။

'မနောင်ကြီးဟုန်တော့ ဘယ်နှယ်လဲ၊ ကျုပ်တို့ ခင်ဗျားတို့ဟာ အရင့်အမာ သိုင်းသမားကြီးတွေမဟုတ်တော့ဘူးဗျာ၊ သူတို့ အားတော့ အရှုပ်ကလေးတွေဖြစ်နေပြီ'

ထိုသို့ အခေါ်ခံရသူကား မိုးကြိုးမီး ဟုန်တွေပင်တည်း။

သူနှင့်အတူပါသူ ပိန်ပိန်လှီလှီ မျက်လုံးပြူးပြူးနှင့် လူ သား မျောက်ဖြူဟူကျက်တည်း။

သူတို့သည် မြွေဖြူတို့အား အားပျော်တမ်း ကူညီရန် လိုက် ပါသူဖြစ်သည်။

မိုးကြိုးမီးဟုန်ဗွေထ....

'လုပ်စမ်းပါစေ၊ သူတို့ ဘယ်လောက် လုပ်နိုင်မယ်ဆိုတာ ကျုပ်တို့စောင့်ကြည့်ပါ့မယ်၊ သူတို့ကိုရှုံးရင် မိုးကြိုးမီး ဆိုတဲ့ အဲ့ကိုဖြုတ်ပစ်လိုက်မယ်ဗျာ'

မိုးကြိုးမီးဟုန်ဗွေက အံကြိတ်၍ပြောလေ၏။ မျောက်ဖြူ ဟူကျက်ကလည်း....

'သူတို့စိတ်ကူးယဉ်နေသဗျ၊ အဲဒီစိတ်ကူးကို ကျုပ်တို့ဖျက်ဆီးပြရမယ်၊ ကဲ.... အားလုံးမာန်သွင်းပြီးတိုက်ကြ....'

မိုးကြိုးမီးဟုန်ဗွေက ဖုံကျက်ဝါအား လှည့်၍အော်လိုက်သည်။

'ငါတို့ကို မဖမ်းနိုင်ခင် မင်းတို့ အသက် မထွက်အောင် ကြိုးစားကြပါဦး'

ထိုအခါမှစ၍ တိုက်ပွဲသည်ပို၍ ပြင်းထန်လာလေတော့၏။ သို့သော်ထိုလေးယောက်စလုံးသည် ချင်ကျင်းယုံနှင့်ဖုံကျက်ဝါတို့အား အနည်းငယ် ထိတ်လန့်အောင်ပင် မတိုက်ခိုက်နိုင်ကြချေ။

ချင်ကျင်းယုံအား ထုံးစံအတိုင်း တစ်ဆုတ်တည်းဆုတ်ပေးနေရ၏။ ဖုံကျက်ဝါကမူ ထိပ်တိုက် ခုခံရင်ဆိုင်သည်။ အမှန်စင်စစ်ချင်ကျင်းယုံက သူ့ရန်သူ နှစ်ယောက်အား တိုက်ခိုက်ခြင်းမှာ ဖုံကျက်ဝါ၏ သိုင်းပညာကို စစ်ဆေးလို၍ ဖြစ်လေသည်။



သူ့ရန်သူများ၏ ခုခံရုံသာ ခုခံပြီး နောက်ဆုတ် ပေးနေခြင်းဖြင့် ဖုံကျက်ဝါ၏ တိုက်ကွက်များကို ကောင်းစွာလေ့လာနိုင်သည် မဟုတ်ပါလား။

★

## အခန်း (၄၈)

### မိုးကြိုးမီးဟုန်နှဲ့ဟော့၏ ကံကြမ္မာ

ဖုံကျက်ဝါနှင့်တွေ့စဉ်က မြွေသုံးကောင်အကြောင်း ဖုံကျက်ဝါပြောခဲ့၏။ မြွေသုံးကောင်ကို သူမယှဉ်နိုင်ပါ။

အသေခံရန် သွားခြင်းသာ ဖြစ်ပါသည်ဟု ဖုံကျက်ဝါက ပြောခဲ့၏။ သို့သော်ဇက်တွေ့ကွင်းမှ မြွေစိမ်းသည် သူမလက်ချက်ဖြင့်သေသွားခဲ့ရလေပြီ။

ကျန်မြွေနှစ်ကောင်ကိုလည်း သူမတစ်ဦးတည်းဖြင့် မသုတ်သင်နိုင်ဟုမပြောနိုင်ပေ။

ထိုမြွေစိမ်းကိုသုတ်သင်ပြီး တောင်ပေါ်မှ ပြန်ဆင်းလာကတည်းကဖုံကျက်ဝါ၏ သိုင်းပညာနှင့်ပတ်သက်ပြီး ချင်ကျွင်းဆုံ သံသယရှိ၏။

ထို့ကြောင့်ဖုံကျက်ဝါ၏ ပြောစကားအားလုံးကိုအကြွင်းမဲ့ ယူမှတ်၍မရလှချင်ကျင်းယုံသတ်မှတ်သည်။

ယခုအများနှင့်တိုက်ရသည့် တိုက်ပွဲထောင် ဖုံကျက်ဝါ၏စွမ်းရည်ကို မှတ်ကျောက်တင်ရန်ကောင်းသည်ဟုဆုံးဖြတ်ပြီး ချင်ကျင်းယုံမသိမသာအကဲခတ် နေခြင်းဖြစ်သည်။

မိုးကြိုးမီးဟုန်ဟွေနှင့် မျောက်ဖြူဟူကျက်တို့တမူချင်ကျင်းယုံ တစ်ဆုတ်တည်းဆုတ်နေသဖြင့် သူတို့ဟန်ကျနေပြီ ထင်၏။ အားသွန်ခွန်စိုက်ဖိတိုက်လျက်ရှိနေ၏။

ဖုံကျက်ဝါသည် မခံနိုင်သွင်းပြီး ခေးသံတရှမ်းရှမ်းဖြင့်ရှေ့သို့ တိုးတိုက်ခိုက်၏။

'ဟေ့ပ်လေ့၊ ဘာဖြစ်လို့နောက်ဆုတ်ကြတာလဲ'

ဖုံကျက်ဝါကနောက်ဆုတ်သွားသည့် ဓားကျိုစွမ်နှင့် ဝူဝိလျှံတို့ကိုသရော်လိုက်သည်။

ထိုအခါရန်သူနှစ်ယောက်သည် မခံချင်စိတ် ဖြစ်ပေါ်ပြီး သူ့အသက်ကိုယ်ခေသဝင်တိုက်ကြတော့သည်။

'အား....'

'အမယ်လေး....'

စူးရှသော အသံနက်ကြီးဖြင့် အော်ဟစ် လိုက်သံသည်။ စားသောက်ဆိုင်ဝန်းကျင်၌ ပျံ့လွင့်သွား၏။

စားသောက်ဆိုင်ထဲ၌ တည်းခိုနေကြသော ခရီးသွားများသည် ထိုအသံနက်ကြီးများကြောင့် အခန်းထဲမှ ပို၍ထွက် မကြည့်ဝံ့တော့ဘဲ ငြိမ်ကုပ်သွားကြသည်။



ဝူဝိလျှံနှင့်ဓားကျိုစွမ်တို့မှာ မြေပေါ်သို့ တဝုန်းဝုန်း လဲကျ သွားလေ၏။ ချင်ကျင်းယုံနှင့် တိုက်ခိုက်ရသော ဟုန်ဟွေနှင့် ဟူကျက်တို့ သွေးပျက်မတတ် ထိတ်လန့်သွားကြ လေတော့သည်။

သူတို့သည် ချင်ကျင်းယုံကိုပင်ဆက်မတိုက်နိုင်တော့ဘဲ သူတို့၏ မိတ်ဆွေများကို လှည့်ကြည့်မိကြ၏။ သူတို့၏မိတ်ဆွေများ အသက်ဝိညာဉ်ချုပ်ငြိမ်းနေကြပြီ။

သူတို့သည် ဖုံကျက်ဝါကို အခကော်ခလ၊ အဆင့်ခသခဲ့ကြ လေသည်။

သို့သော် ဓားကျိုစွမ်တို့ပို့လူမျိုးကိုဘစ်ပြိုင်နှင်နှင်သလောက် သတ်ပစ်နိုင်သည်ကိုတွေ့သောအခါ သူတို့ထိတ်လန့်အံ့သြသွား ကြတော့၏။

သူတို့နည်းတူ ချင်ကျင်းယုံသည်လည်း ဖုံကျက်ဝါ၏ ဓား ကွက်တစ်ကွက်ကို အံ့သြသွားသည်။ သူ၏ ဓားကွက်သည် ဆိပ်ဘန်း ဓားကွက်တစ်ကွက်ဖြစ်နေသောကြောင့် ပင်တည်း။

ချင်ကျင်းယုံ၏ သံသယစိတ်မှာ ပို၍ ကြီးထွားသွားလေ တော့သည်။

* * *

ဖုံကျက်ဝါသည် သူမ၌ထိပ်တန်းစားသိုင်းပညာရှိထား၊ပ
လျက် မြေသုံးကောင်းထက် နိမ့်ကျသယောင် အဘယ်ကြော
ပြေးရသနည်း၊၊

သူမ၏ ဓားသိုင်းရွက်ကို ထိပ်တန်းသိုင်းသမားပင် ခံနို
မည်မဟုတ်ချေ။ သူမ၏ပညာကို ကွယ်ဝှက်ထားသည့်နောက်
ကွယ်၌ အကြောင်းတစ်စုံတစ်ရာရှိမည်ဟု ချင်ကျင်းယုံ တွက်
လေ၏၊ ဖုံကျက်ဝါသည် ရန်သူနှစ်ယောက်ကို ရှင်းလင်းပြ
နေသော ဟွန်ဟွေနှင့် ဟူကျက်တို့ဘက်သို့ လှည့်လာ၏။

'ကဲ...ရှင်တို့အလှည့်ပဲ'

ဟွန်ဟွေနှင့် ဟူကျက်တို့ နှုတ်ဆွံ့နေကြလေပြီ၊

'ရှင်တို့ အေးအေးဆေးဆေး အဖမ်းခံမလား၊ ဒါ
မဟုတ်အသေခံမလား၊'

မိုးကြိုးမီးဟွန်ဟွေနှင့် မျောက်ဖြူဟူကျက်တို့သည် တ
ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီးနောက် ကျား
ဟု မာန်သွင်းအော်ကာ ဖုံကျက်ဝါဆီ ခုန်ဝင်သွားကြလေ
တော့၏၊ သူတို့တိုက်သည့် တိုက်ကွက်များမှာ နှယ်နှယ်ရ
ရန်သူများမဟုတ်။

အသေခံတိုက်မှ ရမည့်ရန်သူများဟု နားလည်သဘော
ပေါက်သွားသဖြင့် အကောင်းဆုံးတိုက်ကွက်များ ထုတ်သုံ
တိုက်ခိုက်ခြင်းဖြစ်တော့၏။

'အတိုထား၊'



မိုးကြိုးမီး ဟွန်ဟွေက မျောက်ဖြူဟူကျက်ကို အော်ဟစ်
သတိပေးလိုက်ပြီး သူ့လက်တစ်ဖက်သည်လည်း လျှပ်ပြက်သကဲ့
သို့ လှုပ်ရှားသွားလေ၏။

'ဝှစ်....ဝှစ်'

'ဝုန်း....ဝုန်း'

မိုးကြိုးမီးဟွန်ဟွေထံမှ အစည်းရောင် လက်နက်ပုန်းလေး
များသည် တဝုန်းဝုန်း ပေါက်ကွဲပြီး မီးခိုးများအူအူထလာရာ
အမှန်တကယ်ပင်ကြောက်စရာကောင်းလှပေတော့သည်။ချင်ကျင်း
ယုံက အော်ဟစ်သတိပေးလိုက်၏၊

'ညီမလေး....မရှုခံနဲ့၊ လွတ်အောင်ရှောင်'

မျောက်ဖြူဟူကျက်သည် သူ၏ဓားကိုတဝှီးဝှီးဝှေ့ယမ်းပြီး
ရှေ့သို့ ခုန်ထွက်လာ၏။

မိုးကြိုးမီးဟွန်ဟွေက အော်ဟစ်သတိပေးသည်၊

ဟူကျက်....အယ်ဘက်ကိုပိတ်ထား၊၊ အဲဒီဘက်ကိုမရှောင်
နိုင်အောင် တားဆီးထား၊'

ဟွန်ဟွေ၏ တိုက်စစ်မျှဟာက ကောင်းလှသည်၊တစ်ဖက်
ကိုပိတ်ပြီး တစ်ဖက်မှ သူ၏ ပေါက်ကွဲစေတတ်သော လက်နက်
ပုန်းများ အဆက်မပြတ် ပစ်ခတ်ပြီး လုပ်ကြံရန် ရည်ရွယ်ခြင်း
ဖြစ်၊ ဖုံကျက်ဝါ မရှောင်နိုင်လျှင် ပွဲချပ်ပြီးပေမည်သာ၊

သူတို့နှစ်ယောက် ဖတွေ့စေ့စေ့ တိုက်ခိုက်ကြခြင်းဖြစ်
သည်။

ဟုန်ဟွေကို မိုးကြိုးမီးဟု ဘွဲ့ကပ်ခေါ်ဝေါ်ခြင်းမှာ ထို ပေါက်ကွဲစေတတ်သော လောင်မီးလက်နက်များကို ပိုင်ပိုင် နိုင်နိုင် သုံးစွဲနိုင်သောကြောင့်ဖြစ်သည်။

စင်စစ် လောင်မီးဟုန်ဟွေဟု ခေါ်အပ်သည်။ သို့သော် သိုင်းသမားများအမှ သူ့အား မိုးကြိုးမီးဟုန်ဟွေဟု သာစွဲစွဲ မြဲမြဲ ခေါ်ဝေါ်ခဲ့ကြသည်။

ဟုန်ဟွေ၏ လက်နက်ပုန်းများသည် တဝုန်းဝုန်းပေါက်ကွဲ နေ၏။ ဖုံကျက်ဝါထိပ်တိုက် မခုခံရဲချေ။ ထိပ်တိုက်ခုခံလျှ နေရာတွင်ပင် ပေါက်ကွဲပြီး ယမ်းအစအနများကိုထိခိုက်ဒဏ် ရစေနိုင်သည်။

သူမသည် ကိုယ်ဖော့ပညာသုံးကာ ရှောင်တိမ်းနေရ၏။ လက်နက်ပုန်းများသည် သူမကို မထိမှန်ဘဲ မြေပြင်ပေါ်ကျ ကာ တဝုန်းဝုန်းပေါက်ကွဲသံပင်။

မိုးကြိုးမီးဟုန်ဟွေ၏ အစွမ်းအစကား ကြောက်မက်ဖွယ် ရာပင်။

သိုင်းလောကတွင် သိုင်းပညာကြောင့်မဟုတ်ဘဲ အခြား လက်နက်တစ်ခုခုကြောင့် နာမည်ကျော်နိုင်သည့်အဘွား ချင် ကျွင်းယုံ ကိုယ်တွေ့ သိရှိလိုက်ရလေပြီ။

ဟုန်ဟွေက အဆယ်မပြတ်ပစ်ခတ်ခြင်း၊ မျောက်ဖြူ ဟူကျက် ဏ ပိတ်ဆို့ဖန်အား၊ နေခြင်းတို့ကြောင့် ဖုံကျက်ဝါ တစ်ချိ မဟုတ်တစ်ချိ ဒုက္ခတွေ့နိုင်ကြောင်း ချင်ကျွင်းယုံ ရိပ်မိလာ သည်။

သူကူညီမှ ဖြစ်တော့မည်ကို နားလည်လာသည်။



ထိုစဉ်မှာပင် ဖုံကျက်ဝါ၏ အော်ဟစ်သံ ထွက်ပေါ်လာ သည်။

'ဒီလောက် အစွမ်းပြနေတဲ့လူ၊ ဟောဒီမှာကြည့် ထား'

ချင်ကျွင်းယုံနှင့် ဖုံကျက်ဝါတို့မှာ ဟုန်ဟွေတို့နှင့်တိုက်ခိုက် ကြလေတော့သည်။

## အခန်း (၄၉)

## ရန်သူစခန်းသို့

ဆူဆူညံညံ တိုက်ပွဲကြီးပြီး၍ သွားသောအခါ အသံများ လုံးဝဆိတ်သုဉ်းသွား၏။ စောစောက တအီအီ တအားအား မစန်သွင်းသူများသည် ကောင်းကင်၌ ပျံလွင့် ပျောက်ဆုံး သွားခဲ့ပြီ။

နိဂုံးချုပ်၌ လူသုံးယောက်လဲကျနေသည်။ စားသောက် ဆိုင်သို့ ညအချိန်မတော် ရန်သူလေးယောက် ရောက်ရှိလာ သည်။ သုံးယောက်ကား ဘဝကူးမကောင်းခဲ့ပေ။

အထင်တကြီးရောက်လာပြီး သေဆုံးသွားရသဖြင့် သူတို့ ကြိုးစားမှုမှာ အချည်းနှီးဖြစ်ခဲ့ရပေသည်။

ကျွန်တော်တောက် အသဆိရှင်လျက် ကျန်ရစ်ခဲ့၏၊ ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား၊ တစ်ခုခုတော့တစ်ခုခုပေ၊ ထိုသူကား မျောက်ဖြူဟူ ကျွတ်ပင်ဖြစ်ပါသည်၊

မျောက်ဖြူဟုကျွတ်သည် မားမားမတ်မတ် ရပ်နေပါ၏၊ သို့သော် သူ့အား မရှိလှတော့ပေ၊

သူ့လူသုံးယောက် သေဆုံးသွားပြီဖြစ်၍ သူတစ်ယောက်တည်းဖြင့် တစ်သောင်းပိုလ်ခြေ ဘက်ဘက်မချေနိုင်တော့ပေ၊ သူ့ရှုံးရှုံးမရတော့ပါ၊ ကြောက်နေရှာပြီ၊

နဂိုက ဖြူးကျွယ်နေသော မျက်လုံးမှာ အပြင်သို့ပြူးထွက်မလိုဖြစ်နေပါပြီ၊

သူ့အတွင်းသဏ္ဍာန်၌ ကြောက်ရွံ့နေပြီ ဖြစ်သော်လည်း အခြေအနေမှန်ကိုတော့ အကဲခတ်မိသေးသည်၊

သူထွက်ပြေးရန်မဖြစ်နိုင်တော့ပြီ၊ ပြန်လှန်တိုက်ခိုက်ရန်ကား ဝေလာဝေး၊ မြန်မြန်တိုက်လျှင် မြန်မြန်သေမည်၊ မတိုက်ဘဲနေခြင်းက အသက်ရှင်လွတ်မြောက်နိုင်သေး၏၊

ထို့ကြောင့် သူမလှုပ်ရှားနိုင်ပေ၊ မလှုပ်ရှားရဲပေ၊ ရန်သူများ၏အခြေအနေကိုစောင့်ကြည့်နေရ၏၊ ယခု အချိန်သည် ကျောက်တောင်ကိုခေါင်းနှင့်ပြေးတိုက်ရသည့်အချိန်ပင်မဟုတ်ပါလား၊ ဖုံကျွတ်ဝါက မဲ့ပြုံးပြုံးရင်း....

'ဘယ်လိုလဲဆရာကြီးရဲ့ ရှင့်အပေါင်းအသင်းတွေကို ကြည့်ပြီးဝမ်းနည်းနေသလား'

'ဘာဆိုင်ကလဲ၊ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား၊ ပိုင်ဦးစီး၊ သူတို့နဲ့ကျုပ်နဲ့ဘာမှ မဆိုင်ဘဲ'



'ဟုတ်ရဲ့လား ဆရာကြီးရဲ့'

'ဟုတ်ပါတယ်၊ လမ်းတွေလို ဝင်ကူတာပဲရှိတယ်၊ သူတို့နဲ့ကျုပ်ဟာ သိကျွမ်းရုံလောက်ပါပဲ'

'ခစ်....ခစ်....ခစ်... သိကျွမ်းရုံလောက်လူက ကျွန်မ လက်နက်ပုန်းတွေမရှောင်နိုင်အောင် တစ်ဘက်ကပိတ်ဆို့ထားလိုက်တာရေပက်မဝင်အောင် ပါပဲလား၊ ရှင်တို့ရဲ့ သိကျွမ်းပုံက တအံ့သြစရာကောင်းလှပါလား၊ ကြာယ်သူစိမ်းဆန်တယ်နော်'

ဖုံကျွတ်ဝါက လှောင်ပြောင်သရော်လိုက်ခြင်းဖြစ်၏၊

'ကျုပ်ဆီအမှန်ပြောတာပဲ၊ မင်းတို့မယုံရင် နေပေါ့'

အာဂဟူ ကျွတ်ပါပေ၊ ဖုံကျွတ်ဝါက....

'အခုတော့ ဘာဖြစ်ဖြစ် ရှင်ပြန်တိုက်သင့်ပါပြီ'

ဟုချုပ်ခေါင်းမေ၏၊

'ဘာဖြစ်လို့ကျုပ်ကပြန်တိုက်ရမှာလဲ၊ သေတဲ့လူက ကျုပ်အဖေလဲမဟုတ်၊ ကျုပ်ညီတွေလဲမဟုတ်'

'မိတ်ဆွေလဲ မဟုတ်ဘူးပေါ့'

'ကျုပ်ပြောပြီးသားပဲ သိကျွမ်းရုံပါလို့'

'ဒါဖြင့်...'

'ကျုပ်တိုက်ဖို့မလိုပါဘူး'

'ဒါဖြင့် ရှုံးပြီးစိုဘာဝန်ခံတယ်ပေါ့'

မျောက်ဖြူပါးစပ်ပိတ်သွား၏၊

ဖုံကျွတ်ဝါက ဆက်ပြော၏၊

'မြူဖြူနဲ့မြနီမှုတဲ့နေရာ မြောပြပါလား'

'ဘာမှဆိုင်လို့ မြူဖြူနဲ့မြနီဟာ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး'

'ဆိုင်ဘာမဆိုင်ဘာကို ပြောမနေနဲ့၊ သူတို့ ရှိတဲ့နေရာကို ရှင်ပြောပြမှ ရှင့်အသက် ချမ်းသာရမှာ၊ မပြောရင်အသေပဲ....'

မျောက်ဖြူဟူကျွတ် သက်ပြင်းချသည်။

ဖုံကျွက်ဝါက....

'ကဲ...ရှင်ဖွင့်ပြောတော့မယ်ပေါ့'

ဟူကျွတ်က ခေါင်းခါ၏။

ထိုအခါ ဖုံကျွက်ဝါက ဒေါသတကြီးအော်၏။

'ရှင်က ဇက်ခေါင်းလိုခေါင်းမာတယ်ပေါ့၊ ဟုတ်လား'

ဟူကျွတ်က မျက်နှာသေလေးဖြင့်ပြော၏။

'ကျုပ်ပြောရခက်တယ်ဗျာ'

'ရှင်...သေချင်ပြီလား၊ တကယ်မသေချင်ဘူးလား၊ ကျွန်မက သတ်ဖို့ ဝန်လေးနေတာ မဟုတ်ဘူး'

သူမ၏ လေသံက ပြင်းထန်လှ၏။ မျက်နှာထားကလည်း တင်းမာလှသည်။ တကယ်သတ်မည့်ပုံပေ။ သူမ၏ မျက်လုံးများက အရောင်တလက်လက် တောက်ပလာသည်။ ရက်စက် ကြမ်းကြုတ်မည့်အရိပ်အယောင်များသည် လူသားနှစ်ဦးကြား၌ ဖုံးလွှမ်းလေသည်။

သူမက အေးစက်စွာ မေးလိုက်၏။

'ရှင်တကယ်မသိဘူးပေါ့'

ဟူကျွတ်က အလျှော့အမြဲနဲ့ ရှင်းပြ၏။

'ကျုပ်တို့လေးယောက်တည်း မင်းကို လိုက်ရှာတာမဟုတ်ဘူး၊ အားလုံးလူပေါင်း သုံးဆယ်လောက်ခွဲပြီးလိုက်ရှာကြ



တာပေါ့၊ မြနီနဲ့မြဖြူလဲမင်းကို လိုက်ရှာနေမှာသေချာတယ်၊ သူတို့ဘယ်သွားတတ်တယ်၊ ဘယ်လာထွက်တယ်ဆိုတာ ကျုပ် မသိတော့ သူတို့ဘယ်မှာရှိတယ် ဆိုတာကို ဘယ်လိုလုပ်အတိအကျပြောနိုင်တော့မှာလဲ'

'အင်း....ဒါတော့ ရှင့်ကြမ္မာရှင်ဖန်တာပဲ'

'ဒါတော့ မင်းသဘောပဲ၊ အခုအချိန်မှာတော့ ကျုပ်အရှုံးသမားဖြစ်နေတာပဲ'

'ရှင်သေရမှာ မကြောက်ဘူးပေါ့'

'မင်းကောသေရမှာ မကြောက်ဘူးလား'

ဖုံကျွက်ဝါ ရယ်မောလိုက်၏။

'ကျွန်မက ရှင့်ကို သတ်နိုင်တယ်၊ ရှင်ကတော့ ကျွန်မကို မသတ်နိုင်ဘူးလား'

မျောက်ဖြူဟူကျွတ်ခေါင်းယမ်းလိုက်၏။

'မင်းမှားနေပြီ၊ ခုချက်ချင်းတော့ ငါမသေနိုင်ဘူးပေါ့၊ ဒါပေမယ့် ဖမ်းနေမှာတော့မင်းသေရမှာပါ'

ဖုံကျွက်ဝါ မျက်မှောင်ကြုတ်သွား၏။

ဤစကားအရ သူတို့၌ အကြံအစည် တစ်ခု ရှိရမည်မှာ သေချာသည်။

'ရှင်ဘာကို ရည်ရွယ်ပြောတာလဲ'

'ဘာရည်ရွယ်ပြောရမှာလဲ၊ မင်း ဒီနေ့သေမယ်လို့ ကျုပ် တကယ်ပြောနေပါတယ်'

'ကျွန်မမသေခင် ရှင်အရင်သေရမှာပဲ'

'ဟင်း....ကျုပ်သေပြီးရင် မင်းလဲသေမှာပဲ'

'ခစ်….ခစ်….ခစ်….ကျွန်မဟာ ကျွန်မကို သတ်နိုင်မယ့်သူကို လိုက်ရှာနေတာ၊ ခုအချိန်မှာတော့ တစ်ယောက်မှကို မတွေ့သေးဘူး၊ မြေ့စိမ်းလဲ့သေသွားပြီ၊ ဟို သုံးယောက်လဲ သေပြီ၊ ရှင်ပြောတာရယ်စရာဖြစ်နေပြီ'

'စိတ်ချပါ ရယ်စရာမဖြစ်စေရပါဘူး၊ ဒီနေ့ည ခြသေ့်နဲ့ ခေါင်းလာပါလိမ့်မယ်၊ အဲ့ဒီ ကျတော့ မင်းသေရ မှာပေါ့၊ ခေါင်းတစ်လုံးအဆစ်ဆင့်ပြင်ထားရင်ကောင်းဆုံးပါပဲ၊ ငါသာခြသေ့်နဲ့ခေါင်းကို ခေါ်လာရင် မင်းခုချက်ချင်းသေမှာပဲ၊ သူတို့ကို ခေါ်မလာမိတဲ့အတွက် ငါ့မိတ်ဆွေတွေ အသက်ဆုံးရှုံးရတာ'

'ရှင့်အဖော်တွေကို ကျွန်မဟာ မကြောက်သေးဘူးရှင့်၊ မကြောက်လို့ဒီနယ်မြေထဲပြန်ဝင်လာတာဆိုတာသိထားစမ်းပါ'

'မြပြုနဲ့မြေ့နီတို့က ခြသေ့်နဲ့ခေါင်းဆီကို ရောက်ချင်ရောက်နေမှာ၊ ဒီတော့ မင်းသတ္တိရှိရင် ခြသေ့်နဲ့ခေါင်းဆီကိုမင်းသွားပါလား၊ တစ်ခုတော့ ကြိုတင် အသိပေးလိုက်နိုင်တဲ့ အချက်တစ်ချက်တော့ရှိတယ်'

'ဘာလဲ'

'မင်းသွားရင်သွား၊ ဒါပေမယ့် ပြန်လမ်းတော့ မရှိဘူး'

'ခစ်….ခစ်….ခစ်….ရယ်စရာဗေဒင်ပဲ'

'ဟာကယ်တွေ့ရင်တော့ မင်းမရယ်နိုင်ပါဘူး၊ ငိုကိန်းကြုံရမှာပါ၊ ငါပြောတာ အမှန်တွေချည်းပဲဆိုတာယုံ'

'ကျွန်မသိချင်တာ တစ်ခုရှိတယ်'

'ဘာလဲ'



'ခြသေ့်ခေါင်းဆီမှာ မြေ့နီနဲ့ မြေပြုတကယ်ရှိလား'

မျောက်ဖြူဟူကျွတ် တွေဝေစွာ မေးသည်။ ပြီးမှ….

'မြေ့နီနဲ့မြပြု တကယ်ရှိနေ မနေတော့မသိဘူး၊ သူတို့က သူတို့ရဲ့ မိတ်ဆွေတွေကို လိုက်ခေါ်နေတာတော့ အမှန်ပဲ၊ ကျုပ်နဲ့မို ကြိုးမီးဟုန်ဟေ့ယဲ ဒီအတိုင်းပါလာတာပဲ၊ မြေနှစ်ကောင် အဲဒီရောက်ချင်လဲ ရောက်နေနိုင်တယ်၊ အသေချာဆုံးကတော့ ခြသေ့်နဲ့ခေါင်း တကယ်ရှိနေတဲ့အချက်ပဲ၊ သူတို့ဆီ မင်းတို့ သွားမှာပဲ၊ ဗေဒင်မေးဖို့မလိုဘူး၊ ကျုပ်အသေအချာပြောရဲတယ်'

'ရှင်က ခြသေ့်နဲ့ခေါင်းကိုဒီလောက်အထင်ကြီးနေသလား၊ စိတ်ချ၊ ရှင်လိုချင်ရင် အဲဒီနေရာကို ကျွန်မသွားမယ်'

ဖိုကျွတ်ဝါသည် ဝေ့ဝေ့စေးစေးမပြုဘဲ ချက်ချင်းဆုံးဖြတ်ချက်ချလိုက်သည်။ ဘေးမှ စောင့်ကြည့်နေသော ချင်ကျွင်းအံ့ဩသွားသည်။ ဖိုကျွတ်ဝါသည် ဝေ့ဝေ့စေးစေးပြောဆိုဆုံးဖြတ်လေ့ရှိပေသည်။

ယခု ဤသို့ မဟုတ်နေတတ်ကား၊ မျောက်ဖြူဟူကျွတ်သည် တဟားဟားရယ်မောလေတော့၏။ ရယ်သောအခါများသော အားဖြင့် လူတိုင်းမျက်စိမှေးသွားကြ၏၊ ဟူကျွတ်မှာမူ လုံးဝ မျက်စိမမှေးပေ။ ပို၍ ပြူးလာသယောင်ပင် ထင်မှတ်ရပေသည်။

'ရှင်က ဘာရယ်တာလဲ'

မျောက်ဖြူဟူကျွတ် ရယ်ရှိန်သတ်လိုက်၏။

'မင်းတို့ ဒီလောက်သတ္တိမရှိဘူးလို့ ကျုပ်ကဆင်ထားတာ၊ အခုတော့ မင်းက ကျုပ်ဆင်တာထက် ပိုပြီးတော့သတ္တိရှိခဲ့တယ်၊ ဒါပေမယ့် ကျုပ်မှာလဲ အစွမ်းမရှိတော့ဘူး၊ အခု မင်းက ခြင်္သေ့ခေါင်းဆီသွားမယ်ဆိုတော့ ခြင်္သေ့မခေါင်းက ကျုပ်ကိုယ်စား မင်းကိုသတ်တော့မှာပေါ့၊ မင်းသေချာပေါက် သေတော့မှာပေါ့၊ ဒါကြောင့် ကျုပ်က ကျေနပ်ပြီးရယ်တာ၊ ကဲ...ကျုပ်ဘာကြောင့် ရယ်ဘယ်ဆိုတာ ရှင်းသွားပြီလား'

ထိုစဉ် ဖုံကျက်ဝါက အံ့ဩဖွယ်ကောင်းလောက်သော စကားကို ပြောလိုက်၏။

'ရှင့်ကို ကျွန်မ မသတ်တော့ဘူး'

'ဘာ'

'ရှင့်ကို ကျွန်မ မသတ်တော့ဘူးလို့ပြောတာ'

'မင်း... မင်းတကယ်ပြောနေတာလား'

ဖုံကျက်ဝါ တခစ်ခစ်ရယ်လိုက်၏။

'ရှင်က ဘာမယုံကြည် မေးနေတာလဲ၊ ရှင့်အသက်နဲ့ ကိုယ်မြဲနေတယ်ဆိုရင် ရှင်ယုံသင့်ပြီပေါ့'

ဟူကျက်မှာ စကားမပြောနိုင်တော့ပဲ ပါးစပ်ဟောင်းသားဖြစ်သွားလေတော့သည်။ သူ့စိတ်ထဲဘွစ်လည်း သူ့မိတ်ဆွေ လေးယောက်နှင့်အတူ တမလွန်ဘဝသို့ကူးပြောင်းရတော့မည်ဟု ယုံကြည်သည်၊ သူသေသော်လည်း သူ့ရန်သူကို သုတ်သင်လိုစိတ်ကမူ ရင်ထဲ၌ အပြည့်ရှိနေသည်။

ထို့ကြောင့် ဖုံကျက်ဝါတစ်ယောက် ခြင်္သေ့နှင့်ခေါင်း ရှိရာသို့ သွားလိုစိတ် ပေါ်အောင်၊ မခံချင်အောင် ပြောခဲ့ရသည်၊ ခြင်္သေ့နှင့်ခေါင်းတို့၏ စခန်းတွင် မြွေနီမြွေဖြူတို့ ရောက်နေမည်ဟု မည်သူမျှမပြောနိုင်ပေ။

မြွေနီ၊ မြွေဖြူ၊ ခြင်္သေ့နှင့် ခေါင်းတို့ စုစုစုံစုံရှိနေလျှင် ဖုံကျက်ဝါသည် သူ့သေမင်းများရှိရာသို့ သွားခြင်းပင် ဖြစ်တော့မည်။

ယခု သူ့ရည်မှန်းချက်အောင်မြင်ပေပြီ၊ ပို၍အောင်မြင်ခြင်းမှာ ဖုံကျက်ဝါက သူ့အားမသတ်တော့ဟု ပြောနေခြင်းပင်၊ သူ့အသက်ကို ခွင့်လွှတ်ခြင်း၏နောက်ကွယ်၌ မည်သည့်ပရိယာယ်များ ရှိနေသည်ကိုသူစုံစမ်းရန်သင့်သည်ဟု ဟူကျက်ထင်တော့၏။

ဟူကျက်သည် ဖုံကျက်ဝါကို အကဲခတ်ရင်း....

'မင်းစိတ်က တစ်မျိုးပါလား၊ ဘာကြောင့်ကျုပ်ကိုမသတ်တာလဲ၊ ကျုပ်ကတော့ အတော်ကို အံ့ဩနေတာပဲ'

ဖုံကျက်ဝါ တခစ်ခစ်ရယ်၏။

'ဩြော်...ဒါလား၊ ရှင်းရှင်းလေးပဲ၊ ငါ်သေသွားရင် ခြင်္သေ့နဲ့ ခေါင်းဆီ ကျွန်မတို့ ဘယ်သွားတတ် တော့မလဲ၊ အဲဒီသွားဖို့ ရှင်က လမ်းပြအဖြစ် တာဝန် ယူရဦးမှာပေါ့၊ ဒါကြောင့် ရှင့်ကို မသတ်တာလဲဆိုတာ ရှင်းသွားပြီလား'

မျောက်ဖြူဟူကျက် ပါးစပ်ပိတ်သွားတော့၏။

ခြင်္သေ့နှင့် ခေါင်းတို့၏စခန်းကို ရောက်သည်နှင့် သူသည်လည်း သူ့မိတ်ဆွေများထွက်ခွာသွားရာ မရဏနိုင်ငံသို့လိုက်ပါသွားနိုင်သည်ကို သိလိုက်ရပြီ မဟုတ်လား။

★

## အခန်း၊ (၅၀)

### သေခင်းတောင်ကြား

ချင်းကျင်းယုံ အခနမြင့် ပုံကျူးဗီဝါ၏ ရန်သူများဖြစ်သည့် မြေနီနှင့်မြေဖြူတို့ ပါသွားပါစေဟုဆုတောင်းခဲ့၏၊ အကြောင်းမှာ ထိုရန်သူများကို မြင်မြင်သူ ဘဝင် ရှင်းသင်းပြီးသေသ၊ သူ့တာဝန်ပြီးသလေ ဖြစ်အောင်ကြောင့်ပင်။

သို့သော် သူများစွာ စိတ်ပျက်ခဲ့ရပေသည်။

ရန်သူများ ကြားဆေးသောက်ဆိုင် တည်းခိုခန်းသို့ ရောက်ရှိလာအောင် တခင်းသမ်းဖွင့်ပေးခဲ့၍ ရန်သူများ ရောက်ရှိသောသော်လည်း ပုံကျူးဗီဝါ၏ အဓိကရန်သူများဖြစ်သော မြေနီ၊ မြေဖြူတို့ လုံးဝမပါလာချေ။

ထို့ကြောင့် သူ၏ပရိယာယ်အကြံဉာဏ် အောင်မြင်သည်ဟု မဆိုနိုင်တော့ပါ။

ဤသည်မှာချင်ကျင်းယုံဘက်မှတွေ့ဝေသောအတွေးနှင့်အကြံ ဉာဏ်စိတ်ကူးဖြစ်ပါသည်။ ကျန်တစ်ဖက် ဖုံကျက်တတွေ သောအတွေးနှင့် အကြံဉာဏ် စိတ်ကူးကား ဖုံကျက်ဝါနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

ခြသေ့်နှင့်ဒေါင်းတို့သည် ဖုံကျက်ဝါ၏ အဓိကရန်သူများ မဟုတ်ချေ၊ ထိုသူများအား သတ်ဖြတ်ခြင်းဖြင့် ဖုံကျက်ဝါ ၏လက်စားချေရေးကိစ္စမှာ ပြီးမြောက်သွားမည်မဟုတ်ချေ။

သို့သော် ဖုံကျက်ဝါက ခြသေ့်နှင့် ဒေါင်းတို့ဆီ သွားရန် ချက်ချင်းဆုံးဖြတ်သည်။

ဤသို့ ဆုံးဖြတ်ခြင်းမှာ ချင်ကျင်းယုံနှင့်သူ မဝေးလိုသော ကြောင့်ဖြစ်သည်။

အတယ်၍ယခုစားသောက်ဆိုင် တည်းခိုခန်းသို့ မြွေနီမြွေ ဖြူတို့သာရောက်ရှိလာခဲ့ပါလျှင် သူမနှင့်ချင်ကျင်းယုံတို့လမ်းခွဲ ကြရပေတော့မည်။ မြွေနီနှင့်မြွေဖြူတို့ ပါမလာသည်ကို သူမ ဝမ်းအသာကြီးသာခဲ့၏။

မြွေနီနှင့်မြွေဖြူတို့ပါလာလျှင်လည်း သူမနှင့် ချင်ကျင်းယုံ ပူးပေါင်းလိုက်ပါက မုချနိုင်နိုင်သည်ဟုဖုံကျင်းဝါယုံကြည်၏၊ ယခုအချိန်တွင် သူမအနေဖြင့် မြွေနီ၊မြွေဖြူတို့ကို စောစော စီးစီးမတွေ့လိုချေ။

ထိုသို့မတွေ့နိုင်အောင် ချင်ကျင်းယုံနှင့် တပူးတွဲတွဲ အချိန် ကြာမြင့်စွာနေနိုင်အောင် သူမသည် မျောက်ဖြူဟူကျွတ်၏



စကားကိုနင်းပြီး ခြသေ့်နှင့် ဒေါင်းတို့ဆီလိုက်မည်ဟု အဆုံး အဖြတ်ပြုလုပ်ခြင်းဖြစ်ပေသည်။

ခြသေ့်နှင့်ဒေါင်းတို့အား သူမ၏ ရန်သူများအဖြစ်စာရင်း သွင်းသတ်မှတ်လိုက်ခြင်းက သူမအပို ရန်သူပိုများလာခြင်းပင် ဖြစ်တော့သည်။

ရန်သူပိုများလေလေ၊ သူမ၏လက်စားချေရေး ကိစ္စမှာ ပို၍ခက်ခဲကြာမြင့်လေလေဖြစ်ကြောင်း သူမသိသည်။

ခက်ခဲပါစေ၊ ကြာမြင့်ပါစေ၊ ယခုသူမအဓိကဖြစ်စေချင် သည့်အကြောင်း၊မှာချင်ကျင်းယုံနှင့်အတူ တပူးပူးတတွဲတွဲသွား လာနိုင်ခြင်းပင်ဖြစ်တော့သည်။

ချင်ကျင်းယုံစိတ်ကူးနှင့် ဖုံကျက်ဝါတို့၏ စိတ်ကူး တို့မှာ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ဆိုသကဲ့သို့ ဆန့်ကျင် ဘယ်ချည်းပင် မဟုတ်ပါလား။

'ကဲ...ရှင်လမ်းပြနိုင်မယ် မဟုတ်လား၊ အင်း...မေးသာ မေးရတာပါ၊ ရှင့်မှာ ဒီလမ်းက လွဲလို့ တခြား ရွေးစရာမှမရှိ တာ၊လမ်းပြရင်ပြ၊ မပြရင်သေမှာပဲ'

ဖုံကျက်ဝါက ရယ်ရယ်မောမောပြောသည်။

မျောက်ဖြူဟူကျွတ် တလည်းမခေပါ၊ ရယ်ရယ်မောမော ပင် ပြန်ပက်သည်။

'မင်းသေရွာသွားမယ့်ကိစ္စကို ကျုပ်က ဘာကြောင့် လိုက် မပြနိုင်ရမှာလဲ၊ စိတ်ချ...ကျုပ်က ပျော်ပျော်ပါးပါးကို လိုက် လမ်းပြမှာပါ'

ဤသို့ဖြင့် ဖုံကျက်ဝါနှင့်ချင်ကျောင်းယုံတို့သည် မျောက်ဖြူဟူ ကျွန်းနောက်သို့လိုက်ကြရသော်။

ခြသေ့နှင့်ဒေါင်း ဆိုသိုင်းသမားများသည် မည်သို့ထူးခြား သောရန်သူများ ဖြစ်သည်ကို မသိကြပါ။ ဖုံကျက်ဝါကော ချင်ကျောင်းယုံပါ မသိကြပါ။ နာမည်ကိုပင် ယခုမှ ကြားဖူးကြ ပါသည်။

မျောက်ဖြူဟူကျွန်းသည် သူတို့၏ ရန်သူ ဖြစ်ပါသည်။ သူတို့အား အစိမ်းစားချင် လောက်အောင် မုန်းတီးနေသည့် ရန်သူဖြစ်ပါသည်။

ထိုသို့ယုံကြည်ရသော ကိုယ့်ကိုအန္တရာယ်ပေးမည့် ရန်သူ ကို လမ်းပြခိုင်းခြင်းမှာ တကယ့်ကိုအန္တရာယ်ကြီးသောကိစ္စဖြစ် ပါသည်။ ဖုံကျက်ဝါသည် ဤအချက်ကိုသိသည်။ သို့သော် ဤ အချက်ကိုဂရုမပြုချေ။

သူဂရုမပြုသည်မှာ အခြားအကြောင်းဖြစ်သည်။ ချင်ကျောင်းယုံက တွေ့မည့်မည်သည့် အန္တရာယ်မျှ မကြောက်ချေ။ သူ့အနေဖြင့်သာမည့် ဓားပြတွေ့ချင်စိတ်သာရှိသည်။

မြွေနီနှင့်မြွေဖြူတို့ကို မြန်မြန်တွေ့ချင်သည်။ မြန်မြန် သတ် ချင်သည်။ သတ်ပြီးလျှင် သူ့အသက်သခင် ကျေးဇူးရှင်အတွက် ကျေးဇူးဆပ်ပြီးရာရောက်သည်။

ထို့နောက်ချိတ်ကျောင်းဟုန်ကို မြန်မြန်ရှာနိုင်သည်။ ချင်ကျောင်း ယုံတွေးသည့်ကိစ္စတကာပါဖြစ်သည်။ ထိုသို့သောကိစ္စ၌ အပျော် ရွှင်ဆုံးဖြစ်နေသည့်လူမှာ မျောက်ဖြူဟူကျွန်းပင် ဖြစ်သည်။ သူမှမပျော်လျှင် အဘယ်သူပျော်မည်နည်း။



ယခု သူသေသွားမှလွတ်ခဲ့ပြီ။ သူ့ရန်သူများကို သတ်ရှာဖို့ ရန်တာဝန်ကိုပင်သူကပြန်ယူနေရချေပြီ။ သူသည်ဖုံကျက်ဝါနှင့် ချင်ကျောင်းယုံတို့အား မရဏ နိုင်ငံသို့ ပျော်ပျော်ကြီး ခေါ် ဆောင်သွားလေတော့သတည်း။

ပန်းတစ်ရာတောင်ကြား။ ပန်းတစ်ရာတောင်ကြားဆိုသည် မှာ နာမည်နှင့်လိုက်အောင် လွန်စွာသာယာလှပသော တောင် ကြားတစ်ခုဖြစ်ပေသည်။

တောင်ကြားလမ်းများသည် အများအားဖြင့် ကြမ်းတမ်း ခက်ခဲရော်သည်ချည်းပင်။ သို့သော်ဤတောင်ကြားများနှင့် တခြားစီဖြစ်နေ၏။ ဆန့်ကျင်နေ၏။ ဤပန်းတစ်ရာတောင်ကြား က သာယာလှပနေ၏။

တောင်ကြား၏ ဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားသော တောင်တန်းကြီးများကာဆီးထား၏။ ထိုတောင်များဘေးတွင် တိမ်လွှာအုပ်များက လေနှင်ရာ လွင့်မျောနေကြ လေတော့ သည်။

တောင်ခြေရင်းတွင်လည်းကောင်း၊ တောင်ကြားတွင်လည်း ကောင်း၊ ရှားပါးလှသော ထင်းရှူးပင်များနှင့် ထူးဆန်း ၍ဆေးဖက်ဝင်သော ပန်းမျိုးသာများ ပေါက်နေကြသည်။

တီမ်လှာများ၊ ထင်းရှူးပင်များနှင့်လှပသော ပန်းမန်သစ်ပင်တို့မှာ ပန်းချီကျော် ဘစ်ဦး၏ ဆေးရေးပန်းချီကားဇာတ်ချပ်နှယ် လှန်စွာလှပနေသည်။

ဤပန်းတစ်ရာ တောင်ကြားတွင် သဘာဝ မဟုတ်မသော အရာအစ်ခုရှိနေခြင်းက သဘာဝအလှကို ဖျက်ဆီးသလို ရှိနေခြင်းပင်။ တောင်ကြား အဝင်တွင် ဆိုင်းဘုတ် တစ်ခု ရှိနေခြင်းပင်။

ဆိုင်းဘုတ်ဆိုသည်မှာ သဘာဝ၏အရာမဟုတ်ချေ၊ လူလုပ်သည့်အရာသာဖြစ်သည် မဟုတ်ပါလော။

ဆိုင်းဘုတ်။

ထိုဆိုင်းဘုတ်ပေါ်၌ ရှိသောစာမှာ တိုတိုတုတ်တုတ်လည်း မဟုတ်ချေ။ ထို့ကြောင့် အလွန်လှပသော ပန်းတစ်ရာတောင်ကြား၏ အလှကိုဤဆိုင်းဘုတ်က ဖျက်ဆီးသလို ရှိနေခြင်းပင်။

သတိ....

ဤတောင်ကြားသို့ ဖြတ်သန်း သွားလာသူများသည် ပန်းတစ်ရာနန်းတော်သို့လာရောက်ရမည်။ ပန်းတစ်ရာနန်းတော်မှ တောင်ကြား သခင်အား ဂါရဝပြုရမည်။ လိုက်နာခြင်းမရှိသူအား ပန်းတစ်ရာတောင်ကြားကဖြတ်သန်းခွင့်မပြု။ ခွင့်မပြုဘဲဖြတ်သန်းသွားရန် ကြိုးစားလျှင်သေဒဏ်။

ပန်းတစ်ရာတောင်ကြားသခင်
ခြေသော့နှင့်ဒေါင်း။



အထက်ပါစာတန်းကား ပန်းတစ်ရာတောင်ကြားဝမှ စိုက်ထူထားသည့် ဆိုင်းဘုတ်ပေါ်မှ စာသားများပင်ဖြစ်တော့သည်။

တဖြောင်းဖြောင်း မြည်ဟည်းနေသော မြင်းခွာသံများသည် ပန်းတစ်ရာတောင်ကြားဝ ဆိုင်းဘုတ်ရှေ့၌ ရပ်တန့်သွားကာ မြင်းသုံးစီးလူသုံးယောက်။ ချင်ကျင်ယု၊ ဖုံကျက်ဝါနှင့် မျောက်ဖြူဟူကျက်တို့ပင် ဖြစ်ပါလေသတည်း။

မျောက်ဖြူဟူကျက်က ဆိုင်းဘုတ်ကို လက်ညှိုးထိုးပြလိုက်သည်။

'ကဲ....ဖတ်ကြည့်ကြ'

သူ မပြမီကတည်းကပင် ချင်ကျင်းယုံနှင့် ဖုံကျက်ဝါတို့က မြင်ပြီးဖတ်ပြီး ဖြစ်ကြလေသည်။

မျောက်ဖြူဟူကျက်သည် အသက်အန္တရာယ်အတွက် ထိတ်လန့် စိုးရိမ်ခြင်းရှိတော့ပေ။ သူ့မျက်နှာ၌ တိုက်ပွဲပြီးစ သူ့အသက်ကို ဖုံကျက်ဝါ ခွင့်လွှတ်ထားပင် ပြုံးရွှင်နေသေးသည်။ သူသည် မြင်းပေါ်မှနေ၍ ဖုံကျက်ဝါနှင့် ချင်ကျင်းယုံတို့အား လှည့်၍ စကားပြောသေး၏။

'ခင်ဗျားတို့ တွေ့ပြီမဟုတ်လား'

'အလဲ....ဒီဆိုင်းဘုတ်ကို ကျုပ် အဝေးကြီးကတည်းက မြင်တယ်'

'ဟုတ်တယ်လေ....အကြောင်းအရာတွေကို ကြည့်ပါလား။ ခြေသော့နဲ့ဒေါင်း။ ဘယ်လောက် တန်ဖိုးကြီးတယ်ဆိုတာ ခင်ဗျားတို့ တွေ့ပြီလား။ ရှေ့ဆက်သွားဝံ့တဲ့စိတ်များ ရှိသေးရဲ့

လား၊ ရှေ့ဆက်မသွားဝံ့ဘဲ နောက်ပြန်လှည့်ပါ။ အချိန်မနှောင်းသေးပါဘူး၊ ဒီနေရာဟာ သူတို့ပိုင်နက် မဟုတ်မသေးပါဘူး။ ခဘာင်ကြားထဲဝင်မှ သူတို့နဲ့ထိပ်တိုက်တွေ့မှာ’

မျောက်ဖြူ၏စကားကြောင့် ဖုံကျက်ဝါက ရှုးရှူးရှဲရှဲ ဒေါသဖြစ်သွားလေတော့သည်။ သူမသည်မျောက်ဖြူဟူကျက်အား ဒေါသစကားစောင့်ကြည့်ရင်း....

‘ရှင်က ခြင်္သေ့နဲ့ခေါင်းတို့ရဲ့ ဘုန်းတန်ခိုးတွေကို ရှုတ်ဆိုနေတယ် ဟုတ်လား၊ ရှင့်အသက်က ကျွန်မလက်ထဲမှာနေတာလို့ မမေ့နဲ့ဦး’

ထိုစကားအတွက် မျောက်ဖြူဟူကျက် မကြောက်ရွံ့ပါ။

ဖုံကျက်ဝါ ဒေါသထွက်လေ၊ သူက ထခဘာနေကျလေလေပင်။ ထိုသို့ဒေါသထွက်အောင် သူ မနည်းကြိုးစား၍ ဒေါသကို ဆွပေးခဲ့ရသည် မဟုတ်ပါလား။

မျောက်ဖြူက ပြုံးရယ်ရင်း....

‘မင်းကလဲ ကျုပ်ကိုချည်၊ ခြိမ်းခြောက်နေတာကိုး၊ ကျုပ်ကလဲ ကျုပ်နိုင်ကွက်ထဲရောက် လာတော့တစ်ခါတလေမင်းကို ခြိမ်းခြောက်သင့်သေးတာပေါ့၊ ဒီအတွက် ကျုပ်ကိုစိတ်မဆိုးသင့်ပါဘူး၊ ဗိုလ်တစ်လှည့် ဝါးမျိုတစ်လှည့်လို့ သတ်မှတ်သင့်ပါတယ်’

‘ရှင်တော့ သေချင်နေပြီ’

‘ဟဲ....ဟဲ....ဟဲ၊ သတ်ချင်သတ်ပိုက်စမ်းပါ၊ မင်းတို့ဒီနေရာ ရောက်လာကတည်းက သေဖို့ကိုးဆယ့်ကိုး ရာခိုင်နှုန်းလောက် သေချာသွားပြီ၊ ငါ့အလဲ သေရကျိုးနပ်ပါတယ်



ထဲ့...တစ်ခုပဲဆိုးတာယ်၊ ဝါသေသွားပြီးတဲ့နောက် မင်းတို့နှစ်ယောက် ခြင်္သေ့နဲ့ခေါင်းရဲ့လက်ထဲ ဘယ်လို ချွေးသေ ဝက်သေ သေသလဲဆိုတာ မမြင်လိုက်ရမဲ့အချက်ပဲ’

ချင်တျင်ယိုကတော့ ဟူကျက်၏စကားများအတွက်မည်သို့မျှ စိတ်အနှောင့်အယှက်မရှိပေ၊ သူစိတ်ဝင်စားနေသည်မှာ ခြင်္သေ့နှင့်ခေါင်းတို့ပင်။

ယခင်က သူ ထိုမျှလောက် စိတ်မဝင်စားပေ။

ပန်းထိစ်ရာတောင်ကြားအစ ရောက်ရှိပြီး ဆိုင်းသူတ်ကို တွေ့သောအခါတွင်မှ ခြင်္သေ့နှင့်ခေါင်းတို့ကို စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဟူကျက်က ရယ်ကျဲကျဲဖြင့်....

‘ဟော...မိန်းကလေးရဲ့၊ မင်းမှတ်ထား၊ ခြင်္သေ့နဲ့ခေါင်းတို့ရဲ့ နယ်မြေထဲရောက်နေမှတော့ မင်းကိုမကြောက်တော့ဘူး ဆိုတာ သေသေချာချာ မှတ်ထားစမ်းပါကွယ်’

ဖုံကျက်ဝါက ဒေါသဖြင့် အော်လိုက်၏။

‘ရှင်က ခြင်္သေ့နဲ့ခေါင်းတို့အစောင့်အားကိုးတယ်ပေါ့ ဟုတ်လား’

ထိုအခါ မျောက်ဖြူဟူကျက်က ဟားဟားဟား ရယ်လေတော့၏။

‘အားကိုးလို့ပဲ မင်းတို့ကို ခေါ်တာပေါ့၊ အခု မင်းတို့သိရဲ့လား၊ မင်းတို့ဟာ ဗရဏနိုင်ငံထဲကို ခြေတစ်ဖဝါးဝင်ပြီးနေပြီကွ၊ ခြင်္သေ့နဲ့ခေါင်းတို့က ခွင့်မပြုရင် မင်းတို့ ဒီကထွက်သွားလို့ ရတော့ဘူး၊ ဟား....ဟား’

ဖုံကျက်ဝါနှင့် မျောက်ဖြူဟူကျက်တို့ အခြေအတင် ပြောဆိုနေကြသည့်စကားများကို ချင်ကျင်းယုံစိတ်မဝင်စားချေ။

သူစိတ်ဝင်စားသည်မှာ ပန်းတစ်ရာတောင်ကြားကိုသာဖြစ်သည်။

သူသည် ပန်းတစ်ရာတောင်ကြားထဲသို့ သဲကြီးမဲကြီး ကြည့်ရှုနေသည်။

စစ်ပညာသဘောအရမူ အဆောက်ကြောက်စရာကောင်းသော နေရာမျိုးဖြစ်ကြောင်း ချင်ကျင်းယုံသိသည်။ ဤနေရာသည် ပုလင်းသည်ပင်းဝကဲ့သို့ နေရာမျိုးဖြစ်နေသည်။ အဝင်လွယ်ပြီး အထွက်ခက်နေသည့်နေမျိုးပင်။

အတွင်း၌ ထောင်ချောက်အမျိုးမျိုးဆင်နိုင်သည်။ ဝက်ပါပညာတတ်လျှင် ဝက်ပါအမျိုးမျိုးပြုလုပ်ထားနိုင်သည်။ ဥာဏ်နီဥာဏ်နက် ကောင်းလျှင် ကောင်းသလို ရန်သူအား အကောင်းကောင်း ဒုက္ခပေးနိုင်သည် မဟုတ်ပါလား။

ဤပိုဒေသမျိုးကို စခန်းအဖြစ် ခြသေ့နှင့်ဒေါင်းတို့၏ စိတ်ကူးစိတ်သန်းကား ချီးကျူးဖွယ်ကောင်းသည်။ ရန်သူများ ရောက်ခဲ့သလို မဆင်မခြင်တိုက်သည့် ရန်သူလည်း အရှုံးချည်းသာ ရင်ဆိုင်တွေ့သွားနိုင်သည်။

ခြသေ့နှင့်ဒေါင်းကို အထင်သေး၍ မဖြစ်နိုင်တော့ပေ။

ချင်ကျင်းယုံသည် တောင်ကြားဒေသကိုကြည့်ပြီး တောမှ မြင့်မား မတ်စောက်သောတောင်ကမ်းပါးယံကြီးများကိုလည်း စေ့စေ့စပ်စပ် လေ့လာ အကဲခတ်နေ၏။



သိုင်းပညာ၌ အထွတ်အထိပ်ရောက်နေသော သိုင်းပညာရှင်တစ်ယောက်ဆိုလျှင် ထိုကမ်းပါးယံကို တက်ကောင်းတက်နိုင်မည်။ တော်ရုံတန်ရုံ ထိပ်သီးတစ်ယောက်အနေဖြင့်တော့ မည်သည့်နည်းနှင့်မျှ တက်နိုင်မည်မဟုတ်ချေ။

ထိုသို့ လုံးဝတိတ်ဆိတ်ငြိမ်သက်နေမှုကို မျောက်ဖြူဟူကျက်၏ အသံက ဖြိုခွဲပစ်လိုက်လေ၏။

'ကျုပ်မေးပါရစေ၊ ကျုပ်မေးတာကိုလဲ တလွဲမထင်ပါနဲ့၊ ရောက်လာပြီးမှ မင်းတို့နှုတ်ဆိတ်သွားတယ်၊ မင်းတို့တကယ်ပဲ ခြသေ့နဲ့ဒေါင်းကို သွားတွေ့ကြမှာလား'

ဒေါသဆွပေးသည့် သဘောသည် သူ့မေးခွန်းထဲ၌ပါသည်။

ဖုံကျက်ဝါက အံကြိတ်၍ပြောလိုက်၏။

'ဟုတ်တယ်၊ ကျွန်မတို့ ခြသေ့နဲ့ဒေါင်းကို တကယ်ပဲ တွေ့ကြမှာ'

'ဒီလူတွေက ကြောက်စရာကောင်းတယ်ဆိုတာတော့ ကျုပ်ထပ်ရှင်းမပြတော့ဘူး၊ ဒီတောင်ကြားဟာ မရဏနိုင်ငံပဲ'

'မရဏနိုင်ငံမောလို့ ဘာကြီးပဲဖြစ်နေပါစေ၊ ကျွန်မတို့ဝင်ကြရမှာ၊ အဲဒီမှာ မြေနီနဲ့မြေဖြူတို့ရောက်နေရင် ကျွန်မတို့ လက်ထဲထည့်ဖို့ တောင်းဆိုရမယ်'

'မင်းတို့ တောင်းဆိုလဲ ခြသေ့နဲ့ဒေါင်းကတော့ ပေးမှာမဟုတ်ဘူး၊ သူတို့နဲ့ မိတ်ဆွေဖွဲ့ပြီးတဲ့လူကို ဘယ်တော့မှသစ္စာမဖောက်ဘူး'

'မြနီနှင့်မြဖြူကို ကျွန်မလက်ထဲ အပ်ပြီးဆိုရင် တောင်ကြားဟာ သူတို့ရဲ့အိုးအိမ်ဖြစ်သွားလိမ့်မယ်'

'ဟား....ဟား၊ မင်းက အတော်အပြောကြီးတာပဲ၊ တောင်၊ ပြီးစေ၊ မင်းတို့ ဒီလောက် သတ္တိရှိနေတော့ ပန်းတစ်ရာနန်းတော်ကို သွားကြတာပေါ့၊ နောက်တော့ နောင်တမရကြပါစေနဲ့'

'ရှင့်စကားက ကျွန်မတို့ကို အရှုံးသက်နေသလိုလိုလား'

'ဟား....ဟား၊ မှန်တယ်၊ မင်းတို့ကို ကျုပ် သနားနေတယ်၊ အခု မင်းတို့ စကားပြောခွင့်ရတုန်း များများ စကားပြောထားကြပါ၊ နောက်ဆိုရင် မင်းတို့စကားမပြောနိုင်မှာ မဟုတ်တော့ဘူး၊ ကဲ... ကဲ၊ ကျုပ်နောက်လိုက်ခဲ့ကြ'

ဖိုးကျော်ဝါက ချင်ကျင်းယုံကို အချက်ပြသည်။

မျောက်ဖြူဟူကျော်နောက်သို့ လိုက်မည်ဆိုသည့် သဘောပေတည်း။

တောင်ကြား၌ မြူခိုးများ ပိုမိုထွက်လာသလားလို့ ထင်မှတ်ရသည်။

တောင်ကြားလမ်းသည်၊ ပိုမို၍မှုန်မှုန်မှိုင်းမှိုင်းဖြစ်လာ၏၊ ထိုအခါ တောင်ကြားလမ်းဆည်လှပသည်ဟု မြင်ခဲ့ရာမှ ကြောက်မက်ဖွယ်ရာဟု ထင်မြင်လာရသည်။

ကျဉ်းမြောင်းသည့်အထဲ သဲကွဲစွာ မမြင်ရခြင်းသည် အန္တရာယ်တစ်စုံတစ်ခု ထပ်ဆောင်းပေးခြင်းပင် မဟုတ်ပါလား၊ မျောက်ဖြူဟူကျော်သည် ရှေ့မှ ဦးဆောင်ထွက်သွားသည်။



ဖိုးကျော်ဝါနှင့် ချင်ကျင်းယုံတို့က နောက်မှ လိုက်ကြ၏၊ တောင်ကြားလမ်းသည် ကျဉ်းမြောင်းသည် ဆိုသော်လည်း မြင်းများကိုမူ ကောင်းမွန်စွာ စီးနိုင်သေးသည်။

မကြာမီ တောင်ကြားထဲ၌ ဇရပ်တစ်ဆောင်ဆောက်လုပ်ထားသည်ကို တွေ့လိုက်ကြလေသတည်း။

★

## အခန်း(၅၁)

### မည်သည့်အသား ပို၍ အနည်း

ဘောင်ကြားထဲတွင် စိမ်းလန်းဖွံ့ထွားသော ထင်းရှူးပင်များ သိပ်သည်းစွာ ပေါက်ရောက်နေ၏။ တောင်ပေါ်မြေဖြစ်ခြင်း၊ အအေးလွန်ကဲခြင်းတို့ကြောင့် ထင်းရှူးပင်များ ဤမျှ သိပ်သည်းစွာပေါက်ရောက်နေပုံရခြင်း ဖြစ်ဟန်တူ၏။

ထိုဇရပ်တောသို့ ရောက်သောအခါ ဖုံကျက်ဝါနှင့်ချင်ကျင်း ယုံတို့မှာ ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်ကြသည်။ အဘယ်ကြောင့်ဆိုသော် လူမရှိသူမရှိဟု ထင်ထားရသည့် ဤတောင်ကြား၊ ထမ်းထဲ၌ ဈေးသည်အချို့ ရှိနေသောကြောင့်ပေတည်း။

ချင်ကျွင်းယု က စုံမေးကြည့်သောအခါ ခြင်္သေ့နှင့်ဒေါင်း တို့၏ အဓိဋ္ဌာန်စခန်းမှာ ဤ ပန်းတစ်ရာတောင်ကြား၊ စခန်း မဟုတ်၊ တောင်ကြားစခန်းကို ဖြတ်သန်းပြီး ရှေ့တူရူ၌ရှိသည့် တောင်ပေါ်သို့တက်ရမည် ဆိုသည့်သတင်းပေတည်း။

'ဒါနဲ့များ၊ ရှင်က ဒီတောင်ကြားအကြောင်းကို ကြီးကြီး ကျယ်ကျယ် ညွှန်းနေရသေးတယ်'

ဖုံကျွတ်ဝါက မဲ့ကာရွဲ့ကာပြောလေ၏။

မျောက်ဖြူဟူကျက်က ....

'ခင်ဗျားတို့ တောင်ပေါ်ရောက်ချင်တယ်ဆိုရင် ဒီဇရပ်မှာ တော့ ခေတ္တနားရလိမ့်မယ်'

ချင်ကျွင်းယုနှင့် ဖုံကျွတ်ဝါတို့သည် ခရီးနှင်းပြင်လာကြ သဖြင့် ပင်ပန်းနေကြလေပြီ။ မြင်းများဖြင့် ခရီးပြင်းနှင်လာ ခြင်း ဖြစ်သော်လည်း ပင်ပန်းခြင်းက ပင်ပန်းခြင်းပင်။ အပန်း ဖြေလိုသည်။ အနားယူလိုသည်။

လူသားများဖြစ်သည့်အတွက် လိုအပ်သည့် အတိုင်းအတာ အထိ အပန်းဖြေ အနားယူလိုသည်က အမှန်ပင်။ သို့သော်သူတို့ အတွက် စဉ်းစားစရာ၊ ဆင်ခြင်စရာ အကြောင်းအရာများက လူသူ လာနည်းပါးသောပန်းတစ်ရာတောင်ကြားအတွင်း၌ ဈေးသည်အတော်များများ ထူးထူးဆန်းဆန်း ရှိနေကြခြင်း ပင်။ ဤသည်မှာ ထောင်ချောက်တစ်ခု မဖြစ်နိုင်ပါသလော။ ဤအချက်ကို ချင်ကျွင်းယု ရောဖုံကျွတ်ဝါပါ နားလည်သဘော ပေါက်ကြလေ၏။ ချင်ကျွင်းယုက....



'ဘယ်လိုလဲဗျ.... လူသူ အရောက်အပေါက် နည်းလှတဲ့ ဒီတောင်ကြားလမ်းမှာ ဈေးသည်တွေက အတော်များများ ရှိနေ ပါလား'

မျောက်ဖြူဟူကျက်က ရယ်သည်။

'သူတို့က တောင်ပေါ်သားတွေပဲ၊ ဒီတောင်ကြားလမ်း ကို ခင်ဗျားတို့သာ ခရီးသွားတာမှမဟုတ်ဘဲ၊ တခြားလူတွေလဲ ခရီးသွားနေတာပဲ၊ သူတို့ဈေးရောင်းတာ အကြောင်းမဟုတ် ပါဘူး'

ချင်ကျွင်းယုက....

'ကောင်းပြီလေ....ရှိစေတော့၊ ကျုပ်တို့ကတော့ ဒီဇရပ်မှာ နားမနေတော့ဘူး၊ ရှေ့ကိုခရီးဆက်မယ်'

'ဗျာ....ဘယ်လို၊ အနားမယူတော့ဘူး....တုတ်သား၊ ကျုပ် တို့ အားလုံး ပင်ပန်းလာကြတာပဲဥစ္စာ'

'ကိစ္စမရှိဘူး၊ ခြင်္သေ့နဲ့ဒေါင်းဆီးရောက်မှ ဧည့်ခံ ကျွေး မွေးခိုင်းမယ်၊ သူတို့ရဲ့ ပန်းတစ်ရာနှင်းအောင် ဆိုတာကတော့ ပြည့်ပြည့်စုံစုံလှလှပပရှိရဲ့လား'

ထိုစကားကို ဝင်ပြောသူမှာ ဖုံကျွတ်ဝါဖြစ်၏။ မျောက် ဖြူဟူကျက်မှာ သူတို့နှစ်ယောက်၏ စကားကို ကြားသော အခါ အတော်ကလေးမကျေမနပ်ဖြစ်သွား၏။

သူသည် စိတ်ဆိုးမာန်ဆိုးဖြင့် သူ့မြင်းအနီး ကပ်သွားပြီး မြင်းဇက်ကြိုးကို ဆွဲသ၏။

'မင်းတို့အသူတွေလား၊ နတ်တွေလား'

'ရှင်....ဘာကို စိတ်ဆိုးနေတာလဲ'

'ကျုပ်ကတော့လူပဲ၊ ဒီခလောက်ခရီးရှည်ကြီးကို မြင်းစီးပြီး ခရီးနှင်လာရတာ ဘယ်လောက် ပင်ပန်းထလဲ'

'မြင်တာ သာမန်အရပ်သားမှ မဟုတ်ဘဲ၊ သိုင်းသမားပဲ ဥစ္စာ'

'သိုင်းသမားလဲလူပဲကွ၊ မင်းတို့နားချင်ရင်နား၊ မနားချင်ရင်နေ၊ ကျုပ်ကတော့နားရမှာပဲ'

သူသည် မြင်းဇက်ကြိုးကိုဆွဲပြီး ဇရပ်ဆီသို့ ဦးတည်ထွက်သွားလေ၏။ ဖုံကျက်ဝါမှာ တားရန် ကြံလိုက်၏၊ သို့သော် ဖုံကျက်ဝါ မည်သို့စိတ်ကူးပေါ်သွားသည်မသိ။ မတားတော့ဘဲအသာပင်ကြည့်နေလိုက်သည်၊

မျောက်ဖြူဟူကျက်သည် သူ့မြင်းကို ဇရပ်၏တိုင်တစ်တိုင်တွင် ဇက်ကြိုး ချည်လိုက်ပြီး ဆိုင်တန်းဆိုင်ထဲသို့ ဝင်သွားလေသည်၊

'ကျုပ်အတွက် အရက်တစ်လုံးနဲ့ အသားဟင်း သုံးမျိုးပေးပါ'

သူသည် ပြောပြောဆိုဆို ခင်းကျင်းထားသည့် စားပွဲတွင် ဝင်ထိုင်လိုက်၏။

ချင်ကျင်းယုံနှင့်ဖုံကျက်ဝါတို့မှာ သူ့နောက်က လိုက်သွားကြသည် မဟုတ်ပါ၊ မြင်းဇက်ကြိုးကိုကိုင်ရင်း အဝေးအနေ စောင့်ကြည့်နေကြသည်၊

ဇရပ်ပေါ်တွင်လည်း ဈေးသည် အချို့ ရှိနေ ဖြန့်သည်၊ လူနားစရာ ဇရပ်ကား ဈေးရောင်းစရာ ဇရပ် ဖြစ်နေချေပြီ၊



ဆိုင်ရှင်သည် မျောက်ဖြူဟူကျက်ကို ဝမ်းသာအားရ ကြိုဆိုပြုစုရာချေပေသည်။

မလှမ်းမကမ်းမှ ရပ်ကြည့်နေကြသည့် ချင်ကျင်းယုံနှင့် ဖုံကျက်ဝါတို့ကိုလည်း လက်ရပ်လှမ်းခေါ်သည်၊

ဆိုင်ရှင်မျက်နှာမှာ ပြုံးချိုနေ၏၊ ဖုံကျက်ဝါကချင်ကျင်းယုံကိုလှည့်တိုင်ပင်၏။

'အစ်ကို... ညီမတို့လဲ ခဏတစ်ဖြုတ် နားကြမှတော်မယ်တင်တယ်၊ ဟူကျက်လမ်းမပြရင် ညီမတို့ချည်း ဆက်သွားဖို့ ခပ်ခက်ခက်ပဲ'

ချင်ကျင်းယုံသက်ပြင်းချလိုက်၏၊

'ညီမလေးသိပ်နားချင်နေသလား'

'ဘာဖြစ်လို့လဲ၊ အစ်ကိုက စိုးရိမ်နေသလား'

'စိုးရိမ်တယ်၊ ဒီနေရာဟာ သိပ်ထူးခြားနေတယ်၊ အစ်ကို့စိတ်ထဲမှာ ထောင်ချောက် လို့ပဲမြင်နေတယ်'

'ညီလဲဒီအချက်ကို သတိထားမိပါတယ်'

'ဒါဆိုရင်ခပ်တင်းတင်းနေသင့်တယ်'

'သူတို့ကို ဒီလောက်ကြောက်ရောဟုတ်ဘူးလို့ ညီမတော့ယူဆတယ်၊ သူတို့အနေအထားကို သတိမထားရင် ကောင်းမယ်လို့လဲ ယူဆပါတယ်၊ ဒါကြောင့်ပါ၊ အစ်ကိုလဲ အကဲခတ်စောင့်ကြည့်နေပေါ့ ဟုတ်လား'

မထမင်တွင် ချင်ကျင်းယုံက ဖုံကျက်ဝါကို ဟန့်တားမည်ကဲ့သို့ပြုခဲ့သည်။ နောက်မှ သူလည်း စိတ်ပြောင်းသွားလေသည်၊

'ညီမလေး ခဏနေဦး၊ အစ်ကိုပါလိုက်မယ်'

ချင်ကျွင်းယုံသည် ဖုံကျက်ဝါ နောက်သို့လိုက်၏။ ဖုံကျက်ဝါမှာ မျောက်ဖြူဟူကျက်ရှိရာသို့ မသွားပါ။ မြင်းကိုဇရပ်ရှေ့ အုန်းထိပ်ဘွင်ကြီး၌ချည်ထားခဲ့ပြီး ဇရပ်ပေါ်တက်၏။ ချင်ကျွင်းယုံသည်၊ လိုက်ပါလာသည်။

ဇရပ်ပေါ်မှဈေးသည်များလည်း၊ သူတို့နှစ်ယောက်အား ဆွဲခေါ်မတတ် ဆူညံစွာ ခေါ်ခေါ်ကြလေတော့သည်။

'လာပါ…ကျုပ်ဆိုင်မှာ အကောင်းဆုံးအရက်ရှိပါတယ်၊ ဈေးလဲသက်သာပါတယ်၊ တစ်ခွက်သောက်တာနဲ့ ဆွေမျိုး မေ့သွားစေရပါမယ်'

'သူ့အရက်က ဝါးရှက်စိမ်းအရက်ပါ၊ ကျုပ်အရက်က ကင်းမြီးကောက် အရက်ပါ၊ ကင်းမြီးကောက်အဆိပ်ကို မျိုချရသလို ရင်ထဲမှာ ပူလောင်သွားစေမယ်'

'ဟား…ဟား…ဟား၊ ဒီလူတွေက အရက်သမားတွေဆိုတော့ ဝယ်သူကို အရက်နဲ့ပဲမျှားခေါ်ကြတယ်၊ ကျုပ်ဆီမှာ အမဲသားကင် ကောင်းကောင်းရှိပါတယ်၊ ခင်ဗျားတို့ ဆာလောင်နေမှာပါ၊ ဟင်းလျာကောင်းစားရဖို့ဆိုတာ အခု အချိန်မှာ အရေးအကြီးဆုံးပါ'

မုန့်ဆိုင်ကလဲ သူ့မုန့်ဆိုင်မှ မုန့်ကိုစားဖို့ အတင်းအဓမ္မ ဖိတ်ခေါ်လေသည်။ မျောက်ဖြူဟူကျက် စားသောက်နေသည့် ဈေးဆိုင်များမှ ဈေးသည်များကလည်း၊ ချင်ကျွင်းယုံတို့ကို အလုအယက် လာခေါ်ပြန်သည်။



သူတို့မျက်နှာအားလုံး ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်ပင်။ ဈေးသည်အားလုံး၊ ဆိုင်ရှင်အားလုံး၏မျက်နှာများ ချိုမြိန်နေကြသည်မှာ ကချေသည်များ မျက်နှာဖုံးစွပ်ထားသည့်နှယ်ပင်။

အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်း။ ဝယ်သူနည်းပါးသည့်ဒေသဖြစ်ခြင်းကြောင့် ပျူပျူငှာငှာ ကြိုဆိုကြခြင်းလား။

ချင်ကျွင်းယုံနှင့် ဖုံကျက်ဝါတို့သည် ထိုမျက်နှာများကို သေချာစွာ စူးစမ်းလေ့လာကြ၏။

လူတစ်ကိုယ်လုံးတွင် မျက်လုံးသည်သာ ဟန်မဆောင်တတ်သော အရာဖြစ်သည်ဟု သူတို့နှစ်ဦးစလုံးက ဘဝအတွေ့အကြုံဖြင့် ကိုယ်တိုင်သဘောသိထားကြရာ သူတို့သည် ထိုဈေးသည်များ၏ မျက်လုံးများကို ဂရုတစိုက် လေ့လာကြ၏။

မည်သည့်မျက်လုံးမျှ ရယ်မပြုံးကြချေတကား။

ဖုံကျက်ဝါနှင့် ချင်ကျွင်းယုံတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်ခုံးပင့်၍ အချက်ပြကြ၏။ အခြေအနေမဟန်ဟု အချက်ပြခြင်းပေတည်း။

ဖုံကျက်ဝါက ဈေးသည်များကို လက်ကာပြသည်။

'ကျွန်မတို့ ဘာအသားမှ မစားချင်ပါဘူးရှင်'

'ဟာ…မဟုတ်တာ၊ ကျွန်မတို့ဆီမှာ အသားမျိုးစုံ ရှိပါတယ်'

'မရှိပါဘူး၊ ကျွန်မတို့စားချင်တဲ့ အသားမျိုးတော့ ရှိမယ် မထင်ပါဘူး'

'ဟာ....ဒါဆို အစ်မလေးတို့ အထင်မှားတာပါ၊ ဒီတော၊ ဒီတောင်မှာ သားကောင် ပေါပါတယ်၊ သားကောင်မျိုးနဲ့ ရှိပါတယ်၊ ဒီတော့ ကျွန်မတို့ဆိုင်ခန်းမှာ အသားမျိုးစုံရှိကြပါတယ်'

'ကောင်းပြီ၊ ကျွန်မစားချင်တဲ့အသား ရှိမလား'

'ဘာအသားလဲ၊ ပြောပါ'

'ကျွန်မတို့စားချင်တာက ခြင်္သေ့အသားနဲ့ ခေါင်းအသားပဲ၊ နှစ်ခုလုံး ရရင်နေပါ၊ မရရင်လဲ တခုခုအသားပေါ့၊ ဘယ်အသားက ပိုချို ပိုလဲဆိုတာ မသိဘူး'

ဖုံကျက်ဝါ၏စကားကို ကြားလိုက်ရသောအခါ ဈေးသည်အားလုံး အလန့်တကြား နောက်ဆုတ်သွားကြလေသတည်း။

အခန်း (၅၂)

ရောက်ရှိလာသော အန္တရာယ်

မျှော်တော်ပြူးဟူကျက်သည် ဇရပ်အတွင်းမှ ပြောလိုက်သည့် စကားသံကို ကောင်းစွာ ကြားလိုက်ရ၏၊ သူ့မျက်နှာသည် ဆွတ်ဆွတ်ဖြူသွား၏၊ သွေးဆုတ်ဖြူရော်သွား၏၊ သူသည် ခုန်ထပြီး ဇရပ်ဆီသို့လျှောက်လာ၏၊ ဇရပ်ပေါ်သို့ အလျှင်အမြန် တက်လာ၏။

'မင်း....ဘယ်လိုပြောလိုက်တာလဲ'

'ကျွန်မ ဘာပြောလို့လဲ'

ဖုံကျက်ဝါသာ ပြန်မေး၏။

'မင်းအခုပဲပြောလိုက်တဲ့ စကားလေ၊ ဒီစကားက ဘယ်ရောက်သွားသလဲ၊ မင်းနားမလည်ဘူးလား'

'ဒါကတော့....သူတို့က သူတို့ထမင်းဆိုင် ဟင်းဆိုင်တွေမှာ အသားတွေစုံလွန်းတယ်လို့ ညွှန်းလွန်းလို့ပါ၊ ကျွန်မပြောတာ ဘာမှမလွန်ပါဘူး'

'မင်းပြောတာ ကျုပ်ကြားပါတယ်၊ စကားကို ဆင်ခြင်ပြောပါ၊ နှုတ်ကြောင့်ကြေ လက်ကြောင့်သေဆိုတဲ့ စကားလဲ ရှိတယ်'

ဖိုးဂျက်ဝါ မဲ့ပြုံးပြုံးလိုက်၏။

'ဒါပြောတာများ ဘာဖြစ်ရမှာလဲ၊ တောကြီးအုံကြားမှာ ကျွန်မတို့က ဘာတွေကို နှုတ်စောင့်စည်းနေရမှာလဲ'

'မင်းတို့ နှုတ်မစောင့်စည်းရင် သေလိမ့်မယ်၊ တကယ်တိုက်ခိုက်ပြီး သေတာကတစ်မျိုး၊ အကျိုးမရှိဘဲနဲ့ သေရတာက တစ်မျိုး၊ အဲဒါကို စဉ်းစားဆင်ခြင်သင့်တယ်'

သူတို့ စကားပြောနေစဉ်မှာပင်.... ခရီးသည်များသည် အသည်းအသန် အော်ဟစ်ရင်း ဇရပ်ပေါ်မှ ဆင်းပြေးသွားကြလေတော့၏။

ဇရပ်ပေါ်၌ လူတစ်ယောက်မျှ မရှိတော့ပေ၊ ထိုသူများ ရောင်းချနေကြသည့် ပစ္စည်းများကား အရာယွင်းခြင်း မရှိ၊ သည်အတိုင်းပင် ကျန်ရစ်ခဲ့သည်။

ထိုအခြေအနေကြောင့် ချင်ကျောင်းယုံနှင့် ဖိုးဂျက်ဝါတို့ပင် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။ ထိုတစ်ဒင်္ဂအတွင်း၊ ဇရပ်တစ်ဝိုက်တွင် သက်ရှိလူသားဟူ၍ သူတို့သုံးယောက်သာကျန်ရစ်တော့သည်။



မျောက်ဖြူဟူကျက်၏ မျက်နှာမှာလည်း၊ လူသေမျက်နှာကဲ့သို့ ဆွတ်ဆွတ်ဖြူနေလေသည်။ သူသည် ပတ်ဝန်းကျင်အား ကျီးကန်းတောင်းမှောက် ကြည့်ရှုနေသည်။

သူ့ပါးစပ်မှသည်၊ ရေရွတ်မြည်တမ်းနေ၏။

'ခင်ဗျားတို့ ရှေ့ကိုသွားဖို့ မလိုတော့ဘူး'

'ဘာဖြစ်လို့လဲ'

ချင်ကျောင်းယုံက မေးလိုက်၏။

'ကျုပ်စိတ်ထင် ခြင်္သေ့နဲ့ဓါင်းတို့လာနေကြပြီလို့ထင်တယ်'

'ခစ်....ခစ်....ခစ်'

ထိုအခါ ဖိုးဂျက်ဝါ တခစ်ခစ်ဖြင့် ရယ်မောလေတော့သည်။

'သိပ်ကောင်းတာပဲ၊ သူတို့အတွက်လဲကောင်း၊ ကျွန်မတို့အတွက်လဲကောင်း၊ ရှင့်အတွက်လဲကောင်း၊ အားလုံးအတွက် ကောင်းတာပဲရှင်'

'ဘာကောင်းတာလဲ'

မျောက်ဖြူဟူကျက်က ဟိန်းဟောက်လိုက်၏။

သို့သော် သူ့အမူအရာ၌မူ ကြောက်လန့်စရာ စိုးစဉ်းမျှမရှိပါချေ။

ဖိုးဂျက်ဝါက ရယ်ရင်း....

'ကောင်းတာပေါ့၊ ကျွန်မတို့နဲ့တွေ့ဖို့လာတာ၊ သူတို့က အခုလို ဆင်းမလာရင် ရှေ့ကတောင်ကိုတက်ရဦးမယ်၊ ဆက်ပြီး ဒုက္ခခံရဦးမယ်၊ အခုတော့ မခံရတော့ဘူးပေါ့၊ သူတို့သခေ့နဲ့လဲ ပဏ္ဏပင်းတွေ့ဆိုတော့ အချိန်ကုန်သက်သာတယ်၊ ရှင်ထ

တော့အကောင်းဆုံးပဲ၊ သူတို့သာမှ ရှင်အသက်ချမ်းသာရာ ရဖို့ သေချာသွားတာပေါ့ မဟုတ်ဘူးလား'

မျောက်ဖြူဟူကျက်က စိုးရိမ်ကြောင့်ကြစွာ ပြော၏။ ဟူကျက်၏အခြေအနေကိုကြည့်ခြင်းဖြင့် ခြင်္သေ့နှင့်ခေါင်းတို့သည် သူနှင့်ဆင်တူများဖြစ်ပုံမရပေ၊ တစ်သီးတစ်ခြားအဆင့်မြင့်မြင့် နေထိုင်ကြသော ထီးသီးသိုင်းသတ္တဝါများ ဖြစ်ရပေမည်။

'စိတ်ချ၊ မင်းတို့ကို သူတို့က ချမ်းသာပေးမယ်မျှားထင် နေသလား၊ ပထင်နဲ့၊ မင်းတို့ကို အသေသတ်မှာကတော့ အသေအချာပဲ'

'ရှင်က ဘာတွေစိုးရိမ်နေတာလဲ'

'ငါကလဲ စိုးရိမ်ရမှာပေါ့၊ မင်းတို့ကိုခေါ်လာတဲ့အတွက် ဒေါသထွက်ပြီး သူတို့က ငါ့ကို စောင့်သတ်ချင်သတ်နေ မှာ'

ထိုအခါ ဟူကျက်ကြောက်နေခြင်းအကြောင်းကိုဖုံကျက်ဝါ တို့ နားလည်သဘောပေါက်ကြတော့၏။

ဖုံကျက်ဝါမှာ တခစ်ခစ်ရယ်နေပြန်၏။ ဟူကျက်ကြောက် လေလေ သူက ရယ်ချင်ချင်ဖြစ်လာလေပင်၊ ယခုပန်းတော်ရှာ တောင်ကြီးကို ရောက်သည့်အခါ တစ်ချိန်လုံးရယ်ရမောခြင်း မရှိသူမှာ ချက်ကျွင်းယုံဖြစ်ပါလေသည်။

သူ၏မျက်နှာသည် တည်ငြိမ်နေပြီး တစ်ခုတစ်ခုကို နားစွင့် နေ၏။ ထိုစဉ်ဂူကျဆီးတိုးသံကဲ့သို့ စူးကျယ်သောအသံ တစ်သံသည် ထွက်ပေါ်လာတော့သည်။

'ဒါတွေ ရယ်စရာမဟုတ်ဘူး'



အသံက ကြောက်စရာ စူးရှလှ၏။

ထိုအသံရှင် ဆက်ပြော၏။

'သူပြောတာတွေ အမှန်တွေပဲ၊ မျောက်ဖြူဟူကျက်က အမှန် တွေကို ပြောနေတာ'

အသံမှာ စူးလှသဖြင့် ယောကျ်ားသံလား၊ မိန်းမသံလား ဟု ခွဲခြား၍မရချေ။ အသံကိုသာ ကြားရသည်၊ လူကိုကား လုံးဝ မတွေ့ရချေ။

ဖုံကျက်ဝါသည် ပတ်ဝန်းကျင်ကို လိုက်လံရှာဖွေ၏။ လူအရိပ်အယောင်ကိုကား လုံးဝမတွေ့ရချေ။

'ကျုပ်ကို ရှာမနေနဲ့၊ ရှာလို့တွေ့မှာ မဟုတ်ဘူး'

ထိုစကားသံကား ပထမကြားနေရသည့်နေရာမှ ထွက်ပေါ် လာခြင်းမဟုတ်ပေ၊ ဆန့်ကျင်ခြားနားစွာ အခြားတစ်ဘက်မှ ကြားရပြန်ခြင်းဖြစ်သည်။ အသံက တစ္ဆေခြောက်သလိုအသံ မျိုးဖြစ်နေသည်။

အသံရှင်ကိုလုံးဝမတွေ့ရတဲ့ ပတ်ဝန်းကျင်အရပ်ရှစ်မျက်နှာ မှ အသံထွက်နေသဖြင့် တစ္ဆေခြောက်သည့် သဘောမျိုးဖြစ် နေသည်။ နောက်ဆုံးဖုံကျက်ဝါ ဒေါသထွက်လာ၏။

'သတ္တိရှိရင် ထွက်ခဲ့ပါလား၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် လုပ်နေတာလဲ'

'ဝါး....ဟား....ဟား'

'ဝါး....ဟား....ဟား'

'ဝါး....ဟား....ဟား'

အရပ်ရှစ်မျက်နှာမှာ ဆူဆူညံညံ ရယ်မောသံများ ထွက်လာ သည်။

ချင်ကျင်းယုံ ကား ကျောက်ရုပ်မျက်နှာကဲ့သို့ ငြိမ်သက်နေ၏။ ပတ်ဝန်းကျင်မှ အသံများက လေလာနေ၏။ ချင်ကျင်းယုံ စိတ်ထဲ၌ ရယ်သံများသည် တဖြည်းဖြည်း နောက်ဆုတ်သွား သည်။ တဖြည်းဖြည်း ဝေးကွာသွားသည်ဟု ထင်နေမိ သည်။

ဇရပ်ပတ်ဝန်းကျင်တွင် ထင်းရှူးတောအုပ်ရှိသည်။ အခြား နှစ်ဖက်တွင် တောင်နံရံတစ်ဖက်တစ်ချက်စီ မတ်မတ်မားမား ကာ ရံထားသည်။

ထို့ကြောင့် အဝေးမှ အတွင်းအားထုတ်ပြောလိုက်လျှင် ထိုအသံသည် ထင်းရှူးအုပ်နှင့် တောင်နံရံတို့ကြောင့် ပဲ့တင် ထပ်ပြီး စကားသံလိုက်သံ ပြန်နိုင်သည်ဟု ချင်ကျင်းယုံ တွက် ဆနေသည်။ ထို့ကြောင့် ချင်ကျင်းယုံက ဖုံကျိက်ဝါကို သတိ ပေးလိုက်၏။

'ညီမလေး....လိုက်ရှာမနေနဲ့၊ မကြာခင် သူတို့ရောက်လာ လိမ့်မယ်၊ သူတို့က ဒီနားမရောက်ခင် အဝေးကနေ တို့ကို စိတ်ချောက်ချားအောင်လုပ်နေတာ သာမည်သိုင်းသမားတွေ ဆိုရင်တော့ သူတို့ဟာ အရာရောက်ပါလိမ့်မယ်'

ထိုအချိန်၌ မျောက်ဖြူမှာ လှုပ်လှုပ်ရှရှဖြစ်ခနေလေပြီ။ သူ လှုပ်လှုပ်ရှရှ ဖြစ်နေခြင်းမှာ ခြသေ့နဲ့ဝေါင်းတို့အား ကြိုဆိုရ မဟုတ်ပေ။



အခြေအနေကိုကြည့်ပြီး ပန်းဗေစ်ရာတောင်ကြားမှ သူထွက် ပြေးနိုင်ရန် လှုပ်လှုပ်ရှရှ ပြင်ဆင်နေခြင်းသာ တည်း။

ချင်ကျင်းယုံနှင့် ဖုံကျိက်ဝါတို့သည် မျောက်ဖြူဟူကျက် ၏ ဝ.. အခြေအနေကို ရိပ်မိကြသည်။ သို့သော် ဟန့်တားခြင်း၊ တားဆီးခြင်း မပြုပေ။ ထွက်ပြေးလိုက ပြေးပါဟူ၍လည်း မပြောပေ။

မျောက်ဖြူဟူကျက်သည် ချင်ကျင်းယုံတို့က သူ့ကိုတားဆီး ညှိဟန် မရှိသောအခါ တွေနှင့်သွား၏။ သူသည် ဇရပ် အပေါက်ဝသို့ တဖြည်းဖြည်း ရွှေ့လျားသွား၏၊ သူလှုပ်ရှား ပုံမှာ တကယ့်မျောက်နှင့်တူသည်။ ထို့ကြောင့်ပင် သူ့အား မျောက်ဖြူဟုခေါ်ကြသည်လားမဆိုနိုင်ပေ။

'ရှင်သွားမှာသာ သွားစမ်းပါ၊ နိုးကြောင်ခိုးဝှက်လုပ်မနေ စမ်းပါနဲ့'

ဖုံကျိက်ဝါက လှမ်းပြောသော်လည်း မျောက်ဖြူဟူကျက် က ဖုံကျိက်ဝါ၏စကားကို လုံးဝဂရုမစိုက် ပေ။ ဟူကျက်သည် လှေကားထိပ်သို့ ရောက်သောအခါ လှေကားကို တစ်ထစ်ခြင်း မဆင်းဘဲ ခုန်ချသွား၏။

'အား....'

မြေပေါ်သို့ အကျမှာပင် မျောက်ဖြူဟူကျက် ထံမှ နာနာ ကျင်ကျင် အော်သံ ထွက်ပေါ်လာလေတော့၏။

ဟူကျက် လဲကျသွား၏။ တုန်ခြင်း၊ လှုပ်ခြင်း၊ ထလာနိုင် ခြင်း မရှိတော့ပါချေ။ ဖုံကျိက်ဝါ မျက်မှောင်ကုတ်သွား၏။

မျောက်ဖြူဟူကျက်သည် ခြသေ့နှဲ့ဝေါင်းတို့နှင့်တွေကြောင်း လည်းသိရှိသွားသည်။

ယခုမျောက်ဖြူဟူကျက်သေစေပြီ။

'ဝါး....ဟား....ဟား....ဟား'

'ဝါး....ဟား....ဟား....ဟား'

ရယ်သံများပေါ်ထွက်လာပြန်၏။ ဇရပ်အယ်ဘက် အခြမ်းတွင် စားပွဲဝိုင်းများရှိလေရာ ထိုစားပွဲဝိုင်းများနှင့်ခုံများသည် မြောက်ကက်သွားပြီး ကြမ်းပြင်သို့ ပင်ကျကာ အစီဘ်စီတ် အမြ ဖြ ကွဲကုန်တော့သည်။

'ဝုန်း....'

သူတို့နှစ်ယောက်စလုံး ဇရပ်ရှေ့သို့ ဂရုစိုက် ညှဲနေကြသည်။ ဇရပ်ထဲမှ ထိုသို့ဖြစ်လာအခါ နှစ်ယောက်စလုံး ထိတ်ခနဲဖြစ်သွားပြီး ဇရပ်၏ဘယ်ဘက်အခြမ်းကို ကြည့်မိကြသည်။ ရယ်ပေသံများလည်း ကြားနေရဆဲပင်။

မကြာမီ စားပွဲခုံ အပွိအပျက်ကြားမှ လူတစ်ယောက် ခုန်ထွက်လာ၏။ ထိုလူသည် ဇရပ်အောက်ခြေ မြေအောက်ခန်းမှ ခုန်ထွက်လာခြင်း ဖြစ်ရပေမည်။

ထိုလူသည် ထွက်လာသည်နှင့် ဖုံကျတ်ဝါနှင့် ချင်ကျင်းယုံ တို့အား တစ်ဟုန်ထိုးတိုက်ခိုက်သည်။

ဖုံကျတ်ဝါသည် သိုင်းသေကာအတွေ့အကြုံရှိသူဖြစ်သော်လည်း ယခုအခြေအနေမှာအလွန်ဆန်းပြားနေသဖြင့် မှင်တက်တွေဝေနေသည်။

'သွား....'



ချင်ကျင်းယုံသည် သတိရှိရှိဖြင့် ဖုံကျတ်ဝါအား ဘေးသို့ တွန်းထုတ်နိုင်လိုက်သဖြင့် ဖုံကျတ်ဝါသည် အသစ်တိုက်ခံရသည့် ဘေးမှ လတ်မတင်ကလေး ကင်းလွတ်သွား၏။ ဤသို့ဖြစ်ရခြင်းမှာ ဖုံကျတ်ဝါက ရှေ့သို့အနည်းငယ် ရောက်နေခြင်းကြောင့် ဖြစ်သည်။

ချင်ကျင်းယုံသာ သူနေရာ၌နေလျှင် လက်ဝါးတစ်ချက် ထုတ်၍ ပြန်လှန်မတိုက်နိုင်သည့်တိုင် ကောင်းစွာ ရှောင်တိမ်းနိုင်မည်ကတော့ သေချာသည်။

ဘေးသို့ယိုင်ထိုးထွက်သွားသော ဖုံကျက်ဝါသည် အခြေအနေမှန်ကို ရိပ်မိသောအခါ ဒေါသယမ်းအိုးပေါက်ကွဲလေတော့သည်။

'ဟင်း.... လူကြောက်တွေ၊ အပြင်ကပဲ လာခဲ့တော့မလိုသို့ နောက်ကျောကို ဝေါ်နှဲ့ထိုးတဲ့လူတွေ၊ သေပေတော့၊ နင်တို့ကို ချေမှုန်းချင်းပဲ သတ်မယ်'

ချင်ကျင်းယုံ ဘာမျှ မတားဆီးနိုင်မီ ဖုံကျက်ဝါသည် သူမ၏နောက်ကျောသို့ သိုင်းလွယ်ထားသည့်ဓားကို ရှမ်းနဲ့ဆွဲထုတ်ကာ ထိုရန်သူအား ကြောက်မယ်ဖွယ်ရာတိုက်ခိုက်လေတော့၏။

*

## အခန်း (၃၄)

## ခြသေ့်နှင့် ဓေါင်း

ဇရပ်ခံအောက်ဘက် ရေမြေတို့ စီခန်းမှ ခုနှစ်ခွက်ပါသူမှာ မယာကျော်ကြားသားတစ်ယောက် ရောက်ခဲ့၏။ အသက်လေးဆယ်ခန့်ရှိသော မိန်းမတစ်ယောက် ဖြစ်ခဲ့သည်။ အုံ့ညှိုးရှေ့ပင်၊

သူမသည် အစိမ်းရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားပြီ၊ မျှစီနှာတွင် ဆေးများခြယ်ထား၏။ ဆေးများခြယ်ထားခြင်းမှာ သူမ၏မျက်နှာကို လှပစေအောင်၊ အမြင်တောင်ခေါင် ခြယ်ထားခြင်း မဟုတ်ပေ။

လူရှိန်းများက သူတို့၏မျက်နှာကိုမြင်သည်နှင့် မြင်သူတို့ လန့်ဖျပ်ရောင် အကျည်းတန်အရုပ်ထိုးဆိုး မကောင်းဆိုးရွားသဖွယ် ဆေးခြယ်ထားခြင်းသာ ဖြစ်၏။

မျက်နှာပေါ်၌ အနီတစ်ခြမ်း၊ အစိမ်းတစ်ခြမ်း၊ အစင်းများစွာ ဆေးရောင်ခြယ်ထားခြင်းမှာ အမှန်တကယ်ကြောက်စရာ ကောင်းလေသည်။

ထိုအမျိုးသမီးကြီးမှာ လက်နက်မပါဗလာကိုယ်ကြီးမဟုတ်ပေ။ လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ထား၏။

တောင်ဝှေးအရင်းတွင် ဒေါင်းတောင်ယပ်တောင်ပုံ ထွင်းထုထားသည်။ သူမတောင်ဝှေးတိုက်ကွက်များမှာ အလွန်တရာပြင်းထန်၏။ ကြောက်စရာကောင်း၏။ သာမညတိုက်ကွက်များတော့ မဟုတ်ပေ။

ပုံပန်းသဏ္ဌာန်နှင့် တောင်ဝှေးဒေါင်းရုပ်တို့ကို ဆက်စပ်ပြီး ချင်ကျောင်းယုံက လွှတ်ခနဲ အော်လိုက်မိ၏။

'ဒေါင်း....'

ထိုအခါ အမျိုးသမီးကြီးက ပြန်လှန်အော်ဟစ်၏။

'ဒေါင်းရှိရင် ခြင်္သေ့လဲရှိတာပေါ့'

'ဪ... သူက ဒေါင်းကိုး၊ ဒေါင်းဆိုလို့ယောက်ျားများလားလို့ အောက်မေ့နေတာ၊ အခုမှ မိန်းမတစ်ယောက်မှန်းသိရတယ်'

ချင်ကျောင်းယုံစိတ်ထဲမှ ပြောနေမိခြင်းဖြစ်သည်။ ချင်ကျောင်းယုံက ဝင်ရောက် တိုက်ခိုက်ခြင်း မပြုပါ။ ဖုကျက်ဝါနှင့် ဒေါင်းတို့ တိုက်ခိုက်နေသည်ကိုသာ စေ့စေ့စပ်စပ်အကဲခတ်နေသည်။ တိုက်ပွဲကား ပြင်းထန်၏။

တောင်ဝှေးသည် ဖုကျက်ဝါ၏ဘယ်ဘက်နံပါးကို ရိုက်မည့်ကဲ့သို့ ဟန်ပြပြီး ညာနံပါးကိုရိုက်သည်။ တောင်ဝှေးရိပ်



များသည် အရာအနတောင်ထပ်နေသော်လည်း သူမ၏ အဓိကတိုက်ကွက်မှာ ရင်ဝသို့ တောင်ဝှေးထိပ်ဖြင့်ထိုးခြင်းမျိုးလည်း ရှိသည်။

တိုက်ကွက်ကတော့ရုံသည်။ တိုက်ပွဲအခြေအနေကိုသုံးသပ်ပါက ဒေါင်းက အပေါ်စည်းမှတိုက်ခိုက်နေခြင်းဖြစ်ပြီး ဖုကျက်ဝါက အောက်စည်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဒေါင်းသည် အပေါ်စည်းမှတိုက်ခိုက်နေသဖြင့် လွန်စွာ ပေါ့ပေါ့နေ၏။ ဆေးခြယ်ထားသော မျက်နှာကြီးမှာလည်း ပြုံးနေ၏။ ထိုသို့ပြုံးနေခြင်းကပင် သရဲအစ်ကောင်၏ မျက်နှာနှင့် တူနေသည်။

'ခြင်္သေ့က ဘယ်ရောက်နေသလဲ မသိဘူး'

ချင်ကျောင်းယုံက ဒေါင်းကိုလှမ်းမေးလိုက်သည်။ သူတို့တိုက်ပွဲကား တကယ့်တိုက်ပွဲနှင့် မတူ၊ အပျော်အပျက် လက်ရည်စမ်းပွဲကဲ့သို့ ဖြစ်နေသည်။

ချင်ကျောင်းယုံ၏ မေးခွန်းကလည်း လေးလေးနက်နက်မေးခွန်းနှင့်မတူ၊ နောက်ပြောင်မေးသည့် မေးခွန်းနှင့်တူနေသည်။

ဒေါင်းသည် သူမ၏ကြောက်စရာကောင်းသော မျက်နှာကြီးကို ပို၍ကြောက်လာရအောင် တဟားဟား ရယ်မောပြလိုက်လေသည်။

'မင်းတို့က တယ်ရယ်စရာကောင်းတဲ့ လူတွေပဲ၊ ခြင်္သေ့ကို လိုက်ရှာမနေနဲ့၊ ခြင်္သေ့က မင်းခေါင်းပေါ်မှာ'

သူ၏ စကားအဆုံးတွင် ဝုန်းဘူ ဟူသော အသံကြီး တစ်သံ ထွက်ပေါ်လာခဲ့တော့သည်။ လူတစ်ယောက်သည် အိမ်ခေါင်မိုးပေါ်ကို ဖြိုသင်းကွာ ဖောက်ထွင်းပြီး ခုန်ချလာသော ကြောင့် ထိုအသံကြီး ပေါ်လာခြင်း ဖြစ်လေသည်။

ခြင်္သေ့သည် ချင်းကျင်းယုံကို အသစ်ချောင်းနေခြင်းဖြစ်၏။ ခေါင်းနှင့် ဖုကျက်ဝါကြီး ကိုစိုက်နေသည်ကို ချင်းကျင်းယုံ လှန်ရှု စိတ်ဝင်စားနေသည်ကု ယုံကြည်စိတ်ချသောအခါ ခြင်္သေ့သည် ချင်းကျင်းယုံကို အပိုင်ခုန်အုပ်ကိုက်ခြင်း ဖြစ်လေတော့သည်။

အမှန်အားဖြင့် ထိုသို့ မဟုတ်ပေ။ ချင်းကျင်းယုံသည် အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ် နေတတ်သော်လည်း နို့ သူ့ စားမတွက်ပေ။

ခေါင်ကြမ်းပြင်ကို ဖောက်ထွင်းပြီး ခေါင်းရောက်လာသည့် တွေ့ဘာသည့်က ညီ ခန်းပတ်ဝန်းကျင် သူရောက်နေတော့သည်ကို တွေ့မိပြီးဖြစ်သည်။

ထို့ကြောင့် သတိထားသည်။ ပတ်ဝန်းကျင်ကို ဂရုစိုက်သည်။ ထိုသို့သတိဝီရိယ အသင့်ရှိနေသော လူတစ်ယောက်ကို မည်သူသည် အလစ်ဝင်ရောက် လုပ်ကြံနိုင်ပါမည်နည်း။

သူက ချင်းကျင်းယုံအပေါ် တည့်တည့်ခုန်ချပြီး ခြေထောက်နှင့်ကန်ကျောက်ကို ကိုက်ခြင်းဖြစ်ခဲ့သည်။

ထိုရာတွင် ချင်းကျင်းယုံမှာ အစဉ်ရှိနေသူဖြစ်၍ လွယ်ကူစွာ ရှောင်တိမ်းနိုင်ခဲ့သည်။ သူ့မှာ ထွ စိတ္တဇချွင်း မှုနားချက်နှင့်



နှမ်းထွက်မကိုက်တဲ့ ဖြင်ထွားလာခဲ့လေသည်။ ခေါင်းကိုကား မြင့်မြင့် ကြွခဲ့ပြီ။

သူ့ကိုကား မည်သို့သော လူမျိုးပေနည်း။ သူကားအသက် လေးဆယ်ကျော်ခန့်ရှိသော သန်မာတောင့်တင်းသူပေတည်း။ ခန္ဓာကိုယ်ပေါ်တွင် အနီရောင်ရဲရဲ ဝတ်ရုံကြီး တစ်ထည်ကို လွှမ်းခြုံထား၏။

သူ့တစ်ကိုယ်လုံးတွင် ထူးခြားချက်ကား ဆံပင်တည်း။ ဆံပင်သည် အနီရောင်ဖြစ်ပြီး နည်းသျှားသည်။

မျက်နှာတွင်သည်၊ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများဖြင့် ပြည့်နေလေရာ ရုတ်တရက်ကြည့်လိုက်လျှင်သူ၏ဦးခေါင်းသည် လည်းဆံမွေးတဖွားဖွားနှင့်ခြင်္သေ့ကြီးတစ်ကောင်၏ဦးခေါင်း နှင့်အတော်တူပေသည်။

ခေါင်း၏ အသံသည် စူးရှသည်။ သူ၏အသံကား ကျယ်လောင်ဟိန်းလွှမ်းသည်။ အသံနှစ်သံသည် ထူးထူးခြားခြား ကွာခြားလှပေသည်။ သူ၏ ခုန်ချတိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်သော ချင်းကျင်းယုံသည် ငါးကိုက်အကွာလောက်မှ ရပ်၍သူ့အား အကဲခတ်နေ၏။ သူက...

'မင်းတို့လား၊ တို့ကိုလာရှာတာ'

'ဟုတ်တယ်'

'ခု တွေ့ပြီမဟုတ်လား၊ ချမှုဖို့ စိတ်မကူးနဲ့တော့၊ ခပြေးလဲ မလွတ်မြောက်နိုင်တော့ဘူး'

ချင်းကျင်းယုံက ပြုံးပြီး အေးအေးဆေးဆေး ပြန်ပြောသည်။

'စောစောက ကျုပ်ညီမလေး ဈေးဆိုင်မှာ မေးခဲ့တာ ခင်ဗျားမဟုတ်ဘူးလား'

'ဘာမေးနေတာလဲ'

'ဆိုင်ရှင်က ငါတို့ဆိုင်မှာ အသားစုံရှိပါတယ်၊ စားချင်တာ သာပြောပါ၊ ရရပါစေမယ်တဲ့'

'အဲဒါ ဘာဖြစ်လဲ'

'ကျုပ်...ညီမလေးက သူ့သားနဲ့ ခေါင်းသား ရမလားလို့ မေးတော့ ဈေးသမားတွေအားလုံး ပြုံးကုန်ကြတာပဲ၊ ကျုပ်ကတော့ မပြုံးပါဘူး၊ သူ့အသားစားချင်နေတော့ ခင်ဗျား ရောက်လာတာနဲ့ အတော်ပဲ'

ချင်ကျွင်းယုံ၏ အေးအေးဆေးဆေး ပြောလိုက်သော စကားသည် သူ့အတွက် ပူပူနွေးနွေးလေးပင် ရန်စကားဖြစ်သွား၏။

အသားကိုလေးနှင့်မှန်းတင်ပြီး ဆားနှင့်ပက်လိုက်သလို ထိခိုက်သွားသည်။ ထို့ကြောင့် ဒေါသပုန် ထသွားလေတော့သည်။

'သူ့အသားပဲ မင်းတို့စားမလား၊ မင်းတို့အသားပဲ သူက စားမလားဆိုတာ ကြည့်ကြသေးတာပေါ့ကွ၊ ဒီတော့ကြမှ ထိုက မင်းတို့အသက်နဲ့ကိုယ် တွဲလျက်ထွက်နိုင်ရင်တော့ မင်းတို့ လူစွာပဲ'

ဤသို့ဖြင့် ပန်းတင်ရာကြောင်ကြား ဇရပ်ပေါ်တွင် သူနှင့်ခေါင်းတို့ကတစ်ဖက်၊ ချင်ကျွင်းယုံနှင့်ဖုံကျက်ဝါတို့ကတစ်ဖက် ဒဲကြီးအကျယ် တိုက်ခိုက်ကြလေတော့၏။



အကြိတ်အနယ်တိုက်ပွဲတွင် သူနှင့်ချင်ကျွင်းယုံ ခေါင်းနှင့် ဖုံကျက်ဝါတို့ တစ်တွဲစီတိုက်ခိုက်ကြ၏။

ချင်ကျွင်းယုံက သူ့ကို အသာစီးမှတိုက်ခိုက်လာနိုင်သော်လည်း ဖုံကျက်ဝါမှာမူ ခေါင်းကိုအသာစီးမမတိုက်ခိုက်နိုင်ပဲ ရှိသည်။ ထို့ပြင် တဖြည်းဖြည်းပင် ရှုံးနိမ့်လာနေပေသေးသည်။

ဤအဖြစ်မှာလည်း မထူးဆန်းပေ၊ ဖုံကျက်ဝါ၏ပညာ အဆင့်သည် ခေါင်းထက်တစ်ဆင့်နိမ့်ကျသောကြောင့်ပင်ဖြစ်ပါ၏။

ဖုံကျက်ဝါသည် သိုင်းလောကတွင် ကျင်လည်ခဲ့ဖူးသူ ဖြစ်သော်လည်း တကယ့်ထိပ်သီးများကဲ့သို့ သိုင်းလောကတစ်ခုလုံး လှည့်ခနလှည့်အောင်၊ မြင်းစောင်းမကျန် မွှေနှောက် လှည့်လည်ဖူးသူမဟုတ်ပေ။

ထို့ကြောင့် ခြေသံ့နှင့်ခေါင်းတို့ကို မျောက်ဖြူဟုကျက်ပြုမသောအခါ သူမလုံးဝ ဂရုမစိုက်ဘဲနေခဲ့ခြင်းပင်၊ ယခု သေသေချာချာ ရင်ဆိုင်တိုက်ခိုက်သောအခါမှခေါင်း၏ပညာ အဆင့်အတန်း၊ အတော်အလေးမြင့်မားကြောင်း ဖုံကျက်ဝါ သိခွင့်ရလေတော့သည်။

ချင်ကျွင်းယုံမှာမူ သိုင်းလောကတွင် ကျင်လည်ခဲ့ဖူးသူမဟုတ်ချေ၊ သိုင်းလောကတွင် သာမန်မျှသာကျော်ကြားသော သိုင်းသမားများကိုမဆိုထားနှင့်၊ ပင်စကွဲကောင်းနှင့် ကျားမင်းရာဇာကဲ့သို့သော ထိပ်သီးသိုင်းသမားများကိုပင် မသိချေ။

သို့သော် ချင်ကျောင်းယို့၌ အခရာကြီးသော တန်ဖိုးရှိသော ခံယူချက်တစ်ခုရှိ၏။

ထိုအချက်ကား....

'ရန်သူကို အထင်မသေးရ'

ဟူသည့် အချက်တည်း။

သူသည် ခြသေ့်ကိုလည်းမသိ၊ ခြသေ့်၏ အစွမ်းထက် သည်ကိုလည်း သိမည်မဟုတ်ချေ၊ သို့သော် သူသည် ခြသေ့် ကို ဂရုစိုက်ကာ ကာကွယ်ခဲ့သည်။ သေးသေး စားစား တိုက်ခိုက်သည်။

စင်စစ်သူသည် ကောသရာဇ ခြသေ့်မင်းတို့ထုံး နှလုံးမူ ထားသူဖြစ်သည်။ ကောသရာဇ ခြသေ့်မင်းတို့မည်သည် သား ကောင်ကြီးသည်ငယ်သည်မဟုတ်၊ လုံ့လဝီရိယကို တစိုက်မတ် မတ်အသုံးပြုပြီးလိုက်၏။

ယုန်သူငယ်ကို အမဲပိုက်လျှင်လည်း အရှိန်အဟုန်အပြည့် လုံ့လ၊ ဆတ်၊ စိုင်၊ ခပြောင် စသည့်အမဲကြီးများကို လိုက်လျှင် လည်း၊ အညီသုံ့လပင်။

ယခု သူသိုင်းအသားအား အပြင်းအထန် တိုက်ခိုက်ကြမ သူသိုင်းသမား နှစ်လှမ်းသုံးလှမ်းမျှ ဆုတ်သွားကြောင်း တွေ့ လေ၏၊ သူ့အားနှစ်ကွက် သုံးကွက်နှင့်မနိုင်နိုင်ပေ။ အနည်း ဆုံး ဆယ်ကွက်ခန့်တော့ တိုက်ရပေမည်။

သူ့အနေနှင့် ခြသေ့်အား ဆယ်ကွက်ကျော်ဖြင့် အနိုင် တိုက်နိုင်ကြောင်း၊ ရှိသော်သည်၊ ထိုဆယ်ကွက် တိုက်ခနစ်



ထရုင်း ဖုံကျော်ဝါက ဓေါင်းအားရှုံးနိမ့်သွားနိုင်ကြောင်းကို တည်းမမေ့ပေ။

ယခုထင်ဒင်ဇ၊ ချိန်မှာ ချင်ကျောင်းယို့အတွက် ခက်ခဲသော အချိန်ပင်၊ ဖုံကျော်ဝါက လက်လွှတ်ပြီး ခြသေ့်ကိုအနိုင်တိုက် ရမည်လော၊ ခြသေ့်ကို လက်လွှတ်ပြီး ဖုံကျော်ဝါက ကူညီ ကာယ်တင်ရမည်လော။ စထည်ဖြင့် အာကုံမျှအတည်မယူနိုင်ဘဲ တွေဝေနေမိတော့သည်။

နောက်ဆုံး သူသည် ဖုံကျော်ဝါကိုကူညီရန်ဆုံးဖြတ်လိုက် ၏၊ ရန်သူအားဆာတ်ဖြတ်ခြင်းထက် မိမိအသက်သခင်အား ကာယ်ဝင်ခြင်းက ပို၍အရေးကြီးသည် မဟုတ်ပါလော။

'နောက်ဆုတ်လိုက်စမ်း'

ချင်ကျောင် ယို့က မအော်ဝေါက်ပြီး ခပ်ကြမ်းကြမ်းတိုက် ထွက်လိုက်သည်။

ခြသေ့်နောက်ဆုတ်သွားသည်နှင့် ဓေါင်းနှင့်ဖုံကျော်ဝါ တို့၏ တိုက်ပွဲတွင်းထဲသို့ ခုန်ဆင်းသွားသည်၊ အလွန်လျင်မြန် သည့် လှုပ်ရှားမှုပါပေ။

တိုက်ပွဲအခြေအနေမှာ ရုတ်ခြည်း ပြောင်းလဲသွားသည်။

ချင်ကျောင်းယို့ ခုန်ဝင်လာသောအခါ ဓေါင်းမှာ ဇကြီး အကျယ် အံ့အားသင့်သွားသည်။ ဖုံကျော်ဝါအား တိုက်ခိုက် နေမှုများမှာလည်း ရပ်တန့်သွားလေသည်၊

သူသည် ဖုံကျော်ဝါကိုသာ ဖိတိုက်နိုင်တော့မချေ၊ ချင် ကျောင်းယို့၏တိုက်ကွက်များမှာ ပြင်းထန်လှသဖြင့်နောက်ဆုတ်

သွား၍ရလေတော့သည်။ မည်သို့ပင်ဖြစ်စေ အခြေအနေမှာ နှစ်ဦးနှစ်ဖက် အရှုံးမရှိသောအခြေအနေ ဖြစ်၏။

ဒေါင်းအနေဖြင့် ဖုံကျက်ဝါအား ဒဏ်ရာမရစေနိုင်သလို ချင်ကျင်းယု အနေဖြင့်လည်း ခြသေ့အား အနာတရမ ဖြစ်စေခဲ့ပေ။

ချင်ကျင်းယုသည် ဖုံကျက်ဝါအား နောက်သို့ဆွဲဆုတ်လိုက်ချိန်တွင် ခြသေ့နှင့်ဒေါင်းလည်း ရင်ပေါင်တန်းမိနေလေပြီ။

ခြသေ့နှင့်ဒေါင်းကတစ်ဖက်၊ ချင်ကျင်းယုနှင့်ဖုံကျက်ဝါတို့ကတစ်ဖက်။ ကျားနှင့်ဆင် လယ်ပြင်မှာမတွေ့၊ ဇရပ်ထဲမှာ တွေ့ကြလေပြီ။

ဒေါင်းက ခြသေ့ကိုမေးလိုက်လေသည်။

'ဘယ်လိုလဲ....အခြေအနေက'

ခြသေ့မျက်နှာမှာ ညိုရဲနေ၏။ ဒေါသထွက်နေသည်။ သုံးလေးကွက်တိုက်ပြီးသည့်အချိန်တွင် သူသည်အောက်စီးကသာ နေခဲ့ရသည် မဟုတ်ပါလော။ ခြသေ့က....

'ဒီကောင်သိုင်းပညာကမခေဘူး။ အဖော်ကို သတိထားရမယ်'

'ရှင်မနိုင်ဘူးလား'

'ဘယ်လိုလုပ်နိုင်မှာလဲ၊ ပထမသုံးကွက်လောက်အထိတည်းက ငါရှုံးနိုင်တယ်ဆိုတာ ငါသိလိုက်ပြီ၊ သူက ဆက်မတိုက်ဘဲ မင်းထက်ကိုကူးသွားလို့ ငါသက်သာရာရသွားတာ'



'သူ့ပညာက ဒီလောက်တောင် အစွမ်းထက်နေသလား၊ သူ့ကြည့်ရတာတော့ ရိုးရိုးပါ၊ သိုင်းလောကနောက်ပေါက်လေး တစ်ယောက်ရဲ့ပုံပဲ၊ ရှင်မနိုင်နိုင်ဘူးဆိုရင်တော့ အံ့ဩစရာဖြစ်နေပြီ'

ခြသေ့က မျက်မှောင်ကြုတ်၍ ခေါင်းညိတ်လိုက်၏။

'သူ့ပညာက ထူးခြားနေတယ်၊ ဒီလိုသိုင်းကွက်မျိုးကိုငါ တစ်ခါမှ မတွေ့ဖူးဘူး၊ ပြည်မကသိုင်း ကွက်တွေနဲ့ သူ့သိုင်းကွက်မတူဘူး၊ သူ့သိုင်းပညာဟာ ပြည်မကသိုင်းပညာ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး'

ခြသေ့စကားကြောင့် ဒေါင်းအလွန်အံ့ဩသွားလေသည်။ သူမသည် ချင်ကျင်းယုအား အကဲခတ်ကြည့်လိုက်ပြီး....

'သူ့ရဲ့ပညာက တိုင်းတစ်ပါးက သိုင်းပညာလို့ ထင်သလား'

'တိုင်းတစ်ပါးကတော့ မဟုတ်ပါဘူး၊ နယ်ခြားက ပညာလို့ထင်တယ်'

ဒေါင်း သက်ပြင်းချလိုက်၏။

'သူ့ကြောင့် ရှင်အတော်ခေါင်းခြောက်သွားတယ်မဟုတ်လား'

'ခြောက်တာပေါ့၊ သူ့ပညာက ခေါင်းခြောက် ရုံတင်မကဘူး၊ ခေါင်းတောင်ပြတ်စေနိုင်တယ်'

'အဲဒီလောက်တောင်ပဲလား'

'ဒီ့ထက်တောင်ပိုလိမ့်ဦးမယ်'

ခြသေ့သည် စကားပိုပြောတတ်ဟန်မတူချေ။

ခေါင်းက...

'ရှင်သတိထားမိရဲ့လား'

'ဘာလဲ'

'သူ့ကျောပိုးအိတ်ကိုလေ'

'တွေ့သားပဲ'

'ဒီတော့ သိုင်းပညာ ဘယ်ဆိုးနိုင်မှာလဲ၊ သိုင်းလောကမှာ မြေရာကောက်ခရီးသည်တစ်ယောက် အနေနဲ့ ဒီလောက်အဆင့် တော့ရှိရမှာပေါ့၊ နောက်ပြီး ဒီသိုင်းထုံးစံကလေ ကျင့်လိုက်နာထား ပြည်မက သိုင်းသမားတွေပဲ ရှိတယ်၊ နယ်ခြားက သိုင်းသမား ဆိုရင်တော့ အခုလိုရောင်ကျောပိုးအိတ်ကို လွယ် လာမယ် မထင်ဘူး'

ခြင်္သေ့ခေါင်းညိတ်၏။

'အေး...အဲ့ဒါ စဉ်းစားစရာဖြစ်နေတာပေါ့၊ သူလုပ်လာတဲ့ထုံးစံက ပြည်မကထုံးစံ၊ သူ့သိုင်းပညာက နယ်ခြားက သိုင်းပညာပါဟ၊ ထူးခြားချက်ပဲပေါ့'

ခေါင်းသည် ခြင်္သေ့ကဲ့သို့ ဦးခေါင်းကိုခြောက်ခံ၍ မစဉ်းစားတော့ပေ။ ရှေ့သို့ ခြေတစ်လှမ်းထွက်ကာ ချင်ကျင်းယုံ ဖား မေးခွန်းထုတ်လေ၏။

'ဟေ့...သူငယ်၊ မင်းနာမည် ဘယ်လိုခေါ်သလဲ'

ချင်ကျင်းယုံနှင့် ဖိုးကျော်ဝေတို့ သည်လည်း ခြင်္သေ့တို့နှင့် မလှမ်းမကမ်းတွင် ရပ်ပြီး ခြင်္သေ့နှင့်ခေါင်းတို့ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေသည်ကိုအကဲခတ်နေကြ၏။



သူတို့အကြောင်းပြောနေသည်ကို ရိပ်မိကြ၏။ အခြေအနေ အရ မှတ်တင်းမ၍ မရကြောင်း ရိပ်မိသည်။ ခေါင်းက ရှေ့သို့တိုးလာပြီးသူ့နာမည်ကိုမေးလာသောအခါသူသည် အေးဆေးဆေးပင် ဖြေလိုက်သည်။

'ကျုပ်နာမည် ချင်ကျင်းယုံပါ'

'ချင်ကျင်းယုံတဲ့လား၊ ဘယ်နယ်ကလဲ'

'ကန်တုကပါ'

ခေါင်းနှင့်ခြင်္သေ့တို့သည်တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ ထိုနောက် ပြုံးတုံ့ပင် ခေါင်းခါကြပြန်သည်။ အဘယ်ကြောင့် ရှုံ့မဲ့ဖြစ်ရသည်ကို ချင်ကျင်းယုံ မသိပေ။ ခေါင်းက...

'ကန်တုနယ် ဆိုတာကတော့ နာမည်ကြီးနယ်ပဲ၊ မင်းအဲ့ဒီနယ်ကလာခဲ့တာ အမှန်နော်'

ချင်ကျင်းယုံပြုံးလိုက်၏။

'ဟုတ်ပါတယ်'

'ကောင်းပြီ...ကန်တုနယ်ထဲ ရင် ထင်သိ၊ သိုင်းသမား ဟိုဟွေ့နန်ကိုသိရမယ်၊ မင်းသိသလား'

'သိပါတယ်၊ သူနဲ့တောင် ဝါးရုံတစ်ပတ်လောက်အတူတူ နေခဲ့တယ်'

'မင်း သူ့ဆီက သိုင်းပညာသင်ခဲ့တာလား'

'မသင်ခဲ့ပါဘူး၊ ကျုပ်တို့တွေအတူသိပ်ကြာတာမှ မဟုတ်တာ'

'တော်တော်ရင်းနှီးသလား'

ချင်ကျွင်းယုံ ပြုံးလိုက်၏။ အပြည့်အစုံ ပြောမည် ပြုံ[illegible]မှ မလိုအပ်ဟုဆုံးဖြတ်ကာ တိုတိုပင်ပြောလိုက်၏။

'မရင်းနှီးပါဘူး'

'မိတ်ဆွေ အဆင့်လောက်မရှိဘူးလား'

'ဒီလိုတော့ သူက သတ်မှတ်ပါတယ်'

'ဝါပြုံ့မင်းရဲ့ဆရာက ဘယ်သူလဲ'

ချင်ကျွင်းယုံမျက်နှာတည်သွား၏။ သိုင်း[illegible]ထဲစကား အခြေအတင်ပြောသည့်အခါတိုင်း သည်မေးခွန်းသည်ရောက် ရောက်လာ၏။

ဤမေးခွန်းကို သူအမြဲ ရှောင်လွှဲခဲ့ရသည်။ ယခုလည်း ရှောင်လွှဲရဦးမည်။

'ကျုပ်ဆရာရဲ့နာမည်ကို မပြောလိုတဲ့အတွက် ဒီမေးခွန်း ကိုတော့ ခွင့်လွှတ်ပါ၊ မဖြေပါရစေနဲ့'

ဝေါင်းက မျက်မှောင်ကြုတ်သွား၏။

'ဘာလဲ... မင်းဆရာက သူ့နာမည်ကို မပြောရဘူးလို့မှာ လိုက်လို့လား'

'ဒီလိုတော့လဲ မမှာလိုက်ပါဘူး'

'ဒါနဲ့များ မင်းက ကြီးကြီးကျယ်ကျယ်နဲ့ ကိုယ့်ဆရာနာမည် ပြောလို့ မင်းသေသွားမှာလား၊ ဘာဖြစ်လို့ကိုယ့်ဆရာနာမည် ကို မပြောနိုင်ရတာလဲ'

'ခင်ဗျားနားမလည်ပါဘူး'



ချင်ကျွင်းယုံစကားကြောင့် ဝေါင်းအကြီးအကျယ် ဒေါသ ထွက်သွားလေ၏။

'ငါက နားမလည်ဘူးဆိုတော့ မင်းကသိပ်နားလည်တယ် ပေါ့ဟုတ်လား၊ နာမည်လေးတစ်ခု ပြောဖို့ဟာ ပြဿနာ လား'

ချင်ကျွင်းယုံ၏မျက်နှာ ပျော့ပျောင်းသွား၏။

'ကျုပ်မပြောချင်တာက ကျုပ်အပြုအမူ တစ်ခုမဟုတ်တာနဲ့ ကျုပ်ဆရာရဲ့ ဂုဏ်သိက္ခာကို ထိခိုက်သွားနိုင်လို့ပါ၊ တပည့် မကောင်း ဆရာခေါင်းဆိုတဲ့စကားတောင်ရှိသေးရဲ့ မဟုတ် လား'

ချင်ကျွင်းယုံ၏ အကြောင်းပြစကားမှာ ဆီလျော်လှသဖြင့် ခြသံ့နှင့် ဝေါင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေတော့၏။

ဤလူငယ်သည် တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ကားအမှန်ပင်။

သူတို့သည် စိတ်နှလုံးကောင်းရှိသူများမဟုတ်၍ချင်ကျွင်း ယုံကိုအကောင်းတော့ မမြင်ကြပေ၊ ဝေါင်းက လေသံတိုးတိုး ဖြင့် ခြသံ့ကိုပြော၏။

'ဟိုဟွေနန်နဲ့ ပတ်သက်တဲ့ သူပြောတဲ့ စကားကို ရှင်ယုံ သလား'

'ဘယ်လို ပြောနိုင်မှာလဲ၊ သူ့သိုင်းပညာက ဟိုဟွေနန် သိုင်းပညာနဲ့လဲ မတူဘူး'

'ဟိုတေ့နန်ရဲ့ တပည့် မဖြစ်နိုင်ဘူးလို့ ရှင်သေချာပေါက် မှတ်ယူထားသလား'

'ဒီလိုမှတ်ထားရမှာပဲ၊ အခြေခံချက်မှ မတူဘဲကိုး'

'ဟိုတေ့နန်ရဲ့ပညာက သိပ်မဆိုးပါဘူး၊ ဒါပေမယ့် ရှင်နဲ့ ကျွန်မနှစ်ယောက် ပေါင်းတိုက်ရင် သိုင်းကွက် သုံးလေးဆယ်လောက်တော့ ယှဉ်နိုင်မှာပါ၊ သူသာ ဟိုတေ့နန်ရဲ့ တပည့်ဖြစ်ရင် သူ့ကို သေချာပေါက် နိုင်နိုင်တယ်'

ခြသေ့က ခေါင်းယမ်းလိုက်၏။

'ဟိုတေ့နန်ရဲ့တပည့်ဆိုတာ သေချာရင်တောင် မင်းပြောသလို ဖြစ်နိုင်ပါတယ်၊ အခုဟာက သိပ်မသေချာတဲ့၊ ဝါပြောသားတာပဲ၊ သူ့ပညာ ဒီပြည်မက ပညာကို မဟုတ်ဘူး၊ ဝါဆိုရှင်းနေပြီ၊ ဟိုတေ့နန်နဲ့ သူ သိကောင်းသိမယ်၊ ပညာချင်းတော့ လုံးဝ အဆက်အစပ်မရှိဘူး'

ခေါင်းခေတ္တစဉ်းစား လိုက်၏။ ပြီးမှ....

'ကျွန်မတို့သူ့ကို ဖမ်းပြီးစစ်ဆေးရင် မကောင်းဘူးလား၊ ဒါဆိုရင် ခြေအနေမှန်ကို သိရမယ်'

ခြသေ့က ခပ်အုပ်အုပ်ရယ်လိုက်၏။

'မင်းအစီအမံက ကြောင်ကို ဘယ်သူခြုံဆွဲမလဲ ဆိုတဲ့ အဓိပ္ပာယ်မျိုး ဖြစ်နေတယ်၊ စစ်မေးတာကတော့ ကောင်းတာပေါ့၊ ဒါပေမယ့် သူ့ကို ဘယ်လိုဖမ်းမလဲ'

ခေါင်းက မချိသော စိတ်ဖြင့်....

'ရှင်....သိပ်သဲ စိတ်မလျှော့စမ်းပါနဲ့၊ ဒီ နေရာဟာ ဘာနေရာလဲ'



ခြသေ့ကလည်း သံယောင်လိုက်၍မေး၏။

'ဘာနေရာလဲ'

'ပန်းတစ်ရာ ကောင်ကြားကော၊ ကျွန်မတို့ရဲ့ ဌာနချုပ်ဆိုတာလဲ မမေ့ပါနဲ့ဦး'

မှန်သည်။ ခြသေ့သည် ချင်ကျင်းယုံ၏ သိုင်းပညာကို သိခဲ့ရပြီးနောက် ချင်ကျင်းယုံကို လုံးဝ အာရုံမစေသာ ရှိနေတော့ပေ၊ လူ့နယ်၊ သူ့နေရာ၊ သူ့ဂုဏ်ကိုသော်မှ မေ့လျော့သွားခဲ့ပေသည်။

ယခု... ခေါင်းက သတိပေးမှ ဤနေရာသည် ဝါးနေရာပါလား ဟု သတိရလာ၏။ ပိုင်နက်နယ်မြေနှင့်ပတ်သက်လျှင် လူမပြောနှင့် တိရစ္ဆာန်ပင် မာနရှိတတ်သည် မဟုတ်ပါလား။

ခြသေ့၏ဦးခေါင်းသည် အသာငုံလာ၏၊ ကျောရိုးသည် မတ်လာ၏။ သူ့မျက်လုံးများသည် ဝင်းဝင်းတောက်လာ၏၊ ခေါင်းသည် သူ့ကိုတိုတိုပြောနေခြင်းကို ရပ်ဆိုင်းလိုက်၏။

'ဟော.... သူလာယ်၊ မင်းဘယ်သူလဲဆိုတာ ဝါတို့နားလည်အောင် ပြောပြနိုင်မလား၊ ဒါမှမဟုတ် မင်းဆရာဘယ်သူလဲ ဆိုတာကို ပြောနိုင်မလား'

ချင်ကျင်းယုံ ခေါင်းယမ်းလိုက်၏။

'ခမ်းနည်းပါတယ်ဗျာ၊ ကျုပ်နာမည်ချင်ကျင်းယုံဆိုတာက လွဲပြီး ဘာမှမပြောနိုင်ပါဘူး'

ခေါင်းက အံကြိတ်ပြီးပြော၏။

'မင်းအဆုံးအဖြတ်ကို ပြင်လိုက်ပါ'

'မပြင်နိုင်ပါဘူး'

'ဒါဆိုရင် မင်းဝမ်းနည်းစရာ ကြုံရလိမ့်မယ်'
'ဝမ်းနည်းစရာဆိုတာ ဘာကိုဆိုလိုတာလဲ'
'မင်းကို တို့ကဖမ်းပြီးစစ်ဆေးရရင် ဘယ်ကောင်းနိုင်တော့မှာလဲ'
ချင်ကျင်းယုံပြုံးလေ၏။ သူတို့၏အခြေအနေကိုသိပြီးဖြစ်၍ ထိုခြိမ်းခြောက်စကားကို လုံးဝမကြောက်တော့ပေ။

'ခင်ဗျားတို့ဖမ်းချင်ရင် ဖမ်းနိုင်ပါတယ်'
'မင်း...အသေခံမယ်ပေါ့'
'ရယ်စရာမပြောပါနဲ့၊ အဖမ်းခံမယ်ဆိုတဲ့စကားလုံး ကျုပ်ပြောတဲ့အထဲမှာ တစ်လုံးမှမပါဘူး'
'ကောင်းပြီ၊ ဒါဖြင့်...တို့တစ်တွေထပ်ပြီး ယှဉ်ပြိုင်ကြစို့၊ တစ်ခုတော့ စည်းကမ်းလုပ်ရလိမ့်မယ်၊ မင်း သဘောတူမယ်လို့လဲ ငါတို့ယူဆတယ်'

'တရားမျှတရင် ပြီးတာပါပဲ'
'မျှတရမှာပေါ့၊ မင်းနိုင်ရင် ပန်းတစ်ရာတောင်ကြားထဲက မင်းတို့က အေးအေးဆေးဆေး ထွက်သွားနိုင်တယ်၊ ငါတို့ဘက်မှ အန္တရာယ်မပြုဘူး၊ မင်းရှုံးရင်တော့ အဖမ်းခံရမယ်'
ချင်ကျင်းယုံ မဲ့ပြုံးပြုံးလိုက်၏။
'ကျုပ်တစ်ခုပြောမယ်'
'ပြောပါ၊ စည်းကမ်းချက်နဲ့ပတ်သတ်ပြီး ပြောမှာပဲမဟုတ်လား'



'ဟုတ်တယ်၊ ခင်ဗျားတို့ရှုံးရင် မြေနှီနဲ့မြေပြုကိုထုတ်ပေးရလိမ့်မယ်၊ ကျုပ်တို့က ဒီမြေနှစ်ကောင်ကိုဖမ်းဖို့ ဒီကိုရောက်လာတာ၊ တခြားအကြောင်း ဘာမှမရှိဘူး'
ထိုစကားကို ကြားလိုက်ရသောအခါ ခြံသို့နှင့်ခေါင်းတို့သည် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။ သူတို့နှစ်ယောက်စလုံး ချင်ကျင်းယုံ၏ စကားကို နားလည်ကြပေ၊ ခေါင်းက အံ့သြသောလေသံဖြင့်...
'မင်း...ဘာပြောလိုက်တယ်'
'မြေနှီနဲ့ မြေပြုကို ကျုပ်တို့လက်ထဲကို အပ်ဖို့ပါ'
'သူတို့က ဒီမှာမှ မရှိတာပဲ၊ ငါတို့က ဘယ်လိုလုပ်အပ်နိုင်မှာလဲ'
ချင်ကျင်းယုံ ပါးစပ်အဟောင်းသား ဖြစ်သွား၏၊ ချင်ကျင်းယုံ မယုံကြည်ပေ။

ချင်ကျင်းယုံက မြေပေါ်တွင်လဲကျနေသော မျောက်ဖြူဟူကျက်ကို လက်ညှိုးထိုးပြပြီး...
'သူပြောတော့ မြေနှီ မြေပြုဟာ ခင်ဗျားတို့ဆီမှာ ရှိနေတယ် ဆိုပါကလား'
'မျောက်ဖြူက ဒီလိုပဲပြောသလား'
'ဟုတ်တယ်'
ခေါင်း သက်ပြင်းချလိုက်၏၊ ထို့နောက် ငြင်းပြသည်။ သူ၏လေသံက ယုံကြည်နိုင်လောက်သည့် ရိုးသားသည့်လေသံမျိုး ဖြစ်သည်။

'ဒီမှာ...သူငယ်၊ ငါ့နှင့်ပြိုင်ယှဉ်၊ ချောက်ဖြုတ်ကြက်ရယ်၊ မိုးကြိုးမီးဟုန်တွေချယ်၊ မြေပုံတောင်ရယ်...သူတို့ဟာ ငါတို့ရှိတဲ့ ပန်းတစ်ရာတောင်ကြားကို ကြွခဲ့တာ ဖြစ်တတ်ပါတယ်၊ တို့ကလဲ ညွှန်သည်တွေဆိုတော့ လက်ခံခဲ့ဘူးပေါ့၊ သိကျွမ်းရုံကလွဲပြီး ဒီထက်ပိုကဲတဲ့ ရင်နှီးမှုမျိုး မရှိပါဘူး၊ နေစမ်းပါဦး၊ မင်းတို့နဲ့သူတို့ တစ်ခုခုတော့ ဖြစ်နေပုံရတယ်၊ ဘယ်လိုများ ဖြစ်လာကြလို့လဲ'

'ဖြစ်...ခင်ဗျားတို့က မဖောက်တတ်တော့ မဟုတ်ကြဘူးပေါ့'

'မဟုတ်တာ ဟုတ်မပါဘူး၊ နွားကတိတော့ဘာတွေလဲ မထားဖူးပါဘူး'

'ကျုပ်နဲ့ကတော့ ဘာမှမဖြစ်ပါဘူး၊ ဟောဟိုက ကျုပ်ညီဝမ်းကွဲနဲ့တော့ ပြဿနာရှိကယ်'

'ဘာပြဿနာလဲ'

'ကျုပ်ညီရဲ့ခင်ကို မြှသုံးကောင်က သတ်ပစ်ခဲ့ကြတယ်၊ ဒီကြောက ပေါ့သေးသေးကြောမဟုတ်ဘူးဆိုတာ ခင်ဗျားတို့ နားလည်နိုင်မှပါ၊ ခင်ဗျားတို့လဲ သိပ်လောကဘားတွေပဲ'

ထိုအခါ ခြေသံ့ရော ခေါင်းပါ ဖြိုးတူ ခေါင်းခါကြလေတော့၏၊

'ဟာ...ဒီကိစ္စ တို့နဲ့ဘာမှမဆိုင်ဘူး၊ တို့အတတ်ဘာလဲမဟုတ်ဘူး၊ ဒီသတ်ဖြတ်ဘကိစ္စမှာ တို့က ကြံရာပါလဲ မဟုတ်ပါဘူး'

'မင်းဟာ အတော်လျှာရှည်တဲ့ကောင်ပဲ၊ ငါတို့ဟာ ပန်းတစ်ရာ တောင်ကြားမှာ နားမည် ကစ်လုံးနဲ့ နေသာတာကျ၊



မင်းတို့ ခုသိုးသာပြီး တော်ကားဘဲကိစ္စကို ငါတို့က လွယ်လွယ်နဲ့ မပစ်လိုရမှာလား'

'ကျုပ်တို့ ဘာမှမစော်ကားဘူး'

'ဟား...ဟား...ဟား... မင်းတို့ စော်ကားတယ် မစော်ကားဘူးဆိုတာ ဒီတောင်ကြားက ချောင်းသည်တိုင်းသိတယ်၊ ခေါင်းက မင်းတို့ထွက်သွားတာကို ကျေနပ်မယ်ထင်သလား'

ခေါင်းက စိတ်မရှည်တော့ပေ၊ သူ့သည် ရှိုင်းရှိုင်းစိုင်းစိုင်း ပင် တုံ့ပြန်ချက်စိတ် ပေါက်လာသည်၊

'ခင်ဗျားတို့ တော်တော်ရန်လိုတဲ့ လူတွေပဲ'

'မင်းတို့ကိုထွက်ကားဖို့ ခွင့်မပြုနိုင်ဘူး'

ချင်ကျွန်းယုသည် ရှေ့ဆက်ပြောသည်းရှိတော့မည်မဟုတ်တော့ကြောင်း သိလိုက်၏၊

ထို့ကြောင့် ဖိုးကျွက်ဝါဘက်သို့ လှည့်ကာ ပြောလိုက်သည်၊

'လာ...ညီလေး၊ သွားကြစို့'

သူတို့နှစ်ယောက်သည် တောင်ကြားထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်ကြသည်၊

ထိုအခိုက် တောင်ကြားထဲသို့ လူနှစ်ယောက်ပြေးဝင်လာသည်ကို အားလုံးပင် တွေ့လိုက်ကြသည်၊ ချင်ကျွင်းယုံထိတ်ခနဲဖြစ်သွား၏၊ ဤသူများကား စစ်ကူများလား၊

ထိုစဉ် ခေါင်းက ဝမ်းသာအားရ အော်ဟစ်လိုက်လေတော့၏၊

'မင်းတို့ ထွက်သွားဖို့မလိုတော့ဘူး၊ ထွက်သွားဖို့မလိုတော့ဘူး'

ချင်ကျင်းယုံနှင့် ဖုံကျက်ဝါတို့ အံ့ဩသွားကြသည်။

ဖုံကျက်ဝါက မေးလိုက်၏။

'ကျွန်မတို့ ဘာဖြစ်လို့ ထွက်သွားစရာမလိုတော့တာလဲ'

ခေါင်းက အဝေးမှ ပြေးလာသူနှစ်ဦးကို လက်ညှိုးထိုးပြလိုက်၏။

'ဘယ်လိုတော့မှာလဲ၊ ဟိုမှာပြေးလာတဲ့လူနှစ်ယောက်က မင်းတို့တွေချင်နေတဲ့ မြေနီနဲ့မြေဖြူတို့ ဖြစ်နေလို့ပဲပေ!'

အောင်ကြားအပြင်သို့ထွက်ရန် ခြေလှမ်းပြင်နေကြသော ချင်ကျင်းယုံနှင့် ဖုံကျက်ဝါတို့မှာ လုံးဝခြေလှမ်း ရပ်တန့်သွားကြလေတော့၏။

## အခန်း(၂၄)

## အုင်စုတိုက်ပွဲ

အနီရောင်သိုင်းဝတ်စုံ ဝတ်ဆင်ထားသူနှင့် အဖြူရောင်သိုင်းဝတ်စုံကို ဝတ်ထားသူနှစ်ယောက်သည် ဇရပ်ကလေးဆီသို့ ခြေလှမ်းမှန်မှန်ဖြင့် ပြေးလာနေကြ၏။ ချင်ကျင်းယုံ၊ ဖုံကျက်ဝါကို ခမဲ့မြန်းလိုက်၏။

'ညီမလေး....အခုပြေးလာတဲ့ လူနှစ်ယောက်ဟာ တကယ်ပဲ မြေနီနဲ့မြေဖြူ ဟုတ်ကြရဲ့လား'

သူ၏မျက်နှာသည် အလွန်မှန်တီးစက်ဆုပ်သည့်အမူအရာများ ပေါ်လွင်နေသည်။ သူမသည် ချင်ကျင်းယုံ၏ စကားများကိုကြားရသည်နှင့် ခုတ်ချင်းပင် ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ လူယုတ်မာနှစ်ကောင်ပဲ'

မြနှင်းနဲ့မြဖြူတို့ဆိုလျှင် သူတို့ကိစ္စပြတ်ပြီဟု ချင်ကျင်းယု တွက်ဆ၏၊ ထို့ကြောင့်သူသည် ခေါင်းဘက်သို့ လှည့်ကာ မေးခွန်းထုတ်လိုက်သည်၊

'ခင်ဗျားတို့က သူတို့ကို ကူညီမှာလား'

ခေါင်းကပြန်လိုက်သည်၊

'ငါတို့ မိတ်ဆွေတွေပဲ၊ ဘာဖြစ်လို့မကူညီရမှာလဲ'

ထိုစကားကြောင့် ချင်ကျင်းယု စိတ်ဆိုးသွား၏၊

ထိုစဉ် သူမက ဝင်ရောက် သတိပေးလာ၏၊

'အစ်ကို... ဒီခြင်္သေ့ဆိုတာနဲ့ ခေါင်းဆိုတာကို မယုံနဲ့နော်၊ သူတို့လဲ စကားအမျိုးမျိုးပြောတဲ့လူတွေပဲ'

သူ၏လေသံက တီးတိုးလေသံဖြစ်၍ ခြင်္သေ့နှင့်ခေါင်းတို့က မကြားနိုင်ပေ၊ ခြင်္သေ့နှင့်ခေါင်းတို့သည် စိတ်ထားထူးဆန်းသူများဖြစ်ကြသည်၊ နေပုံထိုင်ပုံနှင့် ပုံသဏ္ဌာန်တို့ကိုကြည့်ပါက လူထူးလူဆန်းများ ဖြစ်ကြောင်း ပို၍ သိသာပေသည်၊

ထိုစဉ် ခေါင်းက ခစ်ခနဲရယ်လိုက်ရင်း....

'မင်းတို့သွားမယ်ဆိုတာနဲ့ မြနှင်းနဲ့ မြဖြူ ရောက်လာပြီ၊ မင်းတို့ အဖမ်းခံကြရတော့မယ်'

ခြင်္သေ့သည် တဟားဟား ရယ်လေတော့၏၊ သူ့ရယ်ပုံမှာ ထူးဆန်းလှ၏၊

'ဟေ့....မင်းနဲ့ ငါ့အဖို့အတွက်အပိုင်ပဲ၊ ဒီကောင်မလေးက ချောချောလေးပါ၊ ဒီတော့ မင်းကသူ့ကိုအပိုင်ယူ၊ ငါကပဲ ကောင်မလေးကိုအပိုင်ယူ၊ ဟား....ဟား၊'



'ခစ်...ခစ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ရှင်ပြောခဲ့တာ သဘောကျပါတယ်'

ခေါင်းကလည်း တခစ်ခစ်ရယ်၏၊ ချင်ကျင်းယုနှင့် ဖုကျက်ဝါတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်၊ ခြင်္သေ့နှင့်ခေါင်းတို့သည် စိတ်မှန်သောလူများမဟုတ်ကြောင်း သူတို့ရိပ်မိကြလေပြီ။ ထို့ကြောင့် သတိဝီရိယထား၍ ကြည့်မိ၏၊

ချင်ကျင်းယုမှာ အနည်းငယ် စိတ်ထင့်နေသည်၊ သူတစ်ယောက်တည်းအတွက်ဆိုရင် ချင်ကျင်းယု မကြောက်ချေ၊ ယခု သူမအတွက် အခြေအနေမကောင်းချေ၊

ချင်ကျင်းယု ခေါင်းပူလာသည်၊ ခြင်္သေ့နှင့်ခေါင်းတို့နှစ်ယောက်၊ သူတို့နှစ်ယောက်တိုက်လျှင်ပင် သရေပွဲသဘောမျိုး ရှိနေသည်၊ မြနှင်းနှင့် မြဖြူတို့ ရောက်လာလျှင်မည်သည့်အခြေဆိုက်မည်ကို မဆိုနိုင်ချေ၊ ချင်ကျင်းယုအား တီးတိုးပြောလေသည်၊

'ညီမလေး....အစ်ကိုပြောမယ်၊ နားထောင်ပါ'

'ဟုတ်ကဲ့....ပြောပါအစ်ကို'

'အစ်ကိုပြောမယ့်စကားက အရေးကြီးတယ်'

'ဟုတ်ကဲ့... ညီမလေး နားထောင်နေပါတယ်'

'ခြင်္သေ့နဲ့ခေါင်းဟာ သိပ်မဆိုးဘူး၊ ခေါင်းကို ညီမ မနိုင်နိုင်ဘူးနော်'

'ဟုတ်တယ်၊ အစ်ကိုကူညီလို့ ကျွန်မသတ်သေတာ'

‘ညီမလေးကို လွှတ်ထားနိုင်တဲ့အတွက်ကြောင့် သူဟာ အစ်ကိုတို့ကို ဒုက္ခပေးနိုင်တယ်၊ အခုမြနှစ်ကောင်ထပ်ရောက်လာပြန်ပြီ၊ ဒီတော့ ညီမလေး အနေနဲ့မြနှစ်ကောင်ကိုအလျင်သုတ်သင်ပါ၊ သုတ်သင်ပြီး ကိုယ်လွတ်ရုန်းပြေးပါ၊ အစ်ကို့အတွက် အားမငယ်နဲ့နော်၊ အစ်ကိုပြောတာ နားလည်တယ်မဟုတ်လား’

သူမှာ မြနှစ်ကောင်ကိုကြောက်ချေ၊ သုံးစောင်းကို အနိုင်ယူရန် သူမသည် သိုင်းပညာကို ကြိုးစားသင်ယူခဲ့သည်မဟုတ်ပါလော။

မြစိမ်းကို သူမသတ်ပြီးပြီ၊ မြနီနှင့် မြဖြူတို့ကိုသည်၊ သတ်နိုင်မည်ဟု စိတ်ချသက်ချယုံကြည်သည်။ ချင်ကျင်းယု ပြောသည့်စကားမှာ မြနှစ်ကောင်ကို သုတ်သင်ရန်ဖြစ်သဖြင့် သူမကျေနပ်သည်။ သူမသည်မြနှစ်ကောင်ကို ခါးခါးသီးသီး မုန်းခဲ့သည်မဟုတ်ပါလား’

‘ဟုတ်ကဲ့...အစ်ကိုပြောသလိုလုပ်ပါ့မယ်၊ အစ်ကိုလဲ သတိထားနော်’

‘စိတ်ချ၊ အစ်ကို ခြေသို့နဲ့ခေါင်းကို ဟန့်ထားမယ်၊ ညီမလေးက မဖြစ်ဖြစ်တဲ့နည်းနဲ့ အပြတ်ဖြတ်နိုင်အောင်ကြိုးစား၊ ကဲ....ချပဲနော်၊ မြနှစ်ကောင်ကိုသတ်ပြီးရင် အစ်ကို့ကိုစောင့်မနေနဲ့၊ ခြေသို့တို့ ညီအစ်ကို ဦးလှည့်လာရင်အားလုံး မရှုနိုင်မကယ်နိုင်ဖြစ်ကုန်လိမ့်မယ်’

ထိုအချိန်မှာပင် မြနှစ်ကောင်သည် သူတို့အနီးသို့ရောက်ရှိလာတော့သည်။



မြဖြူနှင့်မြနီတို့သည် ဖုံကျက်ပါနှင့် ချင်ကျင်းယုတို့ကို တွေ့သောအခါ လွန်စွာကျေနပ်သွား၏၊ ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ ချင်ကျင်းယု၏သတင်းကို ထိုက်သင့်သမျှသူတို့ ရရှိပြီးကြလေပြီ...

မြဖြူက....

‘ဟား....ဟား....ဟား၊ မင်းတို့ဘယ်ပြေးမလဲ’

ဖုံကျက်ပါကမူ မုန်းတီးစက်ဆုပ်စွာ ပြောလိုက်၏။

‘ဘယ်သူ ပြေးနေလို့လဲ’

‘မင်းတို့ ပြေးနေတာမဟုတ်လား’

‘တွေ့...ရှင်တို့သာ ပြေးနေတာ မြစိမ်းသေတဲ့အချိန်မှာ ရှင်တို့ဘယ်ရောက်နေသလဲ’

‘အောင်မာ....တို့နံပါတ်သုံးညီတော် သေတာ ကြားလို့ မင်းတို့ကိုလိုက်ရှာနေတာ၊ တို့က ဘယ်မှမပြေးဘူး၊ ကဲ... အခုတော့ တွေ့ကြပြီပဲ’

မြနှစ်ကောင်သည် ပြောပြောဆိုဆိုပင် ဇရပ်ပေါ်သို့ခုန်တက်လာကြလေသည်။

ဖုံကျက်ပါတို့မှာ စိတ်မထိန်းနိုင်တော့ချေ၊ သူမ၏ဒေါသသည် အသွတ်အထိပ်သို့ ရောက်သွားတော့သည်၊ ဓားကို ချွမ်းခနဲဆွဲထုတ်ပြီး မြနှစ်ကောင်နှင့်ရင်ဆိုင်သိုက်လေတော့၏။

‘လူယုတ်မာတွေ သေဖို့သာပြင်ကြပေတော့’

မြနီနှင့်မြဖြူတို့သည် ဖုံကျက်ပါကို စိုက်ကြည့်နေကြသည်။ ထို့နောက် တစ်ယောက်ကိုတစ်ယောက်ရယ်ရယ်မောမော ပြောကြတော့သည်။

သူတို့ပြောသည့် စကားကိုလည်း နားထောင်ကြပါဦး၊

'ဟော့....ညီလေးနဲ့ပါတ်နေစ်၊ လူ့ကိုငါက တခြားလူမှတ်နေတာ၊ သာယာက တခြားလူဟုတ်ရမှာလဲ၊ ငါ့ပျော်တော်ဆက်ခဲ့တဲ့ မိန်းကလေးပဲဟုတ်လားကွ'

ထိုအခါ မြဖြူက တဟားဟား တဟားဟားရယ်ပြီး...

'ဟုတ်တာပေါ့ ဟုတ်မှာပေါ့၊ ကျွန်တော်တို့ကိုပျော်တော်ဆက်ခဲ့တဲ့ မိန်းကလေးပဲ၊ ဟန်ကျပြီ၊ အဲဒီအတော့ကို ဟန်ကျနေတာပဲ....'

မြနီက....

'သူ့ဘာ စိတ်မကျေပွဲနဲ့ချင်လို့ ထပ်ပက်လာတာ၊ ကိုက ပိုပြီ ထောက်ဆာကျတာပေါ့ကွာ၊ ဟား....ဟား....ဟား များစွဲသေ မှတ်ဆိတ်ဆိုတာ ဒါမျိုးပဲနဲ့ဘူးပါရှဲ'

မြနီနှင့်မြဖြူတို့သည် တဟားဟား တဟားဟား ရယ်မောနေကြတော့သည်။ သူတို့ရယ်သံ၊ ပြောသံတို့မှာပုံကျက်ဝါတို့ကို အယပ်ထပ် စော်ကားနေသလို ရှိနေလေ၏။

ပုံကျက်ဝါ၏မျက်နှာ နီရဲနေသည်။ မြဖြူသည်စကားဖြင့် ပြောရုံဖြင့် အားမရသလို ဖြစ်လာပြီး ရှေ့သို့တိုးလာတည်။ ပုံကျက်ဝါကို လှမ်းဆွဲမည်တော့နှယ် လုပ်လာလေသည်။

'မိန်းမချောလေး၊ မင်းနဲ့တစ်ခါတွေ့ပြီးသို့ မင်းတို့ကို မမေ့သွားပါဘူး၊ မင်းတို့ကိုတွေ့ပြီးတာနဲ့ တို့ကနေ့ရက်တစ်... တွေ့ချင်ပါသေးတယ်၊ မင်းကိုသတိရတုန်းပါ အချစ်ကလေးရယ် ဟဲ...ဟဲ...ဟဲ'



သူသည် ပြောပြောဆိုဆို ပုံကျက်ဝါ၏လက်ကို ဆွဲရန် ဟန်ပြင်လိုက်သည်။

ပုံကျက်ဝါက အသားများ တဆတ်ဆတ်တုန်ခါနေသည်။ မျက်ရည်များ စေ့ဝိုင်းနေသည်။ တင်းနိုင်သလောက်မြနီနှင့် မြဖြူတို့ကို အမုန်းကြီးမုန်းချင်နေသည်။

ပုံကျက်ဝါနှင့် မြသုံးကောင်တို့၏ရန်ပြဿနာ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်အပျက်မှ စခဲ့ကြသည် မဟုတ်ပါလော။ ထိုစဉ် မြနီက....

'ဟဲ....ဟဲ....အချစ်ကလေး၊ မင်းအားကြောင့်တို့ကိုလိုက်ရှာတယ်ဆိုတာ ငါတို့သိပါတယ်'

မြဖြူက သူ့အစ်ကိုကို တားလိုက်၏။

'အစ်ကိုကြီး....လက်မပါနဲ့နော်၊ စကားနဲ့ပဲပြောပါဟဲ့....ဟဲ့'

မြနီက....

'ငါသိပါတယ်ကွာ၊ သူတို့လိုက်လာတာ အကြောင်းမဲ့ မဟုတ်ဘူးကွ၊ သူ့ယောက်ျား ထက်ပိုပြီး တို့ကိုချစ်လို့ လိုက်လာတာ၊ ဒါကြောင့်ငါပြောတာပေါ့၊ ဟဲ...ဟဲ၊ မင်းကလဲဝင်ပြီး အဝန်တိုမနေစမ်းပါနဲ့၊ သူက အားလုံးပိုင်ပါပဲကွာ'

ထိုနောက် မြနီနှင့်မြဖြူတို့ တဟားဟား ရယ်မောကြလေ၏။

ထိုစကားများကို ကြားပြီးနောက် ချင်ကျွင်းယုံမျက်မှောင်ကြုတ်သွား၏။ အစေတော်ကလေး ဦးနေဇင် ခြောက်သွား၏။

လူ့မှာ စဉ်းစားစရာများ ရှိလာပြီ မဟုတ်ပါလော။ အဘယ့်ကြောင့်နည်း။

ဖုံကျွတ်ဝါသည် ယခင်က သူမ၏ဖခင်အသတ်ခံခဲ့ရသည်ဟု ပြောဆိုခဲ့သည်။ ယခု သည်သို့ မဟုတ်ပြီ၊ သူ့ဝယောကျ်ား အသတ်ခံရပြီ၊ သူ အခစားခံရသည်။

သည်အခြေအနေမျိုး ဖြစ်နေသည်။ သူသည် ဖုံကျွတ်ဝါ အပေါ်သံသယရှိခဲ့သည်။

မြေသုံးကောင်၏ သိုင်းပညာမှာ အလွန်အဆင့်မြင့်သည်ဟု သူမပြောခဲ့၏။ နောက်ပိုင်းမြွေစိမ်းနှင့်တွေ့သောအခါ သူမက မြွေစိမ်းကိုလွယ်လွယ်ကူကူ သတ်ဖြတ်နိုင်သည်။ သူမ၏ သိုင်းပညာကသာ မြွေစိမ်းထက် မြင့်နေကြောင်း သူ တွေ့ခဲ့ရသည်။

သူ၏ ဖုံးကွယ်ချက်များကို တစ်ချိန်ထက်တစ်ချိန် ပိုရှုပ်ထွေးလာရဦးမည်ကို ချင်ကျောင်းယုံ ယုံကြည်သည်။ ထိုအချိန်မှာပင် ဖုံကျွတ်ဝါရှေ့သို့စုန်ဆင်းသွားလေပြီ။

'လူယုတ်မာတွေ၊ ဒီနယ်ဟာနင်တို့ လူ့ပြည်မှာ နောက်ဆုံး နေရတဲ့နေ့ပဲ'

သူမသည် တစ်ဟုန်ထိုး တိုက်ခိုက်လိုက်တော့၏။ သူမ၏ ဓားသိုင်းကွက်များမှာ လွန်စွာပြင်းထန်သည်။ ဒေါသအရှိန်သည် ဓားကိုရိုက်ခတ်နေသဖြင့် ဓား၏အတိုး၊ အခုတ်၊ အဆုတ်၊ အပင့်များစွာကြောက်မတ်ဖွယ်ရာလျှပ်မြန်လှသည်။

တစ်ချက်ထူးဆန်း၊ သည်မှာ မြွေနီနှင့်မြွေဖြူတို့ ရောက်ရှိလာပြီးအချိန်အတော်ကြာသည်အထိ ၄( နောက်ဆုံးဖုံကျွတ်ဝါနှင့်တိုက်ခိုက်ချိန်အထိ) လုံး၊ စကား၊ မပြောကြသည့်အချက်ပင်။

ထို့ကြောင့် ခြေသံ့၊ ဒေါင်းနှင့်မြွေနီ၊ မြွေဖြူတို့အဆက်အသွယ်မရှိဟု ထင်မှတ်ရသည်။ ချင်ကျောင်းယုံ ကမူ ထိုသူများ အဆက်အသွယ်ရှိမည်ဟုယုံကြည်သည်။ ထို့ကြောင့်အခြေအနေကိုစောင့်ကြည့်နေသည်။

ဖုံကျွတ်ဝါ၏တိုက်ကွက်ပြင်းထန်သောကြောင့် မြွေနီနှင့် မြွေဖြူတို့နောက်ဆုတ်သွားကြရ၏။ မြွေနှစ်ကောင်၏မျက်နှာပေါ်၌သည်၊ အံ့သြသည့် အရိပ်အရောင်များ ပေါ်လာလေသည်။

ထိုတိုက်ပွဲအခြေအနေကိုကြည့်နေသော အခါ ဒေါင်းမင်း လွန်စွာအံ့သြသွားသည်။ သူမနှင့်စောစောကတိုက်ခိုက်ခဲ့သည့် သည်မိန်းကလေးကို သူမက သာမညဟု မှတ်ထင်ခဲ့၏။

ယခု ဓားရွမ်းက ကြောက်စရာဖြစ်နေသည် မဟုတ် ပါလော။

ဒေါင်းက....

'ဒီကောင်မရဲ့ ပညာက မခေဘူးနော်၊ ကြည့်စမ်း....ဓားသွင်းဓားထုတ်နဲ့ အဆုတ်အဘက် ဘယ်လောက် မြန်သလဲ၊ ဒီအတိုင်းဆိုရင် မြွေနှစ်ကောင် သူ့ကို ဘယ်နည်းနဲ့မှ မိမှာမဟုတ်ဘူး'

ခြေသံ့က....

'အရမ်းတောင့်မဆုံးဖြတ်နဲ့လေ၊ အခြေအနေကိုလဲကြည့်ဦးမှပေါ့'

'အခြေအနေ ကြည့်ရောမလို့ဘူး၊ မြွေနှစ်ကောင်ရန်နောက် ချည်းပဲဆုတ်နေရတာပဲ၊ ဒါကသတိပေးပြနေတာပေါ့'

'ကောင်းပြီ...ဒါဖြင့်မင်းဝင်ပြီးကူလိုက်'

'ဟုတ်တယ်၊ ကျွန်မ ဝင်ကူမယ်'

ခေါင်းသည်တိုက်ပွဲစည်းအတွင်းသို့ခုန်ဝင်ရန်ဟန်ပြင်လိုက်ရာ လူရိပ်တစ်ရိပ်သည် လျှပ်တစ်ပြက် သူမရှေ့သို့ ရောက်ရှိဟန် တူလာလေသည်။

'ရပ်လိုက်'

ခေါင်းကသေချာစွာကြည့်လိုက်၏။

'မင်းကိုး'

သူမရှေ့၌ ရပ်နေသူမှာ ချင်ကျောင်းယုံပင် ဖြစ်သည်။

'မင်း ဘာဝင်ရှုပ်တာလဲ'

'ခင်ဗျားလဲ့ ဘာဝင်ရှုပ်မလို့ ကြံတာလဲ၊ သူတို့ဘာသာ တိုက်ပါစေ'

'မြွေနှစ်ကောင်ဟာ ငါတို့မိတ်ဆွေကွ'

'ဖုံကျက်ဝါကလဲ ကျုပ်ရဲ့ညီပဲ'

'ဒါပေမယ့် ကျုပ်ရဲ့မိတ်ဆွေတွေ ရှုံးရိပ်ပေါ်နေတယ်'

'ဒါ သူတို့ရဲ့ သိုင်းပညာအဆင့်ပဲလေ၊ ကိုယ့်မှာရှိသလောက်ပဲ နိုင်နိုင်ရှုံးရှုံးပေါ့၊ ခင်ဗျား ဝင်ကူဖို့ မလိုပါဘူး'

'ငါ ဝင်မကူဘူးဆိုရင် မင်း လက်ပိုက်ကြည့်မနေဘူး ဆိုပါတော့'



'မှန်ပါတယ်၊ ကျုပ်ညီမှာ မတရားလုပ်နေတာမှမဟုတ်တဲ့ နှစ်ယောက်နဲ့တစ်ယောက် တိုက်နေရတာပေါ့၊ သူ့ခမျာ ဖိုတောင် နစ်နာပါသေးတယ်'

'မင်း နောက်ဆုတ်စမ်း'

'ခင်ဗျားလဲ နောက်ဆုတ်ပါ၊ သူတို့ကိစ္စသူတို့ဘာသာ ဖြေရှင်းကြပါလိမ့်မယ်'

'ကဲ...မင်း မဆုတ်ဘူးဆိုရင်တော့ မင်းနဲ့ငါတစ်ပွဲတစ်လမ်း အကဲစမ်းရအောင်မှာပဲ'

ချင်ကျောင်းယုံမှာ ထိုအချက်ကို မျှော်လင့်ထားပြီး ဖြစ်၏၊ ခြေသည်းနှင့်ခေါင်းတို့အား ဝင်မရှုပ်လျှင် ဖုံကျက်ဝါသည် သူ့ရန်ပြိုင်ဘက်နှစ်ဦးကို သူ့ဘာသာ ဖြေရှင်းနိုင်လိမ့်မည်ဟု သူယုံကြည်သည်။

သူ့အနေဖြင့် ခြေသည်းနှင့်ခေါင်းကိုအား ဟန့်တားထားရအောင်ပေသည်။

ယခု ဟန့်တားရန်လည်း ကြုံလာပြီ၊

'ခင်ဗျားတို့ ဝင်မရှုပ်နိုင်အောင် ကျုပ်ကလဲ တားဆီးရမှာပဲ...'

ချင်ကျောင်းယုံ၏ စကားမဆုံးမီ ခေါင်းကချင်ကျောင်းယုံအား တရကြမ်း တိုက်ခိုက်လေသည်။ ချင်ကျောင်းယုံသည် ပထမ ကြံ့ခံသွားသည့် အတိုင်း၊ စရပ်၏ အလယ်မှ ပိုင်းဖြတ်ပြီး ခေါင်းအား ခုခံတော့သည်။

စရပ်၏ တစ်ဖက်ခြမ်းတွင် ဖုံကျက်ဝါနှင့် မြွေနှစ်ကောင် တိုက်နေသည်။

သူ့တာဝန်မှာ ခြသေ့်နှင့်ဒေါင်းတို့က မြွေနှစ်ကောင်အား သွားမကူနိုင်စေရန် တားထားရမည် မဟုတ်ပါလော။ ခြသေ့်က ဒေါင်းကိုညိတ်ညိတ်ဖြင့် ကြည့်နေ၏။

သူ့အမူအရာက ဤပွဲများသည် သူနှင့် လုံးဝ မသက်ဆိုင် သယောင်ပင်။ သူ့ပုံစံမှာ ပွဲကြည့်ပရိတ်သတ်ပုံစံဖြစ်နေသည်။ မြွေနှစ်ကောင်နှင့် ဖုံကျော်ဝါတို့ တိုက်ပွဲတွင် မြွေနှစ်ကောင် အလူးအလဲ ခံနေရ၏။ ဖုံကျော်ဝါက အသာစီးမှတိုက်ခိုက်နေ သည်။

ချင်ကျင်းယုံနှင့် ဒေါင်းတို့၏ တိုက်ပွဲတွင်လည်း ချင်ကျင်း ယုံက အသာစီးနေ၏။ ဒေါင်းက ခံစစ်ဖြစ်နေ၏။ ချင်ကျင်း ယုံက ပြင်းပြင်းထန်ထန်ပင် မတိုက်သေးချေ။

ချင်ကျင်းယုံသာ ပြင်းပြင်းထန်ထန်တိုက်ခိုက်လျှင် ဒေါင်း စောစောစီးစီး ပွဲသိမ်းသွားပေလိမ့်မည်။ နေ့ကဆို ဒေါင်း မတတ်နိုင်တော့ပေ။

'ရှင် ဒီအတိုင်းကြည့်နေတော့မှာလား၊ သူ့ကိုကျွန်မအရှုံး ပေးလိုက်ရတော့မှာလား'

ဒေါင်းက ခြသေ့်အား လှမ်း၍အကူအညီတောင်းတော့ သည်။

'ချင်ကျုန်းယုံ ...ဒါဟာ ငါတို့နယ်မြေ၊ ငါတို့နယ်မြေထဲ မှာ စော်ကားချင်သလိုစော်ကားလို့ရမယ်များ ထင်နေသလား၊'

ခြသေ့်သည် ဒေါင်းနှင့်ချင်ကျင်းယုံ တိုက်ခိုက်နေသည့် ဇရပ်တွင်းသို့ ခုန်ဝင်လာ၏။



ထိုအခါ တိုက်ပွဲအခြေအနေ ပြောင်းသွားတော့သည်။ စောစောက ချင်တွင်းယုံတိုက်ခိုက်မှုကြောင့် အသက်မရှူနိုင် ဘဲ ဖြစ်နေသော ဒေါင်းသည် အသက် ရှူ ချောင်သွားတော့ သည်။

ခံစစ်သက်သက်သာ သုံးစွဲနေရသော သူမ၏ခြေ၊ကိုတိုက် စစ်အတွက် တစ်ချက်တစ်ချက် အသုံးပြုခွင့် ရရှိလာလေတော့ သည်။

သော်မော် ၈၁၆၀
စဉ့်ကိုင်မြို့

## အခန်း (၁၅)

### တောင်ကြားမှ ရွှေစင်ချားမြင်း

တိုက်ပွဲသည် တစ်ခဏအတွင်း ပြင်းထန်လာ၏။ သရော်လှောင် ပြောင်သော အသံများသည် ပြင်းထန်သော ဓါးကျွမ်းအောက် ၌ ပျောက်ကွယ်သွားပါလေပြီ။

မြွေနှစ်ကောင်သည် ဖိုကျက်ဝါအား မလှောင်မပြောင်နိုင် တော့ချေ။

ဓားရိပ်များက မြွေနှစ်ကောင်၏ ဓားရိပ်များကို ဖုံးလွှမ်း နေပေပြီ။ မြွေနှစ်ကောင်မှာ တဖြည်းဖြည်း နောက်ဆုတ်ပေး နေရသည်။

စောစောက ပါးပျဉ်းထောင်နေသော မြွေနှစ်ကောင်သည် ရေမြွေများ ဖြစ်သွားရချေပြီ။ ထိုအခြေအနေကို ခြသိုက တွေ့ရှိသတိပြုမိ၏။

သို့သော် သူတို့ကို ချင်ကျွင်းယုံက တားထား၏။ မြေနီ[?] ကောင်ကို ခြင်္သေ့ရောဂါပါ ကူညီနိုင်ခြင်းရှိပါပေ၊ မြေ[?] သည် ခြင်္သေ့နှင့် ဒေါင်းတို့ထံမှ အကူအညီမရနိုင်မှန်း သိသော[?] အခါ ညီဖြစ်သူ မြေဖြူအား အတင်းနောက်ဆုတ်ခိုင်းတော့[?] သည်။

'ညီလေး....ဆုတ်စမ်း၊ အမြန်ဆုံးဆုတ်'

မြေနီက သူ့ညီ မြေဖြူအား သတိပေးသော တိုက်ပွဲ[?] အတွင်းမှ ခုန်ထွက်သွား၏။

ထိုစဉ် မြေနီက ပဲ့တင်ထပ်သေစတ်သော အသံဖြင့် အော်[?] ဟစ် အမိန့်ပေးလိုက်တော့သည်။

'တိုက်ကြ....တိုက်ကြ၊ သတ်ကြ....ရန်သူတွေကိုတစ်ယောက်[?] မှ မလွှတ်စေနဲ့'

သူ၏အော်သံ ဆုံးသွားသည်နှင့် ထင်းရှူးပင်များ နောက်[?] ကွယ်မှလည်းကောင်း၊ ချုံနောက်ကွယ်မှ လည်းကောင်း၊ တောင်ကြားလမ်းအဝင်မှ လည်းကောင်း သိုင်းသမားများ ဖွ[?] ထွက်ပေါ်လာကြ၏။

သူတို့၏ မာန်သွင်းသံ၊ အော်ဟစ် ခြိမ်းခြောက်သံများ[?] လည်း တောင်ကြားထဲ၌ ပဲ့တင်ဟိန်းနေ၏။

ထိုသူများထဲ၌ စောစောက ပြေးထွက်သွားသော ရှေ[?] သည်များလည်း ပါဝင်ရာ ဤသိုင်းသမားများသည် ခြင်္သေ့[?] နှင့်ဒေါင်း၊ မြေဖြူနှင့်မြေနီတို့၏ တပည့်များပင် ဖြစ်လိမ့်မည်[?] ဟု ချင်ကျွင်းယုံ စဉ်းစားမိလေ၏။



ထိုသူများသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြ၏။ မြေနီနှင့်မြေဖြူသည် ထိုလူများတက်လာချိန် မသိမသာ နောက်ဆုတ်သွားကြ၏။

ဖုံကျဲဝါမှာ များပြားသော လူအုပ်ကြီးကို တွေ့ရသော အခါ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွား၏။ ထိုသူ အားလုံး သိုင်းပညာတတ် သူများဖြစ်သည်ကို ကြည့်ရုံနှင့် သိနိုင်လေသည်။

ချင်ကျွင်းယုံမှာ ခြင်္သေ့နှင့်ဒေါင်းတို့ကို ကောင်းစွာတား ဆီးနိုင်သည်။ ခြင်္သေ့နှင့်ဒေါင်းတို့ ရှေ့လည်း မတိုးနိုင်ကြ ပေ။

ချင်ကျွင်းယုံ၏ သိုင်းပညာများစွာ အဆင့်မြင့်သည်ကို ကိုယ် တွေ့သိသွားကြပြီဖြစ်၍ အင်အားသုံးမှသာ အနိုင်ရတော့မည်ကို ရိပ်မိကြ၏။

ချင်ကျွင်းယုံသည် ကျဉ်းမြောင်းသော တောင်ကြားလမ်း၌ တစ်ဖက်ရန်သူ၏များပြားလှသော အင်အားကိုတွေ့ရသောအခါ ဖုံကျဲဝါအတွက် စိုးရိမ်သွား၏။

'ညီမလေး၊ မြေနှစ်ကောင်ကို အမြန်ဆုံးရှင်းလေ၊ ကြာရင် ရှင်းနိုင်မှာမဟုတ်တော့ဘူး'

'နောက်ဆုတ်ကြစမ်း'

ဖုံကျဲဝါသည် အော်ဟစ်ရင်း၊ သူမအား တားဆီးထား သည့်သိုင်းသမားများ အကြားထိုးဖောက်ဝင်သွား၏။ မြေနီ နှင့်မြေဖြူတို့ထံရောက်အောင်ကြိုးစားတော့၏။

တားထား၊ သူများသည် ရှုပ်ရှုပ်ချွဲချွဲ ခုခံ သော်လည်း ဖိုးကျော်ဝါ၏တိုက်ခိုက်မှုကြောင့် သုံးယောက်မျှ ကျဆုံး သွား၊ သောအခါ ဖရိုဖရဲပြေးသွားကြတော့သည်။

'ဆုတ်ကြစမ်း....မသေချင်ရင်ဖယ်ကြ၊ ကြားလား ထိကမခံ၊ ခံမလုပ်ကြနဲ့'

ဖိုးကျော်ဝါသည် ကျားသစ်ခလေး သဖွယ် အော်ဟစ်ရင်း တရကြမ်း တိုးဝင်သွားရာ မြနီနှင့်မြဖြူတို့ရှိရာသို့ ရောက်ရှိ သွားလေတော့၏။

မြနီမြဖြူတို့ကား၊ ဖိုးကျော်ဝါနှင့်မတွေ့ခင်နှင့်တွေ့ကာ စအလွန်တရာ အမောက်ထောင်နေကြ၏။ ဖိုးကျော်ဝါကိုလည်း မတော်တရား စော်စော်ကားကား ပြောဆို လှောင်ပြောင် ခဲ့ကြ၏။

ယခု ဖိုးကျော်ဝါ၏ ဒေါသိုးကို မြင်သော အခါ အကြီး အကျယ် မျက်စိ မျက်နှာ ပျက်နေ ကြတော့သည်။ သူတို့၏ အသက် အန္တရာယ်ပင် မလွယ်တော့ကြောင်း ရိပ်မိ လာကြ သည်။

'ရှင်တို့ကြောက်နေကြပြီလား'

ဖိုးကျော်ဝါက အော်ဟစ်လိုက်ရာ မြနီနှင့်မြဖြူတို့ တုန် သွားကြ၏။ သူတို့သည် အပြစ်၊ အထိန် ခုခံရန်ဟန်ပြင်ဆိုက်ကြ စဉ် ဝှီးခနဲ သတိုးသံ တစ်ချက် ကြားလိုက်ရသဖြင့် မြနီနှင့် မြဖြူတို့ကြက်သေသေသွားကြသည်။

သူတို့အနားကတွန်း သုမ်းကြည့်လိုက်ရာ ဓားတစ်စင်းသည် မြနီ၏ရင်ဝဆီသို့ခလေးညို့မှ ထွက်လာသောမြားတစ်စင်းနှယ်



အရှိန်အဟုန်ပြင်းနှင့် ထွက်လာကြောင်း တွေ့လိုက်ရသည်။ ထို ဓားကား ဖိုးကျော်ဝါ၏ဓားပင်တည်း။

ရန်သူများ၊ ဝိုင်းဝိုင်းလည်နေစဉ်လက်စွဲတော် ဓားကို ရန်သူ ထံပစ်ပေါက်ဝံ့သည့်သတ္တိမှာလည်း၊ နည်းနည်းနောနော သတ္တိ မဟုတ်ပေ။

အရေးကြီးသော အချိန်တွင် ဓားကို ကိုယ်နှင့်ကွာလျှင် ခံနိုင်မည်မဟုတ်ဟု ရန်သူများက ယူဆနေစဉ် ဖိုးကျော်ဝါက ထိုသို့ပစ်ပေါက် လိုက်ခြင်းမှာလည်း၊ ရန်သူများက အငိုက်ဖိုက် မိလိုက်သည့်သဘောမျိုးပင်ဖြစ်သည်။

'မင်း....'

'ဒုတ်....'

မြနီမှာစကားကိုပင် ဆုံးအောင်မပြောလိုက်နိုင်ရှာ။ ရင်ဝ၌ဓားရှည် ဒုတ်မနဲ့ ဝင်စိုက်ခံလိုက်ရပြီး မြေသို့စိုက်သွား၏။ နီရဲသောသွေးများလည်းထွက်လာသည်။

ဖိုးကျော်ဝါမှာ ဆုံးဖြတ်ပုံ၊ လှုပ်ရှားပုံမှာအလွန်တရာလျှင် မြန်လှသဖြင့် ထိုအခိုက်အတန့်သည် အားလုံး မှင်တက်ကြက် သေ သေသွားကြသည်။

မြနီကား မြေပြင်သို့ မှောက်ခုံကြီးလဲကျသွားရာ ဓားသည် သူ့ရင်ဝတွင်းသို့ ပိုအဆောင့်သွင်းသလို ဖြစ်သွားလေတော့၏။ မြဖြူကား ဒေါသအမျက် ခြောင်းခြောင်း ထွက်သွားလေ တော့၏။

'မလွှတ်စေနဲ့၊ သူ့ကိုလုံးဝမလွှတ်စေနဲ့'

မြွေဖြူ၏အသံကုန် အော်ဟစ်သံကြောင့် စောစောကရှဲခဲ့ ဆုတ်သွားသူများသည် လက်နက်မဲ့ဖြစ်သွားသော ဖုံကျက်ဝါ ထံသို့ပြန်လည် စုဝိုင်းလာကြပြန်သည်။

ထိုအခါ ဖုံကျက်ဝါအတွက်ကြီးစွာသောအခက်ကြုံရတော့သည်။ သူမလက်ထဲ၌ဓားမရှိတော့သဖြင့် သူမသည်လက်နက်မဲ့ခက်ခက်ခဲခဲခုခံကာကွယ်ရတော့သည်။

'ညီမလေး....မြွေနှစ်ကောင်ကိုသတ်ပြီးရင် ကိုယ်လွတ်ရုန်းပြေးမပေတော့၊ အစ်ကို့ အတွက်အားမှ စိုးရိမ်ပါနဲ့'

ဖုံကျက်ဝါသည် ချင်ကျင်းယုံ့မှာကြားထားသည့် စကားကို ပြန်လည် ကြားယောင်လာမိ၏။ မြွေဖြူကိုတော့ သူ မသတ်နိုင်။

အခြေအနေအရ သတ်ရန်သည်း မဖြစ်တော့ပေ။ ထို့ကြောင့် ကိုယ်လွတ် ရုန်းပြေးရန်သာ စဉ်းစားရတော့သည်။

ချင်ကျင်းယုံ့မှာမူ သိုင်းပညာအဆင့် မြင့်မားသူ ဖြစ်၍ ဤရန်သူများကို အသာကလေး ဖောက်ထွက်လာနိုင်လိမ့်မည် ဟုသူမယုံကြည်သေသည်။

သူမသည် လက်နက်မဲ့ ခုခံရင်းတဖြည်းဖြည်း နောက်ဆုတ်သည်။ ဤသို့ဖြင့် သူ၏ မြင်းများရှိရာသို့ ရောက်ရှိလာသေသည်။

'နင်တို့ သေချင်ကြပြီလား'

ဖုံကျက်ဝါသည် သူမအား စုပြုံ တိုက်ခိုက်သူများအား ခပ်ကြမ်းကြမ်းတိုက်ခိုက်လိုက်သည်။ မြင်းပေါ်သို့ လွတ်လွတ် လပ်လပ်တက်နိုင်ရန် ဖြစ်သည်။



ရန်သူများ မရှိမရဲ နောက်ဆုတ် သွားသည်နှင့် သူမလည်း မြင်းပေါ်သို့ ခုန်တက်သွားလေ၏။ သူမသည် မြင်းကိုတောင် ကြားထွက်ပေါက်သို့ ဦးတည်လိုက်ပြီး ချင်ကျင်းယုံ့အား အော် ဟစ်သတိပေးလိုက်၏။

'အစ်ကိုရေ....ညီမသွားပြီ'

သူမသည် အော်ဟစ်ပြီးသည်နှင့် မြင်းကို ခုန်စိုင်း စီးထွက် တော့၏။

မြင်းကြီးသည် တားဆီးသူများအား ခွာနှင့် ကန်ကြောက် ကျော်သွားပြေးထွက်သွား၏။ မည်သူမျှမြင်းကြီးကို ဖမ်းရန် ရအောင်လည်း မလုပ်နိုင်ပေ။

ထို့ကြောင့် သူမသည် တောင်ကြားဝသို့ လွတ်လွတ် ကျွတ်ကျွတ် ပြေးနိုင်ခွင့်ရသွားခဲ့သည်။

သူမလွတ်မြောက်သွားပြီဟုသိရသည်နှင့် ဖုံကျက်ဝါသည် နောက်သို့ လှည့်ကြည့်လိုက်ရာ ချင်ကျင်းယုံ့အားတောင်ကြား တစ်ခုလုံးမှ သိုင်းသမားများ ဝိုင်းအုံတိုက်ခိုက် နေကြသည်ကို တွေ့လိုက်ရတော့သည်။

ထိုလူအုပ်ကြီးအား သူမမဖြိုခွဲနိုင်ပါ။ ဖြိုခွဲနိုင်စွမ်းလည်း မရှိခဲ့ပါ။ ထိုအထဲ မြုပ်ဝင်သွားလျှင် သူမပင် ဒုက္ခရောက်နိုင် ပါသည်။

နောက်ဆုံး ဖုံကျက်ဝါသည် စိတ်တုံးတုံးချပြီး ပန်းတစ် ရာတောင်ကြားမှ မြင်းကိုခုန်စိုင်း စီးနင်းထွက်ခွာသွားလေ သတည်း။

✱

အခန်း (၅၆)

ရန်သူ့လက်တွင်းမှာ

မြွေသုံးကောင်ရှိသည့်အနက် ပထမဆုံး မြွေစိမ်း သေဆုံးသွားခဲ့၏၊ အနုသုံးကောင်အနက်ဆင်ကို အကြီးဆုံးဖြစ်သော မြွေနီလေး ဆုံးသွားခဲ့ရပြန်လေပြီ၊

ဖိုးတုတ်ဝါသည် လူ၏ ငယ်သူတစ်ယောက်ကို လက်စားချေပြီးနောက် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးတော့ သွားခဲ့လေပြီ။ မြွေဖြူသားမလေးသော်၊ ရှိနေသေး၏၊ မြွေဖြူကိုအချိန်မရွေး သတ်၍ရသည်၊ ယခုကဲ့သို့ ရန်သူ များပြားနေသော အချိန် အခါမျိုး၌ ကိုယ့်အသက် အဆုံးရှုံးခံ၍သတ်ရန် မတန်သေး၊

ဖုံ့ကျိုက်ဝါ လွတ်မြောက်သွားသည့်အတွက် ချင်ကျင်းယုံ စိတ်သက်သာရာရသွားသည်။ ဖုံ့ကျိုက်ဝါရှိနေလျှင် သူတစ်ဦးတည်း လွတ်မြောက်ရန်ကြိုးပမ်းရေးအတွက် ခက်ခဲသည်။

ယခုအနေဖြင့် ဤနန်းထစ်ရာတောင်ကြားတွင် ဆက်လက်တိုက်ခိုက်နေရန် အကြောင်းမရှိတော့ချေ။ အကြောင်းရှိသူက ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီ မဟုတ်ပါလား။

ထို့ကြောင့် သူသည် ခြသေ့နှင့်ဒေါင်းတို့ ဆုတ်ခွာသွားအောင် မီးပွင့်းပြင်း တိုက်ခိုက်လိုက်သည်။

'ခင်ဗျားတို့နဲ့ကျုပ်က ရန်သူမှ မဟုတ်တာပဲ၊ ဒီတော့ ဆက်တိုက်ခိုက်ဖို့ မလိုတော့ပါဘူး၊ နောက်မှ ထပ်တွေ့ကြတာပေါ့'

ချင်ကျင်းယုံသည် ဇရပ်ပျက်မှ ထွက်ခွာရန်အတွက် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်၏။ ထိုအခါ ခြေတစ်ဖက်အောက်သို့ နိမ့်ကျသလိုခံစားလိုက်ရ၏။

ခြေထောက် အောက်ဇရပ်ကြမ်းပြင်အောက်မှလည်း တကျွီကျွီမြည်သံများ ကြားလိုက်ရသည်။ ချင်ကျင်းယုံမှာ သိုင်းလောက အတွေ့အကြုံမရှိသော်လည်း ရန်သူတို့၏ထောင်ချောက်ဆင်ခြင်း ဗဟုသုတအတွေ့အကြုံရှိပေသေးသည်။

ဒေါင်းဆိုသော အမျိုးသမီးသည် ဇရပ်ကြမ်းပြင် လျှို့ဝှက်ပေါက်မှ ထွက်လာခဲ့သည် မဟုတ်ပါလား။

ထိုအချက်နှင့် ယခုခြေထောက်တစ်ဖက် နိမ့်ကျသွားသည့် အချက်တို့ ပေါင်းစပ်လိုက်မိလျှင် ယခု သူခြေနင်းလိုက်သည့်



အောက်ခြေ၌ လျှို့ဝှက်ထောင်ချောက်တစ်ခု ရှိနေသည်ဟု ချင်ကျင်းယုံက အမြန်တွက်၍ ရရှိသွား၏။

ထို့ကြောင့် ချင်ကျင်းယုံသည် နိမ့်ကျသွားသည့်နေရာကို ဆက်မနင်းတော့ဘဲ ထိုခြေဖိအားအနည်းငယ်ကို အားပြုကာ တစ်ပတ်ကျွမ်းထိုးပြီး ခြေနှစ်လှမ်းစာကျော်အောင် ခုန်ထွက်လိုက်ရ၏။

လွတ်သွားပြီ၊ ကံကောင်း ထောက်မပြီ၊ ဥာဏ်စွမ်း ထောက်မပြီး လွတ်သွားပြီ၊ လုံ့လကူပင့်ပြီ၊ လွတ်သွားပြီ၊

'တောက်...'

ခြသေ့၏ တောက်ခေါက်သံက ကျယ်လောင်စွာထွက်ပေါ်လာသည်။

'ဒီကောင် တော်တော်လည်တာပဲ၊ မလွတ်စေနဲ့ ဝိုင်းတိုက်ကြစမ်း'

ခြသေ့ သူ့လူများ ပေါ်လာနေမည်စိုးသဖြင့် အော်ဟစ်အမိန့်ပေးလိုက်၏။ သူနှင့်ဒေါင်းတို့ကိုယ်တိုင်လည်း ခုန်ပြီးလိုက်သည်။ ချင်ကျင်းယုံသည် ဇရပ်ပေါ်မှအောက်သို့ရောက်ရှိသွားလေပြီ၊ ခြသေ့က....

'ဟေ့ကောင်....မင်းပြေးလို့မလွတ်ဘူးကွ'

'ခင်ဗျားနဲ့ကျုပ်က ရန်သူမှမဟုတ်တာ၊ ဘာဖြစ်လို့ ကျုပ်ကို ...ဖမ်းနေရတာလဲ'

ချင်ကျင်းယုံက ပြန်အော်သည်။

'မင်းက ကျုပ်တို့ ပန်းတင်ရာတောင်ကြားကို စော်ဘွား[…]
မှသာရှင်သူမဖျက်သေးဘူးလို့ အော်နေရကောလား၊ ဟိုမှာ ဝါ[…]
လူတွေ လဲနေတာ တထွေးကြီးဖြစ်နေပြီ၊ ဒါတောင်မင်း[…]
မိတ်ဆွေလို့ ပြောချင်သေးသလား'

မြသို့ ဒေါင်းနှင့် သိုင်းကမာအုပ်စုကြီး ချင်ကျွင်းယု[…]
နောက်သို့ ဝိုင်းတိုက်ခိုက်ကြ၏။ ချင်ကျွင်းယုသည် ထိုလူမျ[…]
ကို ခိုက်သေကြအောင် မတိုက်ခိုက်ပေ။ သူနှင့်ဘာရန်ငြိ[…]
မရှိဘဲ မသေကြစေလိုပေ။

ဖုံကျွတ်ဝါကို ဗုက္ကပေးမည်ဆိုလျှင်တော့ သူသတ်[…]
သတ်မည်။ ဖုံကျွတ်ဝါက သူ့ကျေးဇူးရှင် ဖြစ်နေ[…]
ကြောင့်ပင်။

သူ့သိုင်းပညာအစွမ်းကို အကုန်မပြဘဲဖြင့် မြသို့[…]
ဒေါင်းတို့ အဆင့်ရဲရဲလိုက်ပါကြသည်။

ဒေါင်းက အော်ဟစ်လိုက်၏။

'တောင်ကြား ဝင်ပေါက်ကို အင်အားသုံးပြီး ပိတ်ထ[…]
ကြ၊ သူ့ကို လွတ်မခံနိုင်ဘူး'

ထိုအော်သံကြောင့် တောင်ကြားဝ၌ လူတချို့ ထပ်မံထွ[…]
ပေါ်လာပြန်သည်။ မြသို့နှင့်ဒေါင်းတို့၏လူများဖြစ်ကြ[…]
သံသယရှိရန်မလိုပါ။ ထိုလူများသည် တောင်ကြားဝ[…]
မပြေးလာကြ…ရှိပါ၏

တောင်ကြား…ဆို့ သွားကြပါသည်၊ ထိုလူ[…]
ကို ချင်ကျွင်းယုံ ကျော်ဖြတ်နိုင်ပါမည်လား။ ချင်ကျွင်းယု[…]



ယောက် ဇရပ်အပြင်သို့ ရောက်သွားသောအခါ မြသို့နှင့်
ဒေါင်းတို့ လွှင့်ဖွာစိုးရိမ်သွားကြ၏။

သူတို့သည်၊ သျှင်အမြန်ခုန်ဆင်းသွားကြသည်။ တချက်ခြင်း
ဖိရှိတိုက် ခိုက်သည်။

ချင်ကျွင်းယုမှာ မဘတ်သာတော့ဘဲ လက်ဝါးနှစ်ချက်
ရိုက်ထုတ်ရသည်။

'ဝုန်း....ဝုန်း'

လက်ဝါးရိုက်သံ ကျယ်လောင်စွာထွက်ပေါ်လာပြီးနောက်
မြသယ်နှင့်ဒေါင်းတို့ နောက်သို့ သုံးလေးလှမ်းဆုတ်သွားလိုက်
ကြရသည်။ ချင်ကျွင်းယုံက ကြိမ်းဝါးလိုက်၏။

'ကျုပ်နောက်ကို ဆက်လိုက်လာမယ်ဆိုရင် သေဖို့သာပြင်
ထားကြပေတော့၊ ကျုပ်သက်ညှာနေတာကို ခင်ဗျားတို့ အလွဲ
သုံးစားမလုပ်ကြနဲ့'

ချင်ကျွင်းယုံသည် သူ့မြင်းရှိရာသို့ ခပ်သွက်သွက်လျှောက်
သွားသည်။ ချင်ကျွင်းယုံသည် ဤပန်းတစ်ရာတောင်ကြား၌
ဆက်လက်နေလို့တော့ပေ။ လက်လွန်သွားလျှင် မိမိနှင့်ရန်ငြိုး
မရှိပါဘဲလျက် တောင်ကြားထဲ၌ လူတစ်ယောက် သေမည်၊
အဆင်မသင့်လျှင် မိမိသေချင်သေ၊ မသေလျှင် ဒဏ်ရာရနိုင်
သည်။ ထို့ကြောင့် ဤတောင်ကြားမှ အလျှင်အမြန်ထွက်ခွာ
လိုချင်းဖြစ်သည်။

သူသည် မြင်းရှိရာသို့ စိတ်စောသန်သဖြင့် လျှောက်သွား
စဉ်တွင် လမ်းခုလတ်မှ အန္တရာယ်ကို ရုတ်တရက်သတိမပြုဘဲ၌

ရှိနေလေ၏၊ ထိုအန္တရာယ်တား ခြသေ့နှင့်ဒေါင်းတို့၏လက်ချ[illegible]
ဖြင့် လဲကျနေသည့် မျောက်ဖြူဟူကျက်ပင်တည်း။

ဟူကျက်သည် မသိမသာ လှုပ်ရှား၏၊ ချင်ကျင်းယုံ မြင်း[illegible]
သိပ်စိတ်ဝေဒသနမနေလျှင် ဟူကျက်လှုပ်ရှားသည်ကို သ[illegible]
ပြုမိမည်၊ ယခုမူ မြင်းကို သူစိတ်စောနေသဖြင့် ဟူကျ[illegible]
ကို မသိမပြုမိတော့ချေ။

သူသည် မျောက်ဖြူကျက် အနီးမှ ဖြတ်လျှောက် သွား၏[illegible]
ထိုအခါ အချိန်ကြာမြင့်စွာ လဲကျနေခဲ့သည့်မျောက်ဖြူဟူကျ[illegible]
သည် ရုတ်တရက် လှုပ်ရှားသွားသည်၊

ဟူကျက်လက်များသည် ရုတ်တရက်ဆန့်ထွက်လာ၏၊ ချ[illegible]
ကျင်းယု၏ခြေထောက်များကို လှမ်းချုပ်ကုတ်ချ လိုက်သည်[illegible]
မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ချင်ကျင်းယု အကြီးအကျ[illegible]
ထိတ်လန့်သွားသည်၊ သူ့အား မြွေဆစ်ကောင် ကိုက်လို[illegible]
သလားဟု ထင်မိသည်၊

သူသည် ရှောင်လိုက်သော်လည်း မလွတ်တော့ပေ၊ မျာ[illegible]
စွာ အသိနှောင်းခဲ့သဖြင့် သူ့ခြေထောက်တစ်ဖက်မှာမျောက်[illegible]
ဖြူဟူကျက်၏ ကုတ်ဆွဲခြင်းကို ခံလိုက်ရသည်။ ခြေထောက်[illegible]
တစ်ဖက်ကမူက အားလျော့စွာ လွတ်သွားသည်၊

ချင်ကျင်းယု ငုံ့ကြည့်လိုက်၏၊ မျောက်ဖြူဟူကျက် လက်[illegible]
များမှာ ညိုမည်းနေသည်၊ ထိုညိုမည်းခြင်းမှာ အစကတည်း[illegible]
မဟုတ်ကြောင်း၊ ချင်ကျင်းယု ဒက်ခနဲတွေးမိ၏၊

'ဝုန်၊....'



သူသည် လွတ်သွားသော ခြေထောက်တစ်ဖက်ဖြင့် သူ့
အား ဒုက္ခပေးခဲ့သည့် မျောက်ဖြူဟူကျက်ကိုအားကုန်ကန်ပစ်
လိုက်သည်။

'ဝုန်၊....'

မျောက်ဖြူဟူကျက်မှာ သူမသေခင်ချင်ကျင်းယုံကိုတမလွန်
သို့ အပါခေါ်သွားခြင်းဖြစ်၏၊ ချင်ကျင်းယု၏ ကန်ချက်ကို
ဟူကျက် မရှောင်နိုင်ချေ၊ ထိထိမိမိ အကန်ခံလိုက်ရသဖြင့်
လွင့်စဉ်သွားပြီး ဇရပ်လှေကားနှင့်ရိုက်မိသည်၊

သူသည် နောက်တစ်ကြိမ် အခြားလူများအား ဒုက္ခမပေး
နိုင်တော့ချေ၊ အထက်ပါ ထွက်သွားတော့သည်၊ ပါးစပ်မှ
သွေးများ ယိုစီးပြီး လှေကားရင်း၌ ပက်လက်လဲကျ သေဆုံး
သွားတော့သည်၊

ချင်ကျင်းယုံမှ ဂ ည်း အကြီးအကျယ် ဒုက္ခရောက်သွား၏၊
မျောက်ဖြူဟူကျက်ကို အားထုတ် ကန်ပစ်လိုက်ခြင်းကြောင့်
သူ့မျက်စိများ ပြာဝေသွားခဲ့သည်၊ သူ့ခြေထောက်များထုံ
ကျဉ်လာပြီး ကိုယ်ခန္ဓာ၌ အားများလျော့ပါးလာသလို ခံစား
လာရသည်။

မျောက်ဖြူဟူကျက်၏လက်သည်းများသည် သူ၏ အဝတ်
ဖိနပ်ကို ဖောက်ထွင်းသွားပြီး သူ့အသားများကို ထိုးစိုက်ခဲ့
သည်၊ အဝတ်ဖိနပ်ပေါ်မှာ အမည်းရောင်သွေးအချို့ စီး
ထွက်လာသည်ကိုတွေ့လိုက်ရသဖြင့် ချင်ကျင်းယု နာကြည်းစွာ
ရေရွတ်လိုက်မိသည်၊

'အဆိပ်'

သူ့ရေရွတ်သံမှာ တီးတိုးမျှသာ။ သူ့အသည်းနှလုံးထဲတွင်မူ ထိုအသံသည် ပဲ့တင်ထပ်နေ၏။ သူ သိုင်းလောကထဲ ဝင် လာရာတွင် သေအောင်၊ သေနိုင်ကြောင်း သူ ကြိုတင်မှန်းဆ ထားပြီး ဖြစ်သည်။ သို့သော် အဆိပ်ကြောင့် သေလိမ့်မည် ဟု တော့ လုံးဝ မသော်ချ မတွေးခဲ့ဖူးချေ။

သတိမမူ စွာမြင်၊ အဘိုးကြီး မြူခေတာ်မြောင်သည် ဟူ သော စကားကို သူ မမေ့လျော့ခဲ့သဖြင့် သူ့ကိုယ်သူ အပြစ်တင် မိသည်။ သူ့ သွားလမ်း၌ လဲကျနေခဲ့သော မျောက်ဖြူ ဟူ ကျက် အား သူ သတိမထားခဲ့သဖြင့် သူ့ ခြေထောက်၌ အဆိပ်မိခဲ့ပြီ မဟုတ်ပါလော။

ချင်ကျင်းယု သည် သက်နှမ်ဝေ ကို သက်ကုပ်ချီပြီး ရင်ဝ၌ပူ တပ်လိုက်၏။ ထိုအမူအရာကြောင့် ရှေ့သို့ တိုးလာခဲ့သော ခြံသယ်၊ ဒေါင်းနှင့် မြွေဖြူတို့ တန့်ခနဲဖြစ်သွားကြပြီး ခြေ တစ်လှမ်းစီ နောက်ဆုတ်သွားကြသည်။

တကယ်တော့ ချင်ကျင်းယုံ ဘာမျှ မလုပ်နိုင်တော့ပါ။ မျက်စိ များသည်း ပြာဝေနေပါပြီ။ တစ်ကိုယ်လုံးလည်း ထုံကျဉ်နေ ပါပြီ။ ပြင်းထန်သော အဆိပ်သည် သူ့တစ်ကိုယ်လုံးကို ဖမ်း စားထားပါပြီ။ ချင်ကျင်းယုံ မလှုပ်မရှား ကျောက်ရုပ်ကြီးလို ဖြစ်နေသော အခါ ရန် ဆက်သွားသူများ၏ စိတ်ဓါတ် ပြန်ဝင်လာ ကြပြန်၏။ သူ့ကို ရှေ့သို့တိုးလာပြန်သည်။

ချင်ကျင်းယု၏ ခြေထောက်တစ်ဖက်မှာ ချက်ချင်းရောင် ကိုင်းလာ၏။ တစ်ကိုယ်လုံးသည်၊ ယိမ်းယိုင်စပြုလာသည်။

'တက်ကြ...ဒီးကောင် မဟန်နိုင်တော့ဘူး'



ခြံသယ်က သူ့လူများကို ခက်ထန်စွာ ပေးလိုက်ရာ ဒေါင်း နှင့် မြွေဖြူတို့သည် ခြံသယ်နှင့်အတူ ရှေ့သို့ တက်လာကြလေ တော့၏။ ချင်ကျင်းယု သည် ရှေ့မှလူများကို တားဆီးရန်ဟန် ပြင်လိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ယိမ်းထိုး လှုပ်ရှား သွားတော့သည်။

သူသည် ခြေတစ်လှမ်းစာမျှ ထုတ်နိုင်ရန် ကြိုးစားလိုက်ရာ အောင်မြင်သွားသည်။ ခြံသယ်တို့လူစုလန့်သွားကြ၏။ သို့သော် အဆိပ်မိသည့်ခြေထောက်ကို နောက်ထပ် တစ်လှမ်းတိုးနိုင်ရန် ကြိုးစားသည့်အခါတွင်မူ ချင်ကျင်းယု မအောင်မြင်တော့ချေ။ တစ်ကိုယ်လုံး အားအင်ကုန်ခန်းကာ ပျော့ခွေလဲကျသွားလေ တော့သည်။

'ဟား...ဟား...ဟား'

'ဟား...ဟား...ဟား'

ခြံသယ်၊ ဒေါင်းနှင့် မြွေဖြူတို့၏ တဟားဟားရယ်သံများ ကို ချင်ကျင်းယုံသည် သူ့ အသိတရားများမပျောက်မီ ကြား လိုက်မိသေး၏။ ထို့နောက် အမှောင်ထုကြီးအတွင်း သူကျ ရောက်သွားလေတော့၏။

## အခန်း (၂၇)

### ပန်းတစ်ရာတောင်ကြား အကျဉ်းသား

နေမင်းကြီးသည် အနေစက်အရပ်၌ ငုပ်လျှိုးပျောက်ကွယ်သွားလေပြီ။ သူ၏ ရောင်စုံဝတ်ရုံတန်းကြီးကို ရုပ်သိမ်းသွားလေရာ အမှောင်ထုမှလာသည် တစတစ လွှမ်းခြုံလာလေ၏။ အမှောင်ကြီးစိုးလာသည်နှင့် ကောင်းကင်၌ လခြမ်းကလေး ပေါ်လာသည်။ လပြည့်ညမဟုတ်ခြင်းကြောင့် လမင်းကြီး၏ အလင်းသည် အမှောင်ထုမှလာကြီးကို မဖယ်ရှားနိုင်ပါ။

ပတ်ဝန်းကျင် တစ်ခုလုံး မှောင်နှင့်မည်းမည်းသာ ဖြစ်၍ မျက်စိအားကောင်းသူ၊ သိုင်းပညာအတွင်းအားကောင်းသူတို့သာ အခြေအနေအရပ်ရပ်ကို အတော်အသင့်သိမြင်နိုင်ပေ၏။ ထိုအမှောင်ထဲအောက်တွင် အရိပ်မည်းကြီးတစ်ခု ရှိသည်။ ထိုအရိပ်မည်းကြီးမှာ ကြီးမားလှန်းသဖြင့် ခေတ်ဦးသတ္တဝါကြီး

များ စုဝေးနေထိုင်သကဲ့သို့ ရှိနေသည်။ သို့မဟုတ် ပုံပြင်ဝတ္ထုထဲမှ မကောင်းဆိုးဝါး သတ္တဝါကြီးတစ်ကောင် ထိုင်နေသကဲ့သို့ ရှိနေသည်။

ထိုအရာမှာ သတ္တဝါကြီးများမဟုတ်၊ မကောင်းဆိုးဝါးလည်း မဟုတ်ပါ၊ အဆောက်အအုံကြီးတစ်ခုသာ ဖြစ်ပါ၏။ ထိုအဆောက်အအုံကြီးမှာ ပန်းတစ်ရာတောင်ကြား၏ အဝတစ်ဖက်တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ခြင်္သေ့နှင့်ဒေါင်းတို့၏ ပန်းတစ်ရာနန်းတော်ကြီးပင် ဖြစ်ပါတော့သည်။

ခြင်္သေ့နှင့် ဒေါင်းတို့ဟာ သိုင်းလောက၌အမည်ဆန်းနေ၏။ သူတို့မှာ မောင်နှမတော်စပ်ကြသည်။ ခြင်္သေ့မှာ အသက်လေးဆယ်ခန့်ရှိပြီး၊ ဒေါင်း၏ အသက်မှာ သုံးဆယ်မကျော်သေးချေ။ သို့သော် မျက်နှာကိုသေချာစွာစိုက်ကြည့်သထားသဖြင့် သူမ၏အသက်ကို ခန့်မှန်း၍ မရတဲ့ ရှိရင်းစွဲအသက်ထက် ကြီးနေသည်ဟု ခန့်မှန်းခဲ့ကြသည်။

သူတို့ သိုင်းပညာတတ်မြောက်လာပုံမှာ စနစ်တကျရှိလှပါ၏။ စိုင်ကော်ရှိချုံပေါ် ရောက်လာသည်ဟုဆိုသကဲ့သို့ သူတို့မောင်နှမသည် လူထူးလူဆန်းအဘွားအိုတစ်ယောက်နှင့် တွေ့ခဲ့ရပြီးမှ ထူးဆန်းသောသိုင်းပညာများကို သင်ယူတတ်မြောက်ခဲ့ကြသည်။

ထိုပညာများမှာ အခုတော်တလော အဆင့်မြင့်သဖြင့် တော်ရုံတန်ရုံ သိုင်းသမားများကို ဂရုမစိုက်ဘဲ ပန်းတစ်ရာတောင်ကြား၌ စိုးမိုးမင်းမူနိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။ သူတို့၏ဆရာ လူထူးလူဆန်းအဘွား၊ ကိုမူ နှယ်နှယ်ရရမတော့မဟုတ်ပေ။



ဖြောက်လမ်းသိုင်းလောကတွင် အဆိပ်ဘွားဘွားဟု ကျော်ကြား ထင်ရှားနေသူဖြစ်သည်။ နာမည်ကိုက ကြားရုံဖြင့် ကြောက်လန့်စရာကောင်းနေသော နာမည်မျိုးဖြစ်သည်။

နာမည်ကလည်း ကြောက်စရာကောင်း၊ သူမ၏ အဆိပ်ပညာကလည်း ကြောက်စရာကောင်းသဖြင့် သိုင်းလောကသားအဖော်များများသည် အဆိပ်ဘွားဘွားနှင့် ပြဿနာမဖြစ်အောင် ရှောင်လေ့ရှိသည်။

ပြဿနာဖြစ်လျှင်လည်း မလွယ်ကူသောချေ၊ ဆိုးဆိုးဝါးဝါး သေဆုံးရသည်သာ ဖြစ်၏။

ယင်းကဲ့သို့ကျော်ကြားသော အဆိပ်ဘွားဘွား၏တပည့်များဟူသော အမည်ကပင် ခြင်္သေ့နှင့်ဒေါင်းတို့ကို ထင်ရှားမှုဖြစ်စေခဲ့ပေသည်။

သိုင်းလောကသားတို့ ထစ်ခနဲတောင်း သွားသည်မှာ အဆိပ်ဘွားဘွားသည် ခြင်္သေ့နှင့် ဒေါင်းတို့ကို ပညာဆင့်ကြားပေးပြီးနောက် သိုင်းလောကကို စွန့်ခွာသွားတော့သည်။ လူသူအရောက်အပေါက်နည်းရာ အရပ်တစ်ပါးသို့ သွားရောက် ဇာတ်မြှုပ်နေတော့သည်။

သို့သော် သိုင်းလောကအဖို့ ကံဆိုးမြန်သည်ကား အဆိပ်ဘွားဘွား အနေဖြင့် ပျောက်ကွယ်မြှုပ်သွားပြီးနောက် အဆိပ်ဘွားဘွား၏ ကိုယ်ပွားတပည့်နှစ်ယောက် သိုင်းလောက၌ ပေါ်ထွန်းလာခြင်းပေတည်း။

သူတို့သည် ပန်းတစ်ရာတောင်ကြားကို အပိုင်စားတောင်ကြား လမ်းမှ ဖြတ်သန်းသွားသူ မည်သူ့ကိုမဆို ဆက်ကြေးတောင်း

ခြင်း၊ ဆက်ကြေးမပေးလျှင် လုယက်ခြင်း၊ ခားပြတိုက်ခြင်း၊ စိတ်မထင်လျှင် လူသတ်ခြင်း စသည့် မကောင်းမှုမှန်သမျှကို လုပ်ကိုင်ကြလေတော့၏။

မြေသုံးတောင်၊ မိုးကြိုးမီးဟုန်ဟွေ၊ မျောက်ဖြူဟူကျက်တို့နှင့် ပတ်သက်ပြီး ခြင်္သေ့၊ ဒေါင်းတို့နှင့် မိတ်ဆွေဖြစ်ခဲ့ကြရသည်။ မိတ်ဆွေဆိုသော်လည်း သွေးသောက်မိတ်ဆွေ အဆင့်မျိုး မဟုတ်ချေ။ ထို့ပြင် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်သိပ် မရှိလှပေ။

မိုးကြိုးမီးဟုန်ဟွေနှင့် မျောက်ဖြူဟူကျက်တို့သည် နဂါးစွယ်တောင်နှင့် ပန်းတစ်ရာတောင်ကြားတို့ကို မဟာမိတ်ဖြစ်အောင် အောင်သွယ်ပေးကြခြင်းမှာ သူတို့ကိုယ်ကျိုးအတွက် ဖြစ်သည်။ အရေးအကြောင်းကြုံလျှင် ထိုစခန်းနှစ်ခုမှ အကူအညီကို လွယ်လွယ်နှင့်ရယူနိုင်ရန် ဖြစ်သည်။

တကယ့်တကယ်တွင်မူ သူတို့ထင်သလိုမဟုတ်ပါ။ မြေသုံးတောင်ရော ခြင်္သေ့နှင့်ဒေါင်းတို့ပါ စိတ်ယုတ်မာရှိကြသူများ ဖြစ်၍ မည်သူ့ကိုမျှ မိတ်ဆွေစစ်ဟုသတ်မှတ်ပြီး မပေါင်းသင်းကြပါ။ သူတို့အကျိုးရှိလျှင် ပေါင်းသင်းမည်၊ အကျိုးမရှိလျှင် မျက်နှာလွှဲမည့်သူများ ဖြစ်ကြပေသည်။

အကျင့်စရိုက် တူညီကြသူများဖြစ်၍ အပေါ်ယံကြော ပေါင်းသင်းရာတွင်မူ လွယ်လွယ်ကူကူ ပေါင်းသင်းနိုင်ခဲ့ကြပေသည်။ ယခုတိုက်ပွဲ၏ ပထမပိုင်းကိုပင် ကြည့်ပါ။

ခြင်္သေ့နှင့် ဒေါင်းတို့သည် သူတို့၏မိတ်ဆွေဟု သတ်မှတ်ထားသူ မျောက်ဖြူဟူကျက်ကိုပင် ဒဏ်ရာရစေခဲ့သည်ပင်။



သူတို့ဒဏ်ရာရစေခဲ့သော မျောက်ဖြူဟူကျက်မှာ အကြောင်းမှန်ကိုမသိဘဲ ချင်ကျင်းယုံကိုအဆိပ်မိစေပြီး ခြင်္သေ့နှင့်ဒေါင်းတို့၏လက်ထဲသို့ ကျရောက်စေခဲ့ပေသေး၏။

ယခုဖြစ်ပွားခဲ့သော သိုင်းလောကစစ်ပွဲတွင် ပင်မအရေးအခင်းမှာ ဖုံကျက်ဝါနှင့် မြေသုံးတောင်တို့၏ အရေးအခင်း ဖြစ်၏။ ဖုံကျက်ဝါက မြေစိမ်းကို သုတ်သင်ပြီးသောအခါ မြေနီနှင့် မြေဖြူတို့သည် အနည်းငယ် တုန်လှုပ်သွားကြ၏။

ထို့ကြောင့် မိုးကြိုးမီးဟုန်ဟွေနှင့် မျောက်ဖြူဟူကျက်တို့ကို အကူအညီယူလိုက်ရသည်။

ထိုမှတစ်ဆင့် ပန်းတစ်ရာတောင်ကြားမှ အင်တိုက် အားတိုက် အကူအညီရစေရန် ထပ်မံတောင်းကမ်းလှမ်းသောအခါ ခြင်္သေ့နှင့်ဒေါင်းတို့က မြေနီမြေဖြူတို့သည် သူတို့ထံ တပည့်ခံကြရမည်။ သို့မှသာ ဖုံကျက်ဝါကိုကူညီသူအား ကူညီ၍ တိုက်ခိုက်ပေးမည်ဟု အဆိုပြုလာကြလေ၏။

နောက်ဆုံး ထိုအဆိုကို မြေနီနှင့်မြေဖြူတို့ သဘောတူညီလိုက်ကြသည်။ ထိုသဘောတူညီချက်ကို မျောက်ဖြူဟူကျက် ကောင်းစွာသိသည်။ သူတို့လူသိုက်အား ဖုံကျက်ဝါတို့က သတ်ဖြတ်ပြီး သူတစ်ယောက်တည်း ကျန်ခဲ့သောအခါ သူက တမင်ပင် ဖုံကျက်ဝါတို့အား ပန်းတစ်ရာ တောင်ကြားသို့ သွေးဆောင် ခေါ်ယူခဲ့လေတော့သည်။

သို့မှသာ ခြင်္သေ့နှင့်ဒေါင်းတို့က သူတို့ကိုယ်စား ဖုံကျက်ဝါနှင့် ချင်ကျင်းယုံတို့ကို လက်စားချေသုတ်သင်ပေးနိုင်မည် မဟုတ်ပါလား။

ခြသေ့နှင့် ဓေါင်းတို့မှာ အကြံကြီးသူများဖြစ်၍ ပ
တစ်ရာတောင်ကြားတွင် ကြီးစိုးမင်းမူနေရသည်ကို မကျေ
နိုင်ကြပေ၊ နဂါးစွယ်တောင်ကိုပါ ပိုင်စိုးလိုကြသည်၊ ကြံ
ဖြင့် တိုက်ခိုက်ကြရာ နောက်ဆုံး တော်သိမ်းသေ
ဖုံကျက်ဝါလွတ်မြောက်ပြီး ချင်ကျွင်းယုံကို ဖမ်းမိခဲ့သည်၊
မမြန်ခဲ့သပြီး မြေပုံကျန်ရစ်ခဲ့သည်၊ ခြသေ့နှင့်ဓေါင်းတို့
သည် သူတို့၏ပညာအဆင့်ကို ခန့်မှန်းနိုင်သွားသည်၊ သူတို့
သည် ချင်ကျွင်းယုံကို နှိမ်းယောက်ပေါင်း၍ တိုက်နိုင်ကြောင်း
သိသွားကြသည်၊ တစ်ယောက်တည်းကျန်ရစ်သော မြေပုံမှာ
ခြသေ့နှင့်ဓေါင်းတို့ထံ ပါသည့်ခံရုံမှတစ်ပါး အခြားနည်း
လမ်း မရှိတော့ပေ၊

ည်သို့ပင်ဖြစ်စေ၊ အရေးအခင်းအတွင်း သမြတ်ထွက်
သွားသည်မှာ ခြသေ့နှင့်ဓေါင်းတို့ပင် ဖြစ်၏၊ မမြေပုံလည်း
သူတို့ပညာဖြစ်ပြီ၊ ထို့ကြောင့် နဂါးစွယ်တောင်သည် သူ
တို့၏ အုပ်ချုပ်မှုအောက် ရောက်ပြီ၊ ချင်ကျွင်းယုံကိုလည်း
ယက်ရဖမ်းမိပြီ၊

ကဲ…သူတို့အဖို့ ဘာပူပန်စရာရှိတော့သနည်း၊ တစ်ခုတော့
ရှိသည်၊ ဖုံကျက်ဝါ ထွက်ပြေးလွတ်မြောက်သွားသည်၊

သို့သော် ချင်ကျွင်းယုံကို မိထားသဖြင့် ဖုံကျက်ဝါ ပြန်
လာရမည်ဟု တစ်ထစ်ချတွက်ထား၏၊

ခြသေ့နှင့်ဓေါင်းတို့သည် ဖုံကျက်ဝါအား လုံးဝဂရုမစိုက်
ပ၊ ဖုံကျက်ဝါသည် ခြသေ့ကိုမဆိုထားနှင့်၊ ဓေါင်းကိုပင်
မနိုင် နိုင်ကြောင်း သူတို့သိထားပြီး ဖြစ်သောကြောင့်တည်း၊



ခြသေ့နှင့်ဓေါင်းတို့တွင် ညှိနှိုင်းချက် တစ်ခုတော့ရှိသည်၊
ဖုံကျက်ဝါကိုသာ သူတို့ဖမ်းမိခဲ့လျှင် မြေပုံ၏လျှို့ဝှက်ချက်ကို
အမှန်ပေးဖော်ပေးအောင်မည် ညှိနှိုင်းချက် ပေတည်း၊

မုံကြီးမီးဟုန်တွေ့ခဲ့ မှောင်ပြီ ပြင်တကက်တို့ မေဆုံး
ရာ ဤအတွက်ကမူ ခြသေ့နှင့်ဓေါင်းတို့ စိတ်မတောင်ကြောင်း
လုံးဝမဖြစ်ကြပေ၊

ခြသေ့နှင့်ဓေါင်းတို့သည် ယခုတိုက်ပွဲကြီး အောင်မြင်သည့်
အတွက်အောင်သေအောင်သား စားသောက်သည် အခမ်း
အနားကြီးကျင်းပရန် စားဖွယ်အမျိုးမျိုးတို့ကို စားပွဲကြီးပေါ်
စုံလင်စွာဖြင့် ချထားကြလေပြီ၊

အဆောက်အအုံ ပြင်ပ၌ မှောင်မိုက် နေသော်လည်း
အဆောက်အအုံထဲ၌မူ အလင်းရောင်လုံလောက်စွာ ရရှိစေရန်
ပြင်ဆင်ထားသည်၊

စားပွဲကြီး တစ်လုံးတွင်မူ လူသုံးယောက် ဝိုင်းဖွဲ့ ထိုင်နေ
သည်၊ သူတို့စားပွဲတွင် အစားအသောက်စုံနှင့်အရက် မျိုးစုံ
ရှိနေ၏၊ သို့သော် သူတို့ ထိုအစားအသောက်နှင့် အရက်များ
ကိုလုံးဝစိတ်မဝင်စားပေ၊

သူတို့စိတ်ဝင်စားနေသော အရာနှစ်ခု တား ထိုစားပွဲပေါ်
တွင်အမှန်တကယ် ရှိနေပါသည်၊ ထိုအရာနှစ်ခုကား သဲသဲမဲမဲ
စိတ်ဝင်စား နေကြပါသည်၊ ၎င်းအရာနှစ်ခုကား အဘယ်သို့
နည်း၊

တစ်ခုကား အဝါရောင် ကျောပိုးအိတ်တစ်ခုဖြစ်ပြီး တစ် ကား ရွှေဟောင်းစေးတစ်သက် ဖြစ်ပါ၏၊ ရွှေဟောင်း မှာ စေးအိမ်နှင့်တကွ အပြည့်အစုံပါရှိ၏။

ထိုပစ္စည်းများမှာ သိပြီးကြသည့် အတိုင်း ချင်ကျွင်းယုံ ပစ္စည်းများဖြစ်ပါသည်။ ချင်ကျွင်းယုံမှာ ထိုအဆောက်အ အတွင်းအခန်းတစ်ခု တွင်း၌ အကျဉ်းသားအဖြစ် ကျွန်ရာ လျက် ရှိနေရှာပါသည်။

မျောက်ဖြူဟူကျက်၏ အဆိပ်မှာ အလွန် ပြင်းထန် နေ့တစ်ဝက်မကူးမီ ချင်ကျွင်းယုံ သေသွားနိုင်၏၊ ဒေါင်း ချင်ကျွင်းယုံကို ချက်ချင်း ကုသပေးလိုက်၍သာ ချင်ကျွင်း အသက်ဘေးမှကင်းလွတ်သွားခြင်းဖြစ်သည်။

အဆိပ်ဘွားဘွား၏ တပည့် ဖြစ်သောဒေါင်းသည် မျောက် ဖြူဟူကျက်၏ အဆိပ် ဖောင်းစွာနိုင်သည်၊ ချင်ကျွင်း မှာအသက်အန္တရာယ်မှ ကင်းလွတ်သွားခဲ့ရသော်လည်း အ ၏ပြင်းအန်သော ဓာတ်ကြောင့် သတိလစ် မေ့မြောနေခဲ့ တော့သည်။

ထို့ပြင် ဒေါင်းသည် အဆိပ်ဆေးဘာမက တခြား ဆေးဝါး အကတ်ပညာများပါ အဆိပ်ဘွားဘွား ထံမှ တ မြောက်ခဲ့သည်ဖြစ်ရာ ချင်ကျွင်းယုံအား အခြားဆေးတစ်မျိ ထပ်မံတိုက်ကျွေးထားခြင်းဖြင့် သူမ၏လက်ထဲမှ ချင်ကျွင်း မလွတ်မြောက်နိုင်တော့ဟု ယုံကြည်ထားသည်။



မည်သို့ပင် ဖြစ်စေ ချင်ကျွင်းယုံအား ပန်းတစ်ရာရဲ့ဘိုက်၏ အကျဉ်းသား ဖြစ်ရသည်မှာမူ အမှန်တကယ်ပင် ဖြစ်ပါလေ တော့သည်။

ယခုကြီးကျယ်သော ခန်းမကြီးအတွင်း၌ ခြင်္သေ့၊ ဒေါင်း နှင့်မြေဖြူတို့ခေါင်းချင်းဆိုင်ပြီး ချင်ကျွင်းယုံ၏ပစ္စည်းများကို ကြည့်ရှုနေလေပြီ။

တိတ်ဆိတ်နေသော ခန်းမအတွင်း၊ ငြိမ်သက်မှုကို စတင် ဖြိုခွင်းသူမှာ မြေဖြူဖြစ်သည်။

မြေဖြူက ဟောင်းနွမ်းနေသော ဓားအိမ်နှင့် ဓားရှည် လက်ကိုင်ရိုးကို လက်ညှိုးထိုးပြပြီး....

'ဒီဓားဟာ ရွှေဟောင်းဓားထင်တယ်၊ ဓားအိမ်နဲ့ လက် ကိုင်ရိုးပုံစံကိုကြည့်ပါလား၊ အင်မတန်ပုံရိုးတယ်၊ တော်ရုံအန်ရဲ့ ဆို ဘယ်လိုမှ အထင်ကြီးစရာမရှိဘူး၊ ချင်ကျွင်းယုံ ကိုင်ထား လို့သာ ဒီဓားကို တန်ဖိုးရှိမယ်လို့ ခန့်မှန်းရတယ်'

ထိုအခါ ခြင်္သေ့နှင့်ဒေါင်းတို့က ခေါင်းသမ်းပြုလိုက်ကြ လေသည်၊

'ဘယ်က တန်ဖိုးရှိမှာလဲ၊ ဒါကရိုးရိုးဓားပါပဲ၊ မင်းကသာ သူ့ကိုအထင်ကြီးပြီး ဓားကိုပါ တောင်ထင်မြောက်ထင် အထင် ကြီးနေတာ၊ ပုံကိုကြည့်ပါလား၊ ငါတပည့်တွေကိုင်တဲ့ ဓားနဲ့ အတူတူပဲ၊ သူတို့ဓားတွေနဲ့ရောထားလိုက်ရင် ဒီဓားကို ဘယ်သူ မှခွဲခြား ကိုင်မှာမဟုတ်ဘူး'

ခြင်္သေ့က မြည်စုံစွာ ပြောပြလေ၏၊

ဒေါင်းကလည်း သူ၏အစ်ကိုတော်ကို ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ သာမန်ဓားပါ၊ အထင်ကြီးစရာ မရှိပါဘူး'

မြှုမြှုက ဒေါင်းကို အံ့သြစွာကြည့်၏။

'ဒီဓားကို ဖိုးမတန်ဘူးလို့ ပြောတာပေါ့ဟုတ်လား'

'ဟုတ်တယ် မတန်ဘူး'

'ခင်ဗျား ယူတိုက်တော့ ဓားကအစွမ်းထက်နေတာပဲ'

'ခစ်....ခစ်....ခစ်၊ ရှင်က နဂါးစွယ်တောင်မှာ ခေါင်းဆောင်လုပ်နေပြီး ဒီသဘာဝလေးတောင်မသိဘူးလား၊ ဓားတစ်လက်က အစွမ်းထက်တယ် မထက်ဘူးဆိုတာ အသုံးပြုတဲ့လူပေါ်မှာ မူတည်တယ်'

မြှုမြှုမှာ ရှက်သွေးလွှမ်းသွား၏။

ဒေါင်းက ဆက်ပြော၏။

'သိုင်းပညာမတတ်တဲ့လူတစ်ယောက်လက်ထဲကိုတန်ဖိုးမဖြတ်နိုင်တဲ့ ဓားကောင်းဓားမြတ်တစ်လက်လောက် ထည့်ပေးကြည့်ပါလား၊ ဒီလူ ဘာများလုပ်နိုင်မလဲလို့၊ အဲဒီလူက အဲဒီဓားကို ထင်းခုတ်လို့ကောင်းတယ်၊ သားငါးလှီးလို့ကောင်းတယ်လောက်ပဲ ပြောမှာပေါ့၊ ထိပ်တန်းသိုင်းသမားတစ်ယောက်ဆီရောက်တော့ မှန်စားတင်လက်ပဲရောက်ပါစေ၊ နတ်သိကြားပေးတဲ့ဓားလို အစွမ်းထက်ဓားလို ဖြစ်နေတာ ဘာမှမဆန်းပါဘူး'



မြှုမြှုပါးစပ်ပိတ်သွား၏။ ဒေါင်းပြောသည့် စကားကလည်း ဆီလျော်ပါသည်။ အဖိုးတန်ဓားသည် မသုံးတတ်သူလက်ထဲ၌ ထင်းခုတ်ဓားလောက်သာ တန်ဖိုးရှိနိုင်ပေသည်။ ဒေါင်းက အဝါရောင် ကျောက်ပိုးအိတ်ကိုလက်ညှိုးဖြင့်ထောက်ပြလိုက်ပြီး....

'ကျွန်မစိတ်ဝင်စားတာက ဓားမဟုတ်ဘူး၊ ဒီအိတ်ပဲ'

'ဟုတ်တယ်၊ ငါတို့စိတ်ဝင်စားတာက အဝါရောင်ကျောက်ပိုးအိတ်ပဲ၊ အဝါရောင်ကျောက်ပိုးအိတ်ရဲ့သဘောကို မင်းကြားဖူးသလား'

ခြင်္သေ့က သူ့ညီ၏စကားကို ထောက်ခံ ပြောကြားပြီးနောက် မြှုမြှုကို လှမ်းပြောလိုက်၏။ မြှုမြှုက ခေါင်းညိတ်၏။

'ကြားဖူးပါတယ်၊ သိုင်းလောကခြေရာကောက်ခရီးသည်တွေရဲ့ အထိမ်းအမှတ်ဟာ အဝါရောင်ကျောက်ပိုးအိတ်ပဲမဟုတ်လား၊ ချင်ကျိုင်းယု သိုင်းလောကခြေရာကောက် ခရီးသည် ဖြစ်နေလို့လည်း သိုင်းပညာ ဒီလောက်ကောင်းတာပေါ့'

ခြင်္သေ့က ချင့်ချိန်သော လေသံဖြင့်....

'ဟုတ်တယ်၊ အဝါရောင်အိတ်ဆိုတာ သိုင်းလောကခြေရာကောက်ခရီးသည်ရဲ့ အထိမ်းအမှတ်လို့ သိုင်းလောကမှာဆိုရိုးစကားရှိတယ်၊ ဒီအိတ်ကို တွေ့ဖူးဖို့ ဒီခရီးသည်မျိုးတွေ့ဖို့ဆိုတာကလည်း မလွယ်လှဘူးလို့ သိုင်းလောကကြီးတွေ အစဉ်အဆက် ပြောခဲ့ကြတာပဲ၊ ငါစိတ်ဝင်စားတာကတော့ ဒီအိတ်ထဲမှာ ဘယ်လိုပစ္စည်းတွေ ရှိတတ်သလဲဆိုတာပါပဲ'

ဒေါင်းက ရယ်မောလိုက်၏။

'အစ်ကိုကလဲ....ဒါများ ခက်တာမှတ်လို့၊ သိချင်ရင်ဖွင့်ကြည့်လိုက်တာပေါ့၊ ခစ်....ခင်... ခစ်'

ဒေါင်းသည် ရယ်ရယ်မောမောဖြင့် အဝါရောင်ကျောပိုးအိတ်ကို လှမ်းယူလိုက်လေ၏။

'ဟော....နင်အရမ်းမဖွင့်နဲ့နော်၊ အထဲမှာ ဘာတွေပါမှန်း မသိဘူး၊ သတိဆိုတာပိုတယ်မရှိဘူး'

'ခစ်....ခင်....ခစ်....အဝါရောင်ကျောပိုးအိတ်က အဝါရောင် ကျောပိုးအိတ်ပဲပေါ့၊ လက်နက်ပုန်းတွေ၊ ထောင်ချောက်တွေတော့ ပါမယ် မထင်ပါဘူး'

ဒေါင်းသည် ပြောပြောဆိုဆိုအိတ်ကို ဖွင့်ပြီး စားပွဲပေါ်သို့ ပစ္စည်းများမှောက်ချလိုက်၏။ ပစ္စည်းအချို့ ကျလာလေသည်။

ထူးခြားသော ပစ္စည်းများ တစ်ခုမှ ပါမလာပါ။ စာအိတ်တစ်ထပ်နှင့် ဆိတ်သားရေတွင်ရေးသားထားသော မြေပုံတစ်ချပ်တို့သာ ပါရှိပါသည်။

ထို့ကြောင့် ခြသေ့် ၊ ဒေါင်းနှင့်မြေပြုတို့ အံ့အားသင့်သွားကြသည်။

'ဘာစာအိတ်တွေလဲမသိဘူး'

ဒေါင်းသည် စာအိတ်များကို ဆွဲထုတ်ပြီး ကြည့်လိုက်၏၊ စာအိတ်များပေါ်တွင် နာမည်များရေးထိုးထားသည်။ ထိုနာမည်များကိုဖတ်လိုက်ရသောအခါ ခြသေ့်နှင့်ဒေါင်းတို့မှာ စာအိတ်များပေါ်လွှတ်ကျမတတ် ဖြစ်သွားကြ၏။



အဘယ်ကြောင့်ဆိုသော် စာအိတ်များပေါ်၌ ရေးသားထားသည့် နာမည်များမှာ သိုင်းလောက၏ မဟာထိပ်သီး သိုင်းဆရာကြီးများ၏နာမည်များဖြစ်နေသောကြောင့်တည်း။

ဒေါင်းက တအံ့တသြပြောလိုက်သည်၊

'ဟင်... အစ်ကို စာအိတ်ပေါ်က နာမည်တွေကို ကြည့်စမ်း....'

ခြသေ့်က....

'ဒါလဲဖတ်ပြီးပါပြီ'

'နာမည်တွေကတော့ ဆရာ့ဆရာကြီးတွေရဲ့နာမည်တွေချည်းပဲ၊ ဒီနာမည်တွေတွေ့ရတော့ ကျွန်မတောင်လန့်မိတယ်၊ ဒီစာတွေကို ပို့ပေးဖို့ ချင်ကျင်းယုံထွက်လာတာလား မသိဘူး'

မြေပြုလည်း စိတ်ဝင်စားသွားပြီး စာအိတ်များကိုတောင်းကြည့်၏။ ခြသေ့်နှင့်ဒေါင်းပြောသလို စိတ်ဝင်စားဖွယ်အတိ ဖြစ်နေသည်။

ချင်ကျင်းယုံသည် ထူးခြားသော လူတစ်ယောက် ဖြစ်လိမ့်မည်ဆိုသည်ကို မြေပြုက ခြသေ့်နှင့်ဒေါင်းတို့ထက် ပို၍ နားလည်သဘောပေါက်ပေသည်။

ချင်ကျင်းယုံ၏ထူးခြားမှုများကို သူတို့လူလွှတ်၍စုံစမ်းစဉ်ကပင် မြေပြုသိပြီး၏။ ထို့ကြောင့်ပင် ခြသေ့် ဒေါင်းတို့နှင့် မပေးစိတ်ပြောလိုက်ခြင်းဖြစ်သည်။

မြေပြုက....

'ဒီလူဟာ အင်မတန်ထူးခြားတဲ့လူဖြစ်တယ်၊ ဖုံကျက်ဝါနဲ့ တွေ့ခဲ့ရင်ကို ဘယ်ရမှာသိကြတုံး၊ ဖုံကျက်ဝါတစ်ယောက်တိ

တည်းဆိုရင် ကျုပ်တို့ကြောက်စရာမရှိဘူး၊ သူ...ါနဲ့လို ဂရုစိုက်ရအောင်'

ခြသေ့ က ခေါင်းညိတ်လိုက်၏။

'ဒီစာအိတ်ပေါ်ကနာမည်တွေ ရရင်တော့ ဒီကောင်ဟာ တော်တော်စိုးရိမ်စရာကောင်းတဲ့သူတစ်ယောက် ဖြစ်နေတာ အမှန်ပဲ'

မြေဖြူကဝင်၍ ပြောပေ၏။

'ဒီစာအိတ်တစ်အိတ်လောက် ဖောက်ကြည့်လိုက်ပါလား၊ ဒီကောင်ဘယ်လိုလူစား ဖြစ်မယ်ဆိုတာ အချက်အလက်တစ်ခုခု တော့ တွေ့နိုင်လောပေါ့'

စာအိတ်များကို ဖောက်ဖတ်ကြည့်လိုသည့် စိတ်ဆန္ဒမှာ ခြသေ့နှင့်ခေါင်းတို့၏ ရင်ထဲ၌ရှိပြီးဖြစ်နေသည်။ သို့သော်လည်း သူတို့မဖောက်ရဲကြချေ။

အကြောင်းမှာ စာအိတ်ပေါ်မှ နာမည်များက သူတို့ကို ခြောက်လှန့်နေသောကြောင့် ဖြစ်၏။ သိုင်းလောကဆိုသည်မှာ အလွန်ထူးဆန်းသည်။

သိုင်းဂိုဏ်းများတည်ရှိခဲ့နှင့် သိုင်းသမားများ ဆက်စပ်မှု ကင်းကွာဝေးသော်လည်း တစ်ချိန်ချိန်တွင် ပတ်သက်ဆက်စပ်လာသည်သာ ဖြစ်၏။ ဖုံးကွယ်ထားသည့်အချက်များသည် တစ်ချိန်ချိန်တွင် ပေါ်ပေါက်မြဲဖြစ်သည်။

ထိုသို့ ဖြစ်လေဖြစ်ထရှိခဲ့သဖြင့် ခြသေ့နှင့်ခေါင်းတို့သည် စာအိတ်များကိုလည်း လက်လွှတ်စပယ်မဖောက်ရဲကြခြင်းဖြစ်တော့သည်။



'မဖောက်ဖတ်လိုက်ရင် အထဲမှာအကြောင်းတစ်ခုခုတော့ တွေ့ရမှာပဲ'

မြေဖြူက သူ့တာဝန်မရှိဘိုး အတင်းတိုက်တွန်းနေလေသည်။

အကယ်၍ဖောက်ရသည့် ခြသေ့ခေါင်းတို့မှာမူ မည်သို့လုပ်ရမှန်းမသိ၊ ဝေခွဲရခက်နေချေသည်တကား။

## အခန်း (၂၈)

### သိုင်းလောကကို နင်းမည့် အကြံအစည်

တိတ်ဆိတ်နေသောခန်းမကြီးသည် ပို၍တိတ်ဆိတ် ငြိမ်သက်သွား၏။

ထိုစားပွဲ သည်စားပွဲများသို့ ခြင်္သေ့နှင့် ဒေါင်းတို့ တပည့်များ ရောက်ရှိလာပြီ၊ စားသောက်ကြလျှင် ဆူဆူညံညံ ဖြစ်နေမည်မှာ မုချပင်။

ယခုမူ ခန်းမကြီးတစ်ခုလုံးတွင် သုံးယောက်တည်းသာရှိပြီး သုံးယောက်စလုံး အတွေးကိုယ်စီရှိနေသဖြင့် ခန်းမကြီးမှာ မတိတ်မဖြစ် ငြိမ်မဖြစ် တိတ်ဆိတ်ငြိမ်သက်ရတော့၏။ ဒေါင်းတာ သက်ပြင်းတစ်ချက်ချပြီး ညည်းညည်းညူညူ ပြောလိုက်သည်။

ချင်ကျင်းယိုနဲ့ ဒါဒီလူတွေ ဘယ်ပုံများပတ်သက်နေသလဲ မသိဘူး'

မြေဖြူက....

'ချင်ကျင်းယိုဟာ သိုင်းလောက ခြေရာကောက်ခရီးသည်ပဲ၊ ဒီလူတွေသွားပြီး ယှဉ်ပြိုင်ချင်ယှဉ်ပြိုင်မှာပေါ့'

ဒေါင်းက ခေါင်းမော်၏၊

'ဒီလိုပြောလို့ ဘယ်ရမလဲ'

'သူတို့နဲ့ချင်ကျင်းယို တစ်ခုခုဆက်စပ်နေမယ်လို့ ထင်နေသလား'

မြေဖြူ...မေးလိုက်ရာ ဒေါင်းက ခေါင်းညိတ်၏၊

'တစ်ခုခုဆက်စပ်နေတာကတော့ အမှန်ပဲ၊ မဆက်စပ်ဘဲ ဒီစာအိတ်ပေါ်မှာ ဒီနာမည်တွေရောက်နေပါ့မလား၊ ဆက်စပ်မှုအတိမ်အနက်ကို မသိရဘဲရှိမယ်၊ နေစက်ဆက်ပြီး ရှင်းပြသလို သူတို့ဆီသွားပြီး ယှဉ်ပြိုင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ယှဉ်ပြိုင်ဖို့ သက်သက်ဆိုရင် နာမည်တွေရေးထားစရာလဲ မလိုဘူး၊ သူ ဘာသာ တစ်ဂိုဏ်းပြီးတစ်ဂိုဏ်း လျှောက်သွားပြီး ယှဉ်ပြိုင်ရုံပဲ'

'ဒါဖြင့် ဘာဖြစ်လို့စာအိတ်တွေ ရှိနေရသလဲ၊ ချင်ကျင်းယိုက ဖိတ်စာလျှောက်ပေးရတဲ့ တာဝန်ခံများ ဖြစ်နေလို့လား'

ထိုစကားကိုပြောသူမှာ ခြင်္သေ့ဖြစ်၏၊ သူ၏စကားကြောင့် ဒေါင်းမျက်လုံးများ ဝင်းသက်သွား၏။

'အစ်ကိုကြီးပြောတာ အများကြီးဖြစ်နိုင်တယ်'



'ဒါဖြင့်လဲ နှစ်ပဲဒီစာအိတ်ကိုဖွင့်ဟာ၊ တစ်ခုခုတော့သိရမှာပဲ'

ဒေါင်းမှာ မတွေ့ခဲ့ ဖြစ်နေသည်၊ ဖြစ်လာမည့်အကျိုးဆက်ကို စဉ်းစားတွေးတောနေသည်။ ခြင်္သေ့က ဆက်ပြော၏။

'တို့တစ်တွေဖွင့်ဖတ်တာ ဘယ်သူမှမသိနိုင်ပါဘူးဟ၊ နောက်ပြီး ချင်ကျင်းယိုက တို့လက်ထဲရောက်နေပြီပဲ၊ သူ့ရီးမဆက်နိုင်ဘူးဆိုရင် ဒီစာအားလုံး အလကားဖြစ်ပြီပဲ'

'အစ်ကိုစဉ်းစားဦးလေ၊ နောက်ဆက်တွဲပြဿနာကအေးမှုမဟုတ်ဘူး၊ တွားတွားလဲ ရှိမှာမဟုတ်ဘူး'

'အို...တို့က ဒီစာတွေရထားပြီး ချင်ကျင်းယို လွတ်ထွက်သွားတယ်ဆိုရင်တော့ ဟုတ်တာပေါ့၊ ကဲဒုက္ခရောက်နိုင်တာပေါ့၊ ဝါလဲစဉ်းစားပါတယ်၊ ချင်ကျင်းယိုဟာလဲ သိုင်းသမားကြီးတွေနဲ့ ဘယ်လိုအဆက်အသွယ်ရှိသလဲဆိုတာလဲ ဝါတော့ သိပ်သိချင်နေပြီ'

ထိုအခါ မြေဖြူကသည်၊ ဝင်ထောက်ပေး၏၊

'စာကို မသေသသပ်သပ် ဖွင့်ထားပြီး သေသေသပ်သပ်ပြန်ပိတ်လို့ ရတာပါပဲ၊ ကျုပ်တို့ဖွင့်ဖတ်တာ ဘယ်သူမှသိနိုင်ပါဘူး'

ထိုအခါ ဒေါင်းသည် စိတ်ပါလာတော့၏၊ ထို့ကြောင့် ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်ဖွင့်မယ်'

သူသည် စာအိတ်တစ်အိတ်ကို ယူလိုက်သည်၊ စာအိတ်ပေါ်တွင် လမ်းစားယီချင်းဆိုသော နာမည်ကို သေသပ်လှပ

စွစ ရေးထား၏၊ သူသည်စာအိတ်ကို ဓားပါးလေးဖြင့် ဖောက်ပြီး အထဲမှစာကို ဆွဲယူလိုက်၏။

သူသည် စာရွက်ကိုဖြန့်ပြီး စိတ်ထဲမှဖတ်နေ၏။ သူမ တိတ်တဆိတ် ဖတ်နေပုံကိုကြည့်ပြီး ခြသေ့နှင့် မြေဖြူတို့မှာ မရိုးမရွဖြစ်နေကြ၏။

သူ့ကို ပို၍ စိတ်ဝင်စားသွားရသည်မှာ စာဖတ်နေသော ဒေါင်း၏မျက်နှာသည် အံ့သြစရာ ကောင်းလောက်အောင် မျက်နှာတစ်ပြင်လုံး ဆွတ်ဆွတ်ဖြူသွားခြင်း ဖြစ်ပေသည်။

စာဖတ်ပြီး မျက်နှာသွေးဆုတ် ဖြူရော်သွားရလောက်အောင် စာသည်အဘယ်မျှ ထူးခြားနေလေသနည်း။

ခြသေ့သည် ကျောက်ရုပ်ကြီး တစ်ရုပ်သို့ ဖြစ်နေသည်။

ဒေါင်းလက်ထဲမှစာကို ဖျတ်ခနဲဆွဲယူပြီး ဖတ်လိုက်သည်၊ မြေဖြူမှာလည်း မနေနိုင်တော့သဖြင့် ခြသေ့အနားကပ် ရပ်ကာ စာကိုဖတ်တော့သည်၊ အားလုံးပင် စာကိုဖတ်ပြီး သွားပေပြီ၊ အားလုံးပင် ကျောက်ရုပ်ကြီးများလို ငြိမ်သက် သွားတော့သည်။

သူတို့၏မျက်နှာများ သွေးဆုတ်ဖြူရော်နေကြ၏။ စာတစ်စောင်ကို ဖတ်လိုက်ရုံမျှဖြင့် ဤမျှ ထိတ်လန့်တုန်လှုပ်နေကြလျှင် အားလုံးဖတ်ပြီးလျှင် မည်သို့ဖြစ်လေမည်နည်း။

စောစောက တိတ်ဆိတ်နေသည်ဟု ထင်ရသော ခန်းမကြီးသည် ယခုမှပို၍ တိတ်ဆိတ်သွားတော့၏။ တောင်ကြားလမ်းမှ ပိုးပုရွက်ကလေးများ၊ တစီစီမြည်သံကိုပင် ခန်းမကြီး၌ ကျယ်လောင်စွာ ကြားနေရတော့သည်။



ချင်ကျောင်းယုံသည် ဤမျှကြောက်စရာကောင်းနေသူလော၊ ချင်ကျောင်းယုံနှင့် ဆက်စပ်နေသူများသည် အဘယ်မျှသော ကြောက်စရာကောင်းနေလေသနည်း။

ခြသေ့၊ ဒေါင်းနှင့် မြေဖြူတို့သည် လုံးဝစကားမပြောနိုင်ကြဘဲ အတွေးကိုယ်စီဖြင့်သာ ထိတ်လန့်နေကြသည်။

'ဟင်း....ဟင်း၊'

အတန်ကြာမှ ဒေါင်း၏ သက်ပြင်းချသံပေါ်လာပြီး....

'လက်စသတ်တော့ ချင်ကျောင်းယုံဟာ အင်မတန်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်နေတာကိုး'

ထိုအခါကျမှ ခြသေ့နှင့်မြေဖြူတို့သည်၊ အသက်ဝင်လှုပ်ရှား လာကြ၏။

'တော်တော် ကြောက်စရာကောင်းတဲ့ကိစ္စပဲ၊ တို့လုပ်လိုက်တဲ့ကိစ္စဟာ ဒီလောက်ကြီးကျယ်မယ် မထင်ရဘူး၊ ကြည့်စမ်း၊ ချင်ကျောင်းယုံရဲ့ နောက်မှာ အင်မတန်ကြီးကျယ်တဲ့ အဖွဲ့အစည်းကြီးတစ်ခု ရှိနေတာသိရပြီ၊ တို့ သူ့ကိုဖမ်းထားတဲ့ကိစ္စကလဲ ပေါ့သေးသေးမဟုတ်ဘူး၊ တို့ဖမ်းထားတာကို သိရင် သူတို့က အေးအေးဆေးဆေး စောင့်ကြည့်မှာမဟုတ်ဘူး'

ခြသေ့၏စကားက ဒေါင်းကို ပို၍ ထိတ်လန့်သွားစေလေသည်။

'ဟင်....ဒါဆို ကျွန်မတို့ဘယ်လိုလုပ်ရမလဲဟင်၊ အစ်ကိုကြီး'

ခြသေ့ငြိမ်သက်သွားသည်။ သူသည် နဖူးကြောကြီးများ ထအောင် စဉ်းစားနေသည်၊ အတန်ကြာစဉ်းစားပြီးမှ အံကြိတ် ထ၍ ပြောလိုက်သည်။

'သူ့ကို သတ်ပစ်ရမယ်'

ထိုစကားကို ကြားလိုက်ရသောအခါ မြမြမှာ ခုန်ထမတတ် ဖြစ်သွားပါ၏။ သူလွန်စွာ ထိတ်လန့်သွားလေပြီ။ သူက ကမန်းကတမ်း လက်ကာပြပြီး တားဆီးလိုက်၏။

'သူ့ကို သတ်ပစ်လို့မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ'

'သူ့ကို ကျုပ်တို့ဖမ်းထားတာ သိတဲ့လူရှိလို့ပေါ့၊ ဖုံကျော် ပါတဲ့ ခင်ဗျားမေ့နေပြီလား၊ သူပျောက်ရင် ပြောရင်သိုင်းလော က တစ်ခုလုံး သိသွားမှာပေါ့ဗျ'

ခြသေ့နှင့်ခေါင်းတို့ ငိုင်သွားကြ၏။ မြမြက ဆက်၍ ပြော၏။

'သိတယ်မဟုတ်လား၊ ဂူပေါင်းတစ်ထောင်ရဲ့အပေါက်ကို သာ ပိတ်လို့ရမယ်၊ လူတစ်ယောက်ရဲ့ ပါးစပ်တစ်ပေါက်ပိတ် လို့မရဘူး၊ အခု ဖုံကျော်ပါလွတ်သွားပြီ၊ သူ့ကို ဘယ်လို လိုက်ဖမ်းမလဲ၊ ဖမ်းမိတယ်ဆိုအဦးတော့ ချက်ချင်း ချင်ကျင်း ယုံကိုဖမ်းထားတယ်ဆိုတာ သူက လူအယောက်တစ်ရာလောက် ကို ပြောပြီးနေမှာဗျ'

ခြသေ့နှင့်ခေါင်းတို့ သက်ပြင်းချ၏။

'ဒါလဲ ဟုတ်တာပဲ၊ ချင်ကျင်းယုံကို တို့သတ်လိုက်တယ် ဆိုတဲ့သတင်းကို နှစ်ရှည်လများ ဖုံးအုပ်ထားလို့ ရမှာမဟုတ် ဘူး'

ထိုအခါ မြမြက....

'ကျုပ်မှာအကြံတစ်ခုပေးပါရစေ'



ခြသေ့က....

'ဘယ်လိုအကြံလဲကွာ၊ ရပါတယ်၊ ပြောမှာသာပြော ကွာ'

'သူ့ကိုအပြန်ဆုံးလွှတ်ပေးလိုက်ရင်ကောင်းမယ်ဗျ၊ ခင်ဗျား သတိထားမိသလားမသိဘူး၊ သူက ခင်ဗျားတို့ကို ဖော်ရာရစေ ချင်တာမဟုတ်ဘူး၊ သူ့ဘာသာ ကိုယ်လွတ်ရုန်းသွားဖို့ကြိုးစား တာဗျ'

ခေါင်းက ဦးခေါင်းကို ခါယမ်းရင်း....

'ဟင့်အင်း.... ပြန်မလွှတ်ဘူး၊ ပြန်လွှတ်ရင်ဆိုးမှာ၊ ပြန်လွှတ်မှ ဒုက္ခရောက်မှာ'

'ဟာ.... ပြန်လွှတ်လို့တော့ ဒုက္ခမရောက်ပါဘူးဗျ၊ သူ့ အသက်ကို ချမ်းသာပေးလိုက်တဲ့ ကျေးဇူးပဲရှိတာ၊ သူကတောင် ကျုပ်တို့ ခင်ဗျားတို့ကို ကျေးဇူးတင်နေလိမ့်ဦးမယ်'

'ဟင့်အင်း.... မဖြစ်ဘူး၊ ဖြစ်ရေ အကြောင်းရှိနေလို့ ကျွန်မကပြောတာပေါ့၊ ကျွန်မက သူ့ကိုအဆိပ်ဖြေဆေးပေး ပြီးမှ နောက်ထပ်ဆေးတစ်မျိုး တိုက်လိုက်မိတယ်၊ သူအသက် မသေပေမယ့် သူ့သိုင်းပညာကိုတော့ သုံးလို့မရတော့ဘူး၊ တကယ်လို့ သူ့ကိုလွှတ်လိုက်ရင် သူ့ဘာသိုင်းပညာကို သုံးဦးမှာ ပဲ၊ ဒီအခါကျမှ ကျွန်မတိုက်ထားတဲ့ဆေး၊ အဲ... အဲ... အဆိပ် တန်ခိုးပြပြီး သူရုတ်ချင်းသေမှာ၊ ဒါကြောင့် သူ့ကိုလွှတ်လို့ မဖြစ်ဘူးလို့ပြောတာ'

ထိုစကားကိုကြားသောအခါ မြေဖြူမှာပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။ တကယ်တော့.... မြေဖြူသည် ချင်ကျွင်းယုံနှင့် ဘာမှမပတ်သက်၊ မဆက်စပ်လိုတော့ပေ။ ချင်ကျွင်းယုံ၏အင်အား၊ ချင်ကျွင်းယုံ၏မိတ်ဆွေအပေါင်းအသင်း၊ ချင်ကျွင်းယုံ၏ အဆက်အသွယ်များမှာ ဆင်ကောင်ကြီးများထက် ကြီးမားသူဖြစ်၍ သူတို့လိုပါများတစ်ယောက်အဖို့ ချင်ကျွင်းယုံနှင့်ဆက်စပ်သမျှ သေဖို့ချည်းသာဟု သိလာသောကြောင့် ဖြစ်၏။

ခြင်္သေ့ကမူ သူ့ညီမကို အပြစ်မမြင်ချေ။

'ဖြစ်ပြီးတဲ့ကိစ္စကို ဘာမှပြင်လို့မရတော့ဘူး၊ တို့အခုနဲ့ ဗိုလ်ကြီးစိတ်ပြတ်သွားတာပေါ့၊ သူ့ကိုပြန်မလွှတ်သင့်ဘူးဆိုတာ ယတိပြတ် ဖြစ်သွားတာပေါ့'

မြေဖြူက တုန်လှုပ်စွာပြောသည်။

'ဒါဖြင့်....ခင်ဗျားတို့က ဘယ်လိုလုပ်မှာလဲ'

ခြင်္သေ့သည် သူ့ညီမလုပ်လိုက်ပုံမှာ တစ်ဆုံးတစ ဖြစ်သွားပြီဖြစ်၍ လေးလေးနက်နက် စဉ်းစားရတော့သည်။ သူ စဉ်းစားနေသဖြင့် ဒေါင်းနှင့်မြေဖြူတို့ စောင့်နေကြ၏၊ အတန်ကြာမှ ခြင်္သေ့က....

'ငါ... စဉ်းစားလို့ရပြီ'

ဒေါင်းက သူ့အစ်ကိုကို ကြည့်ပြီး စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရ၏။ သူ့အစ်ကိုမျက်နှာမှာ တစ်မျိုးတစ်မည် ဖြစ်နေသောကြောင့်ပင်။

'အစ်ကိုစဉ်းစားတာကို ပြောပါဦး'



'ငါစဉ်းစားပြီးပြီ၊ ခုမှာတော့မထူးတော့ဘူး၊ ကြောက်ရင်လည်း ရဲရင့်မင်းဖြစ်ထုံးကို နှလုံးမူရတော့မယ်၊ အခု ငါတို့လက်ထဲမှာ ချင်ကျွင်းယုံလဲ ရှိနေပြီ၊ သူ့ရဲ့စာတွေလဲ ရှိနေပြီ၊ ဒီတော့ သိုင်းလောကရဲ့ ထိပ်သီး၊သိုင်းဆရာကြီးတွေကို ငါတို့ အပိုင်ကိုင်နိုင်ပြီ'

ခြင်္သေ့၏ဉာဏ်မှာ ကြီးကျယ်လွန်းလှသဖြင့် ဒေါင်းရော မြေဖြူပါ ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြစ်သွားကြလေတော့သည်။

ဒေါင်းမှာ သူ့အစ်ကိုမျက်နှာ ထူးခြားနေတာသည်၊က ကြီးလေးသောအကြံအစည်တစ်ခုကို သူမ၏အစ်ကို စိတ်ကူးမိနေကြောင်း ရိပ်မိခဲ့ပေသည်။

တကယ်ကြားလိုက်ရသောအခါတွင်မူ မထိတ်လန့်ဘဲ မနေနိုင်။

သို့သော်....စိတ်ထားတူ မောင်နှမဖြစ်၍ တစ်ခဏအတွင်း သဘောကျသွားသည်။

မြေဖြူက ထိတ်လန့်သောအသံဖြင့် မေးသည်။

'ခင်ဗျားအကြံအစည်က ဘယ်လိုလဲ၊ ဘယ်လိုလုပ်မှာလဲ'

ခြင်္သေ့က ပေါ့ပေါ့ဆဆပင် ပြော၏။

'ဘာခက်တာမှတ်လို့၊ ခင်ဗျားတို့လျှို့ဝှက်ချက်တွေ ကျုပ်တို့ဆီမှာ ရှိတယ်လို့ အကြောင်းကြားလိုက်ရုံပေါ့'

ဒေါင်းသည် သူ့အစ်ကို၏ အကြံအစည်ကို သဘောကျသွား၏။ လျှို့ဝှက်စာများကိုင်၍ သိုင်းလောက ထိပ်သီးကြီးများအားလုံးကို အကျပ်ကိုင်စေခိုင်းနိုင်ကြောင်း၊ လူ့သဘော

ပေါက်သွားသည်။ ထိုနည်းဖြင့် သိုင်းလောကကြီးတစ်ခုလုံး ထိန်းချုပ် ရှယ်လှယ်နိုင်မည်ဖြစ်ကြောင်း၊ သိလာသောအခါ မောင်နှမနှစ်ဦးစလုံး ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင် ဖြစ် လာလေတော့၏။

ခေါင်းက....

'ခစ်...ခစ်...ခစ်... စားရကာကြုံတော့ မုတ်ဆိတ်ပျား ဆိုတာ အကယ်မှန်တာပဲနော်၊ သိုင်းလောကရဲ့ ထိပ်သီးဆရာ ကြီးတွေ ကျွန်မတို့အပေါ်ကို တစ်သဝေမတိမ်း နာခံ မယ်နော်၊ ဒီလိုဆိုရင် သိုင်းလောကတစ်ခုလုံး ကျွန်မတို့ရဲ့ ဖဝါးအောက် ရောက်ပြီပေါ့ အစ်ကိုကြီးရဲ့'

စကားဆုံးသည်နှင့် ခေါင်းသည် တခစ်ခစ် ရယ်နေ တော့၏။ မြပြုံးမှာမူ ထိုမောင်နှမ၏ အကြံအစည်များ ကြားရ၍ မြေမျှားလက်ဖျားများ အေးစက်လာ၏၊ သူ ညီအစ်ကို မြသုံးကောင်လုံး ရှိနေပင်လျှင် ထိုအကြံမျိုး သူတို့ကြံရဲ ချ။

လူဗိုးမားပြသာအာ သိုင်းသမားမျှနှုးအနေဖြင့် သိုင်း လောကထိပ်သီးကြီးများအား အကျပ်ကိုင်ရန်ဆိုသည်ကိစ္စမှာ မကြံစည်အပ်သောအရာဟု မြပြုံးယူကြည်သည်။

ခြင်သံ့မှာလည်း သူ့အကြံကိုလွန်စွာ သဘောကျနေသော သူ့ကိုယ်သူပင်....

'တယ်တော်တဲ့ ငါပါလား'

ဟု ချီးကျူးနေလေသး၏။ ခြင်သံ့၏ အကြံဥာဏ်မှာ လွန်စွာကြီးကျယ်လှ၏။



ထိုအကြံအတိုင်း အကောင်အထည် ဆက်ဖော်ရန် သာရှိ တော့သည်။

အကြောင်းမှာ ခေါင်းက ချင်ကျွင်းယုံ အားအဆိပ်တစ်မျိုး ကျွေးထားပြီးသောကြောင့်ဘည်း၊ မြပြုံးမှာမူ ထိုအကြံကို လက်မခံနိုင်ချေ။ အားလုံးပျက်စီးရမည့် အကြံဥာဏ်ဟု သူက ယုံကြည်သည်။

သူသည် ကြောက်သန့်မှုကို ခြင်သံ့နှင့်ခေါင်းတို့ မသိနိုင် စေရန် တတ်နိုင်သမျှထိန်းချုပ်ထားရ၏။ ထို့စဉ် ခေါင်းက...

'အစ်ကိုကြီး....ကျွန်မတစ်ခု ပြောမယ်'

'နှစ်ခုပြော....ညီမလေး'

'ကျွန်မ အကြံ အောင်နိုင်မအောင်နိုင်ဆိုတာကို စမ်းသပ်လို့ ရပါတယ်၊ အဲဒါ စမ်းကြည့်မယ်'

'စမ်းကြည့်ရင် ကောင်းတာပေါ့၊ ဒါစမ်းသပ်လို့အောင် မြင်ရင် နောက်ဆက်လုပ်ရုံပေါ့၊ တို့အစ်ခေတ္တ သိုင်းလောက သရဖူကိုဆောင်းရုံပေါ့၊ တို့တစ်ခေတ္တ သိုင်းလောကမှာ တယ် သူ့ကို ဂရုစိုက်ရတော့မှာလဲ၊ ကဲ...ပြောစမ်းပါဦး၊ နင့်စိတ် ကူးက ဘယ်လိုလဲဆိုတာ'

'အရင်ဆုံး လခြမ်းဓားယိကျွင်းဆီကို စာတစ်စောင်ရေး ပို့လိုက်မယ်'

'ဘယ်လိုရေးမှာလဲဟ'

'ရှင်းရှင်းပဲရေးမှာပေါ့၊ ရှင့်သျှို့ဝှက်ချက်တွေကို ကျွန်မတို့ သိနေပြီလို့ပဲ ရေးမှာပေါ့'

မြေဖြူမှာ မျက်နှာတစ်ခုလုံး ဆွတ်ဆွတ်ဖြူသွားသည်၊ အလွန်ကြောက်သွားသည်။

'ဟာ…ခင်ဗျားတို့ အဲဒီလိုလုပ်လို့မဖြစ်နိုင်ဘူး၊ လခြမ်းဓား ယ်ကျောင်းက နှယ်နှယ်ရရ ဓားသမားမျိုး အောက်မေ့ သလား၊ ခင်ဗျားတို့သာ အဲဒီစာပို့လိုက်၊ နောက်လေးငါး ရက်အတွင်း ခင်ဗျားတို့ကို စိစိညက်ညက် ကြေသွားအော လာချေလိမ့်မယ်၊ သူက တစ်ယောက်တည်းတောင် လာ မဟုတ်ဘူး၊ ခင်ဗျားတို့ပန်းတစ်ရာတောင်ကြား မပျက်စီး ဆိုရင် ကျုပ်ကို ပြောချင်သလို ပြောပေတော့'

မြေဖြူက လေးလေးနက်နက် ပြောလိုက်သော ခေါင်းမှာ ဟေ့ဝသွားလေတော့သည်။

'ဒီလိုလုပ်ရင်တော့ ကျွန်မတို့ကလဲ သူ့ရဲ့လျှို့ဝှက်ချက် ကို သိုင်းလောကတစ်ခုလုံး ကြေညာပစ်လိုက်မှာပေါ့'

'ဒါကတော့ ခင်ဗျားစိတ်ထင်ကိုး၊ အဲဒီလို ကြေညာ တောင် ခင်ဗျားတို့မှာ အသက်ကလေးကျန်ဖို့တော့ လုံး တာခပေါ့'

ခေါင်း၊ ပါးစပ်ပိတ်သွားသည်၊ မှန်ပါသည်၊ လခြမ်းဓား ယ်ကျောင်းမှာ တော်ရုံတန်ရုံ သိုင်းသမားမဟုတ်ပါ၊ တော တန်ရုံ သိုင်းသမားဆိုလျှင်တော့ ယခုလိုပေါ့ပေါ့ကလေး ရှုမြင့် ဖြစ်နိုင်ပါသည်။

လခြမ်းဓားယ်ကျောင်း၏ နာမည်မှာ သိုင်းလောက၌ ဆိုးကျော်ခနေပါသည်။



သူ့မိတ်ဆွေ တစ်ယောက်နှင့်ယောက်မျှ ခေါ်လာ၍၊ ပန်းကုံရာ တောင်ကြားကို ဖျက်ဆီးပါက သူတို့ မောင်နှမ နှစ်ဦး၏ ခေါင်းများသာမက ပန်းတစ်ရာ တောင်ကြားမှ ထင်းရှူးတောများပင် အကုန် ပြတ်သတ်ထွက် ကုန်ပေမည်။

ခေါင်း၊ အကြံအိုက်သွား၏။ သူ၏အကြံ မထိရောက်တဲ့ဖြစ် သွားပါသည်။

ထိုနည်း ခြံသံ့က ပေါင်ကိုပုတ်ပြီး….

'ငါသိပြီ၊ နင်ပြောသလိုတော့ လုပ်လို့မရဘူး၊ လုပ်သင့် တာက သူ့ဆောက်တင်ပြီးငါတို့ကြောက်ကစားရမယ့်တို့စာလိုချင် ရင် တို့လုပ်ချင်တာ လုပ်ပေးရမယ် အကျပ်ကိုင်ရမယ်'

'ဒစ်ကြီးက ဘယ်လိုလုပ်ခိုင်းမှာလဲ'

'ဒါလဲလွယ်ပါတယ်၊ ဝါတို့ရဲ့လောလောဆယ်ရန်သူဟာ ဘယ်သူလဲ၊ ဖုံကျက်ဝါမဟုတ်လား၊ ချင်ကျင်ယုံကိုဓမ်းထား တဲ့အကြောင်း၊ သိုင်းလောကတစ်ခုလုံး သတင်းလွှင့်နိုင်တဲ့လူ ဟာ သူပဲမဟုတ်လား….။

'ဒီတော့ ငါတို့က ဓားယ်ကျောင်းဆီစာရေးလိုက်မယ်၊ ဖုံ ကျက်ဝါဆိုတဲ့မိန်းကလေးဟာ ခင်ဗျားရဲ့လျှို့ဝှက်ချက် တချို့ ကို သိထားတယ်၊ သူလျှောက်ပြောရင် ခင်ဗျားဒုက္ခရောက် သွားမယ်လို့ ရေးလိမ့်မယ်၊ အဲဒီလိုဆိုရင် လခြမ်းဓား ယံ ကျောင်းဟာ ဖုံကျက်ဝါကို လှည်းနေလှေအောင်မြင်းခေါင်၊ ကုန် လိုက်ရှာပြီး သတ်တော့မှာပဲ'

ထိုစကားကိုကြားလိုက်ရသောအခါ ခေါင်းသည် အကြီးအကျယ် ဝမ်းသာသွားသည်၊ သူ့အစ်ကိုကြီးကိုလည်း ချီးကျူးလိုက်သည်၊

'အစ်ကိုကြီးက သိပ်တော်တာပဲ၊ နောက်ကျန်တာကတော့ သော့မှာသဲ၊ ကျွန်တော့် ထိုသီ ပိုင်သားကြီး တော့ကိုလဲ အချင်းချင်း ရန်တိုက်ပေးလိုက်ရုံပေါ့၊ ကျွန်တော်က သူတို့ရဲ့ လျှို့ဝှက်ချက် တစ်ခွန်းတစ်စကို ဖော်ထုတ် ရန်တိုက်ပေးရာ လူတို့မယုံဘဲကို မနေနိုင်ဘူး'

'ဟား....ဟား....ဟား'

'ခစ်....ခစ်....ခစ်'

ခြင်္သေ့နှင့်ခေါင်းတို့၏ရယ်သံမှာ ခန်းကြီးတစ်ခုလုံးပဲ တင်တယ်နေ၏။ သူတို့ရယ်သံကြောင့် စားပွဲပေါ်မှ မီးအိမ်၏ မီးတောက် မီးလျှံများပင် လှုပ်ရှားယိမ်းထိုးသွားသည်။ ခြင်္သေ့က ကိုယ်ရှိန်သတ်ပြီး....

'ဒါက ပထမအကြံဉာဏ်၊ ဒုတိယအကြံဉာဏ်ရှိသေးတယ် ကွ....'

'ဘာများလဲ အစ်ကိုကြီး'

'ဒီစာတွေကိုအားသအသဲ ဖတ်ချင်မယ့်လူတွေမရှိနိုင်ဘူးလား၊ တို့က ဒီစာတွေကိုပေး လိုက်ရင်'

ခေါင်းက သဘောကျပြီး ခါးခါးသီးသီးပြောသည်၊

'မဖြစ်ဘူး၊ အဲဒီအကြံဉာဏ်ကိုတော့ ကျွန်မ သဘောမခံနိုင်ဘူး'

'ဘာဖြစ်လို့လဲဟ'



'နောက်ကြောင်းမှမသိတာပဲ၊ နေ့စဉ်ကြောင်းမေးအား တဲ့အလုပ်ကို လုပ်တာပဲ ကောင်းပါတယ်၊ အစ်ကိုကြီးရယ်'

ခြင်္သေ့နှင့်ခေါင်းတို့ကား၊ တကယ့်ကြီးကျယ်သောကိစ္စကြီးကို တိုင်ပင်နေခြင်းသာဖြစ်ပါ၏၊ ထိုစကားများကို မြေမြို့က တော့ ဝိဟ်မဝင်စားပါ၊ သူစိတ်ဝင်စားသည်မှာ သူ့အသက် ရှင်သန်လွတ်မြောက်ရေးပင်ဖြစ်သည်၊

ခြင်္သေ့နှင့်ခေါင်းတို့က အကြိတ်အနယ် ငြင်းခုံနေကြလေသည်။

နောက်ဆုံးတွင် သူက ခေါင်းကို အလျှော့ပေးလိုက်၏။ တကယ်တမ်းဆန်းစစ်လျှင်သူ၏ပထမအကြံဉာဏ်က ပိုကောင်းသည်သာဖြစ်ပါသည်၊ ထိုအကြံဉာဏ်က ထိပ်သီးသိုင်းသမားချင်း ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်ပါသည်၊ သူတို့အဖို့ ဘေးက အခြေအနေကို စောင့်ကြည့်နေရုံပင်ရှိပါသည်၊

'ကဲ....ဒီလိုဆိုရင် နင်ပဲ စီစဉ်ပေတော့'

'စိတ်ချ....ကျွန်မပဲ စီစဉ်မယ်၊ မကြာခင်ကာလမှာ သိုင်းလောကကြီးတစ်ခုလုံး ကျွန်မတို့ခြေဖဝါးအောက် ပြားပြား မှောက်ရစေမယ်'

သူနှင့်ခေါင်းတို့ ပြိုင်တူရယ်မောကြလေတော့၏၊

ထိုရယ်သံသည် မည်မျှလိုက်လှဲ ကျယ်လောင်သနည်းဟူမူ ပန်းတစ်ရာတောင်၏ ပြတင်းတံခါးကိုပင် ဖြတ်၍သိုင်းလောက ကြီးတစ်ခုလုံးလုံးဆီသို့ ပျံ့လွင့်သွားသည်ဟု ထင်မှတ်ရလေ တော့သည်။

*

## အခန်း(၂၉)

### သတိနှင့်ပညာ အားမာန်ဝင်

ချင်းကျင်းယုံမှာ မှောင်မည်းသောအခန်းထဲ၌တစ်ယောက်တည်းရှိနေ၏။ အခန်းမှာ ကျဉ်းမြောင်းလှသည်။ သိုင်းလောကဏ်အကျဉ်းဆောင်များသည်များသောအားဖြင့် ထိုကဲ့သို့ ကျဉ်းကျဉ်းမြောင်းမြောင်းပင် လုပ်ထားလေ့ရှိကြလေသည်။

သိုင်းသမားဆိုသည်အတွင်းသိုင်းပညာ၊အတွင်းအားပညာ၊ စိတ်ကူးဒဏ်ကြံဉာဏ်တို့မှာ အလွန်ကောင်းလှသဖြင့် တော်ရုံတန်ရုံအကျဉ်းခန်းများမှ လွတ်မြောက်သွားကြသည်သာ။

ထို့ကြောင့် ကျဉ်းကျဉ်းကျပ်ကျပ် အကျဉ်းခန်းလေးများဖြင့်သာ အကျဉ်းသားကို ချုပ်နှောင်ထားတတ်ကြသည်။

ချင်ကျင်းယုံမှာ ကွမ်းယှက်တစ်ခုပါတွင် လဲလျောင်းခဲ့၏။ သူ၏ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေနွမ်းလျနေသည်ဖြစ်ရာ သူ၏အတွင်းအားများ ကုန်ဆုံးသွားဖြစ်ကြောင်း ချင်ကျင်းယုံ အကြမ်းဖျင်းသိသည်။

သူသတိ မူးမြစ်နေစဉ်အတွင်းဝေါင်းက သူ့ကျောလိုဘည် အဆိပ်မြေများကို စိတ်ကြိုက်ကျွေးထားပြီးဖြစ်ရာ ချင်ကျင်းယုံ အနေဖြင့် တာမျှတတ်နိုင်ပေ။

ဝေါင်း၏အဆိပ်ဆေးသည် သူ့အားလူသေတစ်ယောက် အဖြစ် ပြောင်းလဲမှုမဖြစ်ခဲ့သော်သည်။ နဂိုတာရှည် လူမမာ တစ်ယောက်ပမာတော့ ပြောင်းလဲပစ်ခဲ့ပေသည်။

ချင်ကျင်းယုံ သတိရလာချိန်တွင် တစ်ကိုယ်လုံး ခြစ်ခြစ် တောက်ပူလာဝင်နေပြီး ခေါင်းသည်။ အလွန်ငတ်နေသည်။

သူ့ခုတင်ပေါ်မှ ထရန်ကြိုးစားသော်လည်း အချည်းအနှီးပင် လုံးဝ မထနိုင်ပေ။

'ပုံ ကျက်ဝါ'

သူအော်ခေါ်လိုက်ပါသည်။

သူ့အသံကို သူပင်မကြားသလိုဖြစ်သွားသဖြင့် ချင်ကျင်းယုံ အကြီးအကျယ်ထိတ်လန့်သွားတော့သည်။ သူ့အားခြားနေမှာ ဆုံးဝါးလှသဖြင့် သူသည် ဤအခန်းကလေး အတွင်း၌ အသက်ဆုံးရှုံးရတော့မည်ဟု သူ့ကိုယ်သူ ထင်မြင်လာလေသည်။

သူထင်မြင်မှန်းဆမှုမှာသည်၊ မှန်ကန်ပါသည်။ ထထိုင်ရန်ပင် ခွန်အားမရှိသူ တစ်ယောက်သည် အဘယ်မှာလျှင် ဤ



အခန်းတွင်းမှ လွတ်မြောက်အောင် ကြိုးစားနိုင်ပါမည်နည်း။ ချင်ကျင်းယုံ လွန်စွာ စိတ်ဓာတ်ကျသွားရှာလေ၏။

သူ မျက်စိများကို အသာပိတ်လိုက်ရာ မျက်လုံးထောင့်မှ မျက်ရည်စက်တစ်စက် စီးကျသွားလေ၏။

သူ မျက်ခွံများပိတ်ထားသော်သည်၊ သူ အမြင်အာရုံတွင် ဖခင်ဖြစ်သူ၏ မျက်နှာ၊ ဆရာဖြစ်သူ၏မျက်နှာနှင့် အဘိုးအို တစ်ဦး၏မျက်နှာတို့ကို မြင်ယောင်လေသည်။

ယခု သူဒုက္ခရောက်နေပါပြီ။ သူ့အား ဖခင်ကလာရောက် ကယ်တင်နိုင်ပါမည်လော၊ ဆရာကကော ကယ်တင်နိုင်ပါမည် လော၊ အဘိုးကြီးကလည်း ကယ်တင်နိုင်ပါမည်လော၊ သူ ဒုက္ခရောက်နေချိန်၌ သူအလွန်ချစ်ခင်ကြည်ညိုသော ဤသုံးဦးအား လာရောက်ကယ်တင်နိုင်တော့မည် မဟုတ်ပါပေ။

'င ....မှားပြီ'

ချင်ကျင်းယုံစိတ်ထဲက ရေရွတ်မိလိုက်သည်။ သိုင်းလောက သို့ သူထွက်လာခဲ့သည်မှာ အကြီးအကျယ် မှားယွင်းခဲ့ပြီဖြစ် ကြောင်း ချင်ကျင်းယုံ နောင်တရလိုက်မိတော့သည်။

သိုင်းလောကသည် အမြဲအမိုက်ရှုပ်သဖြင့် ယှဉ်ပြိုင်သည့် လောကတစ်ခုဟု သူထင်ခဲ့သည်။ တကယ်တော့ သိုင်းလောက ၌အဆုံး မမှောင်အောက်လမ်း သိုင်းသမားတို့ရှိနေကြောင်း သူသိဖို့ကောင်းခဲ့ပါသည်။

သူ့အား ဒုက္ခပေးလိုသည့် မျှောက်ဖြူဟူကျက်ဆိုသည် မှာစစ်ပါ တော်လည်းမကောင်း၊ ကိုယ်ကျင့်တရားလည်းကောင်းသည့် အောက်လမ်းသိုင်းသမားတစ်ဦးပင် မဟုတ်ပါလော။

ချင်ကျွင်းယုံ သည် မျက်လုံးကိုဖွင့်ကြည့်လိုက်၏။ မှောင်နှင့် မည်းမည်းသာ တွေ့ရသည်။ ဘာကိုမျှမမြင်ရ။ ဖုံကျွင်ဝါ လွတ်မြောက်သွားသည်ကို သဘိရပြီး အနည်းငယ်စိတ်သက် သာရာရသွား၏။

'ဝါ...အသက်သခင် ကျေးဇူးရှင် လွတ်မြောက်သွားတာပဲ တော်လှပါပြီ'

ချင်ကျွင်းယုံ စိတ်ထဲ၌တွေးပြီးနောက် ပြန်လည်အိပ်ပျော် သွားလေတော့သည်။

* * *

လခြမ်းဓားယိကျွင်း၊ လခြမ်းဓားယိကျွင်းကို ထာဝမန်အား ဖြင့်အသက်ငယ်ငယ်ဓားသမားဟု ထင်မှတ်မိကြ၏။ သို့သော် အများထင်သလိုမဟုတ်ပါ၊ လခြမ်းဓားယိကျွင်းမှာ အသက် ခြောက်ဆယ်ခန့်ရှိနေပါပြီ။

သိုင်းလောက၏ ထိပ်သီးသိုင်းဆရာကြီး တစ်ယောက် ဆို တာတည်း၊ ထို့သူ့အသက်သည်မည်သည့် နည်းနှင့်မျှ ဝါးဆယ် အောက်မရောက်နိုင်ပါ။



လခြမ်းဓားယိကျွင်းဟူသော နာမည်ကိုကြားရုံဖြင့် သူ၏ နာမဝိသေသကိုလည်း သတိပြုမိကြမည်မှာ သေချာပါသည်။ သူ့နာမည်ကို အထူးပြုထားသည့် အရာမှာ လခြမ်းဓား ဖြစ် ပါသည်။

ယိကျွင်း၏ဓားသည် လခြမ်းသဏ္ဌာန် ကွေးကောက်နေ သောဓားတစ်ချောင်း ဖြစ်ပါ၏။ ဓားမှာလည်း ရှည်လှသည် မဟုတ်ပါ။ နှစ်ပေသာ ရှိပါသည်။

ဓားကိုဝှေ့ယမ်းလိုက်သောအခါ အေးစက်သော အငွေ့ အသက်များ လွှမ်းခြုံပါပြီး ကြောက်မက်ဖွယ်ရာ တိုက်ခိုက် နိုင်စွမ်းသော ဓားကောင်းတစ်လက်ဖြစ်ပါသည်။

ဓားကောင်းဟူသည် အခြားဓားများနှင့်မတူပါ။ ဓားရှည် ဓားနှင့် နှစ်ဖက်သွား ဓားတို့သည် ကွာခြား၏။ ဓားပုံ သဏ္ဌာန်ချင်း ကွာခြားသလို ဓားသိုင်းပညာလည်း ကွာခြား သည်။

အခြားဓားများကို ဓားကိုင်မကျွမ်းကျင်သူ တစ်ယောက် ကိုင်ချင်သလိုကိုင်ပါ။ သူ့အား ကိုင်သည့်ဓားဖြင့် ထိခိုက်ရန် အခွင့်အရေး နည်းပါးပါသည်။

ဓားကောက်မှု အကိုင်မတတ်လျှင်ကိုင်သူအား ချက်ချင်းထိ ခိုက်တတ်ပါသည်။ ထို့ကြောင့်ဓားကောက်ကို သိုင်းသမား တိုင်း သတိထားတတ်ကြပါသည်။

ယိကျွင်းသည်လခြမ်းဓားဖြင့် သူ့ရန်သူများကို အောင်မြင် ခဲ့၏။ လခြမ်းဓားသည် ထင်ပေါ်လာ၏။ ထို့ကြောင့်သိုင်း

ဧလောက၌ယီကျွင်း၏နာမသည် သူ့ဓားနှင့် အတူ ထင်ပေါ် ကျော်ကြားလာသည်။

လခြမ်းယီကျွင်း။ အသက်ခြောက်ဆယ်ခန့်ရှိပြီ။ ပျော်ရွှင် ရွှင်ရွှင်နေတတ်သော ယီကျွင်းသည် မပျော်ရွှင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာလေ၏။

သူ့အား မပျော်ရွှင်စေသော အရာမှာ စာတစ်စောင်သာ ဖြစ်ပါသည်။

လိပ်စာမှာ သူ့လိပ်စာပင်။ လခြမ်းဓား ယီကျွင်းသို့...ဟု ရေးထား၏။

သူသည် စာကိုဆွဲထုတ် ဖတ်ရှုလိုက်သည်။ ပျော်ရွှင် လန်းဆန်းသော သူ့မျက်နှာသည် ကြည်လင်သော ကောင်းကင် ကို တိမ်ညိုတိမ်မည်းအုပ်ဆိုင်းသွားသကဲ့သို့ ညှိုးမှိုင်းမှုန်မှိုင်း သွား၏။

သူသည်စာကိုဖတ်ပြီး ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက် နေ၏။ နောက်တစ်နေ့တွင်သူသည် အိမ်စေလုလင်တစ်ဦးအား မြင်းတစ်ကောင်ကို ပြင်ဆင်စေသည်။

အိမ်သားများသည် သုန်မှုန်နေသော လခြမ်းဓား ယီကျွင်း အား အမေးအမြန်း မထူဝံ့ချေ။ စိတ်ရှုပ်ဖွယ်ရာအကြောင်းအရာ တစ်စုံတစ်ရာရှိလိမ့်မည်ဟုတွေးမိကြသဖြင့် အားလုံး ငြိမ်ငြိမ် ကုပ်ကုပ်ကလေးနေကြသည်။

'ဆရာ မြင်းအဆင်သင့်ပြင်ဆင်ပြီးပါပြီ၊ လိုအပ်တဲ့ပစ္စည်း များလုံးလဲ အဆင်သင့်ပါပါတယ်'

'အေး...ကောင်းတယ်'



ယီကျွင်းသည် မည်သူ့ကိုမျှ ဘာမျှမပြောချေ၊ မြင်းစီး၍ ထွက်ခွာသွားလေ၏။ အိမ်သားများသည်ငြိမ်သက်တိတ်ဆိတ် စွာ ကြည့်နေကြရတော့သည်။

* * *

ဖုံကျက်ဝါသည် စားသောက်ဆိုင်ကလေးဆီသို့ ပြန်လည် ရောက်ရှိလာ၏။ ထိုဆိုင်တွင်ပင် ဓားကျိုးမိ ဝူဝီလျှံ၊ နိုကြီး၊ မီးဟုန်ဟွနှင့် မျောဝံမြှုဟူကျူ တို့ကို တွေ့ဆုံခဲ့ကြရလေ သည်။

'အစ်မခေါ၊ အခန်းယူချင်လို့လာ၊'

ဆိုင်ရှင်သည် ဖုံကျက်ဝါကို ကောင်းစွာ မှတ်မိ နေပေ သည်။

ဖုံကျက်ဝါသည် ချင်ကျင်ယုံနှင့် ဒတူ တည်းခိုသွား ကြောင်း ကောင်းစွာ မှတ်မိသည်။ ဆွေမျိုးတော်သူများ ဖြစ်ကြောင်းလည်း ရိပ်မိသည်။

ချင်ကျင်ယုံနှင့် ဖုံကျက်ဝါတို့သည် တစ်ခန်းစီ ငှားရမ်း နေထိုင်ခဲ့ကြသည် ဟုတ်ပါလော။

ယခု ချင်ကျင်းယုံပါမလာသဖြင့် အံ့သြနေသည်။ သို့သော် သူမ မမေးဝံ့ချေ။ မေးကောင်းသော လူမှု ကျင့်ဝတ်မဟုတ်ကြောင်း ဆိုင်ရှင်ကောင်းစွာ သိသည်။

'ဟုတ်တယ်....တစ်ခန်းယူမယ်'

ဖုံကျက်ဝါက တိုတိုပြတ်ပြတ်သာ ပြောသည်။ ဆိုင်ရှင်က ဖုံကျက်ဝါအတွက် အကောင်းဆုံး အခန်းတစ်ခန်းကို ပေးသည်။ ဖုံကျက်ဝါသည်မှု မပြောတော့။ သူမအတွက်ရသည့် အခန်းထဲသို့ တန်းဝင်ပြီး ခြေဆန့်ပစ်လိုက်မိသည်။

သူမကပန်းတစ်ရာမဟာကြားမှ ထွက်သာစဉ်က ချင်ကျင်းယုံလဲကျသွားသည်ကို မြင်လိုက်သည်။ ချင်ကျင်းယုံ အသက် သေသလား ရှင်သလား ဆိုသည်ကို သူမ မသိပါ။

မည်သို့ပင်ဖြစ်စေ ချင်ကျင်းယုံ ဒုက္ခရောက်ရသည်ကို သိသည်။

သူမကြောင့်ချင်ကျင်းယုံ ဒုက္ခရောက်ခဲ့ရသည်မှာ ငြင်းပယ်နိုင်သော အရာမဟုတ်ပေ။ ခြင်္သေ့နှင့်ဒေါင်းတို့ကို ချင်ကျင်းယုံပင် ရှုံးနိမ့်သည် ဆိုလျှင် သူမအနေဖြင့် ဘာလုပ်နိုင်တော့မည်နည်း။

သူမသည် ဒေါင်းကိုပင်လျှင် မနိုင်ခဲ့ချေ။ ခြင်္သေ့ ဆိုလျှင် ပြောဖွယ်ရာရှိတော့ချေ။ သို့ကြောင့် ခြင်္သေ့နှင့် ဒေါင်းတို့ လက်ထဲမှချင်ကျင်းယုံကို သူမအနေဖြင့် မည်သို့ကယ်တင်နိုင်ပါတော့မည်နည်း။



ချင်ကျင်းယုံ ကျန်ရစ်ခဲ့ပုံကိုတွေးမိသည်နှင့် သူမမျက်ရည်များကျခဲ့ရပြီ။ ထို့ကြောင့် ဖုံကျက်ဝါ တရှိုက်ရှိုက် ငိုမိလေတော့သည်။

သူမသည် ချင်ကျင်းယုံအတွက် မည်မျှစိတ်ခံစားရသနည်း။ သူ့ကိုယ်သူပင် သံသယအချင်စိတ် ဖြစ်ပေါ်ခဲ့ရလေတော့သည်။

'အစ်ကို ချင်ကျင်းယုံ ငါ့ကြောင့် ဒုက္ခရောက်ပြီ၊ အစ်ကို့ကို ဒုက္ခပေးတာ ငါသေသင့်တယ်'

ဖုံကျက်ဝါမှာ စိတ်ဓာတ်ပြင်းထန်သော မိန်းကလေးဖြစ်သည်။

ထို့ကြောင့် သူ့ဖခင်အား သတ်ဖြတ်သွားသူ များအား မိန်းကလေးတန်မဲ့ တစ်ယောက်တည်း လိုက်လံလက်စားချေနိုင်ခဲ့သူဖြစ်သည်။ ယခုသူမကြောင့် ချင်ကျင်းယုံဒုက္ခရောက်ပြီ တွေးတွေးမိသော အခါ သူ့ကိုယ်သူ စိတ်မာန် မထောင်နိုင်ဘဲ ကံကို အရှုံးပေးလိုသော စိတ်များ ဝင်လာ လေတော့သည်။

'အစ်ကို သေရင် ငါလဲလိုက်သေမယ်'

သို့သော်သူမသည် စိတ်ဓာတ်မာန် ပြင်းထန်သူ ဖြစ်သည့် အလျောက်ချင်ကျင်းယုံ အားကယ်တင်နိုင်မည့်အချက်ကို ချက်ချင်းစဉ်းစားမိလေ၏။

ထိုလျှင်ကြံဆ နည်းလမ်းရ၊ ဖုံကျက်ဝါ မျက်ရည်သုတ်ပြီး ထိုင်ကြံသည်။

'ဖုံကျက်ဝါ...ညည်းကြောင့် အစ်ကို ချင်ကျောင်းယုံရန်လု လက်ထဲ ကျန်ရစ်ခဲ့ပြီ၊ သူ့သေချင်မှသေဦးမှာပေါ့၊ သူ့အသက်ရှင်တောင်ရှင်နေ ဦးမှာပေါ့ ညည်းစဉ်းစမ်း ညည်းသူ့ကို ကယ်ဖို့စဉ်းစားစမ်း၊ ညည်းမတတ်နိုင်ပေမယ့် တတ်နိုင်တဲ့လူ မရှိပေဘူးလား၊ အဲဒီလူတွေသိတာအကူအညီတောင်းပြီး မကယ်နိုင်ပေဘူးလား'

ဖုံကျက်ဝါသည် သူ့ကိုယ်သူ ပြန်ပြောနေ၏။ သူမသည် ချင်ကျောင်းယုံအား ကယ်တင်နိုင်မည့်သူကို စဉ်းစား၏။ စဉ်းစား၍ရတဲ့ ဖြစ်နေရှာသည်။

ခေါင်းအေးအေးထား၍ စဉ်းစားသည်။ စိတ်ကိုလျှော့ပြီး စဉ်းစားသည်။ ထိုအခါကျမှ သူမ၏ ဦးခေါင်းထဲသို့ နာမည် တစ်လုံးဝင်လာတော့သည်။

'ချိုက်ကျောင်းဟုန်'

ပင်ရှောကောင်၏သမီး၊ ချိုက်ကျောင်းဟုန်။

အစ်ကို ချင်ကျောင်းယုံက သံယောဇဉ်ကြီးစွာ လိုက်လံရှာဖွေခဲ့သည့် ချိုက်ကျောင်းဟုန်။

အစ်ကို ချင်ကျောင်းယုံက တကယ်ချစ်၊ တသသမျှော်လင့်သော ချိုက်ကျောင်းဟုန်။

ဖုံကျက်ဝါထခုန်လိုက်၏။ အစားမခန့်မျှ ပြန်ဝင်လာ၏။ ဝါးလက်ကိုင်ရှိုးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်၏။ သူသည် စားသောက်ခန်းသို့ ထွက်လာပြီး ဟင်းလျာနှင့် ထမင်းကို မှာကြားလိုက်သည်။



အစားအသောက်ကို ခပ်မြန်မြန် စားသောက်လိုက်၏။ အစားအစာကို သွင်မြန်စွာ စားသောက် နေသော်လည်း ချိုက်ကျောင်းဟုန် အား မည်သို့ရှာဖွေရမည်ကို ခေါင်းထဲ၌ အစီအစဉ်ချနေ၏။

'ငါ...ချိုက်ကျောင်းဟုန်ကိုရှာရမယ်'

သော်မော် စာပေ
စဉ့်ကိုင်မြို့

ဆော်ဝေါ် * စာပေ
စဉ့်ကိုင်မြို့

အခန်း (၆၁)

## မိတ်ဆွေစစ်

ဖုံကျော်ဝါ စားသောက်ပုံ အသက်မဲ့ပုံကို ဘေးကကြည့်နေသူ မည်သူမဆို သိရှိနိုင်သည့် ဓားတစ်ချောင်းကိုလွယ်လျှက အစားအသောက်ကို စိတ်မပါဘဲ စားသောက်နေသူ သို့၊ သမားတစ်ယောက်ကို မည်သူမဆို စိတ်ဝင်စားမည်သာ၊

ထိုနေ့ဗ နီးသို့ စားပွဲထိုးလူငယ်တဦး ရောက်ရှိလာ၏၊

'အစ်မလေး....အစ်မလေးရဲ့မိတ်ဆွေ ဟိုဆရာလေးကော ပါမလာဘူးလား၊'

ထိုစားပွဲထိုး လူငယ်က၊ ချင်ကျင်းယုံနှင့် ဖုံကျော်ဝါတို့ အကြောင်းလေ၊ ရင်းနှီးနေသူဖြစ်၍ဆိုင်ရှင်ကဲ့သို့ လူမှုရေးတွေအား များကို စောင့်ထိန်းခြင်းမရှိဘဲ သူမေးလိုရာကို ချက်ချင်းပင် မေးမြန်း စုံစမ်းလေ၏၊

ထိုစားပွဲထိုး လုလင်ကို ဖုံကျက်ဝါကလည်း မှတ်မိသည်။ ထိုလုလင်က မေးမြန်းခြင်းကိုသည်။ ဖုံကျက်ဝါ စိတ်မဆိုးပါ—

'မင်းက ငါ့ကို မှတ်မိသားကိုး'

'မှတ်မိတာပေါ့ အစ်မလေး၊ ကျွန်တော်တို့ရဲ့ တာဝန်ကိုက ကိုယ့်ဆိုင် လာစားသောက် လာတည်းခိုတဲ့သူတွေကို မှတ်မိအောင် ကြိုးစားရတဲ့အလုပ်ပဲ'

'အေး....ငါ့မိတ်ဆွေ ပါသေးလား'

'ကျွန်တော် ကြားမိတယ်၊ ဒီလိုပြောလို့ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်၊ အစ်မလေး ဟိုပန်းတစ်ရာတောင်ကြားဘက် သွားတယ်ဆိုလားပဲ'

'ဟုတ်ပါတယ်၊ ငါတို့သွားကြပါတယ်'

'ကျွန်တော် ဒီအကြောင်းကို နောက်မှ သိလို့ပါ၊ တကယ်လို့ ကျွန်တော်သာ ကြိုတင်သိရင် အစ်မလေးတို့ကို မသွားခိုင်းပါဘူး။ ဘာဖြစ်လို့ဆိုတော့ အဲဒီမှာ သူဆိုးဓားပြပေါလွန်းလို့ပဲ၊ သွားတဲ့လူတိုင်းကို ဒုက္ခရောက်ကြတာပဲ၊ ပန်းတစ်ရာတောင်ကြားမှာ ဒုက္ခရောက်ပြီး ဒီဆိုင်မှာ လာတည်းတဲ့သူတွေ အများကြီးဆိုတော့ ပန်းတစ်ရာ တောင်ကြား အကြောင်း ကျွန်တော် ကောင်းကောင်းသိနေတာပေါ့'

စားပွဲထိုး လုလင်ကလေးက စိတ်ရင်းစေတနာစကားဖြင့် ပြောနေကြောင်း ကောင်းစွာ သိထားပေသည်၊

'ဟုတ်တယ်၊ မင်းသာ ကြိုတင် သတိပေးရင် သိပ်ကောင်းမှာပဲကွယ်၊ ခုတော့'



ဖုံကျက်ဝါမှာ ဆက်မပြောနိုင်ဘဲဖြစ်သွား၏၊ ရင်ထဲ၌ ဆို့သွား၏၊ စားမည့်ထမင်းလုတ်သည် ပြန်ကျသွား၏၊ ဖုံကျက်ဝါလက်မှ တူကို ပန်းကန်ပေါ် ပြန်ချလိုက်မိသည်။

စားပွဲထိုး လုလင်ကလေးမှာ ဖုံကျက်ဝါ၏အမူအရာကိုကြည့်ပြီး ပန်းတစ်ရာတောင်ကြား၌ တစ်စုံတစ်ခုဖြစ်လာကြောင်း ရိပ်မိသွားသည်။

'အစ်မလေး....ကျွန်တော့်ကို စိတ်မဆိုးနဲ့နော်၊ ကျွန်တော် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ၊ ကျွန်တော်က အစ်မလေးတို့ကို ခင်မင်စိတ်နဲ့ မေးမိတာပါ'

'ကိစ္စမရှိပါဘူးကွယ်၊ မင်းက စေတနာနဲ့မေးတာပဲ၊ ငါတို့က ကံခေတာပါ'

'ဘာများ ဖြစ်ခဲ့လို့လဲ အစ်မလေးရယ်'

ဖုံကျက်ဝါမှာ ကျလာမျက်ရည်များကို ထိန်းလိုက်ရ၏။

'ငါ့မိတ်ဆွေကို သူတို့....သတ်'

'သတ်ပစ်လိုက်ကြပြီလား၊ ဒီလူတွေဟာ အမြဲတမ်း ဒီလို လုပ်တာပဲ အစ်မလေးရာ၊ သူတို့အဖို့ လူသတ်တာဟာ ထမင်းစား ရေသောက်ပါပဲ အစ်မလေးရာ၊ ကျွန်တော်စိတ်မကောင်းပါဘူး'

'ဟင့်အင်း....သတ်တော့ မသတ်သေးပါဘူး၊ ဖမ်းတော့ ဖမ်းထားလိုက်ကြတယ်'

'ဟာ....တော်သေးတာပေါ့၊ တွေးပါပြီ၊ ပြန်ရွေးရမှာတဲ့လား'

'အဲဒီ ပိုတော့ မဟုတ်ပါဘူး'

'အစ်မလေး....ဘယ်လိုလုပ်မယ်ကြံထားသလဲ ကျွန်တော် အကူအညီလိုရင်ပြောပါ၊ တတ်နိုင်သရွေ့ ကူညီပါ့မယ်၊ တစ်ခု တော့ရှိပါတယ်၊ အဲဒီပန်းထိမ်ရှာတောင်ကြီးဟာ အင်မတန် ဆိုးရွားလွန်းလို့ ဘယ်သူမှ အဲဒီနေရာကို သွားမရဲဘူး'၊

ဖိုးကျက်ဝါမှာ အံ့ကြီတ်လိုက်၏။

'ဘာပဲဖြစ်ဖြစ်၊ ငါ့မိတ်တွေကိုတော့ ငါသွားကယ်ရမှာပဲ၊ မင်းကို ငါဘာစ်ခုမေးပါရစေ၊ မင်းကလူ့ပေါင်းစုံနဲ့ ဆက်ဆံ နေရတော့ အဲဒီနေရာကို သိနိုင်လို့မေးတာပါ'

'ကြည်ပြာခေါ်ဂေဟာဆိုတာ မင်းကြားဖူးတယ် မဟုတ် လား၊ ဘယ်နေရာမှာရှိလဲဟင်'

စားထိုးလုလင်ကလေးမှာ မျက်စိကိုမှိတ်၍ နားကိုစွင့်ထား သူဖြစ်၍ သိုင်းလောကသတင်းများကို အတော်အဘန်သိသာ သူဖြစ်သည်၊

သူ၏ဗဟုသုတကြောင့်ဖိုးကျက်ဝါ၏တလေးတစားမေးမြန်း ကို ခံရသည်၊ မည်သူမဆို ဗဟုသုတသူလတို့ကို သိ ထား မှတ်ထားသင့်ကြပေသည်၊

သူသည် မှတ်ဉာဏ်ကို အနည်းငယ် အလုပ်ပေးပြီးနောက် ဖိုးကျက်ဝါသိချင်သည့်အရာကို ပြောလိုက်သည်၊

'ကြည်ပြာခေါ်ဂေဟာက တော့ကြားတော့ ကျွန်တော် မှတ်မိနေပါတယ်၊ ဟူနန်နယ်မှာရှိတယ်၊ ဖိုးကျင်းပင်အယ်ကွေ့ အနီးမှာ ကြည်ပြာခေါ်ဂေဟာ ရှိပါတယ်.... 'အစ်မလေး၊ သူတို့ဟာ သိုင်းလောကမှာအတော်နာမည်ကြီးတယ်လို့ ကျွန်



တော် ကြားဖူးတယ်၊ ဘာလဲ၊ အစ်မလေးက အဲဒီကိုသွားပြီး အကူအညီတောင်းမလို့လား၊'

ဖိုးကျက်ဝါ ခေါင်းသာညိတ်ပြသည်၊ စိတ်ကောင်း၊ စေတနာ ကောင်းရှိသော စားပွဲထိုး လုလင်လေးကိုသော်၊ ကျေးဇူး တင်မိသည်၊

'အဲ့ဒီနေရာကို ဘယ်လိုသွားရသလဲ၊ ခရီးစဉ်ကိုသိချင်တယ်'

'လွယ်ပါတယ်၊ သိပ်မခက်ပါဘူး၊ ဒီကနေ နဂါးစွယ် တောင်ခြေကို ပြန်သွား၊ အဲဒီမှာ လှေဆိပ်တစ်ခု ရှိတယ်၊ ရေကြောင်းကသွားရင် ဖိုးကျင်းပင်အယ်ကွေ့ကို တန်းရောက် တာပဲ'

'ကျေးဇူးတင်ပါတယ်ကွယ်'

ဖိုးကျက်ဝါသည် ချင်ကျင်ငယ်အတွက် ပူပန်နေသူဖြစ်၍ ဘေးဘီပတ်ဝန်းကျင်ကို သတိမထားမိချေ၊ သူမသာ သတိ ထားမိလျှင် သူတို့ပြောနေသည့်စကားများကို သိသိသာသာ နားစွင့်နေသူတစ်ယောက်ကို သတိပြုမိမည်ဖြစ်သည်၊

စားပွဲထိုးလုလင်ကလေးမှာ ဖိုးကျက်ဝါသိလိုသမျှ ပြောပြ နိုင်သဖြင့် သူ့ဘာသာလည်း အလွန်ဂုဏ်ယူနေသည်၊ ဖိုးကျက် ဝါက ငွေအားထက်သန်စွာ ဆက်မေးလိုက်၏၊ စိတ်အား ထက်သန်နေသဖြင့် သူမ၏အသံသည် မှုံရင်းစွဲထက်ပို၍ ကျယ် လောင်သွားလေသည်၊

'ကြည်ပြာခေါ်ဂေဟာက ချိုက်ကျင်းဟုန်ဆိုတဲ့ နာမည်ကို ရော မင်းကြားဖူးသလား'

'ချိုက်ကျင်းဟုန်'

'ဟုတ်တယ်….ချိုက်ကျင်းဟုန်တဲ့၊ ကြည်ပြာစားဂေဟာက မင်ကျွေးကောင်ရဲ့ သမီးပဲ၊ သူလဲ သိုင်းပညာ တော်တာပဲ၊ သိုင်းသမားတစ်ဦးဆိုတော့ မင်းများကြားဖူးမလားလို့'

စားပွဲထိုးလုလင်ကလေး အံ့တော်ကြာစဉ်းစားသည်။ ထိုနာမည်သည် ခေါင်းထဲ၌ပေါ်မလာပေ။ ထို့ကြောင့်သူသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ခေါင်းကိုခါယမ်းလိုက်သည်။

'ဟင့်အင်း…. ချိုက်ကျင်းဟုန်ဆိုတဲ့ အမည်ကို ကျွန်တော် မကြားဖူးဘူး'

ထိုစဉ် အသံတစ်သံ ထွက်ပေါ်လာခဲ့တော့၏။

'ချိုက်ကျင်းဟုန်ကို ကျုပ်သိတယ်'

ဖုံကျက်ဝါနှင့် စားပွဲထိုးလုလင်ကလေးတို့သည် အလန့်တကြား လှည့်ကြည့်မိလိုက်ကြသည်။ ဖုံကျက်ဝါမှာ လွန်စွာစိုးရိမ်သွား၏။ သူတို့ပြောနေသည့်စကားများကို တစ်စုံတစ်ယောက်သောသူသည် သတိထား၍ နားထောင်နေသည် မဟုတ်ပါလော။ သူမသည် ပတ်ဝန်းကျင်ကို သတိမပြုမိခဲ့သည့် သူမကိုယ်ကိုပင် သူမကအပြစ်တင်မိ၏။

စားပွဲထိုးလုလင်ကလေးမှာလည်း မျက်လုံးပြူးသွား၏။

ဖုံကျက်ဝါက စားပွဲထိုးလုလင်ကလေးအား ရှူးခနဲလုပ်ပြလိုက်သည်။ စားပွဲထိုးလုလင်ကလေးက သိနားလည်စွာ ခေါင်းညိတ်ပြ၏။

လူဝယ်တစ်ယောက်သည် စားပွဲတစ်ခုမှထပြီး သူတို့စားပွဲရှိရာသို့ လာနေ၏။ ထိုလူဝယ်ကလက်နှစ်ဖက်ဆုပ်ကာ ဖုံကျက်ဝါကို ဂါရဝပြုလိုက်သည်။



ဖုံကျက်ဝါက စားပွဲထိုးလုလင်ကလေးအား ထွက်သွားတော့ဟုအချက်ပြလိုက်ရာ စားပွဲထိုးလုလင်ကလေးက လူဝယ်နှင့် ဖုံကျက်ဝါတို့အား ဦးညွှတ်ဂါရဝပြု၍ နှုတ်ဆက်ထွက်ခွာသွား၏။ ဖုံကျက်ဝါကလည်း လက်ကလေးနှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး….

'ကျွန်မနာမည်က ဖုံကျက်ဝါပါ၊ ရှင်က ချိုက်ကျင်းဟုန်ကို သိတယ်လို့ပြောတယ်နော်၊ သူ့ကို ဘယ်မှာသွားရှာရမှာလဲ၊ ကြည်ပြာစားဂေဟာမှာလား၊ အခြားနေရာမှာလား'

လူဝယ်၏မျက်နှာ၌ စူးစမ်းသောအမူအရာများ ပြည့်နေသည်။

'ကျုပ်… ချိုက်ကျင်းဟုန်ကို ကောင်းကောင်းသိပါတယ်'

'ချိုက်ကျင်းဟုန်ကို သိတဲ့သူကိုတွေ့ရလို့ ကျွန်မ သိပ်ဝမ်းသာပါတယ်၊ ကျွန်မ သူ့ကိုတွေ့ချင်ပါတယ်'

'ခင်ဗျား ဘာဖြစ်လို့ သူ့ကိုတွေ့ချင်တာလဲ'

'ကိစ္စရှိလို့ပါ'

'ဘာကိစ္စလဲဆိုတာ ပြောပြပါ'

'ရှင်….'

ဖုံကျက်ဝါ တွေဝေသွား၏။

'ကျွန်မတွေ့ရမယ့်ကိစ္စက အရေးကြီးတယ်'

'ကျုပ်အတွက်လဲ အရေးကြီးတာပဲ၊ ချိုက်ကျင်းဟုန်က ကျုပ်မိတ်ဆွေ၊ သူဒုက္ခရောက်မယ့် ကိစ္စဆိုရင်တော့….'

လူဝယ်က သူ့စကားကို ရပ်ထားသည်။

ဖိုးကျော်ဝါက လှိုင်ယဉ်ကို အကဲခတ်လိုက်၏။ ခကျွခကာ သား လူရိုးပုံပေါက်သည်က တစ်ကြောင်း၊ အခပြောဆို တည်တည်ကြည့်ကြည့် လေးလေးနက်နက် ရှိသည်က တစ် ကြောင်းတို့ကြောင့် ဤလှိုင်ယဉ်သည် ချိုက်ကျောင်းဟုန်နှင့် မိတ် ဆွေဖြစ်ရမည်ဟု ယုံကြည်လိုက်သည်။

'ကျွန်မ ခမ်းပါရစေ၊ ရှင်ကအခု... ချိုက်ကျောင်းဟုန်နဲ့ ဘယ်လိုပတ်သက်နေပါသလဲ'

'မိတ်ဆွေပါလို့ ပြောဖို့ပြီပဲ၊ ဘယ့်နယ် မိတ်ဆွေ ဘွဲ့ ကျုပ်ရဲ့ နားလိုက်နေတဲ့ မိတ်ဆွေပဲ'

သူ့ထက် လယ်မဖြစ်နိုင်သည့်အကြောင်း ဖိုးကျော်ဝါ သဘောပေါက်၏။

'ဝမ်းသာလိုက်တာရှင်၊ ကျွန်မမှာ ကြီးကျယ်တဲ့ အခက် အခဲကြီးနဲ့ ကြုံတွေ့နေရပါတယ်၊ ကျွန်မရဲ့အခက်အခဲကို သူပဲ စိတ်ပိုသက်ကူညီနိုင်ပါလိမ့်မယ်၊ ဒါကြောင့် သူ့ကိုကျွန်မ စုံစမ်းနေရတာပေါ့'

သူငယ်က ခပ်အေးအေးပင် မေးသည်။

'ခင်ဗျားရဲ့ကိစ္စကို ဘာတစ်ခုမှ မပြောသေးဘူးနော်'

'ပြောပါတယ်၊ ပြောပါမယ်၊ ကျွန်မရဲ့မိတ်ဆွေချင်ကျောင်း ယုံဆိုတဲ့ လူဟာ လူဆိုးသူသွမ်းတွေလက်ထဲမှာ ဖမ်းဆီးခံနေရ ပါတယ်၊ ဒီလူဆိုး-တွေက ခင်အားအင်မတန်မှ ကောင်းနေ တယ်၊ ကျွန်မတစ်ယောက်တည်းနဲ့ ချင်ကျောင်းယုံကို မကယ်နိုင် ဘူး၊ ချိုက်ကျောင်းဟုန်တစ်ကြောင်း အဲ့ဒီချင်ကျောင်းယုံပြောဖူး



ထားလို့ ကျွန်မသိနေတာ၊ ဒါကြောင့် ချိုက်ကျောင်းဟုန်သိက အကူအညီတောင်းဖို့ လိုက်စုံစမ်းနေရတာပေါ့'

ဖိုးကျော်ဝါက မြည်မြည်ကိုစုံပင် ရှင်းပြလိုက်သည်။

ထိုစကားများကို ကြားလိုက်ရသည့်အခါတွင် လှိုင်ယဉ်မှာ မျက်လုံးများပြူးလာပြီး အထိတ်တလန့်ဖြစ်သွားတော့၏၊ သူ၏ ထိတ်လန့်ပုံကိုကြည့်ပြီး ဖိုးကျော်ဝါပင် ရင်ထိတ်သွား သည်၊ ကိုလှိုင်ယဉ်မှာ ရုတ်တရက် စကားပင်မပြောနိုင်ဘဲ ဖြစ် သွားရသည်။

'ရှင်...ရှင် ဘာဖြစ်သွားတာလဲ'

'ကျုပ်...ကျုပ် ဘာမှမဖြစ်ဘူး၊ ... ချင်ကျောင်းယုံ ဘာ ဖြစ်သွားတာလဲ'

'ရှင်...ရှင့် သူလက်ထဲမှာ ကျွန်မ ရစ်ခဲ့တယ်'

'အခု ရှင်သူ့လက်ထဲမှာပဲပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

ထိုလှိုင်ယဉ်၏ စိုးရိမ်တကြီး အမူအရာကိုကြည့်ပြီး၊ ဤလှိုင်ယဉ် သည် ချင်ကျောင်းယုံနှင့်ရင်းရင်းနှီးနှီး၊ ပတ်သက်ဆက်စပ်မှုရှိသူ ဖြစ်ကြောင်း ရိပ်မိနားလည်လိုက်မိသည်။ ယခု သူမ၏ကိစ္စတွင် ဤလှိုင်ယဉ်၏အပူးပေါင်းကူညီမှုကို ... အဝရတွေ့ရမည်ဖြစ် ကြောင်း ယုံကြည်လိုက်မိသည်။ ... ကြာမှ လှိုင်ယဉ် က...

'ခင်ဗျားတို့ ဘယ်လိုဖြစ်ပျက်တာလဲ'

ဖိုးကျော်ဝါက ရှေ့ဆိုက်ကြည့်ပြီး မေးလိုက်၏။

'ရှင်က အစ်ကိုချင်းကျွင်းယုံနဲ့ သိဘာလား၊ မိတ်ဆွေလား'

လူရွယ်က မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်....

'ကျုပ်ဟုတ်သား၊ ချင်ကျွင်းယုံက ကျုပ်ရဲ့အစ်ကိုကြီးဗျ၊ ကျုပ်ကို ကျုပ်ကိုသိုင်းလောကထဲခေါ်သွားတဲ့ အစ်ကိုကြီးဗျ၊ ကျုပ်ကို သူ့ရဲ့သိုင်းပညာတွေသင်ပေးမယ်လို့ကတိပေးတဲ့ အစ်ကိုကြီးဗျ၊ လှေမှောက်သွားလို့ ကျုပ်တို့ချင်းကွဲသွားခဲ့ရတာ၊ ကျုပ်မှာ ဘယ်လောက်ပူဆွေးခဲ့ရထလဲ၊ ကျုပ်အစ်ကိုကြီးကိုကျုပ်မှ မကယ်ရင် ဘယ်သူကကယ်မှာလဲ၊ ကျုပ်အသက်ခေသချင်သေသွားပါစေ၊ ကျုပ်အစ်ကိုကြီးကိုမရရအောင် ပြန်ကယ်မယ်ဗျာ'

ထိုလူငယ်ကား ချင်ကျွင်းယုံ၊ ချက်ကျင်ဟုန်တို့နှင့် လှေမှောက်ကာ လူချင်းကွဲသွားသည့်ချူးစွန်ပင် ဖြစ်ပါလေသတည်း။

အခန်း (၆၁)

ဂိုလ္လာင်ကြုံဆနည်းလမ်းရ

မိုးသက်မုန်တိုင်းကျပြီးနောက် သူတို့သည် အသက်ကယ် လှေလေးနှင့် ခွဲထွက်လာခဲ့ကြသည်၊ ချူးစွန်သည် ချင်ကျွင်းယုံ၊ ဇူဂ်စိုးရိမ်ပြီး၊ အထင်ဆင်သတိပေးခဲ့၏၊ လှေနံကိုမြဲမြဲ ဆုံ၍ထင်ရှားနေစေ ထိပေးခဲ့သည်၊

လှေကလေး မှောက်သွားသေးအခါတွင်မူ သူတို့လူစုကွဲတကွဲစီဖြစ်သွားတော့သည်၊ ဤလူစုတွင် အသက်ရှင် သန်ခွင့် အလွယ်အလားမျှ ဆုံ ရှိသူမှာ ချူးစွန်ပင်ဖြစ်သော သာ ရှိသည်။

သူသည် ရေကူးကျွမ်းကျင်သူလှေသမား ဖြစ်ခဲ့ဖူးသည် မဟုတ်ပါလော၊ သူသည် တတ်နိုင်သမျှ ကိုယ်စောင့်ပြီးခရထဲ၌

နေခဲ့၏။ တစ်ညလုံး ရေထဲ၌မျောပါခဲ့ပြီး နောက်တစ်နေ့ နံနက်တွင် လှေသမားများက တွေ့ခဲ့သည်။

သူသည်လည်း လိုလဝီရိယ ကံကောင်းကံဖြင့် ကမ်းခြေပေါ်တင်ခဲ့သည်။ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့သည်။

ချိုက်ကျောင်းဟုန်နှင့်ချင်ကျောင်းယုံတို့ အသက်ဘေးမှ လွတ်မြောက်ခြင်းမှာ ကံကောင်းခြင်းဖြစ်၏။ ကံကြမ္မာ ဆောင်မသော အခါ ပင်လယ်သမုဒ္ဒရာထဲ ကျသော်လည်း မသေနိုင်၊ ကံကြမ္မာ ကုန်ခမ်းလွှဲသောအခါ သာမန်မြက်ရုံမြှင့်သည်း သေနိုင်သည် ဟူသော စကားအတိုင်းပင်တည်း။

ချူစွန်မှာမူကား၊ ဥတ္တမ၊ ဗီနီသသုံးခုပေါင်းမြိုးမှ အသက်ရှင်သန်ခွင့်ရခဲ့သူဖြစ်လေ၏။ သူ ရေကျကမ်း ကပ်ဖြစ်နေစဉ် ထိုအနီးအနားရှိ ရွာသားများက သူ့အားကူညီကယ်တင်ခဲ့၏။ ပြုစုစောင့်ရှောက်ခဲ့ကြ၏။ သူသည် ထိုရွာကလေးတွင် ဆယ်ရက်မျှနေထိုင်ခဲ့ရသည်။ ရွာသားများကလည်း သူ့အား ဂရုစိုက်ကြပါသည်။

ရေထဲတွင် ကြာမြင့်စွာ နေခဲ့သော ချူစွန်သည် မည်မျှ ကြံ့ခိုင်သည်ဆိုစေကာမူ အပြင်းဖျားခဲ့ရပေသည်။ သူပြန်လည် ကျန်းမာလာသောအခါ ရွာသားများက ဆက်လက် အနားယူရန် ပြောကြသေး၏။

ချင်ကျောင်းယုံနှင့် ချိုက်ကျောင်းဟုန်တို့အတွက် စိတ်ပူနေသော ချူစွန်သည် ရွာသားများ တောင်းပန်သည့်ကြား ရွာထဲ၌ မနေ



နိုင်တော့ပေ၊ ထိုရွာမှ ဆက်သွားထွက်ခွာလာခဲ့လေတော့သည်။

သူသည် ချင်ကျောင်းယုံနှင့် ချိုက်ကျောင်းဟုန်တို့ သတင်းကို လိုက်လံစုံစမ်းသော်လည်း နေရာများ လွဲနေသဖြင့် အဖြစ်မှန်ကို သိခွင့်မရတော့ချေ။ နောက်ဆုံး စိတ်ပျက်ပြီး ကြည်ပြာခမ်းဂေဟာကို ပြန်သွားခဲ့ရတော့သည်။

ဤသို့သွားခြင်းမှာ ကြည်ပြာခမ်းဂေဟာ၌ နားခိုရန် မဟုတ်ပေ။ ချူစွန်သည် တာဝီလူဖြစ်သည့် အားလျော်စွာ အားမာန်ရှိသည်။ မလာကကို ခေါင်ကျကျပြားကျကျ ချင်ဆိုင်နိုင်သည်။

သူနှင့် သူ့အစ်ကိုသည် လှေလှော်စတ်ရင်း အသက်မွေးဝမ်းကျောင်းပြုခဲ့သူများဖြစ်၍ မည်သည့် အသက်မွေးဝမ်းကျောင်း အလုပ်သည် ပင်ပန်းသည်၊ မည်သည့်အလုပ်က မပင်ပန်းဟု တွက်မနေတော့ချေ။

အလုပ်ဟူသမျှ ဂုဏ်ရှိစွဟူသော အသိမရှိသော်လည်း ဝမ်းတစ်လုတ်စားနိုင်ရေးအတွက် အလုပ်သည်သာ အဓိကဖြစ်သည် ဟူသော စိတ်မျိုးထားရှိသည့် လူငယ်ဖြစ်၏။

ကြည်ပြာဂေဟာသို့ လာရောက်ခြင်းမှာ ချင်ကျောင်းယုံနှင့် ချိုက်ကျောင်းဟုန်တို့၏ အဖြစ်ဆိုးကို ပြောပြရန်သာ ဖြစ်သည်။ သတင်းပေးရုံသာဖြစ်သည်။

သူ့ဇာတနာသည် သူ့အား အကျိုးပေးခဲ့ပေသည်။ သူ ကြည်ပြာခမ်းဂေဟာသို့ ရောက်သောအခါ ဝမ်းသာဖွယ်ရာ သတင်းကို ကြားသိရတော့သည်။

အကြောင်းမှာ ချိုက်ကျင်းဟုန်သည် သူ့ထက်အလျင်ဦးစွာ ကြည်ပြာဓာတ်ဂေဟာသို့ ပြန်ရောက်နေသောကြောင့်ပင်တည်း။ ထို့ပြင် သူမသည် ချင်ကျင်းယုံ မသေကြောင်း၊ ဓားတစ်ချောင်း ရရှိသဖြင့် နဂါးရွှယ်တောင်သို့ ပြန်လည်လိုက်သွားကြောင်း သတင်းကို ချူးစွန်သိခွင့်ရတော့သည်။ ချူးစွန်အလွန်ဝမ်းသာ သွား၏။

ချိုက်ကျင်းဟုန်လည်း မသေ၊ သူ့ဖခင်ကြီး ချင်ကျင်းယုံလည်း မသေဟုသိရသဖြင့် သူထခုန်မတတ် ဝမ်းသာမိလေ၏၊ ထိုသတင်းကြောင့် ချူးစွန်သည် ကြည်ပြာဓာတ်ဂေဟာမှ ပြန်ထွက်ခဲ့ရ၏။ နဂါးရွှယ်တောင်ခြေသို့ ချက်ချင်းပြန်လိုက်တော့သည်။

ယခုမမျှော်လင့်ဘဲ ဖုံကျက်ဝါနှင့် တွေ့တွေ့ဆိုင်ဆိုင် တွေ့ရှိခြင်းဖြစ်လေတော့သည်။ ချူးစွန်နှင့် ဖုံကျက်ဝါတို့သည် တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည်ဖြစ်သွားကြ၏။

ချူးစွန်က....

'...စမ်းပါဦးဗျာ၊ အစ်ကိုကြီး ချင်ကျင်းယုံက ရန်သူ့လက်ထဲ ဘယ်လိုကျသွားတာလဲ'

ဖုံကျက်ဝါကလည်း အကြောင်းစုံကို ရှင်းလင်းပြောပြလိုက်သည်။

'ကျွန်မအနေနဲ့ ပြန်ပြောပြသင့်တယ်၊ ကိုယ်နိုင်တာ မကိုယ်နိုင်တာအကြောင်းတော့ မပြောတော့ပါရစေ၊ ကျွန်မဘယ်လိုသွား ရှိတယ်ဆိုတာကိုတော့ အကုန်ပြောပြနိုင်တာပေါ့'



'ဟာ... ဒါတော့ ခင်ဗျားအပြစ်မရှိပါဘူး၊ အစ်ကိုကြီး ချင်ကျင်းယုံက ကိုယ်လွတ်ရုန်းပြေးနိုင်တာပဲ ဥစ္စာ၊ မမျှော်လင့်တဲ့အကြောင်းတစ်ခုကြောင့်သာ အစ်ကိုကြီး အဖမ်းခံ ပိုက်ရတာဖြစ်မှာပါ၊ တကယ်လို့ ခင်ဗျားသွားကယ်ရင် အစ်ကိုကြီးအတွက် ပိုးတောင်ဆီသွားဦးမယ်၊ ခင်ဗျားသာ အဖမ်းခံ အသတ်ခံရရင် ဒီသတင်းကို ကျုပ်တို့ဘယ်သိနိုင်တော့မလဲဗျ၊ အခုတော့ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးအတွက် ကြံဖန်နိုင်ခဲ့သေးတယ်'

ဖုံကျက်ဝါမှာ သူ့ကိုယ်သူ အပြစ်တင်နေသူဖြစ်ရာ ယခုစကားကို ကြားသောအခါ များစွာ သက်သာရာ ရမိလေသည်။

'ကဲ... ဒီလိုဆိုရင်လဲ ကျွန်မတို့ ချိုက်ကျင်းဟုန်ကိုလိုက်ရှာကြစို့'

ချူးစွန် ခေါင်းတယမ်းယမ်းဖြစ်သွား၏။ သူသည် ဖုံကျက်ဝါ၏ ချိုက်ကျင်းဟုန်ကို လိုက်လံရှာဖွေရန်ဟူသော အကြံကို သဘောမတူချေ။ အကြောင်းမှာ ချိုက်ကျင်းဟုန် ဘယ်ရောက်၍ ဘယ်နေရာ၌နေမှန်း မသိသောကြောင့်တည်း။

နေရာတိတိကျကျ မသိသဖြင့် စမ်းတဝါးဝါး ရှာဖွေရသည်မှာ အချိန်မည်မျှကုန်မည်ကို မသိနိုင်ပေ။

သူ့အနေနှင့် ချင်ကျင်းယုံကို အချိန်မီ ချက်ချင်းသွားကယ်လိုသည်။

ထိုသို့ ကယ်တင်ရာ၌ သူ့ဆိုင်းပညာ စတတ်သည်။ မဘတ် သည်ကို မတွေ့ရချေ။ ချင်းကျင်းယုံလွတ်မြောက် လျှင်ပြီးရော လူမသေလျှင် သေပါစေဟု သဘောထားသည်။

'ဟာ....ကျုပ်တို့အစ်မလေး ချိတ်ချင်းဟုန်ကို ရှာမှမတို့ တော့ပါဘူးဗျ'

ဖုံကျက်ဝါ ငိုသွား၏။

'သူမပါဘဲ ကျွန်မချည်းကယ်လို့ဘယ်ဖြစ်မလဲ'

'သူက ဘယ်မှာရှိနေမှန်းမှ မသိတာ၊ သိနေလို့ လိုက်ရှာရ တာကတင်မျိုးပေါ့၊ အခုလို ရေရေရာရာ လိုက်ရှာမနေတုန်း အစ်ကိုကြီးသေသွားရင် ဘယ်နှယ်လုပ်မလဲ၊ ဒီဒေတာခွင်များ နဲ့ကျုပ်နှစ်ယောက်ပဲ သွားကယ်မယ်၊ နှစ်ယောက်ဆိုရင်အတော် အင်အားရှိသွားပြီဗျ'

ချူစွန်သိုင်းပညာအနည်းငယ်သာ တတ်မြောက်ကြောင်း ဖုံကျက်ဝါ မသိပါချေ။

ထို့ပြင်ချူစွန်ပြောသည့်အကြောင်းပြချက်မှာလည်း သိသော် နေသဖြင့် ချူစွန်နှင့်အတူ သွားရောက်ကယ်တင်ရန် သဘောတူ လိုက်၏၊ သူမသည်လည်း ချူစွန်ကဲ့သို့ပင် သူမသေသည် ရှိ သည်မှာအကြောင်းမဟုတ်ပေ။

ချင်းကျင်းယုံအားကယ်တင်နိုင်ခြင်းသာ အဓိက ဖြစ်ပေသည်။ ချူစွန်သည်ဖုံကျက်ဝါတို့၏ တိုက်ပွဲအကြောင်း သုံးကြိမ်သုံး ခါမေး၏။

အဘယ်ကြောင့် ချူစွန် ဤသို့မေးသည်ကို ဖုံကျက်ဝါ သဘောမပေါက်ပေ။



သို့သော် ချင်းကျင်းယုံအား ကယ်တင်ရေးတွင် အခရာကျ၍ ကယ်တင်ခြင်းဟု သဘောပေါက်ထားသဖြင့် သူမကသည်။ အကြိမ်ကြိမ်ချင်းပြသည်။ ထပ်ကာ ထပ်ကာ ရှင်းပြလေ သည်။

တကယ်တော့ ချူစွန်သည် ပန်းတစ်ရာတောင်ကြားကို မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် မြင်လိုသဖြင့် ဖုံကျက်ဝါ အား အထပ်ထပ်ပြော ခိုင်းခြင်းဖြစ်သည်။

ပန်းတစ်ရာတောင်ကြားအကြောင်း သူ ကိုယ်တိုင်ကိုယ်ကျ ရောက်ဖူးသကဲ့သို့ ကြားသိပြီးသောအခါ ဆက်မမေးတော့ ချေ။

သူတို့နှစ်ယောက်သည်ထိုဆိုင်တွင်ပင် အထပ်ထပ်ဆွေးနွေး ကြသည်၊ ဖုံကျက်ဝါသည် ချူစွန်၏ စိတ်အားထက်သန်မှုကို မြင်ရသောအခါ အလွန်တရာအားတက်သွားသည်။ ချင်းကျင်း ယုံအား မုချ ကယ်တင်နိုင်လိမ့်မည်ဟုလည်း ယုံကြည်လာမိ သည်။

ချူစွန်သည် အတွေးနက်နေ၏၊ ချင်းကျင်းယုံအား ကယ် တင်ရန် ကိစ္စတွင် သူသည် သူ စိတ်ကူးနိုင်သမျှ ကြံညာဏ် အားလုံးကို ဆွန်မှုန့် ထုတ်သုံးနေသည်။

ပန်းတစ်ရာတောင်ကြားသို့ ကုန်သည်များ ဖြတ်သွားကြ ကြောင်း သူသိရှိခဲ့သည်။ သူသည်လည်း ပန်းတစ်ရာတောင် ကြားသို့ ကုန်သည် အဖြစ် ဟန်ဆောင် မသွားနိုင် ပေဘူး လား။

ပန်းတစ်ရာ ထောင်ကြီးသည် ခြသေ့နှင့် ဒေါင်း တို့၏ တစ်ခုတစ်ခုဖြစ်သဖြင့် ရန်သူများ အထိပ်တိုက် ချင်ဆိုင်ရန်တော့ မဖြစ်နိုင်ချေ။ မိမိတို့ဘာ ဖိုးကျော်ဝါနှင့်မိမိ ပါရှိသည်မဟုတ် ပါလော။ ချူစွန်သည် လေ့လာလေ့ကျက်ထားသော သားလေးသော ဖြစ်သောသည်။ ဆင်ခြင်တုံတရားတော့ ရှိသည်။

ပန်းတစ်ရာနန်းတော်သို့ ဥပါယ်တံမျဉ်ဖြင့် ဝင်ရမည်ကို သူသိပေသည်။

'ဒီမှာ ဖိုးကျော်ဝါ၊ ပန်းတစ်ရာထောင်ကြီးနဲ့ ပန်းတစ်ရာ နန်းမတော်ကို ကျုပ်တို့အရောက်သွားကြမယ်၊ ဟိုကျမှ မီးစင် ကြည့်ကမယ်၊ နည်းလမ်းရှာမယ်၊ ကျုပ်တို့ ကုန်သည်ဟန် ဆောင်ပြီး အထဲကိုဝင်မယ်၊ အထဲကို ရောက်ရင် ဘာလုပ် သင့်တယ်ဆိုတာ ထပ်စဉ် စားမယ်'

ကုန်သည်ဟန် ဆောင်မည်ဆိုသဖြင့် ဖိုးကျော်ဝါ လန့်သွား သည်။

ခြသေ့တို့လူစုသည် လူများကို မစစ်ဆေးဘဲ လွှတ်မည် မဟုတ်ချေ။ စစ်ဆေးလျှင် သူမျက်မှတ်မိမည်ပင်။ ကယ်ဘင်ပြီး အကျိုးရှိရှိ အဖမ်းခံလျှင် အကြောင်းမဟုတ်။ မကယ်တင်နိုင်မီ အဖမ်ခံရလျှင် အကျိုးမရှိချေ။

'မဖြစ်နိုင်ဘူးထင်တယ်'

'ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ၊ ကုန်သည်တွေ ဥဒဟိုသွားနေ တာပဲ သူ့တို့ကိုဆ ... ပေးလိုက်ရင်ပြီးတာပဲ'

'ဆက်ကြေးက အကြောင်းမဟုတ်ဘူး၊ ကျွန်မက အဲဒီမှာ အုတ်အော်သောင်းတင်းထိုက်ခိုက် ပါခဲ့တာ၊ ကျွန်မကို သူတို့



တောင်းကောင်းမှတ်မိတယ်၊ အစ်ကိုချင်ကျောင်းယိုကို ကျွန်မက် လာကယ်တယ် ဆိုတာ သူတို့ရိပ်မိသွားရင် မကောင်းဘူး'

'ဒါလဲ ဟုတ်တာပဲ'

'ကျွန်မကြောက်လို့မပြောတာမဟုတ်ပါဘူး၊ အစ်ကို အတွက် ကျွန်မအသက်စွန့်ရဲပါတယ်၊ မကယ်နိုင်ဘဲအချည်းနှီးဖြစ်သွား မှာစိုးလို့ပါ'

'ကျုပ်ယုံပါတယ်၊ ဒီအတွက်ကစ်မျိုး ကြံရမှာပေါ့'

'ရှင် ဘယ်လိုစိတ်ကူးသလဲ'

'ခင်ဗျားသင့်လျော်တဲ့ တစ်နေရာရာမှာ စောင့်နေပေါ့၊ ကျုပ်ကုန်သည်အဖြစ်ဟန်ဆောင်သွားမယ်'

'ဟာ...ရှင်တစ်ယောက်တည်းသွားလို့မဖြစ်ပါဘူး'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ'

'သူတို့က ထောင်ကြီးတစ်ခုလုံး အင်အား ရှိနေတာ'

ချူစွန်ရယ်လိုက်၏။

'စ ကတည်းက ကျုပ်တို့ကသူတို့ကို စစ်တိုက်သလို သွား တိုက်တာမှ မဟုတ်တာ၊ ပရိယာယ်နဲ့ ဝင်တာပဲဗျာ'

ဖိုးကျော်ဝါသည် ချူစွန် တစ်ယောက်တည်း သွားမည်ကို သဘောမတူချင်ပေ။ သဘောမတူဟုဆိုသော်လည်း သူမလိုက် ပါသွားလျှင်သည်း မဖြစ်နိုင်ပြန်ချေ။

ချူစွန် အားအာင်းအကျပ်တွေးလျှင်လည်း ချူစွန်ကလက်ခံ မည်မဟုတ်ချေ။ ဆက်တားလျှင် သူ့ရှုမ်းရည်သူ့ အကြံဉာဏ်ကို မယုံကြည်ရာ ရောက်သွားရာရောက်နိုင်ပေသေးသည်။ ထို့ကြောင့် ဖိုးကျော်ဝါ ဆက်မတားတော့ချေ။

သို့သော် သူမ၏ မျက်နှာ၌ စိုးရိမ်သော မျက်နှာထား ပေါ်နေသည်။

ဤသည်ကို ချူးစွန်က ရိပ်မိ၏၊

'ခင်ဗျားတစ်ခုခုပြောချင်သလိုပဲ၊ ဘာများပြောချင်လို့လဲ၊ ပြောစရာရှိရင် ပြောပါဗျ၊ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်ပဲ တိုးတိုးတိုင်ပင်ပင်ဆုပ်ရမှာ'

ဖုံကျုံဝါက ခေါင်းခါ၏၊

'ရှင် ကုန်သည်အဖြစ် ဟန်ဆောင်ချင် ဟန်ဆောင်ပါ၊ သတ္တိနဲ့ဖို့တော့လိုလိမ့်မယ်၊ ဒီဘည်းခိုဆိုင် ပိုင်ရှင်က ကျွန်မတို့ပေါ် ခင်ခင်မင်မင် ရှိအယ်ဆိုတော့ သူ့အကူအညီ ယူပြီးမြဲသည့်နဲ့ ခေါင်းတွေကိုလက်ဆောင်ပေးဖို့ကိုလဲ့ စီစဉ်သွားသင့်တယ်'

ချူးစွန်က အကြံတိုက်လိုက်၏။

'လုပ်ရမှာပေါ့၊ ဒါကိုတော့ခင်ဗျားပဲစီစဉ်ပေးပါ၊ အစ်ကိုကြီးကို မရရအောင် ကယ်မယ်လို့ သန္နိဋ္ဌာန် ချထားပါတယ်၊ သတိတော့ ထားရမှာပေါ့ဗျာ၊ ရနယ္ နယ်ထဲကိုဝင်ရမယ့်ကိစ္စပဲ'

ချူးစွန်၏ ရဲဝံ့သော စကားကို ကြားလိုက်ရသော အခါ ဖုံကျုံဝါ မှာရင်လျှံ၌ဆို့နင့်သွား၏၊ မဖော်ပြနိုင်သောဝေဒနာ တစ်ရပ်ကိုလည်း ခံစားလိုက်ရသည်၊

ချင်ကျင်းယုံသည် ရိုးသားသော၊ ရဲရင့်တည်ကြည်သော၊ ပြောင်မြောက်နိုင်ကြည်သော လူတစ်ယောက်ဖြစ်ကြောင်း၊ သူမ



သိရှိခဲ့သည်၊ သူ၌သူကဲ့သို့ပင် ရိုးသားပြီး၊ သူ့အတွက် အသက်စွန့်ဝံ့သော မိတ်ဆွေများ၊ ရှိကြောင်းကိုလည်း ယခုသိရပြီ၊

သူမ၏ ဘဝတွင်၊ ချင်ကျင်းယုံ၏ ဘဝနှင့် ခြားနားလေစွ....။

သူမ၏ဘဝတွင် ဤသို့အသက်ပေးကူညီမည့်မိတ်ဆွေများကို လုံးဝမတွေ့ခဲ့ရပါ၊

ချင်ကျင်းယုံကိုသူမအားအသက်ပေး ကူညီသူအဖြစ် ပထမဆုံးတွေ့ရပြီ။ ယခု ချင်ကျင်းယုံ၏ မိတ်ဆွေကို ဒုတိယတွေ့ရလေပြီ။

'ကဲ....ကျုပ်သွားမယ်၊ ခင်ဗျားကတော့ ဒီမှာပဲနားလက်စနဲ့နားလိုက်ပေါ့၊ လိုအပ်တဲ့ ပစ္စည်းတွေကို ဒီကဆိုင်ရှင်နဲ့ စီစဉ်ထားပါ၊ မနက်ကျတော့ ကျုပ်လာခဲ့မယ်'

ချူးစွန်သည် နှုတ်ဆက်ပြီးဆိုင်ထဲမှထွက်ခွာသွား၏၊

ဖုံကျုံဝါ ဝမ်းနည်းမနေတော့ပေ၊ သူမအဖော်မဲ့တစ်ကိုယ်တည်း မဟုတ်တော့ပေ၊

ယခုချင်ကျင်းယုံအား လဝ်တဲ့ကယ်တင်မည့် မိတ်ဆွေတစ်ယောက်ရရှိနေလေပြီ၊

သူမသည်ဆိုင်ရှင်ထံမှ အကူအညီ တောင်းရန် ဆိုင်ရှင်ကို လိုက်လံရှာဖွေရလေတော့၏၊

# အခန်း (၆၂)

## နန်းတော်ဝင်ရန် သူ့အကြံ

နေဝန်းနီနီသည်အရှေ့ဘက်အဝေးမှ မြူထွက်တောတောင်၏ ပွင့်နွှဲနေသော နေရောင်ခြည်များသည် ဝတ်ရုံကြီး ဖြန့်လိုက်သကဲ့သို့ မြေပြင်တစ်ခုလုံးကို ပွင့်နွှဲမှုဖြင့် လွှမ်းခြုံလေ၏။

အမှောင်ထုက အရှုံးပေး နောက်ဆုတ်သွားခဲ့ချေပြီ။

အလင်းရောင်ပေါ်လာသည်နှင့် လူထုတို့သည် လှုပ်လှုပ်ရှရှဖြင့် လုပ်ငန်းစကြလေတော့၏။ စားသောက်ဆိုင်၏နောက်ဘက် မြင်းဇောင်းတွင် ဖိုးကျော်ဝါနှင့် ချစ်စုန်တို့သည် သူတို့၏မြင်းများကို ပြင်ဆင်လျက်ရှိကြ၏။

ဖုံကျက်ဝါသည် သိုင်းလောကအတွေ့အကြုံ ရှိသူဖြစ်ရာ သူတို့၏ မြင်းများတွင် ရိက္ခာခြောက်များကိုပါ တစ်ဆောင်သွား၏။ ကုန်သည်နှင့်တူစေရန် မြင်းအပိုတစ်ကောင်နှင့် ထိုဒေသ၌ အသုံးများသော ကုန်အချို့ကို သယ်ဆောင်သွားရန် ချူစွန်အား သတိပေးသည်။

ချူစွန်သည် ဖုံကျက်ဝါကို လွန်စွာကျေးဇူးတင်သွား၏၊ နေမင်းမဲ့သွားလျှင် ပန်းတစ်ရာဘောင်ကြားမှ လူများကသတိပြုမိသွားနိုင်သည်၊ အစစအရာရာ သေချာစေ့စပ်မှ တော်ကာကျပေမည်။

ဖုံကျက်ဝါနှင့်ချူစွန်တို့သည် ကိုယ်စီစီးနင်းသော မြင်းအပြင် ကုန်အချို့ကိုတင်ဆောင်ထားသည့် မြင်းတစ်ကောင်နှင့်အတူ ပန်းတစ်ရာ ဘောင်ကြားသို့ ခရီးထွက်လာကြလေသည်။

လမ်းခရီးတွင် ပန်းတစ်ရာဘောင်ကြားသို့သွားသည့်ခရီး လမ်းကြောင်းကို ဖုံကျက်ဝါက ရှင်းပြ၏။ ဒေသကျွမ်းကျင်သော ချူစွန်က အခက်အခဲကြုံပါက အကူအညီရစေရန်ဖြစ် ပေသည်။

'ပန်းတစ်ရာဘောင်ကြားမရောက်ခင် ရွာကလေးတစ်ရွာရှိ တယ်၊ ဒီရွာကလေးက လယ်သမားတွေဟာ ဘောင်ယာ အလုပ်၊ မုဆိုးအလုပ်နဲ့ အသက်မွေးကြတယ်၊ တကယ်ဆိုရင်အဲဒီ ရွာကလေးဟာ ကုန်သည်တွေနားခိုဖို့ အချက်အချာကျတဲ့ရွာ ကလေး ဖြစ်တယ်....။



'ဒါပေမယ့် ရွာကလေးဟာ သာမန်ပဲ စည်ကားတယ်၊ အကြောင်းကတော့ ခြံသယ်နဲ့ ဒါင်းဟာ သူတို့တောင်ကြား မှာ ဆိုင်တွေကန့်ခွဲ၊ အတွေ တည်ဆောက်ထားကြလို့ပဲ၊ ကုန်သည် တွေဟာ ပန်းတစ်ရာဘောင်ကြား ရောက်တော့မှပဲ နားကြ တော့တယ်'

ဖုံကျက်ဝါက ရှင်းပြသွား၏၊ သူမပြောသည့်အတိုင်း ထို ရွာကလေးသို့ ရောက်လာသောအခါ ရွာသူရွာသားများ၏ မျက်နှာအမူအရာမှာ ရိုးသားဖြောင့်မတ်ဟန် ပေါ်လွင်နေ သဖြင့် သူတို့သည် ထိုရွာကလေး၌ ခေတ္တနားခိုရန် ဆုံးဖြတ် လိုက်ကြလေတော့၏။

ရွာကလေးမှာ အိမ်ခြေဝါးဆယ်ခန့်သာရှိ၍ ရွာသိမ် ရွာ ငယ်ကလေးဖြစ်သည်။ ယောကျ်ားသားများမှာ လုပ်ငန်းခွင် ဝင်နေကြသဖြင့် မိန်းမသားများနှင့် ကလေးများသာ ရှိကြ သည်။

ယောကျ်ားသားအချို့ ရှိသော်သည်၊ ဖုံကျက်ဝါတို့ကို မျှမျှငှာငှာ အကြည့်များဖြင့်ပင် ကြည့်ရှုကြသည်။

ချူစွန်တို့သည် အိမ်ကလေးတစ်လုံးရှေ့တွင် ရပ်နားလိုက် သည်။ ထိုအိမ်တွင် တစ်ညတာတည်း ခိုခွင့်ပြုပါသည့် အကြောင်း တောင်းပန်ပြီး ငွေအချို့ပေးလိုက်ရာ ထိုအိမ်မှအဘွားအိုက လွယ်လွယ်ကူကူပင် လက်ခံသည်။

ချူစွန်သည် မည်သည့်နေရာသို့ခရီး ဆက်မည်ကို မေးမြန်း ရာ ချူစွန်က ပန်းတစ်ရာဘောင်ကြားကိုဖြတ်၍ အရှေ့ဘက

မြို့ရွာများသို့ ကုန်ကူးမည့်သူ ဖြစ်ကြောင်း၊ ရှင်းပြလိုက်ရာ အဘွားအိုက ပို၍ကျေနပ်သွားသည်။

အချို့သော ကုန်သည်များ ဤရွာကလေး၌ ကြိုတင်နားခိုခြင်း မြင်ဖူးသဖြင့် ချူစွန်တို့ရောက်လာခြင်းအတွက် သူတို့အဖို့ မထူးဆန်းလှတော့ပေ။

* * *

သို့သော် တကယ်တမ်းတွင်မူ ဤရွာ၌ ချူစွန်ရောဖုံကျက်ဝါပါ မနားခိုကြပေ။ အစီအစဉ်အရ ဖုံကျက်ဝါကို ပန်းတစ်ရာတောင်ကြားနှင့် မနီးမဝေး ဤရွာ၌ထားခဲ့ခြင်း ဖြစ်သည်။

ချူစွန်ထွက်ခွာသွားသောအခါ အဘွားအိုအံ့သြသွားလေသည်။

မည်သို့မျှ ကန့်ကွက်ခြင်းမပြုပေ။

အဘယ်မှာ ကန့်ကွက်မည်နည်း။ သူမ၏အိမ်၌ မိန်းမသားတစ်ယောက်တည်း ကျန်ရစ်ခဲ့ရာ သူမ၏အိမ်အဖို့ ပို၍လုံခြုံစိတ်ချရသည် မဟုတ်ပါလား။



'ဒီသူငယ်က ရှေ့ခရီးဆက်မှာလားကွယ်'

အဘွားအိုက ဖုံကျက်ဝါအား မေးလိုက်၏။

'ဟုတ်ပါတယ်၊ သူက ကျွန်မအစ်ကိုပါ၊ ပန်းတစ်ရာတောင်ကြားကို မဖြတ်ဖူးတော့ သူက ကျွန်မကို ခေါ်မသွားချင်ဘူး၊ ညီလေးတစ်ယောက်ပဲ ရှိတာဆိုတော့ မွဲတစ်ပေါက်အစွန်းမခံချင်ဘူးလေ'

ဖုံကျက်ဝါက အခြေအနေနှင့်လိုက်လျောညီထွေစွာပြောလိုက်၏။

အဘွားအိုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

'မှန်တာပေါ့ကွယ်၊ သိပ်မှန်သပေါ့၊ ဒီပန်းတစ်ရာတောင်ကြားဆိုတာက မိန်းကလေးတွေ ဖြတ်သန်းသွားလာသင့်တဲ့နေရာမဟုတ်ဘူးကွယ့်'

အဘွားအိုသည် ပန်းတစ်ရာတောင်ကြားမှခြသေ့နှင့် ဓါးပြတို့၏ ဆိုးရွားရက်စက်ပုံများကို တီးတိုးပြောပြ၏။

ထို့နောက် ဘေးဘီကိုကြည့်ပြီး....

'သမီး ... ဒီအကြောင်းတွေကို ငါကပြောတယ်လို့လျှောက်မပြောနဲ့ဦးနော်၊ ငါတို့ အသက်ကြီးမှ ဒုက္ခရောက်နေပါဦးမယ်'

ထိုအချိန်၌ ချူစွန်ကား ပန်းတစ်ရာတောင်ကြားသို့ ဦးတည်ခရီးသွားနေလေပြီ။

၁၃

ချူစွန်အား တကယ့်ပင်တွေ့ခဲ့ပင်။ သူ့အသက်အတွက်စိုးရိမ် စရာ ညီးငယ်မျှပင် မရှိချေ။ ဖုံကျက်ဝါပါမလာသည့်အတွက် အားငယ်မှုလည်း မရှိချေ။

ဤသို့ ခရီးဖြင့် နှင်လာခဲ့ရာ နောက်ဆုံး ပန်းတစ်ရာ တောင်ကြားသို့ ဆိုက်ရောက်လာသောအခါ၌ သူသည်ပန်း တစ်ရာ တောင်ကြား၌ ဝိုက်အုပ်သားနေသော ဆိုးဘုတ်ကို တွေ့ ရှိရသည်။

မော်ကြည့်ပြီးနောက် တောင်ကြားထဲသို့ ရှု မြဲရပင် ဝင်လာခဲ့သည်။ တောင်ကြားမှာ သူ့အဖို့ မထူးဆန်းတော့ ချေ။

ဖုံကျက်ဝါအား အထပ်ထပ်အကြိမ်ကြိမ် မ မြိန်းထား ခဖြင့် ဈေးသည်များ၊ ဈေးဆိုင်များနှင့်ဇရပ်တို့တည်းနေပုံကို သူမြင်တွေ့ဖူးပြီးသကဲ့သို့ပင် ဖြစ်နေသည်။

ဈေးသည်များသည် သူ့အား စူးစမ်းသောမျက်လုံးများ ဖြင့် ကြည့်နေကြတော့သည်။ ချူစွန်ကဂရုမစိုက်ဘဲ သူ့ခရီးကို သာ ဆက်ခဲ့လေ၏။

တကယ်တော့ ထိုဈေးသည်အားလုံးမှာ ခြင်္သေ့နှင့်ခေါင်း တို့၏ တပည့်တပန်း များသာဖြစ်ကြသည်။

တောင်ကြားလမ်းကို တဖြည်းဖြည်း ကျော်ဖြတ်လာရာ မြင်မှားဖွယ်ကောင်းသော တစ်ဖက်တစ်ချက်မှတောင်ကမ်းပါး ကြီးများ တဖြည်းဖြည်းနိမ့်ဆင်းလာ၏။

ထိုသို့သောမှ တောင်ကြားလမ်း တဖြည်းဖြည်း ကျယ်ဆုံး လာသည့် ထင်တောဖြစ်၏။



ချူစွန်သည် တောင်ကြားအဆုံး ကုန်းမြင့်ပေါ်၌ ကြီး မားလှသော အဆောက်အအုံကြီး တစ်ခုကို တွေ့ရှိရ၏။ ထိုအဆောက်အအုံကြီးကား ခြင်္သေ့နှင့်ခေါင်းတို့၏ ပန်းတစ်ရာ နန်းတော်ကြီးဖြစ်သည်။

ထိုနန်းတော်ကြီးမှာ သန့်ရှင်းဖြူစင်သော နန်းတော်ကြီး မဟုတ်ပါ။ ဓားကြောင်းများ၊ ခိုးဆိုးလုယက်တိုက်ခိုက်၍ ရ ထားသော ရွှေငွေကျောက်သံပတ္တမြားဖြင့် တည်ဆောက် ထားသော နန်းတော်ကြီး ဖြစ်၍ စင်ကြယ်သော နန်းတော် ကြီးတော့ မဟုတ်ပါပေ။ ချူစွန်ရင်ခုန်သွားသည်။

'အင်း....အစ်ကိုကြီးချင်ကျွင်းယုံကို ဖမ်းထားရင် ဒီနန်း တော်ထဲမှာပဲဖမ်းထားမှာ သေချာတယ်၊ ဒီကစပြီး ဝါသတိ ထားရတော့မယ်'

ချူစွန်သည် မှင်သေသောမြင်းပေါ်မှ မြင်းကိုခပ်မှန်မှန်စီးသွား၏။ ကုန်းတင်ထားသော နောက်မှမြင်းကြီးတလည်း ခပ်မှန် မှန်ပင် လိုက်နေသည်။

ဤသို့ဖြင့် သူပန်းတစ်ရာ နန်းတော်အနီးသို့ ရောက်လာ သည်။

ပန်းတစ်ရာနန်းတော်၏ရှေ့ သစ်ပင်များအကွယ်မှ လူရိပ် များ ခုန်ထွက်လာသည်။

'ရပ်လိုက်....'

လူနှစ်ယောက်သည် ပန်းတစ်ရာနန်းတော်၏အစောင့်များ ဖြစ်ကြောင်း သံသယရှိရန် မလိုပါချေ။ ထိုနှစ်ယောက်လက် ထဲတွင် လှံရှည်များကိုင်ဆောင်ထားကြ၏။ ထိုလှံရှည် နှစ်

ချောင်း၊ ချူစွန်ရင်ဝနှင့် လက်မအနည်းငယ်အကွာတွင် ရပ်တန့်သွား၏။ သူ့နောက်တွင် အစောင့်ဆယ်ယောက်ခန့် ပါသည်။

* * *

ရှေ့မှ အစောင့်နှစ်ယောက်သည် ချူစွန်ကို အကဲခတ်ကြည့်သည်။

သူတို့ တွေ့ဖူးသောကုန်သည်များ အတိုင်းပင် အဝတ်အစားက မသပ်မရပ်ရှိနေ၏။ နောက်မှ မြင်းတွင်လည်း ကုန်ပစ္စည်းများက တွဲလွဲတွဲလောင်းပါရှိနေ၏။

'ဟောင်ကြ... ...ပမ် ဆို... ...င် နန်းတော်ဘက်ကပ်မသွားရဘူး ဆို... မင်းမသိဘူးက'

'ဗျာ...ဘာ...မှာ... လမ်းခွဲရှိသေးလို့လဲဗျာ'

'ဟိုမှာ မတွေ့ဘူးလား'



ချူစွန်ကြည့်လိုက်၏။ တစ်ဖက်တောင်ကုန်းအဆုံးသို့ကွေ့သွားသည့်လမ်းကြောင်း၊ တစ်ကြောင်းကို တွေ့လိုက်ရသည်။ ထိုလမ်းတွင် ရှေ့ဆက်သွားရန် မြားတစ်စင်းကိုဆိုင်းဘုတ်ဖြင့် ဆွဲထားပြီး သူလာသည့် သစ်ပင်များအကြားတွင်မူ ပန်းတစ်ရာ နန်းတော်ဟူသည့် စာလုံးကြီးကြီး ဆိုင်းဘုတ်ကြီးကြီးကိုတွေ့ရသည်။

ချူစွန်က အစောင့်များကို ဂါရဝပြုလိုက်၏။ အစောင့်များသည် ချူစွန်၏အပြုအမူကြောင့် အနည်းငယ်စိတ်ကျေနပ်သွားကြ၏။ ချူစွန်ရှင်းပြသည့် စကားကို ကြားရသည့်အခါတွင်မူ တင်းမာသည့် စိတ်ထားများလုံးဝမရှိတော့ချေ။

ချူစွန်က....

'ကျုပ်ဟာ ကုန်သည်တစ်ယောက်ဖြစ်ပေမယ့် ဒီပန်းတစ်ရာတောင်ကြီးကိုတော့ တစ်ခေါက်မှ မမြင်ဖူးပါဘူး။ တရုတ်ပြည်အရပ်ရပ်ကတော့ ကျုပ်ကူးဖူးပါတယ်။ ဒီလိုကုန်ကူးတိုင်း နယ်ရှင်ပယ်ရှင်မြို့စား နယ်စားကြီးတွေကိုဝင်ပြီး ဂါရဝပြုခဲ့တာ ကျုပ်အဖို့ကတော့ ရိုးနေပါပြီ။ အခုပန်းတစ်ရာတောင်ကြီးကို ကျုပ်ဝင်လာတော့ တစ်ဖက်မှာ လမ်းခွဲရှိမှန်းမသိပါဘူး။ သိလဲဒီနန်းတော်ဘက်ကိုအရင်ဝင်မှာပါပဲ။ အကြောင်းကတော့ ဒီပန်းတစ်ရာ တောင်ကြီးရဲ့ အရှင်သခင်တွေကို ဂါရဝပြုဖို့ပါ။ ဒါမှလည်း ကျုပ်အဖို့ နောင်မှာ ဒီခရီးလမ်းကို ကြည်ကြည်ဖြူဖြူ အသုံးပြုခွင့်ရတော့မှာပေါ့ဗျာ'

အစောင့်များ၏ လှံရှည်များသည် အောက်သို့ပြန်ကျသွားသည်။

အစောင့်တစ်ယောက်က…

'မင်းဘာကုန်ကူးတာလဲ၊ ဘာကုန်တွေ သယ်ဆောင်လာသလဲ'

ချူးနွန်ထိတ်သွား၏။ ချူးနွန်တုန်လှုပ်မှုကိုထိန်းချုပ်ရင်း…

'ကုန်တွေတော့ပါပါတယ်၊ ပန်းဝစ်ရာ တောင်ကြားက အရှင်သခင်တွေကို ပေးမယ့်လက်ဆောင်တွေက ပိုများတယ်။ ကျုပ်က အဲဒီလက်ဆောင်တွေကို ထုတ်ပြနေရဦးမှာလား။ ပြရိုးရင်လဲ ပြရမှာပေါ့ဗျာ၊ ကျုပ်အဖို့ဝန်မလေးပါဘူး၊ သေသေချာချာထုပ်ထားတဲ့ပစ္စည်းတွေ ကွဲရှကုန်ရင်သာ ခင်ဗျားတို့ စစ်ဆေးလို့ ထုတ်ပြရင်း ကွဲရှကုန်တဲ့အကြောင်း၊ ပန်းဝစ်ရာ အရှင်သခင်တွေကို ခင်ဗျားတို့က ဝင်ကူပြောပေးပါ'

ထိုစကားကိုကြားရသောအခါ အစောင့်များ တွန့်သွားသည်။

ကုန်သည်များ ရောင်းဝယ်မည့်ပစ္စည်းများ ဖြစ်ချင်လည်း ဖြစ်ဖြစ်၊ သူတို့မှာနောက်ရှာဖွေရဲသော်လည်း ခြင်္သေ့နှင့်ခေါင်းတို့အား ပေးမည့်ပစ္စည်းများပျက်စီးသွားမည်ကိုတော့ ကြောက်ရွံ့ကြသည်။

ခြင်္သေ့နှင့်ခေါင်းတို့မှာ စိတ်မှန်သူများလည်း မဟုတ်ကြပေ၊ စိတ်ထောင်လျှင် တပည့်ရင်းများကိုပင် သတ်ပစ်တတ်ကြသဖြင့် အစောင့်များလန့်နေကြသည်။

ထို့ပြင် ချူးနွန်၏ပုံသဏ္ဍာန်မှာလည်း ကုန်သည်ပုံပေါက်ပေသည်။



တပည့်ဘပန်းအဖော်အလုပ်ရှိ၍ တစ်ယောက်မျှမပါသဖြင့် ဤတစ်ယောက်တည်းဖြင့် ပန်းဝစ်ရာတောင် အားရန်ပြုမည်သူဟု မယုံမှတ်နိုင်ပေ။

'ကျုပ်အောက်ဆင်းပါရစေ'

ချူးနွန်က ခွင့်တောင်းသဖြင့် အစောင့်တစ်ယောက်ကလက်ပြ ခွင့်ပြုလိုက်၏။

ချူးနွန်သည် အပိုမြင်းပေါ်မှ တင်ဆောင်လာသည့် အထုပ်တစ်ထုပ်ကို နှိုက်ယူလိုက်ရာ အထည်ပိတ် တစ်ဆယ့်နှစ်စ ပါလာသည်။ သူသည် အစောင့်နှစ်ယောက်ကို ဂါရဝပြုပြီးနောက် အထည်ပိတ်စများကို လှမ်းပေးလိုက်သည်။

'ဒါ…ကျုပ်ရဲ့လက်ဆောင်ပါ ခင်ဗျားတို့အားလုံးအတွက်ပါ၊ ဒီတစ်ခါတော့ ဒါနဲ့ကျေနပ်ပါ နောက်တစ်ခေါက်ဆိုရင် ဒါ့ထက်ကောင်းတာတွေကို လက်ဆောင်ပေးပါဦးမယ်'

တကယ်တော့ ဤပိတ်စီအမံမှာ ဖုံကျွက်ဝါ၏အစီအမံဖြစ်ပါသည်။

သည် ညီနိုင်ငံပိုင်ရှင်ထံမှ အကူအညီတောင်းပြီး စီစဉ်ထားခြင်းဖြစ်သည်။

ချူးနွန်အကြံအစည် အဆိုလျှင် သူသာ ကုန်သည်သဏ္ဍာန် ရုပ်ဖျက်လာမည်ဖြစ်ပြီး တကယ့်ပစ္စည်းမှ ပါလာမည် မဟုတ်ပါ၊ သည်ပစ္စည်းများကို ဖုံကျွက်ဝါ စီမံပေးထားခြင်းဖြစ်ပါသည်။

အစောင့်များမှာ လွန်စွာပျော်ရွှင်သွားကြတော့သည်။

ကျန်အထုပ်များအား စစ်ဆေးရန် သည်းသတိမရကြတော့ပေ။

'ကဲ…ကဲ…မင်း ဂါရဝပြုချင်တယ်ဆိုရင်လဲ ဝင်ခဲ့ပါတော့၊ အထဲကကောင်တွေနဲ့ တွေ့ရင်တော့ မင်းကြည့်ပြီး ပြောပေတော့'

အစောင့်တစ်ယောက်က…

'မင်းပဲ သခင်ကြီးဆီသွားပြီး အကြောင်းကြားပေးလိုက်ပါကွာ၊ နို့မို့ဆိုရင် သူ့အပေါ်ကား ပြဿနာတက်နေပါဦးမယ်ကွ၊'

အစောင့်များ၏ သဘောထား ပြောင်းလဲသွားမှုကြောင့် ချူစွန်သည် ပန်းတစ်ရာနန်းတော်ထဲသို့ ချောချောမွေ့မွေ့ ဝင်ခွင့်ရသွား၏။

ချူစွန်သည် အစောင့်နောက်မှ ဣန္ဒြေရရ လိုက်ပါသွားသည်။

ချူစွန်သည် သူ့ကိုယ်သူ ယခုကဲ့သို့ ထိန်းသိမ်းနိုင်ခြင်းကို လွန်စွာအံ့သြနေသည်။ သူထိတ်လန့်နေသည်မှာ မှန်သည်။

သို့သော် အစောင့်များရိပ်မိလောက်အောင် တုန်လှုပ်ချောက်ချားခြင်း မရှိခဲ့ပေ။ ယခုအချိန်မှာ ပို၍ကြောက်စရာကောင်းသည့် အချိန်ဖြစ်၏။

သူ လှည့်ဖြားရသည့် သူများမှာ အစောင့်များ မဟုတ်ချေ၊ ပန်းတစ်ရာနန်းတော်၏ အရှင်သခင်များဖြစ်သည့် ခြင်္သေ့နှင့် ဒေါင်းတို့ကိုယ်တိုင် ဖြစ်နေပေသည်။



ကျားမြီးဆွဲရန် အတွက် လူသားတစ်ယောက်သည် ကျားဂူထဲသို့ ဝင်လာမိချေပြီ၊

သူ့ကံကမှာကား အဘယ်သို့နည်း။ အစောင့်အထပ်ထပ်ကို ဖြတ်ကျော်လာသည်။ လူရင်း အစောင့်တစ်ယောက် ပါလာ၍ မည်သူမျှ ထပ်မံမစစ်ဆေးကြတော့ချေ။

နောက်ဆုံး၌ ချူစွန်ကို ခန်းမကြီးတစ်ခုအတွင်း ထားခဲ့ပြီး အစောင့်ထွက်သွား၏။ ချူစွန် ယောင်တီးယောင်တောင်ဖြင့် ကျန်ရစ်ခဲ့တော့သည်။

ချူစွန် ခြေမျှားလက်မျှား အေးစက်လာ၏။ သူသည် အနိုင်နိုင် အားတင်းနေရသည်။

ထိုစဉ်…

'ကုန်သည်တစ်ယောက်က ဒီနန်းတော်ထဲကိုဝင်လာရဲတယ်ဆိုတာ နည်းတဲ့သတ္တိတော့ မဟုတ်ဘူး၊'

ခြင်္သေ့ဟိန်းလိုက်သကဲ့သို့ ကျယ်လောင်လှသော အသံကြီးက ချူစွန်အား လိပ်ပြာလွင့်သွားမတတ် ထိတ်လန့်သွားစေ၏။ ချူစွန် အလန့်တကြား လှည့်ကြည့်မိသည်။

ပုံပန်းသဏ္ဌာန်ထူးခြားသော ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။ တကယ်တော့ ထိုသူနှစ်ဦးမှာ ချူစွန်တွေ့လိုနေသည့် ခြင်္သေ့နှင့် ဒေါင်းတို့ပင်ဖြစ်ပါသတည်း။

## အခန်း (၆၄)

## ဟန်ဆောင် ကုန်သည်ကြီး

မြင့်သေးကုလားထိုင်မှာ အစ်ကိုကြီး ခြသေ့၏ကုလားထိုင် ဖြစ်ပြီး ခနောက်တ် မှိဘုင် ခြသေ့ခေါင်းရုပ် သစ်သားပန်းပုထွင်း ထားသည်။

ခြသေ့နှင့် ခေါင်းတို့သည် ထိုစကားကိုပြောပြီးနောက် ထပ် ဘာမျှမပြောတော့ချေ။

အခန်းကြီး၏ ခေါင်းရင်းဘက်၌ ချထားသော ကုလား ထိုင်ကြီးနှစ်လုံးဆီသို့ လျှောက်သွားပြီး နှစ်ယောက်သား ဝင် ထိုင်လိုက်ကြသည်။ ကုလားထိုင်တစ်လုံးမှာ အနည်းငယ် နိမ့် သည်။

နိမ့်သော ကုလားထိုင်မှာ ညီမ ခေါင်းအတွက် ဖြစ်ပြီး နောက်မှီတွင် တောဝပ်ပြန့်ကား၍ ကန့်လန့်ထားသောခေါင်းရုပ်ပုံ ထွင်းထားသည်။

သူတို့၏မျက်လုံးများမှာ ခန်းမထဲရောက်ကတည်းက ချူစွန်ထံမှ တစ်ချက်ကလေးမှ မခွာကြပေ။ သူတို့သည် ချူစွန်ကို စားမတတ်ဝါးမတတ် စူးစူးဝါးဝါးအကဲခတ် ကြည့်ရှုနေကြ ကြ၏။ ချူစွန်သည် ကြမ်းပြင်သို့ ဒူးထောက်ထိုင်ချလိုက်ပြီး ဂါရဝပြုလိုက်၏။

'ပန်းတစ်ရာတောင်ကြား အရှင်သခင်နှစ်ယောက်ကို ကျွန်တော် ဂါရဝပြု နှုတ်ဆက်ပါတယ်'

ချူစွန်၏ နှိမ့်ချသောအမူအရာကြောင့် ရန်သူတစ်ယောက် ယောက်အား ကြည့်သကဲ့သို့ စူးစူးဝါးဝါးကြည့်နေကြသော ကြောက်မက်ဖွယ်ရာအကြည့်များသည် တစ်ဖဝက် အတွင်း အံ့ဩဖွယ်ရာ ပျောက်ကွယ်သွား၏။

တင်းမာသော မျက်နှာထားများလည်း ချက်ချင်း ပျော့ပျောင်းသွားကြသည်။

ခြင်္သေ့နှင့်ခေါင်းတို့ သဘောကျသွားလေပြီ။

သူတို့သည် ချူစွန်၏နှိမ့်ချပုံကိုကြည့်ပြီး သိုင်းလောက ထိပ်သီး မဟာဂုဏ်ကြီးများက ချူစွန် အရှိအသေပေးသကဲ့သို့ ဂါရဝပြုပုံကို မြင်ယောင်လာကြ၏။

ခြင်္သေ့နှင့်ခေါင်းတို့ကား သိုင်းလောက ကေရာဇ်ရှူးများ ဖြစ်မှန်းမသိ ဖြစ်နေကြပြီတည်း။ ခေါင်းကခေါင်းညိတ်လိုက် ရင်း....



'ကဲ....မင်းဒီကိုလာတဲ့ကိစ္စကို ပြောပါဦး'

ခြင်္သေ့နှင့်ခေါင်းတို့၏ အမူအရာနှင့်လေသံ ပျော့ပျောင်း သွားသည်ကိုကြည့်ပြီး ချူစွန် အနည်းငယ်ရဲရင့်လာ၏။ သူက ရဲရဲတင်းတင်းပင်....

'ပန်းတစ်ရာတောင်ကြားအရှင်သခင်တွေကို ပတ်သက်ဆောင် ပဏ္ဏာတွေနဲ့ ဂါရဝပြုဖို့ ရောက်လာခြင်းဖြစ်ပါတယ်'

ချူစွန် ပြုံးခြူမပျက်သဖြင့် ခြင်္သေ့ရောခေါင်းပါ လုံးဝ သံသယမဝင်ကြချေ။

ခြင်္သေ့ကဝင်၍ မေးလိုက်၏။

'မင်း.... ဒီလိုဂါရဝပြုတာ အကြောင်းမဲ့တော့ မဟုတ်နိုင် ဘူး'

ချူစွန်ပြုံးလိုက်၏။ သူသည် မေးခွန်း၏အဖြေကိုအစောင့် များကို သူ ပြောကြားခဲ့သေးသည် မဟုတ်ပါလော။ ထို့ ကြောင့် ပထမပြောပြီးသားစကားကို လှလှပပဖြည့်စွက်၍ ပြောကြားလေတော့၏။

'ဒီလိုပါခင်ဗျာ၊ ကျွန်တော်ဟာ ဒီတောင်ကြားလမ်းကို ပထမဆုံး ကြိမ် ဖြတ်သန်းလာခဲ့တာပါခင်ဗျာ၊ ဒါရင်ကတော့ မြောက်ဘက်တစ်လွှားမှာ ကျွန်တော် ကုန်ကူးခဲ့ပါတယ်။ ကျွန်တော့်ကုန်စည်တန်းဟာ အနည်းဆုံး လားအကောင် ငါးရာ တစ်ရာ၊ မြင်းအကောင်ပေါင်း တစ်ရာလောက်ပါ ပါတယ်၊ ကုန်ပစ္စည်းကူးသန်းမှု ကြီးကျယ်စွာနဲ့မှု ဖြတ် သန်းတဲ့ နေရာတိုင်းက နယ်ရှင်ပယ်ရှင်၊ မြို့စားရွာစားတွေကို

အခုလိုပဲ ဂါရဝပြုပြီး လက်ဆောင်ပဏ္ဏာများ ဆက်သခဲ့ပါတယ်'

ဒေါင်းက...

'အခု မင်းမှာတော့ မြင်းတစ်ကောင်တည်းပါလား'

ချူစွန်က ရယ်ပိုင်ကြီးသူ ခပ်ပြုံးပြုံးပါရယ်ဖုံးကြိုး၍ ခြင်္သေ့နှင့်ဒေါင်းတို့ သံသယ ပိုဝင်ကြတော့ပေ။

'မှန်ပါတယ်၊ ကျွန်တော့်မှာ အခု မြင်းအပို တစ်ကောင်တည်း ပါပါတယ်၊ ဒါကလဲ သဘောကောင်းလို့ပဲ ယူလာတာပါ၊ ကျွန်တော် ဘုရားမကျူးခင်မှာ ဒီလိုပဲ မြင်း တစ်ကောင် ကြိုးခင်တော်မြို့ ဘက်နဲ့ပဲ ကျွန်တော့် ကုန်စည်တွေ အတွက် လုံခြုံမှုရှိမရှိ ယိုရှင်ယိုရှင်ရဲ့ အကြံဉာဏ်နာခံရာ ကန့်ကွက်တာများ ရေရှည်ကို စွန့်ခဲ့ရပါတယ်၊ ဒီအတွက် ကျွန်တော့် ကို ခွင့်လွှတ်ပါ ခင်ဗျာ'

ချူစွန်သည် စကားဆုံးသည်နှင့် သူ့ကျောပိုးအိတ်ကြီးကို ဖြုတ်လိုက်၏။

အိတ်ကြီးကို ကြမ်းပြင်၌ သွန်ချလိုက်သောအခါ အချည်ထောင်း ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော လည်ဆွဲရတနာများ၊ ပုလဲပုတီးများနှင့် ဟားခတ် အမွှေးအကြိုင် အသုပ်များ ထွက်ကျလာ၏။ ချူစွန်သည် ထိုပစ္စည်းများကို အစီအစဉ်တကျ ဖြစ်အောင် ထုပ်လိုက်သည်။

ထိုအခါ လက်ဆောင်ပစ္စည်းများသည် ပို၍ လိုချင်စဖွယ် ဖြစ်လာ၏။



ချူစွန်သည် လက်ဆောင်ပစ္စည်းများကို မှာပေးအပ်သော တဲ ပန်းတစ်ရာတောင်ကြားလမ်းတွင် သူ၏ ရှိသော လား အကောင်တစ်ရာ၊ မြင်းအကောင်တစ်ရာ ဘောဂ သိုရန် ဖြတ်သန်းသွားလာနိုင် မနိုင် ထပ်မံ မေးမြန်း စုံစမ်းပြန်လေတော့သည်။

ကုန်ပစ္စည်းများအကြောင်းချည်း ထပ်ကာလာ ပြောနေသဖြင့် ခြင်္သေ့နှင့်ဒေါင်းတို့သည် ချူစွန်အား ကုန်သည် ပီသသော ကုန်သည်ဟု ပို၍ ထင်မြင်လာကြလေ၏။

သို့မြင်သည် ချူစွန်အတွက် အကောင်းပင် မဟုတ်ပါလား။

ဒေါင်းက စဉ်းစဉ်းစားစားဖြင့် ချူစွန်ကို လှမ်းမေးလိုက်သည်။

'မင်း ပန်းတစ်ရာတောင်ကြား အကြောင်းကို ဘယ်လောက် သိသလဲ'

'နည်းနည်းပါးပါးလောက်ပါပဲ ခင်ဗျာ'

'ပန်းတစ်ရာ တောင်ကြားက ဖြတ်သန်းသူတွေ အတွက် ခရီး ဘယ်လောက် ကျုံ့သွားတယ်ဆိုတာ သဘောပေါက်မှာပေါ့'

'ဒါကတော့ သဘောပေါက်ပါတယ် ခင်ဗျာ'

'တို့အသွယ် ဆက်ကြေး၊ အဲ...အဲ...တို့ တောင်ကြားကို ဖြတ်သန်းသွားလာကို ဘယ်လိုပေးဖို့ မင်း စိတ်ကူးထားသလဲ'

'စိတ်ကူးထားပါတယ် ခင်ဗျာ'

'အင်း....မင်း မသိဘူး၊ ဘယ်လောက်ပေဖို့ စိတ်ကူးထားသလဲ'

'ဒီတောင်ကြားကို ဖြတ်ပြီး တစ်ဖက်မြို့ရွာတွေမှာ ရောင်းဖို့ ဖြစ်မယ်မဖြစ်ဘူးဆိုတာ မသေချာပါဘူး ခင်ဗျာ၊ ဒီတော့...'

'ဟား....ဟား....ဟား'

ထိုအခါ ခြသ်္သေ့သည် တဟားဟား ရယ်မောလေတော့သည်။

'မင်းနှယ်ကွာ....ကုန်သည် လုပ်ပြီး ဒီလောက် အနေ့ရသလား၊ ဒီတောင်ကြားက ဖြတ်သွားပြီးရင် ဈေးဆိုတာ မင်းပါးစပ်က ပြောသမျှဟာ မင်းရဲ့ဈေးနှုန်းပဲ၊ မင်း ဘယ်လောက် ဖြတ်မယ်ဆိုတာ ဝါတောင် မခန့်မှန်းနိုင်ဘူး၊ တစ်ဖက်မြို့ရွာတွေ သွားဖို့ တောင်အထပ်ထပ် ခြားနေတာ မင်းသိသင့်တယ်၊ ဟိုက မြို့ရွာတွေမှာ ကုန်ပစ္စည်းက သိပ်ရှားတယ်'

ချူးစွန်သည် ခြသ်္သေ့နှင့် ခေါင်းတို့ သဘောတူညီ ဆက်ကြားပေးရန် အ...လွှား စဉ်းစားရတော့၏။ သူသည် ကုန်သည်လည်းမဟုတ်၊ အတွက်အချက်လည်း သိပ်ကျွမ်းကျင်သူမဟုတ်၍ အ... စိတ်ပြောရန် မဖြစ်နိုင်ပါ။ သူသည် ...ဆုံးဖြတ်စဉ်းစားပြီး ပြောလိုက်၏။

'ကောင်းပါပြီ ကျွန်တော့်ကုန်...နှုန်းကြီး ရောက်သွားလို့ရှိရင် ကုန်တန်းကြီးရဲ့ တန်ဖိုးတစ်ဝက်ကို ကျွန်တော်ပေးပါ့မယ်၊ ကျွန်တော့် အမြတ်ကတော့ ကျွန်တော့် အတွက်ချည်းပဲ ထားပေးပါခင်ဗျာ'



ထိုစကားကို ကြားသောအခါ ခြသ်္သေ့နှင့် ခေါင်းတို့သည် အလွန်တရာ သဘောတူစွာ ခေါ်သွားကြတော့၏။

အဘယ်ကြောင့်ဆိုသော် မည်သည့် ကုန်သည်ဆီက မျှ ထိုသို့ ထောက်ဆက်ကြေးများကို မရဘူး၊ သေစကြောင့်တည်း၊ သူတို့ စိတ်ထဲတွင် ဤကုန်သည်သည် အလွန်လျှင်လွန်းသောသူ ဖြစ်လျှင်ဖြစ် ဤသို့မှုမဖြစ်လျှင် အလွန်တရာ အသောသူဖြစ်မည် ဟုယူဆလိုက်ကြလေ၏။

ခြသ်္သေ့နှင့်ခေါင်းတို့သည် တဟားဟား တခစ်ခစ် ရယ်မောနေကြတော့သည်။ သူတို့နှင့် ချူးစွန်တို့ ကြားတွင် အခကြေးတော် ငရား ဟူ၍ လုံးဝမရှိတော့ပေ၊

ဗဇ်လုံးပေးသူနှင့် လောဘသမား၊ တို့၏ ကြည်နူးမှုသာ ရှိတော့သည်။

ခေါင်းက ရယ်ရယ်မောမောဖြင့်....

'ဒီပန်းတင်ရာ တောင်ကြား တစ်ဝိုက်မှာ မင်းရဲ့ ပစ္စည်း တစ်ခုတလေတောင် မပျောက်ရှဘေးရဘူး၊ ငါ့ရဲ့အထောက်အကူ အစောင့်အရှောက်ကို မင်းကျေနပ်တယ်မဟုတ်လား'

ချူးစွန်က အကြိမ်ကြိမ်ဂါရဝပြုပြီး....

'အလွန်အလွန် ကျေနပ်ပါတယ်ခင်ဗျာ'

'ဒီအတွက် မင်းကတိလဲတည်ရလိမ့်မယ်၊ ငါကမင်းအတွက် မပြောထားပါ၊ မင်း ပြေစာသလိုမလုပ်ရင် မင်းပဲ နစ်နာမှာပဲ'

'ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ၊ ကျွန်တော် ကတိမတည်လို့ရှိရင် တောင်ကြားသခင်နှစ်ဦးက ကျွန်တော့်

ပစ္စည်းတွေအားလုံးသိမ်း၊ ကျွန်တော့်လူတွေအားလုံးကိုသတ်လိုက်ရင် ကျွန်တော်ပဲဆုံးရှုံးရတော့မှာပေါ့၊ ကျွန်တော်သာကတိတည်ရင် ဒီတောင်ကြားကို အကြိမ်ပေါင်းများစွာကျော်ဖြတ်ပြီး အမြတ်များစွာကို ကျွန်တော်ရယူနိုင်မှာပေါ့ခင်ဗျာ၊ ကျွန်တော်ဒီလောက်တော့သဘောပေါက်ပါတယ်'

ကြည့်စမ်း....လှသမှ၊ တောသား စကား၊ တတ်လိုက်ပုံများ၊

သူ့စကားများသည် ခြင်္သေ့နှင့်ဒေါင်းတို့ကို ဘဝင်ခိုက်မည်ဖြစ်စေသည်။

ခြင်္သေ့နှင့်ဒေါင်းတို့သည် ချူစွန်ကို တစ်နေ့လျှင် ရွှေဥတစ်လုံးဥပေးမည့် ငန်းတစ်ကောင်အလားထင်မှတ်ပြီးအပြောအဆိုများချိုသာလာကြတော့၏။

'မင်းမဆိုးဘူး၊ ဒီတောင်ကြားရောက်လာတဲ့ ကုန်သည်တွေထဲမှာ မင်းဟာလူရည်အသည်ဆုံးပဲ၊ နားလည်သဘောပေါက်တာလဲမြန်တယ်၊ ငါတို့ကတော့ မင်းလိုလူမျိုးကိုများများလိုချင်တယ်၊ ပူးပေါင်းဆောင်ရွက်ရတာလဲ နှတယ်ဗျို၊ အဆင်ပြေတာကိုးကွယ့်'

ချူစွန်သည် ဒိုလူထုပ်ထားသည့် လက်ဆောင်ပစ္စည်းအားလုံးကို ဒေါင်းနှင့်သို့သွားရောက်ချထားပေး လိုက်လေသည်။

'ဒါက ကျွန်တော့်ရဲ့လက်ဆောင်ပါ၊ နောက်လဲ ဒီထက်တန်ဖိုးကြီးတဲ့လက်ဆောင်တွေပေးနိုင်ဖို့ ကျွန်တော် အမြဲကြိုးစားပါ့မယ် ခင်ဗျာ'



ဒေါင်းမှာ လွန်စွာကျေနပ်နေ၏၊ ဤပစ္စည်းများမည်မျှတန်ဖိုးရှိသည်ဆိုစေ၊ သူတို့မောင်နှမသက္ကာတို့လိုထိန်း ဤပစ္စည်းများထက် အဆအဖော်ရာတစ်တောင်မကသော ရွှေငွေများရှိနေပြီး ဖြစ်ပါသည်၊

သို့သော် လူတို့၏သဘာဝအတိုင်း၊ ကိုယ်ရသည်ဆိုသောအခါ ကျေနပ်ဝမ်းသာစမြဲပင်၊

'မင်းကိုတော့ ငါရော ငါ့အစ်ကိုကြီးကပါ သဘောကျတယ်၊ ဒီတော့ရော့....မင်းဒါကိုယူသွားလိုက်'

သူမပစ်ချလိုက်သည့်အရာမှာ ဒေါင်းတောင်တစ်ချောင်းဖြစ်ပါသည်၊ ပန်းတစ်ရာနန်းတော်၏အထိမ်းအမှတ် ဒေါင်းတောင်ပင် ဖြစ်ပါတော့၏၊

ချူစွန်က ရိုရိုသေသေကောက်ယူလိုက်၏၊ ဒေါင်းအဆက်ပြော၏၊

'ဒီဒေါင်းတောင်ကိုမင်းသိမ်းထား၊ ဒါ ငါတို့နန်းတော်ရဲ့အထိမ်းအမှတ်ဖြစ်တယ်၊ မင်းအပါအဝင်သုံးယောက်ပဲ ဒီဒေါင်းတောင်ရဖူးသေးတယ်၊ မင်းကအခု အရင်ရသွားတဲ့လူနှစ်ယောက်ထက်သာပါတယ်၊ မင်းကို ငါသဘောကျတယ်၊ ဒီဒေါင်းတောင်ကိုကိုင်ပြီး ငါတို့နန်းတော်ကိုဝင်နိုင်ထွက်နိုင်တယ်၊ ဒီတောင်ကြားကိုဖြတ်ကျော်နိုင်တယ်၊ ဒီပတ်ဝန်းကျင်မှာ မင်းကိုဒုက္ခပေးမယ့်လူရှိရင် ဒီ ဒေါင်းတောင်ကိုသာပြလိုက်၊ မင်းကိုဘယ်သူမှဒုက္ခမပေးရဲတော့ဘူး'

ခြင်္သေ့ကား ဘာမျှမပြောချေ။

သူ့ညီအပြောသည့်စကားကိုသာ ခပ်ပြုံးပြုံးနားထောင်နေ၏။

ချူရှန်မှာ သူ့အစွမ်းအစကိုမယုံကြည်နိုင်အောင် ဖြစ်ရသည်။

သူက ကောင်းသည်လား၊ ဟန်ဆောင်မှုကောင်းသည်လား၊ နှစ်ခုစလုံးကောင်းသည်လား၊ သူမသိပေ။ သူသိသည်မှာ ချင်ကျင်းယု အားဟာယ်တင်ရန် ပထမတစ်ဆင့်အောင်မြင်သွားသည်ဆိုသည့်အချက်ပင်။ ချူရှန်က အကြိမ်ကြိမ်ဂါရဝပြုပြီ၊ ကျေးဇူးတင်စကားအထပ်ထပ်ပြောသည်။ သူသည် ခေါင်းတောင်ကို တရိုတသေသိမ်းဆည်းလိုက်၏။

သူသည် ခေါင်းတောင်ကိုတယုတယ တရိုတသေလုပ်ရာတွင် ဘာသာစကားတို့ပိုပိုမိုမိုလေးလုပ်ပြလိုက်သဖြင့် ခြင်္သေ့ခေါင်းတို့မှာ သူတို့၏အတောအစက်အတွက် ကြည်နူးဂုဏ်ယူဆုံး ဖြစ်နေလေတော့၏။ ခြင်္သေ့က....

'ကုန်သည်ကြီး၊ တခြားအကြောင်းတွေပြောနေကြတယ် မင်းနာမည်ကိုတော့ တစ်ခွန်းမှမပြောမိသေးပါလား'

ချူရှန်သည် ထိုအခါကျမှသတိရသည်။ သူ့အမည်မှန်ကိုပြောရန်ဖြစ်သေးဟုယူဆသည်။

'ကျွန်တော့်နာမည် ကျင်စွန်ပါ'

'ကျောက်တုန်းရောက်ခိုက် ဒီမှာ တစ်ညလောက် တည်းခိုလား၊ ဟု ဖိတ်ပေါ့ပါတယ်'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ အခုတောင်ကြားသင်ရဲ့ ကရုဏာတရား၊ အကြင်နာတရားကိုရတာ သေချာပြီဖြစ်



ရှေ့ဆက် ခရီးမဆက်တော့ပါဘူး။ ခုနတုန်းက ကြောင်းကိုအမြန်ဆုံး ပြန်သွားမည်ပြီး စီစဉ်စရာတွေစီစဉ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်၊ ဒီမှာ တစ်ည မနားနိုင်တာကို ခွင့်လွှတ်ပါခင်ဗျာ'

'အင်း....ကုန်သည်ပီသပါပေတယ်'

ခြင်္သေ့က ချီးကျူးလေ၏။ ထို့နောက် ဆက်၍...

မင်း သွားချင်တယ်ဆိုရင် ဆက်သွားပါတော့၊ ခွဲသည်တွေ သယ်လာတဲ့အခါ ဝိုးဆီဝင်ခဲ့ပါဦး။ ခွဲသည်မပါလဲဝင်လို့ရပါတယ်'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ တောင်ကြား၊ အရှင်သခင်တွေက ကျွန်တော့်အပေါ် ကြင်နာလှပါပေတယ်'

'ကဲ...ကဲ...မင်း သွားလိုရာကို သွားနိုင်ပါပြီ'

ချူရှန်သည် ခြင်္သေ့ခွင့်ခေါင်းကို ဂါရဝပြုပြီ၊ ခန်းမကြီးထဲမှ ထွက်ခွာသွားလေတော့၏။

★

## အခန်း (၆၄)

### သတင်း သဲလွန်စ

ခန်းမကြီးထဲမှ အပေါက်ဝရောက်သည်အထိ ချုံခိုန် ဘာမျှ အနှောင့်အယှက် မတွေ့ရချေ။ တားဆီးမည့်သူလည်း မတွေ့ရချေ။

နန်းတော်လှေကား ထစ်များကိုဆင်းလိုက်သည်နှင့်အစောင့်များက သူ့မြင်းနှစ်ကောင်ကို ထုတ်ပေးသည်။

အစောင့်များ၏ ဆက်ဆံမှုမှာလည်း များစွာ ပြောင်းလဲသွား၏။

သူ့အား ရိုရိုသေသေ လေးလေးစားစား ဆက်ဆံလာကြသည်။

ချူစွန်သည် မြင်းအစ်ကောင်ကိုစီးကာ မြင်းတစ်ကောင်ကို ဆွဲယူပြီး နန်းတော်ဝင်းထဲမှ ထွက်လာခဲ့၏။ ဝေးဝေးကကာ သူ့အသည်း ဖဲခွဲ ပက်စောင်းပေးလာခဲ့သည့် အစောင့်များကသည်း သူ့ကို ဂါရဝပြုနေကြသည်။ ချူစွန် ပြုံးလိုက်၏။

အယ်ဟုတ်ကဲ့ပါပါလားဟု တွေးပြီး ပြုံးမိခြင်းသာ ဖြစ်သည်။

သူသည် တောင်ကြားတစ်ဖက်သို့ မသွားတော့ချေ။

အပြန်လမ်းအတိုင်း မူလတောင်ကြားအဝသို့ပြန်ထွက်လာသည်။

တောင်ကြားထဲမှ ဈေးသည်များသည် သူ့အား အံ့သြစွာ ကြည့်နေသည်။

နံနက်က နန်းတော်မှ အေးအေးဆေးဆေး ပြန်ထွက်လာသူသည် မြင်းနှင့် ပေါင်းတို့နှင့် အပေါင်းအပါ ကောင်းစွာ တည်သွားသူဖြစ်ကြောင်း သူတို့ ရိပ်မိသိရှိကြသည်။

ချူစွန်သည် သူ့ဆော်ကိုကြီး ချင်ကျွင်းယု ကို ကယ်တင်လိုသဖြင့်သာ ဤသို့ အချမ်းစွန့်ဘင်လိုက်ခြင်းသာ ဖြစ်ပါသည်။ တကယ်တော့ သူသည် မြင်ကျယ်လှသူတစ်ယောက် မဟုတ်ပါ။

သူ့စိတ်ထဲတွင် ယင်သမျှ ပြာချလိုက်ခြင်းမှာ ကံကောင်းအကြောင်းလှပြီး အဆင်ပြေသွားခြင်းသာ ဖြစ်ပါသည်။ ဖြစ်မပေါ်လာသည့် အခြေအနေနှင့် အံဝင်ခွင်ကျ ဖြစ်သွားခြင်းသာ ဖြစ်ပါသည်။ သူသည်တောင်ကြားထဲမှ စိမ်ပြေနပြေ ထွက်လာ၏။



တောင်ကြားတစ်ခုလုံးက အသေးစိတ် လေ့လာ၏။

ယခု သူ့ကိုမည်သူမျှအန္တရာယ်မပြုရဲတော့ချေ။ သူ သိမ်းသွားသည့် ပေါင်းတော်ပင် မပြုသော တောင်ကြားလမ်းသည် သူ့ကို လေးလေးစားစား ရှိနေကြလေပြီ။

ယခုစရိုးစွာ ချင်ကျွင်းယုံအား သူ ကယ်တင်နိုင်ခဲ့ပါ၊ သို့သော် ကြာမီကယ်တင်နိုင်လိမ့်မည်ဟု သူယုံကြည်သည်။

တောင်ကြားသို့ ရောက်လည်းအခါတွင် သူသည် ဖုံကျက်ဝါ ကျန်ရစ်ခဲ့သည့် ရွာကလေးသို့ ခရီးပြင်းနှင်လေတော့သည်။

ဖုံကျက်ဝါ သူ့ကိုရှင်မသိတ်ထိတ်ဖြင့် စောင့်နေမည်မှာ သေချာပါသည်။

ချူစွန်သည် မိုးချုပ်မှပင် ထိုရွာကလေးကိုပြန်လည်ရောက်ရှိသွား၏။

ရွာကလေးမှာ မီးရောင်တလက်လက် ရှိနေသဖြင့် မထိပ်ကြခဲ့ကြောင်း ထင်ရှား၏။ မြင်းခွာသံများကြားသဖြင့် ရွာသူရွာသားများ အထိတ်တလန့် ဖြေကြပါ၏။

အဘယ်ကြောင့်ဆိုသော် မြင်းစီးခရီးသည် ကုန်သည်များသည် အချိန်မတော်အချိန်တော် သူတို့ရွာကလေးကိုဖြတ်သန်းလာလာတတ်သောကြောင့်တည်း။

ချူစွန်သည် ဖုံကျက်ဝါရှိမည့်အိမ်သို့ တည့်တည့်မတ်မတ်ပင် ရောက်ရှိသွား၏။

ချူစွန်အား ဖုံကျက်ဝါကကြိုဆို၏။ အိမ်တွင်အဘွားအိုအပြင် အဘွားအို၏ခင်ပွန်း အဘိုးအိုသည်း ပြန်လည်ရောက်ရှိ

နေလေပြီ။ အဘိုးအိုမှာ မုဆိုးအလုပ်ဖြင့် အသက်မွေးသူ ဖြစ်၍ တောအကာတော တောင်တကာမှတောင် လှည့်လည် ကာ သားကောင်ဖမ်းပြီး ကြီးပြင်းလာခြင်း ဖြစ်ပေသည်။ သူတို့သည် ဖုံကျက်ဝါကို ကောင်းစွာ လက်ခံထားကြလေ သည်။

မကြာမီ ချူးစွန်ပြန်ရောက်လာပြီ၊ ခြင်းသီ ခေါင်းတို့နှင့် အဆင်ပြေကြောင်း ပြောကြားသည့်အခါတွင်မူ အဘိုးအို ရော အဘွား ပါ မျက်နှာထားများ ပြောင်းသွားတော့လေ သည်။

ဤသည်ကို ချူးစွန်ရော ဖုံကျက်ဝါပါ ရိပ်မိသွားကြ၏။

'ဘိုးဘိုး၊ ဘွားဘွားတို့ ဘာများ မကျေနပ်ကြပါသလဲ၊ ရှင်၊ ကျွန်မတို့သာ ဧည့်သည်တွေပါ၊ ဘိုးဘိုး၊ ဘွားဘွားတို့ အကျိုးအကြောင်း ပြောပြမှ ကျွန်မတို့သိရမှာပါ'

ချူးစွန်ကလည်း အဘိုးအိုနှင့်အဘွားအိုတို့ကို ပွင့်ပွင့်လင်း လင်း ပြောရဲအောင် သူတို့အကြောင်းသို့ အတော်အတန်ရှင်း ပြရ၏။

'ဘိုးဘိုး... ဘွားဘွားတို့ကျွန်တော်တို့မောင်နှမက တောင် ကြားကို ဖြတ်သန်းကုန်ကူးမယ့် လူတွေပါ၊ ဒီလူးတွေနဲ့ ကျွန် တော်တို့ ဘာမှမပတ်သက်ပါဘူး၊ ဒီတောင်ကြားအကြောင်း သိရရင် ကျွန်တော်တို့အတွက် အကျိုးရှိတာပါပဲ'

ချူးစွန်သည် ထိုသို့ပြောသောအခါမှ အဘိုးအိုနှင့်အဘွား တို့ မျက်နှာထားပြောင်းသွားရခြင်း အကြောင်းပေါ်လာ တော့သည်။ သူတို့ထည်းမုဆိုးအလုပ်ဖြင့်လုပ်ကိုင်စားသော



သူများ ဖြစ်၏၊ သားကောင် ကြီးကြီးမားမားရရှိလျှင် ကိုယ့် ဘာသာ ခုတ်ထစ်ချက်ချွင့် မရပေ၊ ပန်းတစ်ရာနန်းတော် ကို ပို့ပေးရ၏။

ပန်းတစ်ရာနန်းတော်က ဖြတ်ပေးသော ငွေကြေးမှာ မပြောပလောက်ပေ။

တစ်ခါသော် ဤအဘိုးအိုသည် ၎င်းရရှိသော အမဲကြီး တစ် ကောင်ကို ပန်းတစ်ရာနန်းတော်သို့ မပို့တော့ဘဲ ကိုယ့်ဘာသာ ဖျက်၍ ရောင်းချပစ်လိုက်၏။

ထိုအကြောင်းကို ပန်းတစ်ရာနန်းတော်မှ သိသွားသော အခါ သိုင်းသမားတစ်စုရောက်ရှိလာပြီးအဘိုးအိုအား ထန် ကျေကြီး ရိုက်နှက်ကြတော့သည်၊ အဘိုးအိုသည် တစ်သခန့် အမဲလိုက်ခြင်းမပြုနိုင်ဘဲ အနားယူခဲ့ရသည်၊

အဘိုးအိုက....

'ကဲ... မင်းတို့ပဲ စဉ်းစားကြည့်ကြတော့၊ ဘာမဟုတ်တဲ့ မုဆိုးလုပ်စားတဲ့သူဆီကတောင် ဒီလိုမတရား အနိုင်ကျင့်တာ၊ မင်းတို့လို ကုန်သည်ဆို ပိုပြီးတော့တောင် အနိုင်ကျင့်ဦးမှာ ပေါ့'

ချူးစွန်နှင့် ဖုံကျက်ဝါတို့ သက်ပြင်းချမိသည်။

ဤအဘိုးအို၊ အဘွားအိုများသည် ပန်းတစ်ရာနန်းတော်ကို ရန်သူအဖြစ် သတ်မှတ်ထားသူများဖြစ်၍ သူတို့ ဤအိမ်၌ တည်းခိုနိုင်ခြင်းမှာ ကံကောင်းလှသည်ဟု တွေးမိကြလေ၏။ အဘွားအိုကလည်း....

'အသေးအမွှား အကောင်တွေသာ်ပင်ဆိုရင်တော့ တို့စားရပါတယ်၊ အကောင်ကြီးကြီးမားမားတော့ စားကြ မစားရဲဘူး၊ အဘိုးကြီးအဘွားကြီးတွေရယ်လို့ ညှာတာတတ်တဲ့ လူတွေမဟုတ်ဘူးကွယ့်'

ချူစွန်က ခေါင်းညိတ်၏။
'ဟုတ်ပါတယ်၊ သူတို့ကလဲ ကျွန်တော့်ကို သနားတာထား ကြီးကြီးနဲ့ ကုန်ကူးခွင့်ပေးလိုက်တာ မဟုတ်ပါဘူး၊ ကျွန်တော့် အနေနဲ့ ကုန်ပစ္စည်း ဘယ်လောက်ဖိုး သယ်လာမလဲ၊ သယ် လာတဲ့ ကုန်ပစ္စည်းရဲ့ ထက်ဝက်တန်ဖိုးကို သူတို့ကိုပေးဆက် ရမှာပါ၊ ဒါမှသူတို့က ကျွန်တော့်ရဲ့ကုန်ပစ္စည်းတွေကို တေး မသိ ရန်မခ သယ်ဆောင်ခွင့်ပြုမှာပါ'
အဘိုးအို မဲ့ရွဲ့သွား၏။
'ကဲ....ဒီကောင်တွေ ဘာကောင်းတာရှိလို့လဲ၊ ဒီအနားကို သိမ်းသွားနဲ့၊ သိမ်းတာတဲ့ကောင် ဒုက္ခရောက်မယ်တဲ့၊ ဒီကောင် တွေဟာ မီးကျီးမီးခဲနဲ့တူတဲ့ ကောင်တွေကွ'

'လူတအားကို ဒုက္ခပေးနေလို့ပေါ့နော်'
'ဒါပေါ့၊ မီးကျီးမီးခဲဆိုတာ ယူတဲ့အခါမှာလဲလေ၊ မြတ် တတ်တာပဲ၊ အေးသွားတော့လဲ ကိုင်တဲ့လက်ကို ညစ်ပေစေ တာပဲ၊ ဘယ်ဟာမှ မကောင်းဘူးကွ'
'ကျွန်တော်တို့လဲ သူတို့သတင်းတော့ ကြားနေရတာပါ၊ သူတို့ကိုဆက်ကြေးမပေးရင် ဒုက္ခပေးတတ်တယ်ဆိုတာ'



'ကြားနေရက်နဲ့များ၊ မင်းတို့မို့လို့ ဒီလမ်းကိုဖြတ်ပြီး ကုန် ရောင်းကုန်ဝယ်လုပ်ဖို့ လာရသလား၊ တရုတ်ပြည်က အကျယ် ကြီးပါကွာ၊ တခြားနေရာတွေကိုသွားပြီး ကုန်ကူးပါလား'
'တခြားနေရာတွေမှာ ကုန်သည်တွေများတော့ အမြတ် အစွန်း နည်းတယ်၊ ဒီနေရာက ကုန်သည်တွေကြောက်ကြတော့ အလာနည်းတယ်၊ အဲဒီတော့ ကုန်ပစ္စည်းတွေရောက်ပေါက်မှု နည်းပြီး အမြတ်အစွန်း များများစားစားရတာပေါ့'
'အေး....မင်းတို့ သတိထားကြ၊ ဒီကောင်ကြီး အရှင် သခင်တွေဟာ စိတ်မမှန်ဘူး၊ ကောင်းချင်လဲ ချက်ချင်းပဲ၊ ဆိုးချင်လဲချက်ချင်းပဲ၊ လူ့အသက်ကို နည်းနည်းမှ တန်ဖိုး မထားဘူး၊ လူစိမ်း သူစိမ်းမပြောနဲ့ သူတို့ရဲ့ဘပည့် သားမြေး တွေကိုတောင် ညှာတာမဟုတ်ဘူး၊ မင်းက ကိုယ်နဲ့သဘော တူညီမှုရပြန် ဆိုပြီး သူတို့ချက်ချင်းနောက်ကောင် သွားမလုပ်နဲ့၊ ချက်ချင်းသတ်ပစ်မှာ'
အဘိုးအိုမှာ ပြောရင်း စိတ်ပါလာသည်။ အဘိုးအို၏ စကားများကြောင့် အဘွားအိုမျက်စိမှိတ်နှာမှုတ်သွားသည်။ ပန်းတစ်ရာကောင်ကြီးသည် မျက်စိတစ်ဖက်ကောင်၊ နားတစ် ထောင်ရှိသူများ မဟုတ်သော်လည်း မျက်နှာလို မျက်နှာရ သူ့ဘေးရောက်လာသတင်းပေးသူများ ရှိနေသဖြင့် အပြောအဆို များစွာ သတိထားရပေသည်။
ယခုရောက်ရှိလာသော လူငယ်နှင့် လုံမငယ်တို့က ပန်းတစ် ရာကောင်ကြီးကို သွားရောက်ပြီး ဤသို့ကြီး၊ ဤသို့ပြော နေပါသည်ဟု တိုင်တန်းသော် မခက်ပါလော။

'အဘိုးရှင်နော်....ဒီစကားတော်တော်များ၊ ခက်ရဲ့ ဂန့်ရဲ့ ပြော၊ တော်ရောပေါ့'

မောင်တွားဖိုက အဘိုးကြီး၊ စကားမလွန်စေရန် သတိပေး သည်။

သို့သော် အဘိုးကြီးမှာ အရှိန်ရနေပြီဖြစ်၍ ရေကာတာကျိုး သလို တရဟောဆက်ပြောတော့သည်။

'ငါက အမှန်အတိုင်းပြောတာကွ၊ ဘယ်သူ့ကြောက်ရမှာလဲ၊ သူတို့မကျေနပ်လို့ လစသတ်ရင်လဲ သတ်ပေါ့၊ ဘာတတ်နိုင်မှာလဲ၊ သူတို့က လူတွေကို တိရစ္ဆာန်သာသာ လောက်ထားတာတော့ အသက်ရှင်နေလဲ ဘာထူးမှာလဲ'

'အဘိုးကြီး....ရှင့်စကားတွေ လွန်လာပြီနော်'

'လွန်လွန်ကွာ၊ ဟုတ်တာ မှန်တာပြောတာပဲ၊ ဘယ်သူ့ သောက်ဂရုစိုက်ရမှာလဲ၊ မကြာသေးခင်ကပဲ သူတို့လူငယ် တစ်ယောက်ကို ဖမ်းလိုက်သေးတာ၊ ဒီက တစ်ရွာလုံးသိတာ တာပဲ'

'သိတာသွဲ့ ဘယ်သူမှ ရှင့်လိုဟောင်ဖွာ၊ ဟောင်ဖွာနဲ့ လျှောက်မပြောဘူး၊ လူတိုင်းတော့ သူတို့သိကြတယ်'

အဘိုးအိုပြောသည့်စကားကို ချူချွန်နှင့်ဖိုးကျော်ဝင်တို့လွန်စွာ စိတ်ဝင်စားသွားကြ၏။ နှစ်ယောက်လုံးကပင် ဆက်ပြောရန် ပျာပျာသလဲ တောင်းပန်ကြသည်။

'ပြောပါဦး....ဘိုးဘိုးရယ်၊ ကျွန်မတို့ဟာ ပန်းတစ်ရာ နန်းတော်နဲ့ ဘာမှ ပတ်သက်တဲ့လူတွေမဟုတ်ပါဘူး၊ ဒီကော



ရေ့ လူဆိုးခါးပြတွေဆိုတာလဲ ကျွန်မတို့သိပါတယ်၊ သူတို့ ဖမ်းထားတဲ့ လူငယ်အကြောင်း၊ ကျွန်မတို့ သိချင်ပါတယ်'

'ဟား....ဟား၊ စိတ်ချ ပြောမှာပေါ့ကွ၊ ငါက ဘယ်သူမှ မကြောက်ဘူး၊ လူဆိုတာ သေတစ်နေ့၊ မွေးတစ်နေ့ပါကွ၊ သူတို့ တောင်ကြားလမ်းမှာတိုက်ပွဲဖြစ်ပြီး လူငယ်တစ်ယောက် ကို ဖမ်းမိတယ်ကွ၊ အေး....ဒီလူငယ်ကို ဒုက္ခိတဖြစ်အောင် လုပ်ထား သတဲ့'

'သူတို့ လွယ်လွယ်နဲ့ ဖမ်းမိနိုင်တာလားဟင်'

'တိုက်ပွဲအကြောင်းတော့ ငါပြည့်ပြည့်စုံစုံ မသိပါဘူး၊ အဲဒီလူငယ်ကိုဖမ်းပြီး ဒုက္ခိတဖြစ်အောင် လုပ်ထားတာပဲသိ တယ်၊ လူတစ်ယောက်ကို ဒုက္ခိတဖြစ်အောင်လုပ်တာတော်ရော့ ယားကွာ၊ လူမဆန်တဲ့ကိစ္စ'

'အဲ့ဒီလူငယ်ကို ဘိုးဘိုး တွေ့ဖူးလားဟင်'

'တွေ့တော့ မတွေ့ဖူးပါဘူး၊ အစောင့်တွေပြောတာကြား ပြီး ငါသိလိုက်ရတာပါ'

'ဘိုးဘိုးက ဘယ်နှယ် အစောင့်တွေနဲ့ သွားတွေ့ရတာလဲ'

'ဒီလိုကွာ၊ အဲဒီနေ့က အမဲကြီး တစ်ကောင်ကို ရတော့ ပန်းတစ်ရာ နန်းတော်ကို သွားပို့ရတယ်၊ ငါက နန်းတော် အနောက်ဘက်ကို သွားပို့ရတော့ အဲဒီလူငယ်ကို အနောက် အဆောင်မှာ ချုပ်နှောင်ထားတယ်ဆိုတာ ငါသိလိုက်ရတာ ပေါ့'

'သူ့ကိုဒုက္ခိတဖြစ်အောင် လုပ်ထားတယ်ဆိုတာက ဘယ် လိုလဲ'

'ဟော… မင်းတို့မညီဘူးလား၊ ဒီပန်းတစ်ရာ တောင်ကြားက ချေရင်သခင်တွေဟာ အဆိပ်ဘုရင်တွေ၊ အဆိပ်ဘုရင်မတွေကို အဆိပ်ကျွေးပြီး ဒုက္ခိတဖြစ်အောင်လုပ်တာကလွဲလို့ တခြား ဘာရှိတော့မှာလဲ'

ချူရွှန်နှင့် ဖုံကျုံဝါတို့သည် မျက်စိမျက်နှာ ပျက်ပျက်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေ၏၊ ဒုက္ခိတဖြစ်နေသည် ဆိုသောလူငယ်မှာ ချင်ကျွင်းယုံ မှ လွဲ၍ အခြားသူ မဖြစ်နိုင်ချေ။ သူတို့သည် ချင်ကျွင်းယုံ အသက်ရှင်နေပါစေဟု ဆုတောင်းခဲ့ကြ၏၊

သူတို့ ဆုတောင်းကား ပြည့်နိုင်တော့ပါ၏။

ယခုသော် ဒုက္ခိတဖြစ်နေသည်ဆိုသဖြင့် နှစ်ယောက်စလုံး ရင်ထဲ၌ နာသွားကြသည်၊

'ဟော…မင်းတို့ မျက်စိမျက်နှာ မကောင်းကြ ပါလား၊ ဘာဖြစ်လို့လဲကွ'

ဖုံကျုံဝါက ပျာပျာသလဲ ပြော၏။

'ဪ…ဒီလိုပါ ဘိုးဘိုးရယ်၊ ဒုက္ခိတ ဖြစ်သွားတယ်ဆိုတဲ့လူငယ်အတွက် ကိုယ်ချင်းစာသနားမိလို့ပါ'

အဘိုးအိုက ခေါင်းညိတ်၏၊

'အေး…လူဆိုတာ ဒီလိုမှပေါ့၊ ကိုယ်ချင်းစာတရားရှိရမှာပေါ့၊ ကရုဏာတရားရှိရမှာပေါ့၊ ဒီခွေးမကောင်းတွေက ဒီလို မဟုတ်ပေါင်ကွ'

ချူရွှန်မှာ ဒေါသအမျက် ခြောင်းခြောင်း ထွက်လာလေသည်၊



ထိုသော် သူ့ဒေါသကို ထိန်းထား၏၊ သိုင်းပညာမထက်မြက်သည့် သူ့ဘကို သူနားလည်နေသည် မဟုတ်ပါလော၊

'ကဲ….ကဲ၊ ညစာ စားကြမယ်'

အဘိုးအိုက သူ့စကားကို ထိုစကားဖြင့် နိဂုံး ချုပ်လိုက်လေသည်။

အဘွားအိုသည် ထိုအခါမှ ပြုံးလာ၏၊

'ဟုတ်ပါတော်….ညစာ ကယ်ပေးလို့ပဲ၊ ညစာသာ သတိမရရင် ဘယ်လောက်ကြာအထိများ ဆက်ပြောနေမလဲ မသိဘူး'

အဘွားအိုက အစားအသောက်များကို ပြင်ဆင် ပေးလေသည်။

ချူရွှန်နှင့် ဖုံကျုံဝါတို့မှာ ချင်ကျွင်းယုံ အတွက် စိတ်ထိခိုက်လွန်းကြသဖြင့် ညစာကို လုံးဝ မစားနိုင်ကြ တော့ချေ၊ တစ်ကိုက်နှစ်ကိုက်မျှစားပြီး သူတို့အတွက်ပေးထားသော နေရာများဆီသို့ထွက်သွားကြတော့၏၊

ချူရွှန်သည် နေ့လယ်က အောင်မြင်မှုများကို အသုံးချရန် မစဉ်းစားတော့ပေ၊ ယခုညပင် ချင်ကျွင်းယုံအားသွားရောက်ကယ်တင်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏၊

★

## အခန်း (၆၅)

### ကံကောင်း....ကံဆိုး

ကြယ် လင်းသော်လည်း လမသာချေ။ ဆောင်းကင်းမွှင် ကြယ်ကလေးများ တဖျက်လျက်တောက်ပနေ၏။ ညဥ့်နက်လာ လေလေ အအေးဓာတ်က ပိုသာလေလေပင်။ တောင်ကြား ဒေသဖြစ်၍ မြူခိုးများသည် ရစ်ပတ်သိုင်းဖြိုး ပြူလာလေ သည်။

တောင်ကြားဒေသ၌ အအေးဓာတ်အနည်းငယ်တော့ သက် သာမှုတော့ရှိသည်။ တောင်ပေါ်ဒေသလောက် လေတိုက်မခံ ရသဖြင့် ခေါင်းစောင်ပေသလောက်တော့ မအေးပေ။ ပန်း တစ်ရာ တောင်ကြား၏ညှို့ အေးအေးဆေးဆေးနေသည် မှန် သော်လည်း ငြိမ်သက်၍တော့ မနေပါ။ လှုပ်ရှားမှုများရှိနေ ပါသည်။

ပန်းတစ်ရာ တောင်ကြားထဲ၌ မီးတုတ်ကိုင် အစောင့်သုံး ယောက်ရှိသည်။

တောင်ကြားလမ်းအတွင်း၌လည်း မီးတုတ်ကိုင် အစောင့်များ နှစ်ယောက်တစ်တွဲ သွားလာ ကင်းလှည့်နေကြသည်။ တကယ်တော့ သူတို့ ဤသို့ ထင်ထင်ပေါ်ပေါ် ကင်းလှည့် ကင်းစောင့်ခြင်း မပြုသင့်ပါ။

ရန်သူမမြင်အောင်ကင်းပုန်းချ၍လည်းကောင်း တိတ်တဆိတ် ကင်းလှည့်ခြင်းဖြင့်လည်းကောင်း ပန်းတစ်ရာတောင်ကြားကို စောင့်ရှောက်သင့်ပါသည်။

ဤသို့ မီးတုတ်ကြီးများ တဖွားဖွားဖြင့် ကင်းလှည့်နေသည်ကို ရန်သူတွေမြင်လျှင် လွန်စွာသဘောကျသွားမည်သာဖြစ်ပါသည်။

အပေါ်ယံ လုပ်ကြံမည့် ရန်သူအတွက်မူ ဤသို့မီးတုတ်ကြီးများ တဖွားဖွား လှည့်လည်စောင့်ရှောက်နေခြင်းမှာ အင်အားပြ ခြောက်လှန့်သလို ဖြစ်နိုင်ပါသည်။

ရန်သူ ကြောက်လန့်ပြီး နောက်ဆုတ်သွားနိုင်သဖြင့် အကျိုးရှိကောင်း ရှိနိုင်ပါသည်။

တကယ်လုပ်ကြံမည့် ရန်သူအတွက်မူ ဤသို့ ထင်ထင်ပေါ်ပေါ် ကင်းစောင့်နေခြင်းမှာ သတ်ကွင်းအတွင်းလည်စင်းပေးသည်နှင့် တူပါသည်။

ရန်သူက တွေးချက်ပြီး၊ အပိုင်လုပ်ကြံနိုင်ပါသည်။ ယခု အစောင့်များမှာ ပန်းတစ်ရာတောင်ကြားကို စောင့်နေသည့်



အစောင့်များ ဖြစ်ပါသည်။ ပန်းတစ်ရာနန်းတော်ကိုတော့ သို့ပင် စောင့်ရှောက်ကြသည်လားတော့ မပြောနိုင်သေးပါ။

အစောင့်များ ဤသို့ ပေါ့ပေါ့ဆဆ ကင်းစောင့်နေသည်ကို အပြစ်လည်း မတင်သာပေ။ အဘယ်ကြောင့် ဆိုသော် ပန်းတစ်ရာတောင်ကြားနှင့် ပန်းတစ်ရာနန်းတော်ကို မည်သည့် ရန်သူမျှ တစ်ကြိမ်တစ်ခါမျှ လာရောက် မလုပ်ကြံဖူးသေးသောကြောင့် ဖြစ်ပါသည်။

အလွန်ရန်ဝေးသဖြင့် အစောင့်များမှာလည်း ဘာကိုမျှ ပူပူပန်ပန် မရှိကြပါ။

ယခု အချိန်ထိသည်၊ အဓိကရ သိုင်းသမားကြီးများ မဆိုထားနှင့် သာမန် လူဆိုးဓားပြဂိုဏ်းများပင် လာရောက် မတိုက်ခိုက်ကြသေးပေ၊ မည်သည့် အာမခံအဖွဲ့နှင့်မျှသည် မတိုက်ခိုက်ခဲ့ဖူးချေ။

ထို့ကြောင့် အစောင့်များ ပေါ့ပေါ့ဆဆ ကင်းလှည့်နေကြခြင်း ဖြစ်ပါသည်။ ထို့မျှမကသေးပါ။ ကင်းသမား အချို့သည် အရက်များပင် သောက်ထားကြသေး၏။ အချို့က အိပ်ပျော်နေကြ၏။

ထိုင်စောင့်နေသူများမှာသည်၊ နိုးနိုးကြားကြား ရှိသည် မဟုတ်ပါ။ ငုတ်တုတ်ထိုင်ပြီး ငိုက်မျဉ်းနေခြင်းသာ ဖြစ်ပါသည်။ တောင်ကြားတစ်ဝိုက်၌ ဖျိုးဖျိုးဖျပ်ဖျပ်မြည်လျက်... ကင်းစောင့်သောအရာဆို၍ မီးတုတ် မီးတိုင်များသာ ဖြစ်ပါသည်။

သူတို့သည် တောင်ကြားလမ်း အချို့သောနေရာများကို တောက်ပစွာ အလင်းရောင်ပေးလျက် ရှိပါသည်။ သို့သော် တောင်ကြားနေရာ အများအပြားမှာမူ မြူခိုး များနှင့် အမှောင်ထုသာ ကြီးစိုးနေသဖြင့် တကယ့် ရန်သူများအတွက် အခွင့်အရေးရစေမည့် နေရာများပင် ဖြစ်နေပါသည်။

ထိုအချိန်မှာပင် တစ်ကိုယ်လုံးအနက်ရောင် အဝတ်အစား များ ဝတ်ဆင်ထားသော လူတစ်ယောက်သည် တောင်ကြား လမ်းအဝင်အဝ ကျောက်တုံးကြီးတစ်တုံး၏ နောက်ကွယ်၌ ရောက်နေပေသည်။

သူ့မျက်လုံး နှစ်ပေါက်သည်သာ အသားကို မြင်ရသည်။ ကျန်သည့်ကိုယ်လုံး အနက်ရောင်ဖြင့် ပိတ်စည်းထားသည်။ သူ့ နောက်ကျောတွင် ဓားရှည်တစ်ချောင်းလွယ်ထားပြီး အခြေ အနေကို စောင့်ကြည့်နေလေ၏။

ဆိုခဲ့သည့်အတိုင်း အိပ်သူအိပ်၊ ငိုက်သူငိုက်ဖြစ်နေကြသည့် ကင်းသမားများကို မြင်သောအခါ ထိုအနက်ရောင်ဝတ်စုံဝတ် ပြုံးလိုက်မိ၏။

ထိုသူကား ယနေ့ညပင် ချင်ကျောင်းယုံအားအရကယ်မည်ဟု ဆုံးဖြတ်ပြီး ရောက်ရှိလာသော ချူစွန်ပေတည်း။

ချူစွန်သည် နေ့လယ်ပိုင်းက ပန်းတစ်ရာ နန်းတော်သို့ အောင်မြင်စွာ ဝင်ရောက်လှည့်ပြားနိုင်ခဲ့သည့်အတွက် သူ့ ကိုယ်သူ အတော်အလေး ယုံကြည်မှုရှိနေသည်။

ရဲရင့်နေသည်။ သူ့လှုပ်ရှားမှုကလည်း ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိသောကြောင့် အလွန်တရာ ပိရိသေသပ်နေသည်။



လူသည် တောင်ကြား အဝင်ဝမှ အစောင့် သုံးယောက်ကို အလွယ်တကူပင် ဖြတ်ကျော်လာနိုင်၏။

တောင်ကြားထဲ ဖြတ်သွားရန်ကား လုံးဝ မခက်ခဲတော့ ပေ။ တောင်ကြားလမ်းနေရာ အများအပြားမှာ အမှောင် ကြီးစိုးနေသဖြင့် ချူစွန်အဖို့ လွယ်လွယ်ကူကူပင် ဖြတ်ထွက် လာနိုင်သည်။ မီးတုတ်ကိုင်ကင်းသမားများ ဦးတည်လာနေ ကြောင်း တွေ့လျှင် တောင်စောင်းနံရံ၌ အသာအပ်နေရုံပင် တည်း။

မည်သည့်အစောင့်မျှ တောင်စောင်းနံရံကို မီးတုတ်ဖြင့် လိုက်မစစ်ဆေးပေ။

မီးတုတ်ကိုင် သိုင်းသမားများ ကျော်သွားသောအခါ ချူစွန် ရှေ့သို့တိုးလာခဲ့သည်။ ချူစွန်အား ချီးကျူးဖွယ်ရာ ရှိသည်မှာ သူသည် ကင်းသမားများ၏ပေါ့ဆမှုကိုတွေ့သော် လည်း သူ့ဘက်က လုံးဝပေါ့ဆခြင်းမရှိချေ။ လွန်စွာ သတိရှိသည်။

ခြေသံ မကြားအောင် ရှေ့ဆက်နိုင်ခဲ့သည်။ ထို့ကြောင့် သူ သည် တောင်ကြားလမ်းကို အောင်မြင်စွာ ဖြတ်ကျော်လာနိုင် ခဲ့လေသည်။

ပန်းတစ်ရာနန်းတော်ဝင်း အဝင်ဝတွင်ရှိသော အစောင့် များမှာလည်း မီးတုတ်တဝင်းဝင်းဖြင့် ကင်းလှည့် စောင့် ရှောက်နေကြလေသည်။ တောင်ကြားလမ်းမှအစောင့်များ ကဲ့သို့ပင် ပေါ့ပေါ့ဆဆရှိနေကြကြောင်း ချူစွန်တွေ့ရှိရလေ သည်။

'ကံကောင်းလိုက်တာ၊ ငါ့လိုသိုင်းပညာမျိုးနဲ့ဒီအထိရောက်လာနိုင်တာ အစောင့်တွေ ပေါ့ပေါ့ဆဆရှိနေလို့ပဲ'

ချူစွန် တီးတိုးပြောမိ၏။

သူသည် နန်းတော်ဝင်းအထိ ရောက်လာသောအခါ သစ်ပင် တစ်ပင်ပေါ် ခုန်တက်ပြီး သစ်ကိုင်းသစ်ရွက်များအကြား ပုန်းကွယ်လိုက်၏။

ညအခါ ပုန်းအောင်းရန် အကောင်းဆုံးနေရာမှာ သစ်ပင်များသာဖြစ်ကြောင်း ချူစွန် ကောင်းစွာသိသည်။

နန်းတော်ဝင်းထဲ၌ အစောင့်အရှောက် ပိုများသော်သည်၊ သစ်ပင်များ၊ ရှိနေခြင်း၊ ချုံပုတ်များ၊ ရှိနေခြင်း၊ နေရာကျယ်ဝန်းခြင်းတို့ကြောင့် ကင်းပုန်းထား၍မထားလျှင် အစောင့်များကို ရှောင်ပြီး ချင်ကျင်းယုံထံ အရောက်သွားနိုင်ကြောင်း ချူစွန် တွေးမိလေ၏။

သူ ဝင်ရောက်ခဲ့ဖူးသည့် ခန်းမကြီးသို့ဝင်ရာ အဝင်ဝတွင်မှ အစောင့်များ၊ ထူထပ်လှသည်၊ မီးတုတ်များလည်း များပြားလှသည်။

ထို့အတွက်တော့ ချူစွန် ပူပန်ကြောင့်ကြခြင်း၊ မဖြစ်လှပါချေ။

အကြောင်းမှာ သူသွားမည့်နေရာမှာ နေ့လယ်က ဝင်ခဲ့သည့် ခန်းမကြီး မဟုတ်သောကြောင့်ပင်။



သူ သွားလိုသည့်နေရာမှာ နန်းတော်ဝင်း အနောက်ဘက် အဆောင်သာ ဖြစ်၏၊ ထိုအဆောင်ဘက်ဆောင်ဘွင် အစောင့်များ၊ ထူထပ်မနေရန်သာ သူ ဆုတောင်းသည်။

ထိုစဉ် မီးတုတ်ကိုင် အစောင့်နှစ်ယောက်သည် သူပုန်းနေသည့် သစ်ပင်ကြီးအောက်သို့ လျှောက်သွားနေကြစဉ်တွေ့လိုက်ရသဖြင့် ချူစွန်အသက်ကလေးထိတ်လန့် သွားလေသည်။

သူ့ အရိပ်အယောင်ကိုမြင်သွားသဖြင့် လာရှာခြင်းလားဟု တွေးပြီး ကြောက်ရွံ့မိသည်၊ သူသည် နောက်ကျော၌သိုင်းလွယ်ထားသော ဓားကိုစမ်းလိုက်၏။

သို့သော်ခ ့ကိုတော့သူဆွဲမထုတ်သေးပေ။ အဘယ်ကြောင့်ဆိုသော် သူ့ သစ်ကိုယ်လုံးအနက်ရောင်ဖြစ်၍ မှန်သူချားက ရုတ်တရက် မမြင်နိုင်၊

အဘယ်၍ဓားကိုထုတ်လိုက်ပါက ဓား၏ဝင်းလက်သော အလင်းရောင်ကြောင့် ရန်သူများက သူ့ကို တွေ့သွားနိုင်ကြောင်း၊ စဉ်းစားမိသော ကြောင့်ဖြစ်သည်။

သူ ဓားမထုတ်မိသည်မှာ ကံကောင်းလှသည်၊ အစောင့်များသည် သူ့ကို လာရှာခြင်းမဟုတ်ပေ၊ အခေါ်အပါးသွားလို၍ ထိုသစ်ပင်ကြီးအောက်ဆီသို့ လျှောက်လာကြခြင်းသာ ဖြစ်သည်၊ ချူစွန်သည်သစ်ပင်ပေါ်မှ ရင်ဖိုထိတ်လန့်ဖြင့် စောင့်ကြည့်နေ၏။

အစောင့်တစ်ယောက်က မီး တုတ်ကို မြှောက်ပြီး....

'မင်းကိစ္စကိုမြန်မြန်လုပ်ဟေ့၊ ပြီးရင် အခုနကအတိုင်း အဆောင်ကို သွားစစ်ဆေးရဦးမယ်'

'ဟာ... တို့မလိုပါဘူး၊ ချန်ခဲ့တို့ဘာစုသွားလို့ မြီးပြီမဟုတ်လား'

'ဘယ်ကလာ ချန်ခဲ့တို့ဘာ စုသွားရမှာလဲ၊ ဒီးနဲ့ဘာဝန်ကျတာ တို့အုပ်စုကွ၊ တို့သွားရမှာ'

'ဘားလိုက်စမ်းပါကွာ၊ မလိုပါဘူး'

'မလိုလို့ရမလားကွ၊ ဟာဝန်ကျေအောင် တစ်ပတ်တော့ လှည့်လိုက်မှကောင်းမှာ'

'မလိုဘူး....ဟေ့ကောင်၊ ချင်းကျင်းယို့ ခုက္ခိတဖြစ်နေတာ၊ လာကယ်တဲ့သူရှိတောင် သွားမလိုက်နိုင်ဘူး၊ အလကားသက်သက် အချိန်ကုန်မခံနိုင်ဘူး၊ အလကား အိပ်ရေးပျက်ခံမနေစပါနဲ့ကွာ'

ထိုလူသည် အပေါ့အပါးသွားသည့်ကိစ္စကို ပြီးပြတ်အောင်လုပ်ပြီး သူ့အဖော်နှင့်အတူပြောင်းသွားနေ၏၊ သူတို့ပြောင်းသွားနေသည့် စကားများကို ကြားရပြီးနောက် ချူစွန်ဝမ်းသာသွား၏၊

ကြံစားများအရ ပန်းတစ်ရာ နန်းတော်ကြီး၏ အကာအကွယ်အစောင့်အရှောက်များသည် လွန်စွာပေါ့ဆည့်ဖျင်းလှကြောင်း သူသိလိုက်ရခြင်းကြောင့်ပင်တည်း။

အရေးကြီးသော အကျဉ်းသားတစ်ဦးကိုဖမ်းထားကြပြီး ကြပ်ကြပ်မတ်မတ် စောင့်မနေခြင်းက ပန်းတစ်ရာနန်းတော်၏ လစ်ဟင်းမှုကို ဖော်ပြနေသည်မဟုတ်ပါလား။



ကြံသည်မှာ အစောင့်များ၏ အပြစ်ချည့် မဟုတ်ပေ၊ ပန်းတစ်ရာနန်းတော်၏ အကြီးအကဲ ခြသေ့်နှင့်ခေါင်း တို့၏ အဝင်မြင့်မှု အပြစ်သည်းပါသည်၊ သူတို့အတွက် အကုပ်အညပ်မကြီးကြပ်သောကြောင့် အစောင့်များ ကြံသို့ပေါ့ဆနေကြခြင်းဖြစ်ပေသည်။

သူတို့၏ နန်းတော်ကို ရည်သည့်ရန်သူ့ မကျူးကျော်ဖူးခြင်း၊ မတိုက်ခိုက်ဖူးခြင်းကြောင့် သူတို့ကိုအခြားရန်သူများက ကြောက်ရွံ့နေကြသည်ဟု ခြသေ့်နှင့်ခေါင်းတို့က ကိုယ့်ကိုကိုယ်အထင်ကြီးနေကြခြင်းဖြစ်သည်။

ထိုအခါ အစောင့်အားလုံး ပေါ့ပေါ့လျော့လျော့ဖြစ်ကုန်တော့၏။

မည်သို့ပင်ဖြစ်စေ ချူစွန်အတွက်တော့ ကံကောင်းထောက်မခြင်းဖြစ်နေတော့သည်၊ ပထမအစောင့်သည် ချုပ်တစ်ခုအတွင်းဝင်သွားပြီး မကြာမီပြန်ထွက်လာ၏။

'မင်း... သိပ်စိုးရိမ်မနေစမ်းပါနဲ့၊ ချင်းကျင်းယို့ဆိုတဲ့ကောင်ကို ဘယ်အကောင်မှလာလားကယ်မှာမဟုတ်ဘူး၊ ကယ်မယ့်လူကလဲ ဒီနန်းတော်ဝင်းထဲ ရောက်အောင်လာနိုင်မှာမဟုတ်ဘူး၊ တောင်ကြားထဲမှာ ကျွံခနဲ့မိနေမှာ'

'ကဲ... မင်းစောင့်ဦး၊ ငါချုပ်ထဲဝင်ဦးမယ်'

ဒုတိယအစောင့်သည် ချုပ်ထဲဝင်သွား၍ပြန်လေသည်၊ ချူစွန်သည် ထိုစောင့်နှစ်ယောက်ကို ရှင်းပစ်ရန် ဆုံးဖြတ်လိုက်၏၊ အကြောင်းမှာ အခုနတုန်းက အဆောင်သို့ ထင်းလှည့်

နိုင်သော လူနှစ်ဦးမှာ ထိုလူနှစ်ဦးဖြစ်နေသည်ကို သိလိုက်ရသောကြောင့်ဖြစ်သည်။

ဒုတိယခေါင်းချုံထဲဝင်သွားသည်နှင့် ချူစွန်သည် ဓားကိုဆွဲထုတ်ပြီး ထိုအခေါင်းပေါ်သို့ ခုန်ချလိုက်၏။ ဓားသည် ထိုအခေါင်းဝိညာဉ်ကို တစ်ချက်တည်းဖြင့်ဆွဲနုတ် သွားသည်။ အခေါင်းမှာ သူ့ကားမည်သူ သတ်လိုက်မှန်းပင် မသိလိုက်ဘဲ မြေပေါ်သို့ ကျသွားတော့သည်။

ချူစွန်သည် ထိုအခေါင်း၏အလောင်းကို ချုံပုတ် တစ်ခုအတွင်းသို့ ခပ်မြန်မြန်ပစ်သွားပြီး လဲကျသွားသော မီးတုတ်ကို ကောက်ကိုင်က သစ်ပင်အကွယ်၌ ရပ်နေလိုက်သည်။

လက်ထဲအ ဓားကတော့ထွက်လာမည့်အခေါင်းကိုရှင်းလင်းရန် အဆင်သင့်ဖြစ်နေသည်။ မကြာမီ ချုံခတစ်ခုတိုးသူ ပြန်ထွက်လာသည်။

'ဟောဟော အသံသိုလိုကြားလိုက်တယ်၊ ဘာဖြစ် တာလဲဟေ့'

အခေါင်းသည် သစ်ပင်အကွယ်ဆီသို့ လျှောက်လာပြီး မေးခွန်းထုတ်လိုက်သည်။

'ဘာ....မင်း....မင်း'

'အသံမထွက်နဲ့ တွေ့လား၊ ဒီမှာသေမင်း'

အခေါင်းမှာ ဘာသံမျှထွက်ဝံ့တော့ချေ၊ ပိုဆို၊ သည်မှာ ထိုအခေါင်းသည်သတ္တိနည်းသော အခေါင်းဖြစ်နေခြင်းပင်တည်း။ ချူစွန်အဖို့ အောင်မြင်ပြီးရင်း အောင်မြင် နေတော့သည်။



'မင်း....အော်မယ်မကြံနဲ့၊ ငါကငါ့ကိုယ်ငါ သေလူအဖြစ်သဘောထားပြီ၊ ဒီထဲဝင်လာတာ မင်းကို အရင်သတ်ပြီးမှ ငါ့အသက်မှာ နားလည်လား'

'ဟုတ်....ဟုတ်ကဲ့'

'ငါ ခိုင်းတဲ့အတိုင်း လုပ်ရင် မင်းကိုမသတ်ဘူး'

'စိတ်....စိတ်ချပါ၊ ကျွန်တော်မအော်ပါဘူး'

'ငါ အနောက်ဘက်တဲဆောင်ကိုသွားမယ်၊ ကင်းသမားတွေနဲ့မတွေ့အောင်ရှောင်ပြီး ငါ့ကို ခေါ်သွားစမ်း၊ ကင်းသမား တစ်ယောက်ယောက်ကို တွေ့တာနဲ့ ငါတစ်မှ မေးနေမှာမဟုတ်ဘူး၊ မင်းကို အရင်သတ်မှာပဲ၊ ကဲ....သွားစမ်း ရှေ့က....'

အခေါင်းသည် ခေါင်းငြိတ်ငြိတ်ဖြင့် ရှေ့မှ သွားလေသည်။

ချူစွန်က သက်ကြီးမားစွာဖြင့် နောက်ကလိုက်လေတော့သည်။

★

အခန်း (၆၆)

## အောင်မြင်စွာကယ်တင်နိုင်သူ

ကြောက်ရွံ့နေသော အစောင့်သည် ချူရှန်ကိုကော့ပတ်ပြီး ခေါ်သွား၏။

အစောင့် ကြောက်ရွံ့ခြင်းမှာ ဟန်ဆောင်ခြင်း မဟုတ်ကြောင်း၊ ချူရှန်ရိပ်မိသဖြင့် အနည်းငယ်ရဲဘော်လာသည်။ မီးရောင်မှိန်ရိပ်ဆွဲတိုင်၊ အစောင့်က ပုန်းကွယ်ရန် အချက်ပြသဖြင့် ချူရှန်မှာ ထိုအစောင့်နှင့် အတူ မကြာခဏ ပုန်းကွယ်ရသည်။

'အနောက်ဘက်အဆောင်ကိုရောက်တော့မယ်'

အစောင့်က တိုးတိုးပြောသည်၊ ချူရှန်က....

'တစ်ခြားအစောင့်တွေရှိသေးသလား'

'ရှိနိုင်တာပေါ့၊ ကျုပ်တို့အုပ်စုမှာ ရှစ်ယောက်ရှိတာကျန် ခြောက်ယောက် အခုနေနဲ့ အဲဒီလို ရောက်ချင် ရောက်နေမှာပေါ့'

ချူစွန်မှာ သူ့နဖူးကို သူရိုက်မိလုတတ်ဖြစ်သွားသည်။
'ခင်ဗျားက ချင်ကျင်းယုံကို ဘယ်မလို့သလား'
'ဖြန်း….'
'စကားမရှည်နဲ့'

ချူစွန်က ခေါင်းပြားဖြင့် ရိုက်ပြီး ခြင်းခြေ ထိလိုက် သဖြင့် အခန်းထဲမှာဆတ်မလှမ်းတော့ဘဲ ပါးစပ် ပိတ်သွားတော့သည်။
'မင်းအလုပ်က အနှောက်ဘာသိ၊ အဆောင်ကို ပို့ပေးဖို့၊ စကားတွေ မမေးနဲ့၊ မပြောနဲ့'
ဤသို့ဖြင့် လျှောက်လာကြရာ အဆောင်ကြီးကနေကျော် လိုက်ပြီ၊ မီးတုတ် အလင်းရောင်ဖြင့် လည်း တွေ့လိုက်ရသည်။
'ကျုပ်….ကျုပ်ကို မသတ်ပါနဲ့၊ ဒါကျုပ်တို့အုပ်စုထဲက အတွဲတစ်တွဲဖြစ်လိမ့်မယ်'
'ကိစ္စမရှိဘူး၊ မင်းသာမအော်နဲ့၊ ငြိမ်ငြိမ်သာသွား'
ချူစွန်၏ခေါင်းသည် အစောင့်၏ခေါင်းကို ခပ်ဖိဖိဆော ထောက်ထားလိုက်ရာ ပေါင်းလုံးတစ်ထောက်ခန့် စင်သွား၏။ အစောင့်မှာ အသားများ တဆတ်ဆတ် တုန်လာတော့သည်။



'မင်းမကြောက်နဲ့၊ ငါသတိပေးတာ၊ ဟိုကောင်တွေ မီး တုတ်တွေ မြှောက်ကိုင်ပြီး အိပ်နေတာ ငါတွေ့တယ်၊ မင်း အသံမပြုရင် ဒီကောင်တွေ မနိုးဘူး'
'စိတ်….စိတ်ချပါ'
'ချင်ကျင်းယုံရဲ့အခန်းကို ဘယ်လိုသွားရသလဲ၊ အခန်းမှာ ကော အစောင့်ရှိသလား'
'ခင်….ခင်ဗျားက ချင်ကျွန်းယုံရဲ့မိတ်ဆွေလား'
'ဟုတ်တယ်'
'အဲဒီအခန်းကို ကျုပ်တို့မရောက် ဖူးဘူး၊ ကျုပ်တို့ဟာအပြင် ကပဲ စောင့်ရတာ'

'မင်း သေချင်သလား၊ အထဲမှာ အစောင့်ဘယ် နှစ် ယောက်ရှိသလဲ၊ ခုမြန်မြန်ပြောစမ်း'
'မသတ်ပါနဲ့၊ အထဲမှာအစောင့်ရှိရင်လဲ နည်းနည်းပါး ပါးလောက်ပဲ ရှိမှာပါ၊ ကျွန်တော်ဆီက လူတွေ အားလုံး နန်းတော်ဝင်းထဲမှာ အုပ်စုလိုက်ရှိနေပါတယ်'
'ကဲ….တို့ ရှေ့ဆက်သွားမယ်'
ချူစွန်၏အမိန့်ကြောင့် အစောင့်သည် ရှေ့သို့ပြန်လှည့် သွားသည်။
ချူစွန်သည် အစောင့်၏ ချိုစောင်းကို ခေါင်းခေါက်ဖြင့်ထုချ လိုက်ရာ ဒုတ်ခနဲအသံနှင့်အတူ အစောင့်လဲကျသွား၏၊ မြေ ပြင်သို့ ခုန်းနေ့တုမသွားစေရန် ဒလှူင်အမြန်ဖမ်းပြီး ချုံတစ်

ခုထဲသို့ ဆွဲသွင်းလိုက်၏။ ထို့ပြင် တတ်သမျှမှတ်သမျှပညာဖြင့် အစောင့်၏အကြောင်းကို ထုံးပိတ်လိုက်သည်။

သူ လှမ်းကြည့်လိုက်သောအခါ မူလက အစောင့် နှစ်ယောက်မှာ မီးရောင်အောက်၌ အိပ်နေဆဲပင်။

'ဒီလူတွေ ခြင်္သေ့နဲ့ဒေါင်းတို့ကို သေမလောက်ကြောက်ကြတယ်လို့ မုဆိုးဘိုးတိုးက ပြောခဲ့တယ်'

'ကြည့်စမ်း....အိပ်နေလိုက်ကြတာ'

'သူတို့သည် ဒီပုံစံအတိုင်း အိပ်နေတာတွေ့ရင် ခြင်္သေ့နဲ့ဒေါင်းတို့က သတ်ပစ်မှာဘဲချစတယ်၊ သူတို့ဘ[illegible]တယ်ဆိုတာ အတိုင်းကြောက်တာလဲ မသိဘူး'

ချူစွန်သည် ထိုအစောင့်များအတွက် ပူပူပင်ပင်တွေးနေလိုက်သေးသည်။

အမှန်မှာ တကယ်တော့ ခြင်္သေ့နှင့်ဒေါင်းတို့ကိုအခြားနေရာများ၌ အစောင့်များ ကြောက်ကြသည်သာ။ ဒေါင်းကြွေလမ်း ကိစ္စ၌လည်းကောင်း၊ နန်းတော်ကိစ္စ၌လည်းကောင်း၊ ပြဿနာတစ်စုံတစ်ခု တစ်ခါမျှ မပေါ်သဖြင့်မည်သူမျှ အပြစ်ဒဏ် မခံခဲ့ရဖူးချေ၊ ထို့ကြောင့် အစောင့်များ ပေါ့ဆနေခြင်းသာ ဖြစ်သည်။

ချူစွန်သည် အိပ်ပျော်နေသော အစောင့်များကို မည်သို့မျှ ဂရုမထားပေ။

သူတို့ကိုရှောင်ပြီး တံခါးမကြီးကိုဖွင့်လိုက်ရာ အလွယ်တကူပင် ပွင့်သွား၏။



ချင်ကျန်းယုံကို ဤအထပ်အခန်းတစ်ခန်း၌ ချုပ်နှောင်ထားလိမ့်မည်ဟု စဉ်းစားပြီး တစ်ခန်းဝင်တစ်ခန်းထွက်လိုက်ရှာဖွေလေတော့၏။

အစောင့်တစ်ယောက်စ နှစ်ယောက်စ တွေ့ရသော်လည်း အစောင့်တိုင်း အိပ်ငိုက်နေကြသည်သာ။

'ဟောဟိုအခန်းမှာ မီးရောင်မြင်တယ်'

ချူစွန် သတိထားလိုက်မိသည်။

ထိုအခန်းမှာ ချင်ကျင်းယုံအားချုပ်နှောင်ထားသည့်အခန်းပင်ဖြစ်တော့သည်။ အခန်းရှေ့၌အစောင့်တစ်ယောက်မျှသည် မရှိ၊ အံ့သြစရာပင်ကောင်းနေသေး၏။

ထောင်ချောက်ဆင်ထား၍ခြင်းလားဟုပင် ချူစွန်တွေးတောရသည်။

သူသတိထားပြီး ချဉ်းကပ်လာသည်။

* * *

အခန်းထဲမှ မီးရောင်မှာ မှိန်မှိန်ကလေးသာဖြစ်သည်။ ထို ထက်ပိုလင်းရန် မီးစာကိုတင်၍ ရသော်လည်း၊ အကျဉ်းသား ချင်ကျင်းယုံမှာ ထိုမီးစာကို မြှင့်တင်နိုင်ရန် အင်အားမ မရှိချေ။

ချင်ကျင်းယုံသည် မျောက်ပြုံ၏အဆိပ်အပြင် ခေါင်း၏ အဆိပ်များကိုပါ အမိခံသားရသဖြင့် သူ့ခမျာ ချည့်နဲ့ထလိုဖြစ် နေရသည်။

သို့သော်သူသည် အားမနန်ရှိသောယောကျ်ား၊ အရှုံး မပေးသောယောကျ်ားဖြစ်၍ အကြိမ်ကြိမ်ထထိုင်သည်။ အကြိမ် ကြိမ်ထရပ်သည်။ သူ့ခမျာအလွန်ကရာ ပင်ပန်းခံရသည်။

ထရင်နိုင်သော်လည်း၊ လှမ်းသွားရန်မှူ ခက်ခဲနေသေး သည်။

သုံးလေးလှမ်းလှမ်းပြီးတိုင်း နားနေရသဖြင့် ချင်ကျင်းယုံ မှာ တကယ့်လူမမာကြီးပမာ ဖြစ်နေရတော့သည်။

'အင်း... ဒီပုံစံအတိုင်းဆိုရင်တော့ ဒီးကျဉ်းစခန်းလေးထဲ က ထွက်ပြေးဖို့ဆိုတာ ဘယ်ဖြစ်နိုင်ပါတော့မလဲ၊ သူတို့က ငါ့ခြေကိုတောင် ရိုက်ချိုးထားသလို လုပ်ထားတာကိုး'

ချင်ကျင်းယုံသည် စိတ်တွင်းမှ ထိုသို့ပင် ညည်းလိုက်မိလေ သည်။



အဆိပ်များကို ချေးအဖြစ်ပြောင်းလဲသွားပြီး မှေးညှင်း ပေါက်များမှ ထုတ်ပစ်သည့်နည်းသမ်းကို အသုံးပြုကြသည့်သ သည်။

တစ်ခါက သာပြုလုပ်နိုင်ပြီး၊ လွန်စွာခဲမာဟိုက် လာသဖြင့် လက်လျှော့လိုက်ရသည်၊ ဤနည်းမှာ အဘွင်းအားသုံးရန် ချေးအဖြစ် ပြောင်းရခြင်းဖြစ်၍ ခက်ခဲသောနည်းလမ်းဖြစ်သ သည်။

ချင်ကျင်းယုံ အခုဖြင့် အဘွင်းအားကျင့်စဉ်ကို အနည်းငယ် သောအချိန်ကလေး အသုံးပြုလာနိုင်ခြင်းသည်ပင်လျှင် သူ၏ ကြံ့ခိုင်သော စိတ်ဓာတ်ကို ချီးကျူးရန်ရှိပေသည်၊ နောက်ဆုံး တွင်မူ ချင်ကျင်းယုံ မောဟိုက်စွာ အခက်ရှုရင်း ထိုင်နေရ တော့သည်။

ချွေးစွန်မှောင်ရိပ်ခိုပြီး၊ အကဲခတ်နေ၏၊ သူသည်နှစ်ခြိုက် စွာ အိပ်ပျော်နေသည့်အခေါင့်ကိုတစ်ချက်မျှ အကဲခတ်လိုက် ပြီး တံခါးကိုဖြည်းညင်းစွာ ခေါက်လိုက်၏။

'ခေါက်....ခေါက်'

'အစ်ကိုကြီး.... အစ်ကိုကြီး'

ချင်ကျင်းယုံသည် တွေဝေငေးမောနေရာမှ တံခါးခေါက် သံကြားလို့ ရုတ်တရက် အံ့ဩသွားသည်၊ ယခင်ကတံခါး ခေါက်သံလုံးဝမရှိချေ။

ဝင်းချင်လျှင် သူတို့ဘာသာ ဖွင့်ဝင်လာသည်သာဖြစ်လေ
သည်။

ယခု တံခါးခေါက်ရုံမျှမက တီးတိုးခေါ်သံပင် ကြားနေရ
ချေပြီ။

အပြင်မှ တစ်စုံတစ်ယောက် ခေါ်နေပြီဖြစ်ကြောင်း ရိပ်မိ
သဖြင့် သူထူးနိုင်ရန်ကြိုးစားခဲ့သဖြင့် အမောမပြေနိုင်သေး၊

'ဝါထရယ်၊ ဝါအခွင့်အရေးပဲ'

သူသည် မောဟိုက်နေသည့်ကြားမှ ကြိုးစား၍ ထရပ်လိုက်
သည်။

တစ်လှမ်းချင်း တစ်လှမ်းချင်း ကြိုးစား၍ တံခါးဝသို့
လှမ်းလာသည်။

တံခါးဝရောက်သောအခါ သူ့တစ်ကိုယ်လုံး ချွေးများစိုရွှဲ
ပြီး အသားများက တဆတ်ဆတ်တုန်နေလေပြီ။

'ခေါက်....ခေါက်'

'အစ်ကိုကြီး....အစ်ကိုကြီး'

ချူချွန်၏အသံ ပေါ်လာသည်။ သူမှတ်မိလေပြီ။

'ဒါ....ဒါ၊ ချူ....ချူချွန်အသံပဲ'

သူအလွန်တရာဝမ်းသာသွား၏။

ဝမ်းသာသွားသော်လည်း မောနေသဖြင့် ချက်ချင်းပြန်မထူး
နိုင်ပါ။



အပြင်မှ ချူချွန်ကမူ စိတ်ပူလာပြီး ထူးသံမကြားရ
သဖြင့် ဤအခန်းထဲ၌ ချင်ကျောင်ယုံ မရှိတော့ပြီဟု ထင်ပြီး
ခြားအခန်းဘက်သို့ သွားရန်ဟန်ပြင်နေလေပြီ။

ထိုအခါမှ ပင်ကိုဖောင်းထောင်မရွှား သူက အသံပြုလိုက်
မိလေတော့သည်။

'ချူချွန်'

ချူချွန်မှာ တစ်ကိုယ်လုံးတုန်သွား၏။

ဝမ်းသာလွန်းသဖြင့် သူ့အသည်းနှလုံးများ အပြင်သို့ခုန်
ထွက်သွားသည်ဟု ထင်မှတ်လိုက်မည်။ သူသည်ချက်ချင်းပင်
တံခါးသို့ ကပ်ပြီး တီးတိုးခေါ်လေတော့သည်။

'အစ်ကိုကြီးအထဲမှာရှိနေသလား၊ ကျွန်မတော်ချူချွန်ပါ'

'ရှိတယ်'

ချူချွန် ထခုန်မိမတတ်ဖြစ်သွားလေပြီ။

'အစ်ကိုကြီး တစ်မနက်လုံး ကျွန်မတော်လာရှာတာ'

ထိုညထင်ကြီးမ်ဝမ်းသာရသူမှာ ချင်ကျောင်ယုံဖြစ်ပါ၏။

ဤအတောအတွင်းနှိပ်စက်ခံရလေ၍ထဲမှာ သူ့အသက်ဆုံးပြီဟု ထင်ထားခဲ့
ရာမှ မမျှော်လင့်ဘဲ ချူချွန်၏ ကယ်တင်မှုကို ခံယူရတော့မည်။
လွတ်လပ်သော ကမ္ဘာကြီးကို ကြည့်ခွင့်ရတော့သည်။
လတ်ဆတ်သော လေကို ရှူခွင့်ရတော့မည်။ သူလွန်စွာဝမ်းသာ
သွားသည်။

တစ်ပြိုင်တည်းလိုလိုပင် ချူစွန်အတွက် စိုးရိမ်စိတ်လည်း ဝင်လာ၏။

'သတိထားပြီးလုပ်'

သူက သူ့စိတ်ကိုထိန်းပြီး သတိပေးလိုက်လေ၏။ ချူစွန်တ ဝမ်းသာမှုကြောင့် ပျာယာခတ်နေလေပြီ။

'အစ်ကိုကြီး၊ အခန်းတံခါးကို သော့ခတ်ထားတယ်၊ ဒီက သည်းခံပါ၊ ကျွန်တော် သော့ကိုဖျက်မယ်'

ချင်ကျင်းယုံ မသွား၏၊ အကြောင်းမှာ ရှည်ရှည်ဝေးဝေး ပြောရတော့မည်ကို သိလိုက်သောကြောင့်ဖြစ်၏။

သို့သော်တစ်ဆက်မှ တစ်ခါကြုံသော လွတ်မြောက်ခွင့်ဖြစ်၍ အာမာန်တင်းကာ ပြောချလိုက်ရတော့သည်။

'အဲဒီနားမှာ အစောင့်ရှိရမယ်၊ သူ့ဆီမှာ သော့ရှိရမယ်၊ မင်းလာတော့ အစောင့်မရှိဘူးလား၊ မင်း ရှင်းပစ်လိုက်ပြီလား'

'အစောင့်ရှိတယ်၊ အိပ်မောကျနေတယ်'

'ဒါဖြင့် သူ့ဆီမှာသော့ရှိမယ်၊ နေဦး၊ သူ့ဆီမှာ သော့ မရှာနဲ့ဦး၊ ညည်ပင်၊ နောက်နားမှာ အကြောမကြီး တစ်ခုရှိတယ်၊ အဲဒါကို ခပ်မြန်မြန်နှိပ် ပိုက်စမ်းပြီးမှ သော့ကိုရှာ၊ မင်းသော့ရှာတုန်း သူနိုးလာရင် အားလုံးခက်ကုန်မယ်၊ ဟင်း ငါမောသွားတာ'



ချင်ကျင်းယုံ ချွေးပြိုက်ပြိုက်ကျနေလေပြီ။

သေချင်လောက်အောင် သူမောနေရှာပြီ၊ ချူစွန် သဘောပေါက်သွား၏။

'အစ်ကိုကြီး....ကျွန်တော် သဘောပေါက်ပြီ၊ အစ်ကိုကြီး အေးအေးဆေးဆေး နားနေ၊ ကျွန်တော် သော့ရှာ လိုက်ဦးမယ်'

'သတိထားပြီး လုပ်'

ချင်ကျင်းယုံက မောပန်းစွာ ထပ်မံ သတိပေးသည်။

ချူစွန်သည် ဖျတ်လတ်စွာ လှည့်ထွက်လာ၏။

* * *

အိပ်နေသည့် အစောင့်အနီးသို့ချဉ်းကပ်သွား၏။ ချင်ကျင်းယုံ ပြောထားသည့်အကြောမကြီးကို နှိပ်ချလိုက်ပြီးမှသော့ကို ရှာသည်။

ကံအားလျော်စွာ ထိုအစောင့်၏ ခါးကြားတွင်သော့ပေါင်း စုံကို တွေ့လိုက်ရတော့သည်။ ချူစွန်သည် တုန်တုန် ယင်ယင် ဖြင့် ချင်ကျင်းယုံ၏ အခန်းတံခါးကိုဖွင့်နေသည်။

စိတ်လှုပ်ရှားနေသဖြင့် အခန်းသော့မှန်ကို ချက်ချင်း ရှာ၍ မရပေ။

အတွင်းမှ....

'ချူစွန် သော့ရသလား'

'ဂုတယ် အစ်ကိုကြီး၊ ဖွင့်နေပြီ စိတ်အေးအေးသာထား၊ အားလုံးအဆင်ပြေတယ်'

ချူစွန်သည် တစ်ဖက်မှ အားပေးရင်း တစ်ဖက်မှာ သော့ကို ရှာနေသည်။

မကြာမီအံကိုက်သော သော့ကို တွေ့လိုက်ရလေ၏။

'ဖတ်....ဖတ်....ဖတ်'

သော့ဖွင့်မည် လုပ်နေမှ ခြေသံကြား၍ ချာခနဲလှည့်ကြည့်ဖြင့် ချူစွန်ခေါင်း နားပန်းကြီးသွား၏။

ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင်ဖြစ်သွား၏။ အပြင်မှာအသံ ငြိမ်သွားသဖြင့် အတွင်းမှ ချင်ကျင်းယီသည် တစ်စုံတစ်ရာထူးခြားနေပြီဟု ရိပ်မိသွား၏။

'ချူစွန်....ဘာဖြစ်တာလဲ'

'လူ....လူ....လာနေပြီ အစ်ကိုကြီး'

ချင်ကျင်းယီသည်း အမြန်အလွှား စဉ်းစားရလေတော့သည်။

ချက်ချင်းပင် အဆုံးအဖြတ် ပေးလိုက်၏။



'မင်း... အိပ်နေတဲ့ အစောင့်ရဲ့မလှမ်းမကမ်းမှာ ကပ်နေ၊ အိပ်နေတဲ့အစောင့်ကိုတွေ့ရင် ဒီကောင်ပြေးသွားရာ လုပ်လိမ့်မယ်၊ သူ့ကို နေရာထဲကျောက်နေ တစ်ချက်တည်းနဲ့ ငြိမ်ပြတ်အောင် လုပ်ကြဲလိုက်၊ သူ့သိုင်းပညာ မကောင်းရင်တော့ မင်းအောင်မြင်မယ်၊ သူ့သိုင်းပညာ ကောင်းရင်တော့ ငါတို့ ဒုက္ခရောက်ပြီ'

ချူစွန်မှာ နဖူးမှ သီးတင်းခနဲ့ ချွေးလုံးကြီးများလိမ့်ဆင်း လာတော့၏။

သူ့အဖို့ ဤရှေ့စဉ်၌ တစ်ကြိမ် အသိရှာဆုံ၊ စိတ်လှုပ်ရှားရခြင်းပင်ဖြစ်သည်။ ခြေသံသည် တဖြည်းဖြည်း နီးကပ်လာ၏။ သို့သော် ခြေသံသည် တစ်ဖက်သို့ ချိုးကွေ့သွားပြီး တဖြည်းဖြည်း ပြန်ဝေးသွားသည်။

'ဟင်း....'

ချူစွန်သည် သက်ပြင်း ချလိုက်၏။

သူ့တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေလေပြီ။

'အစ်ကိုကြီး....ခြေသံက တစ်ဖက်ကို ချိုးကွေ့သွားပြီ၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး၊ ကျွန်တော် အခန်း တံခါး ဖွင့်မယ်'

'အေး....မြန်မြန်လုပ်'

ချူစွန်သည် အခန်းသော့ဖွင့်လိုက်ရာ ချောက်ခနဲပွင့်သွား လေတော့သည်။

သော့ပွင့်သွားသည့်အသံမှာ သူ့အဖို့ အသာယာဆုံး ဂီတ သံပင် ဖြစ်တော့သည်။

သည်အခန် တံခါးကို အမြန်ဆုံးဆွဲဖွင့်လိုက်ရာ တံခါးကို မှီ၍ရပ်နေသော ချင်ကျင်းယုမှာ အပြင်သို့ ပြိုလဲကျလာတော့ လည်း၊ ချူစွန်လျှင်မြန်သဖြင့် ချင်ကျင်းယုံ ကြမ်းပြင်ပေါ်သို့ မကျရောက် တော့ချေ။ သူသည် ချင်ကျင်းယုံကို ပွေ့ထူလိုက် သည်။

မုဆိုးအဘိုးတို့ ပြောကြားသည့် စကား မှန်ကန်ကြောင်း ချူစွန်သိလိုက်သည်။

ထို့ကြောင့် ချင်ကျင်းယုံကို ပခုံးပေါ် ထမ်းတင်လိုက်သည်။ ချင်ကျင်းယုံက....

'ညီလေး၊ ချူစွန်ဓားကို ပြန်ခတ်ထားလိုက်၊ သော့တွဲကို အစောင့်ခါးမှာ ပြန်ချိတ်ပေးထားလိုက်'

ချူစွန်သည် ချင်ကျင်းယုံပြောသည့်အတိုင်း ဆောင်ရွက်ပြီး နောက် အကျဉ်းဆောက်အဦထဲမှ အမြန်ဆုံး ထွက်လာခဲ့လေတော့ သည်။

အပြင်မှ အစောင့် နှစ်ယောက်ကား အိပ်မောကျနေဆဲ ပင်။

သူတို့အိပ်မက်ကောင်းကောင်း မက်ပါစေဟု ချူစွန်က ဆု မွန်ကောင်းတောင်းပေးလိုက်၏။ သူနှင့်ထောင်ထဲ ဝင်တုန်းက ကံကောင်းခဲ့သလိုပင် အထွက်တွင်လည်း ကံကောင်းနေခဲ့ သည်။



'အစ်ကိုကြီး....အစ်ကိုကြီးကို ကယ်တာ ငှက်ပျောသီးအခွံ နွှာစားရသလောက်ကို လွယ်နေတယ်'

ချူစွန်၏ စကားသည် ချင်ကျင်းယုံ၏နားထဲသို့ ချိုမြိန်စွာ စီးဝင်သွားလေသတည်း။

အခန်း (၆၇)

## လွတ်ပြီ၊ ကျွတ်ပြီ

'တုံ….တုံ'

မည်သည့်အရပ်ကထိုးခတ်လိုက်မှန်းမသိသောအုန်းမောင်းခေါက်သံ သုံးချက်သည် တတုံးတုံးဖြင့် ထွက်ပေါ်လာ၏၊ ဖုံကျတ်ဝါသည် သူမ၏ လည်ပင်းအား ဖျစ်ညှစ်နေသော လူ့ဘီလူးကြီး၏ သက်တွင်းမှ ရုန်းထွက်နိုင်ရန် ကြိုးစားနေသည်။

သူမတစ်ကိုယ်လုံး ချွေးရွှဲရွှဲစိုနေလေပြီ၊

'ရှင်….ရှင်ဘာလုပ်တာလဲ၊ လွှတ်စမ်း'

ကျုံမှုလည်ပင်းကို ဖျစ်ညှစ်နေသည်ကြားမှ သူမအသံထွက်အောင် ပြောနိုင်ခြင်းကို သူမပင် အံ့သြနေလေသည်၊

'ချင်ကျင်းယုံ သတ်ပြီးပြီ၊ ဒီတစ်ခါနင့်အလှည့်ပဲ'

'အစ်ကို ချင်ကျင်းယုံ သေပြီဟုတ်လား'

'ဟုတ်တယ်၊ နင်သေဖို့ပဲ ကျန်တော့တယ်'

'ကယ်တော်မူပါ'

သူမသည် သေအံ့မူးမူးဖြစ်နေစဉ် တစ်ချိန်ကသူမအားထယ်တင်ခဲ့ဖူးသော ဘုန်းတော်ကြီးတစ်ပါးကို သတိရလိုက်၏။ ထိုဆရာကျောင်းဝန်းကျင်၏အရိပ်အာဝါသများကိုသတိရလိုက်၏။ ဘုန်းမောင်းခေါက်သံများကိုသတိရလိုက်၏။

'တုံ....တုံ'

ဘုန်းမောင်းခေါက်သံများကြောင့် ဖုံကျက်ဝါ လန့်ခနဲထလိုက်၏။ သူမအားကယ်တင်ရန် ဘုန်းတော်ကြီးရောက်ရှိလေသလော။

ဖုံကျက်ဝါသည် လူ့ဘီလူးကြီးကိုကြည့်လိုက်၏။ မည်သည့်လူ့ဘီလူးကြီးမှမရှိတော့။ သူမတစ်ကိုယ်လုံး ဇောချွေးများပြန်နေပြီး သူမ အိပ်မက်မက်နေခြင်းပါတကား။

သူမ၏တစ်ကိုယ်လုံး၊ ချွေးများကို ပဝါတစ်ထည်ဖြင့်သုတ်လိုက်သည်။

'ဘုရား....ဘုရား အိပ်မက်ဆိုးပါလား၊ မသေလို့တော်ပါသေးရဲ့'

ဖုံကျက်ဝါသည် ဆက်၍ မအိပ်နိုင်တော့သဖြင့် အိပ်ရာမှထပြီး ရှေ့ခန်းသို့ ထွက်လာသည်။

'ဟဲ့....လုံမလေး နိုးပြီလား'



လူကြီးပီပီ စေ့စေ့စပ်စပ်နိုးနေသော အဘွားအိုက ဖုံကျက်ဝါကို လှမ်းမေးလိုက်သည်။

'မအိပ်နိုင်တော့ဘူး ဘွားဘွား၊ အိပ်မက်တော့မကောင်းဘူး၊ အိပ်လို့မရတော့အမေနဲ့တူတူ ထိုင်နေတာပဲ ကောင်းမယ်'

သူမသည် ချူစွန်၏အိပ်ရာသို့ သွားကြည့်လိုက်၏။

ချူစွန်၏ အိပ်ရာမှာ ပုံပန်းမပျက် ပကတိအတိုင်းရှိနေသည်။

သို့သော် ချူစွန်ကား ရှိမနေချေ။

'ဟင်....ချူစွန်မရှိပါလား'

ဖုံကျက်ဝါ ထိတ်လန့်သွား၏။

ချူစွန်မအိပ်ဘဲ မည်သည့်နေရာသွားနေပါသနည်း။ တကယ်ဆိုလျှင် ချူစွန်အနေဖြင့် သူမအား တိုင်ပင်ပြီးမှ တစ်ခုခု လုပ်သင့်သည်ဟု သူမယူဆသည်။

'ချူစွန်....ချူစွန်'

ချူစွန်၏အသံကို လုံးဝမကြားရချေ။

ဇုဧဦ....

'ဟဲ့ လုံမလေး....ဘယ်သူ့ကိုခေါ်နေတာလဲ'

'ကျွန်မ....အစ်ကို သူ့အိပ်ရာမှာ မတွေ့လို့ ခေါ်နေတာပါ ဘွားဘွား'

'ဟင်....သူဘယ်ရောက်သွားလဲ'

'ကျွန်မစိတ်ထင်တော့'

'မင်းအစ်ကိုတော့ဗုဒ္ဓကြွဖြစ်တော့မှာပဲ၊ ဒီပန်းဘစ်ရာတောင်ကြားမှာ ညခရီးသွားလာလို့ မကောင်းဘူးတယ်'

ဖိုးကျက်ဝါ ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

ချစ်စွန်သည် သူမအား မောင်ပင်တဲ ချောင်ကျောင်းယုံအား၊ သွားကယ်တင်ပြီးဖြစ်ကြောင်း သူမကောင်းစွာ ရိပ်မိလိုက်သည်။ ထို့ကြောင့် သူမ ဤအိမ်တွင် နေခနရန် မဖြစ်တော့ပါချေ။

အခုပဲဖြစ်ဖြစ်ပန်းတင်ရာတောင်ကြားထဲလိုက်ရတော့မည်၊ ချစ်စွန်အား ကူညီရတော့မည်။ ခက်သည်ကား၊ ယခုအချိန်မှာ ရွာလွန်နေခြင်းပင်။

ယခုပင် အုန်းခမောင်းသံ သုံးချက်တီးခနပေပြီ။

ချစ်စွန် အဖမ်းခံခနရပြီလား၊ သို့မဟုတ်အသတ်ခံ နေရပြီလား မသိခပ။

'ကျွန်မ ဒီမှာနေလို့ မဖြစ်တော့ဘူး၊ ကျွန်မအစ်ကို ပန်းဘစ်ရာနန်းတော်ကို သူတစ်ယောက်တည်းသွားပြီး ကျွန်မတို့ အစ်ကိုကြီးကိုကယ်နေပြီ၊ ခု...သူတောင် အဖမ်းခံနေရပြီလား မသိဘူး'

အဘွားအိုမှာ ရန်တုန်ပန်းတုန်ဖြစ်သွား၏။

'ဩော်...မင်းဘို့ဘာ ပန်းတစ်ရာနန်းတော်ရဲ့ ရန် သူတွေကို၊ စောစောက ပြောရောပေါ့ကွယ်၊ တို့လဲ တတ်နိုင်သမျှကူညီမှာပေါ့'

ထိုစဉ် အဘိုးအိုသည် နိုးလာ၏။



'ဟုတ်ပ... ဟုတ်ပ၊ မင်းတို့ ဒီ ဒို လာကယ်ဖို့ လာတာဆိုရင် ငါတို့ တတ်နိုင်သမျှကူညီမှာပေါ့၊ ဒီနယ် ဒီငါ့သောက် ချွမ်းတဲ့ ဘယ်မှာရှိနိုင်ပါ့မလဲ'

အဘိုးအိုက လိုလိုလားလား ဝင်ပြော၏။ ထိုစဉ် အပြင်မှ ဖုတ်ဖုတ်ခြသံများ ကြားလိုက်ရသဖြင့် အားလုံးအထိတ်တလန့်ဖြစ်သွားကြသည်။

'ဟော်.... ခြသံကြားတယ်'

သူမက အားလုံးတိတ်ဆိတ်ခနရန် ပါးစပ်ကို လက်ဝါးဖြင့် ပိတ်ပြလိုက်၏။

'ဖိုးကျက်ဝါ...ဖိုးကျက်ဝါ'

အိမ်အပြင်မှ ခပ်အုပ်အုပ် အသံကြောင့် သူမမှာ ထခုန်မိတော့မလိုဖြစ်သွား၏။

'ဒါ...ဒါ ချစ်စွန်ရဲ့ အသံပဲ'

အဘိုးအိုတံခါးကို အလျှင်အမြန်ဖွင့်လိုက်၏၊ အဘွားအိုအိမ်ကိုကိုင်ပြီး ခြေကိုပြန်၊ အိမ်အပြင် တံခါးဝတွင် ချစ်စွန်သည် လူတစ်ယောက်ထမ်းပြီး ရပ်နေလေသည်ကား။

* * *

'ချူစွန်…အစ်ကို ချင်ကျောင်းယု ကိုကယ်လာခဲ့ပြီလား'

သူမက အိမ်ပေါ်မှဆင်းပြီး အမောတကော မေးလိုက်သည်။

'ရှင်…ရှင်၊ တကယ့်လူပဲ၊ အစ်ကို ကိုကယ်လာပြီနော်၊ အစ်ကို ပါလာပြီ၊ ကျွန်မ…ကျွန်မ အသုံးမကျဘူး၊ ဟင့်…ဟင့်'

ဖုန်ကျက်ဝါမှာ ဝမ်းနည်းဝမ်းသာဖြစ်ပြီး တဟင့်ဟင့် ငိုလေတော့သည်။

ချူစွန်က…

'ငိုမနေနဲ့လေ၊ အစ်ကို လွတ်လာပြီပဲဟာ၊ ဝမ်းသာစရာ ပေါ့၊ အဖြစ်အပျက်တွေကို နောက်မှပဲ ပြောပြမယ်၊ ကျုပ် မှာ အချိန် ရှိဘူး၊ မကြာခင် အစ်ကိုကြီးလွတ်သွားတာကို သိပြီး ခြသ်နဲ့ခေါင်းတို့က သဲကြီးမဲကြီး လိုက်ရှာတော့မယ်၊ ဒီတော့ ကျုပ်တို့ ဒီနေရာက အမြန်ဆုံးထွက်သွားမှ ဖြစ်မယ်'

ချူစွန်ထံမှ အရေးကြီးသောစကားကို ကြားသောအခါ ဖုန်ကျက်ဝါ ငိုမနေနိုင်တော့ချေ။ ချက်ချင်းပင် ပစ္စည်းများကို ထုပ်ပိုးသိမ်းဆည်းရတော့၏။

အသိုအီကား ချူစွန်ကို လေးစားစွာ ကြည့်နေ၏။

သာမန် လူငယ်လေးတစ်ယောက်သာလျှင် လူ… ကြမ်းကြုတ် ရှိနေရသော ပန်းတစ်ရာတောင်ကြားနှင့် ပန်းတစ်ရာနှင့်တော်



သို့ ရဲရဲဝံ့ဝံ့ ကျူးကျော်ဝင်ရောက်ပြီး သူ့အစ်ကိုကို ကယ်ဆင် နိုင်ခဲ့လေသကား။

'မင်းဟာ သူ့ရဲ့ကောင်းလေးပါပဲ အသေးရယ်'

ချူစွန်မှာ အိုးတိုကို အားမရလျှော့မနေနိုင်ချေ။

ချင်ကျောင်းယုံကိုသာ မြင်းပေါ်ရောက်အောင် တင်နေလေသည်။

အတွေးအိုက္ကသည်။ သူတို့ ပစ္စည်းပစ္စယများ တင်ခွန်ကျန်အောင် သိမ်းဆည်းပေးသည်။ ချူစွန်က ချင်ကျောင်းယုံကို မြင်းပေါ်တင်သည်။

ဖုန်ကျက်ဝါက မြင်းတစ်စီးသပ်သပ် စီးနှင်သည်။

'သွားပြီ…ဟိုဘိုတွေ့ဘူးတို့ရေ၊ ဟို ဝရဲ့သားတွေလာ နိုင်သာ အဆင်ပြေသလို ကြည့်လုပ်ကြပေတော့'

အတို အိုးရာ အတွေးအိုပါလက်များကိုခွဲ ယမ်းနှုတ်ဆက် လိုက်ကြသည်။

'မြန်းသာမြန်း၊ ဒီကောင်တွေ ခင်တို့ဘက် မလိုက်နိုင် အောင် တို့သမ်လှဲလွှတ်လိုက်မယ်၊ မြန်းကြ၊ လွတ်အောင် မြန်းကြ၊ ခင်း…မောင်ခင်းကြီးသာ၊ သတ္တိရှိပါပေ့ကွယ်'

မြင်းလှည်းသည် တောင်ခြေမြို့ငယ်သို့ ဒုန်းစိုင်းစီးနင်း သွားလေတော့သည်။ ချင်ကျောင်းယုံမှာ ချူစွန်၏ရင်ခွင်ထဲမှ၌ လိုက်စီးနေရလေသည်။ လုံးဝစကားမပြောနိုင်ပေ။

ချူနွန်လားကယ်စဥ်က သူသည် သေးလုံးများပါးတေား များစွာ ပြေးလိုက်ရ၏၊ ထိုတေားများပြေးပြီး သူ အား ပြတ်သွားခဲ့သည်၊

ထို့ကြောင့် ယခု ဖုံကျတ်ဝါကိုတွေ့ရသောသည်၊ လုံးဝ ကောားမပြေးနိုင်ခြင်း ဖြစ်သည်၊

ချူစွန်မှာ ပန်းတစ်ရာတောင်ကြား၌ ဝေးနိုင်သမျှဝေး ဝေးပြေးရန် စိတ်စောနေသည်၊ ချင်ကျင်းယုံ လူကောင်းဖြစ် နေလျှင် အကြောင်းမဟုတ်၊

ချင်ကျင်းယုံအဆိပ်မိနေသဖြင့် ခြသ်္ဂနှင့် ဝေါင်းတို့ကို လုံးဝရင်မဆိုင်ဝံ့ဘဲရှိနေသည်၊

ယခု ချင်ကျင်းယုံကို ကယ်တင်နိုင်ခြင်းသည်ပင်လျှင်အလွန် အလွန် ကံကောင်း၍ဖြစ်ပေသည်၊ ခြသ်္ဂနှင့် ဝေါင်းတို့၏ တဝင်မြင့်မှု၊ အစောင့်များ၏ ပေါ့လျော့မှုကြောင့်သာ သူ ချင်ကျင်းယုံကို ကယ်တင်နိုင်ခဲ့ခြင်း ဖြစ်သည်၊

သူ့သိုင်းပညာနှင့်ဆိုလျှင် ပန်းတစ်ရာနန်းတော်မှ အကျဥ်း သားတစ်ယောက်ကိုပင် မဆိုထားနှင့်ခွေးတစ်ကောင်ကြောင် ထင်မြီးမျှပင် သူကယ်တင်နိုင်မည် မဟုတ်ချေ၊

'အစ်ကိုကြီး....ကျွန်တော်တို့ ပန်းတစ်ရာတောင်ကြား နယ် မြေကလွတ်လာပြီ၊ ပုန်းခိုဖို့ပဲလိုတော့တယ်၊ ဘာမှစိတ်မပူပါ သမားတော် ကောင်းတောင်းရှာပြီး အစ်ကိုကြီးကို ကုသ မယ်'

ချင်ကျင်းယုံသည် ချူစွန်၏လက်ကို ဆုပ်ကိုင်လိုက်၏၊



သူ၏လက်ဆုပ်မှာလုံးဝအားမရှိပါ၊ သို့သော် ချူစွန်ကမူ လူ့ကစ်ကြီး၏ ကျေးဇူးတင်မှုကို နှလုံးသားထဲမှပင် သိရှိလိုက် ပါလေသတည်း၊

## အခန်း (၆၈)

### ကျောပိုးအိတ်ပြဿနာ

နွားကျောင်းသားဂေဟာ။

အုတ်နံရံပေါ်၌ မီးသွေးဖြင့် ရေးခြစ်ထားသော မလှမပ စာလုံးများသာ ဖြစ်ပါ၏။ တကယ်တော့ နွားကျောင်းသားများနှင့်ဆိုခဲ့သည် မှန်သော်လည်း နွားကျောင်းသားဂေဟာ အစစ်တော့မဟုတ်ပါပေ။ ဘုရားကျောင်းပျက် တစ်ခုသာဖြစ်ပါသည်။

ပျက်စီးယိုယွင်းနေသော ဘုရား ကျောင်းပျက် တစ်ခု၌ နွားကျောင်းသားများ ဝင်ရောက် အနားယူကြခြင်း ဖြစ်ပါသည်။

နွားကျောင်းသားတို့ ဓားသွေး ထုံးစံအတိုင်း ဒရချင်ရာ ရေးခြစ်ချင်ရာခြစ် လက်ဆောင့်ထားသောအရာများ ပြည့်နေပါသည်။

သို့ရာတွင် ဤဘုရားကျောင်းပျက် ခန်းဌ ၌ နွားကျောင်း မလာကြသည်မှာ နှစ်ကာလ တော်တော်ကြာသွားပြီ။

ဘုရားကျောင်းပျက်သည် မှုလလူသွားလမ်းနှင့် အတန်ပင် ကွာလှမ်းသဖြင့် တော်ရုံ အနေရုံသူသည် ဤနေရာ၌ ဘုရားကျောင်းပျက် တစ်ခု ရှိနေသည်ဟု လုံးဝ သိလိမ့်မည်တော့ မဟုတ်ပါ။

ဤနေရာကို တွေ့လာသူမှာ ဖိုးကျော်ဝါဟုတ်ပါ။ ချူးစွန် ဖြစ်ပါသည်။

ချူးစွန်သည် ချင်ကျင်းယုံနှင့် တွေ့ပြီးသည့် နောက်ပိုင်း၌ သောက်နည်းမီးခဲတရှဲရှဲ ဆိုသလိုအကြံဉာဏ်စိတ်ဓာတ်စသည်တို့ လှုံ့ဆော်ထက်မြက်လာကြ၏။

ချူးစွန်သည် ဖိုးကျော်ဝါအား မူလလူသွားလမ်းမှဖဲ့ခေါ်ပြီး ထိုနွားကျောင်းသား ဂေဟာဆီသို့ အရောက် သွားလေသည်။

ချင်ကျင်းယုံမှာ နွားကျောင်းသားဂေဟာ အရောက်တွင် သတိလစ်မေ့မြောသွားလေတော့သည်။

ချူးစွန်က—



'ဖိုးကျော်ဝါ... ဒီနွားကျောင်းဆေး ဂေဟာကို နည်းနည်း ပြုပြင်လိုက်ပါ၊ အစ်ကိုကြီးနားနေနိုင်ဖို့အတွက် သစ်ရွက်သစ်ခက် တွေနဲ့ အိပ်ရာတစ်ခုလုပ်ပေးပါ၊ ကျုပ် အစ်ကိုကြီးကိုပွေ့ချီ ထားမယ်'

ဖိုးကျော်ဝါသည် သူတို့အိမ်မြင်းများကိုလုံခြုံသည့်နေရာတွင် ရှေးဦးစွာ ဖွက်လိုက်၏။

ပြီးမှ ချင်ကျင်းယုံ အတွက် အိပ်ရာနေရာ လုပ်ပေးလေသည်။

'ကဲ...ခင်ဗျား အစ်ကိုကြီးကို စောင့်ရှောက် နေပေးတော့၊ ကျုပ်ရိက္ခာသွားရှာလိုက်ဦးမယ်'

'ဖြစ်ပါ့မလား၊ ရှင့်ဝတ်ရုံကြီးနဲ့'

ချူးစွန်ကရယ်လိုက်၏။

'ဒီညဝတ်ရုံကြီးနဲ့ သွားလို့ကတော့ ရန်သူတွေကို ကျုပ်က သွားဖိတ်သလိုဖြစ်နေမှာပေါ့၊ စိတ်ချပါ...ကျုပ်အဝတ်အစား လဲပြီးမှ သွားမှာပါ၊ ကျေးရွာသားတွေ အကြောင်း ကျုပ် ကောင်းကောင်းသိပါတယ်ဗျ'

ချူးစွန်သည် အဝတ်အစားလဲပြီးနောက် မြင်းပေါ် မပါဘဲ ထွက်ခွာသွားသည်။

'သမားတော်ကြီး တစ်ယောက်တော့ မပါပါ ခင်ဗျာ လာပါချင်၊ သမားတော်ပါမှ အစ်ကို သက်သာရာရမှာ'

ဖိုးကျော်ဝါက အော်ဟစ်မှာကြားသည်။

ချူစွန်က ခေါင်းညိတ်ပြပြီး ထွက်ခွာသွား၏။

*

သို့သော် ချူစွန်ပြန်ရောက်ရှိလာသောအခါတွင်မူ မည်သည့် သမားတော်မှမပါ၊ အသုံးအဆောင်ပစ္စည်းများ စားရေရိက္ခာ များသာ ပါလာသည်။

'ဟင်....ချူစွန်၊ သမားတော်မပါရင် အစ်ကိုချင်ကျင်းယုံ ကို ဘယ်လိုကုမှာလဲဟင်၊ အခုရေးကြီးတာက သမားတော်ပဲ'

'ဟုတ်တယ်၊ ကျုပ်လဲ သမားတော်ရှာတာပါပဲ၊ ဒီပတ်ဝန်း ကျင်မှာရှိတဲ့ ကျေးရွာတွေက တောင်တောင် ဆင်းရဲတာမျိုး၊ သမားတော်ရှိရင်လဲ ဒီသမားတော်ဟာ စေတနာသက်သက်နဲ့ ကုမှဖြစ်မှာ၊ ဘာအသပြာမှတော့ ရမှာ မဟုတ်ဘူး၊ 'သမား တော်ရှာချင်ရင် မြို့ကိုသွားမှပဲဖြစ်မယ်'

ချူစွန်ရော ဖိုးကျော်ဝါပါ အကြံအိုက်နေတော့၏။



ချူစွန်နှင့် ဖိုးကျော်ဝါတို့သည် ကတ်သမျှ မှတ်သမျှ ပြုစု ကြသည်။

ချင်ကျင်းယုံ ပြန်သည့် သတိရလာ သော်လည်း ချည့်နဲ့ သောလူနာသဖြင့် ထူးခြားရဲ့ ကောင်းမလာပေ။ ခေါင်း၏ အဆိပ်မှ ပြင်းထန်လှသဖြင့် ချင်ကျင်းယုံမှာ အတွင်းအား လေ့ကျင့်ရန်ကို လုံးဝမပြုလုပ်နိုင်ဘဲရှိသည်။

အကယ်၍ အတွင်းအားလေ့ကျင့်မှုသာ ပြုလုပ်နိုင်စွမ်းရှိလျှင် ခေါင်းရောကျူးထားသည့် အဆိပ်များကိုချေ အပြစ် ပြောင်းပြီး မွေးညင်းပေါက်များမှ ထုတ်ပစ်နိုင်မည်ဖြစ်သည်။

ချူစွန်နှင့်ဖိုးကျော်ဝါတို့သည် ဒေနီးအနားရှိ သစ်တောများ အတွင်းဝင်ပြီး အဆိပ်ဖြေ သစ်မြစ် သစ်ဥများ ရှာဖွေပြီး ချင် ကျင်းယုံအားတိုက်ကျွေးကြ၏။

သို့သော်စနစ်မကျခြင်း၊ ရောဂါအရင်းခံမြစ်ကို မသိခြင်း ကြောင့် ချင်ကျင်းယုံမှာ သက်သာခြင်းမရှိပေ။ ချင်ကျင်းယုံ မှာ စကားကိုလည်း များများမပြောနိုင်ပေ။

ထို့ကြောင့် နားချနားချ ပြောရ၏။ ဖိုးကျော်ဝါနှင့် ချူစွန် တို့လွန်စွာ ပူပင်နေသည်ကို တွေ့သောအခါ ချင်ကျင်းယုံက ဖျောင်းဖျနှစ်သိမ့်လေသည်။

'ညီလေးနဲ့ညီမလေး၊ မင်းတို့ သိပ်ပူပန်မနေကြပါနဲ့'

'ဟာ....မပူပန်လို့ ဘယ်ဖြစ်မလဲ၊ အစ်ကိုကြီး သူ့အကောင်းပြန်မဖြစ်သေးသ၍ ကျွန်တော်တို့ပူပန်နေရမှာပဲ'

'ခက်လှချည်သား၊ ဝါတန်နေ့ လူကောင်းပြန်ဖြစ်လာမှာ အသေအချာပါကွာ၊ မင်းပူပင်နေတာကို ငါမကြည့်ရက်ဘူး။ ငါ့ကို မင်းတို့ သာပြီး ကယ်လိုက်တာလဲ အကောင့်ကို ကျေးဇူးတင်စရာကောင်းနေပါပြီကွာ'

ဖိုးကျော်ဝါနှင့် ချူစွန်တို့ ဘာမှ ထပ်မပြောကြတော့ချေ။

လေးရက်မြောက်သောနေ့၌ ချင်ကျင်းယု အိပ်ပျော်နေပြီအထင်နှင့် ချင်ကျင်းယုံအား အနီးရှိ မြို့တစ်မြို့သို့ခေါ်သွားပြီး သမားတော်ကြီး တစ်ဦးဦးထံ အပ်နှံကုသရန် ဖိုးကျော်ဝါနှင့် ချူစွန်တို့ တိုင်ပင်မိကြလေ၏။

'ဟေ့...ညီလေးချူစွန်၊ ညီလေးဖိုးကျော်ဝါ'

အိပ်ရာမှ ချည့်နဲ့စွာ လှမ်းခေါ်လိုက်သည်။

ချင်ကျင်းယု၏ အသံကြောင့် နှစ်ယောက်စလုံး ထိတ်လန့်သွားကြ၏။

'ဗျာ....အစ်ကိုကြီး၊ ဘာများလိုချင်လို့လဲ ပြောပါ၊ ကျွန်တော်တို့ လုပ်ပေးပါ့မယ်'

'ငါ...ဘာမှ မလိုချင်ဘူး၊ မင်းတို့ငါ စကားပြောချင်တယ်၊ မင်းတို့ စိတ်ရှည်သက်ရှည်နားထောင်ကြပါ'



မှန်ပါသည်။ ချင်ကျင်းယု စကားတစ်ခွန်းပြောပြီး မေ့တတ်သဖြင့် အချိန်များစွာယူပြီးမှ လိုရင်းအကြောင်းအရာကို သိရပါသည်။

သူတို့သည် ယနေ့စကားများကိုပြောရာတွင် နေ့လယ်ခင်းမှ ညနေအထိ ပြောဆိုခဲ့ကြရပါသည်။

'မင်းတို့ ပြောနေတာတွေ ငါကြားတယ်'

'ဟုတ်ကဲ့....ကျွန်တော်တို့ ဒီအတိုင်းဆက်ပြီး မခံနိုင်တော့ဘူး၊ သည်းမခံနိုင်တော့ဘူးဆိုတာက ကျွန်တော်တို့ ဒုက္ခခံနိုင်တော့လို့ 'သည်းမခံနိုင်ဘူး'လို့ ပြောတာ မဟုတ်ပါဘူး၊ အစ်ကိုကြီးရဲ့ဒုက္ခကို မကြည့်ရက်လို့ပါ'

ထိုအခါ ဖိုးကျော်ဝါကလည်း ဝင်၍ ထောက်ခံသည်။

'ဟုတ်ပါတယ်အစ်ကို၊ အစ်ကို ချည့်နဲ့နေတာကို ညီတို့ ဒီအတိုင်း ထိုင်ကြည့်နေရမှာလား၊ တစ်မြို့မြို့ကိုသွားပြီး သမားတော် တစ်ယောက်ဆီသွားပိုတ်ရင် အစ်ကို ဝေဒနာမခံစားရတော့ဘူး'

ချင်ကျင်းယုက ထိုင်ရန်ကြိုးစားသဖြင့် ချူစွန်နှင့်ဖိုးကျော်ဝါတို့က ဖေးမပြီး ထိုင်ပေးရသည်။ ချင်ကျင်းယုက အုတ်နံရံကိုမှီပြီး သူပြောလိုရာကို ဆက်၍ပြောသည်။

'ဒီမှာ ငါပြောမယ်၊ ငါ့ဝေဒနာ ခံစားနေရတာ ကိစ္စ ပြတ်မှာမဟုတ်ဘူး၊ မင်းတို့ ငါ့ကို မြို့တင်မြို့ကိုခေါ်သွားမှ ကိစ္စပြတ်မှာ၊ အဲဒါကို မင်းတို့သဘောပေါက်ဖို့ ကောင်းတယ်'

'အစ်ကိုမှားနေပြီ၊ ညီမတို့ကဒီသဘောမျိုးလုပ်တာမဟုတ်ပါဘူး'

'အေး....ငါမေးမယ်၊ အခုခေါက်တွေအတွင်းမှာ ခြင်္သေ့နဲ့ ဒေါင်းတို့က သူတို့ရဲ့ ပန်းတစ်ရာနန်းတော်မှာ အေးအေးဆေးဆေး ထိုင်ကြမယ်လို့ ထင်နေကြသလား'

ချူစွန်နှင့် ဖုံကျက်ဝါတို့ ပါးစပ်ပိတ်သွားကြ၏။

'အေး....မင်းတို့မှတ်ထားပါ၊ ခြင်္သေ့နဲ့ဒေါင်းတို့ဒေါသပုန်ထပြီး မင်းတို့ကိုရော၊ ငါ့ကိုပါ မြေလှန်ရှာနေကြပါပြီ၊ ဒီဘုရားကျောင်းပျက်မှာ လာနေတဲ့ အစီအမံကောင်းလွန်းလို့ ငါ့စိတ်ထဲမှာ ချူစွန်ကို ကျိတ်ပြီး ချီးကျူးနေတာ၊ တကယ်လို့ ငါတို့ တင်မြို့မြို့ တစ်ရွာရွာမှာသာ သွားနေမိရင် လူသတင်း လူချင်းဆောင်ပြီး ခြင်္သေ့နဲ့ ဒေါင်းတို့က ခုဆို ပြန်မိသွားလောက်ပြီ၊ သတင်းဆိုတာ က လူကပို့တာပဲ၊ တို့ကလူတွေနဲ့ အဆက်ပြတ်သွားတော့ တို့သတင်းကို ခြင်္သေ့နဲ့ဒေါင်းတို့လုံးဝ မရတော့ဘူး'



'ကျွန်တော်တို့ သေမှာကို မကြောက်ပါဘူး၊ အစ်ကိုကြီး ဝေဒနာပျောက်ဖို့....'

'မတော်စမ်းပါ ချူစွန်ရာ၊ ငါ့ကိုစိတ်ဆိုးအောင် မလုပ်စမ်းပါနဲ့၊ ငါတို့ မြို့ကို သွားလို့ကို မဖြစ်ဘူး'

'ကျွန်တော်တို့ ဒီအတိုင်းပဲနေကြရတော့မလား၊ အစ်ကိုကြီး လူသေလိုဖြစ်နေတာကို ကျွန်တော်တို့က ထိုင်ကြည့်နေရတော့မှာလား'

'တို့ အခုတော့ ဒီအတိုင်းနေရမှာပဲ၊ မင်းလုပ်လိုက်တဲ့အလုပ်ဟာ ပန်းတစ်ရာနန်းတော်ကိုမီးရှို့လိုက်တာထက် ဆိုးတယ်ကွ၊ သူတို့လုံးဝအခဲကျေမှာမဟုတ်ဘူး'

'အစ်ကိုကြီးစဉ်းစားပါ၊ ကျွန်တော်တို့ ဒီမှာဘယ်လောက် ပုန်းနေနိုင်မှာလဲ၊ တစ်ချိန်တော့ တစ်ချိန်တွေ့မှာပဲ၊ ဒီတော့ သူတို့မတွေ့ခင် ကျွန်တော်တို့ ထွက်ပြီးကုသလိုက်တာမကောင်းဘူးလား'

'စောစောထွက်တာ နောက်ကျထွက်တာ အဓိကမဟုတ်ဘူး၊ သူတို့ဆီက ဆေးညွှန်းတစ်ခုပြန်ရဖို့က အဓိကကွ၊ အဲဒီဆေးညွှန်း ပြန်မရခင် ငါအသေမခံနိုင်သေးဘူး'

ထိုအခါ ချူစွန်ရော ဖုံကျက်ဝါပါ အကြီးအကျယ်ထိတ်လန့်သွားကြလေတော့၏၊ မည်သည့်ဆေးညွှန်းပြန်ရဖို့အရေးကြောင့်၊ ငြင်းပါသနည်း။

ဤပုံစံအရ ချင်ကျင်းယုံ အနေဖြင့် ခြင်္သေ့နှင့်ဓေါင်းတို့ကို လုံးဝရင်ဆိုင်နိုင်မည် မဟုတ်ပါ၊ ဖုံကျော်ဝါကစိုးရိမ်ကြောင့်ကြစွာ ပင်ပြောသည်။

'အစ်ကိုပုံစံနဲ့ ခြင်္သေ့နဲ့ ဓေါင်းတို့ကို ဘယ်လိုမှယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး၊ အစ်ကိုရယ်'

'ဘာဖြစ်လို့မယှဉ်နိုင်ရမှာလဲ'

ဖုံကျော်ဝါနှင့် ချူးစွန်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိကြသည်။

* * *

ချင်ကျင်းယုံ၏စကားကို သူတို့နှစ်ယောက်စလုံး မထွန်းလှန်ဝံ့ကြပါ။

ထို့ကြောင့် နှစ်ယောက်စလုံး စိတ်ပျက်စွာသက်ပြင်းချခဲ့သည်။

ချင်ကျင်းယုံသာ....



'ခြင်္သေ့နဲ့ ဓေါင်းတို့ဟာ ငါ့ရဲ့ကျောက်ပိုးအိတ်ကိုယူထားကြတယ်၊ ငါ အခုနဲ့ ဒီကျောက်ပိုးအိတ်ကိုမရဘဲ လက်လျှော့လိုက်ရလို့ဖြစ်မတဲ့လား၊ မင်းတို့ပဲ စဉ်းစားကြည့်ပါဦး၊ ဒီလူတွေဆီက ငါ့ပစ္စည်းကို ပြန်ယူရဦးမှာပေါ့'

ချူးစွန်မှာ တင်ခနဲဖြစ်သွားရ၏။

သူသည် ဤခရီးစဉ်တစ်လျှောက်လုံး ချင်ကျင်းယုံ၏အသက်ကို ကယ်ရန်သာ စိတ်စောနေခဲ့သည်။

ချင်ကျင်းယုံ၏အသက်ကဲ့သို့တန်ဖိုးရှိလှသောကျောက်ပိုးအိတ်ကို သူမေ့နေခဲ့ပါသည်။

ချူးစွန်က....

'အစ်ကိုကြီး....အစ်ကိုကြီးရဲ့ ဝေဒနာ ဘက်သာစအောင် ရှင်လုပ်၊ နောက်မှ ကျောက်ပိုးအိတ်ကို ပြန်ရအောင် ယူရင် မကောင်းဘူးလား'

'မဖြစ်နိုင်ဘူး'

'ခင်ဗျာ....ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ'

'ငါ့ဝေဒနာက တစ်ရက်နှစ်ရက်နဲ့ ကုသလို့ မပျောက်နိုင်တဲ့ ဝေဒနာမှမဟုတ်တာ၊ နှစ်ရှည်လများဆေး ...ကုသမှပျောက်

မှာကွ၊ အဲဒီလောက်အထိ ငါ့အိတ်ကိုသူတို့လက်ထဲမှာထားခဲ့ဖို့ ဖြစ်ပါ့မလား၊ အားလုံး ဒုက္ခရောက်ကုန်ကြမှာပေါ့'

ချူစွန် မျက်လုံး ပြူးသွား၏။

ဤအိတ်အဝါသည် ချင်ကျင်းယုံအတွက် အသက်လောက် အရေးကြီးသည်မှာ မှန်နေသည်။

သို့သော် ခြင်္သေ့နှင့် ဒေါင်းကို သူရော ဖုံကျက်ဝါပါ မနိုင်နိုင်ပါ။

'အစ်ကိုကြီး....ခြင်္သေ့နဲ့ ဒေါင်းကို ဘယ်လိုရင်ဆိုင်မလဲ'

ချင်ကျင်းယုံ ချည့်နဲ့စွာ မေးလိုက်၏။

'ဒါသာ....လွယ်ပါတယ်၊ သူတို့နှစ်ယောက်ကိုမင်းရှင်းပစ် လိုက်ပေါ့၊ ပြီးရင် ရွှေဖိုးအိတ်ကို ယူလိုက်....ပြီးတာပဲ'

'ဘုရားရေ....'

ချူစွန် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ဘုရားတလိုက်၏။

ချင်ကျင်းယုံကိုလည်း စိတ်မှာဘာ ငြင်းသေးရဲ့လား၊ ဟူသော အကြည့်မျိုးဖြင့် ကြည့်နေ၏။

'မင်း ငါ့ကို အဲဒီ အကြည့်မျိုးနဲ့ မကြည့်စမ်းပါနဲ့ကွာ၊ ငါ လူကောင်းပါကွ၊ စိတ်မနှံ့နေတဲ့လူ မဟုတ်ပါဘူး'



'မ....မ....မဟုတ်ပါဘူး၊ အစ်ကိုကြီးကို သက်သာအောင်ပဲ သမားတော်တွေနဲ့ ပြပါရစေ'

ချင်ကျင်းယုံ ရယ်လိုက်သည်။

သူ့ရယ်သံမှာ အားမရှိပါ။

'မင်းကို ငါပြောနေတယ်၊ ခြင်္သေ့နဲ့ ဒေါင်းကိုမင်းရင်ဆိုင်ရမယ်၊ မင်း ရှင်းပစ်ရမယ်....ဒါပဲ'

'အ....အစ်ကိုကြီး၊ ကျွန်....ကျွန်တော့် အကြောင်း အစ်ကိုကြီး အသိပဲ၊ ကျွန်တော် ကံကောင်းထောက်မပြီး အစ်ကိုကြီးကို ကယ်နိုင်တာပါ၊ သိုင်းပညာကောင်းလို့ ဟုတ်ပါဘူး....'

'ငါသိပါတယ်၊ ဒီလူတွေကို မင်းနိုင်ရစေမယ်၊ မင်း နိုင်အောင် ငါတာဝန်ယူတယ်'

ချူစွန်မှာ မျက်လုံးပြူးပြီးရင်း ပြူးနေရတော့သည်။

'အစ်ကိုကြီးစကားကို ကျွန်တော် နားမလည်တော့ဘူး၊ ဖုံကျက်ဝါ....ခင်ဗျားကော နားလည်သလား'

ချူစွန်က ဖုံကျက်ဝါကိုပါ လှည့်မေးလိုက်၏။

ဖုံကျက်ဝါကလည်း ချင်ကျင်းယုံအား စိတ်မှ ကောင်းမှ ကောင်းပါသေး၏လော ဟူသောအကြည့်မျိုးသာ ကြည့်နေသည်သာ။

'ဟုတ်...ဟုတ်အား၊ပဲ့ အစ်ကိုရယ်၊ ညီမလဲ ပထမတော့ သူ့ကို သိုင်းပညာသိပ်ကောင်းလို့ အစ်ကို့ကို ဝင်ကယ်တာလို့ ထင်ခဲ့တာပါပဲ၊ နောက်တော့ သူ...သူဟာညီမလေးတော်တော်မှ သိုင်းပညာမတတ်မှန်း သိခဲ့ရပါတယ်၊ အစ်ကို သူ...သူ ဘယ်နည်းနဲ့မှ ခြသေ့်နဲ့ ဒေါင်းကို ယှဉ်နိုင်ပါဘူး အစ်ကို'

'အေး...ညီမလေးတို့ နားမလည်လို့ ငါ့ကို ဒီစကားမျိုး ပြောနေကြတာပေါ့၊ ငါ့စိတ်ကူးကတော့ ငင်းရှင်းလေးပဲ၊ ခြသေ့်နဲ့ ဒေါင်းကို ဘယ်လိုအနိုင်တိုက်လို့ရတယ် ဆိုတဲ့ သိုင်းပညာကို ငါ ချူစွန်ကို သင်ပေးလိုက်မယ်၊ ကဲ...ဘယ့်နှယ်လဲ'

ချင်ကျောင်းယုံထံမှ မမျှော်လင့်သေးစကားကို ကြားလိုက်ရသောအခါ ချူစွန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

သူ့ရင်ထဲ၌လည်း ဖော်မပြနိုင်သော ဝမ်းသာမှုကို ခံစားလိုက်ရသည်။

လေ့သမားလေးဘဝမှချင်ကျောင်းယုံနောက်အဘယ့်ကြောင့် ကောက်ကောက်ပါအောင် လိုက်ခဲ့ရသနည်း။

ချင်ကျောင်းယုံ၏သိုင်းပညာကို အလေးအနက် နှစ်သက်၍ ထိုသိုင်းပညာကို အမွေဆက်ခံရရှိနိုင်ရန်ဤသို့တကောက်ကောက် လိုက်ပါခဲ့ခြင်း မဟုတ်ပါလော။



ထိုသို့ဆိုက်ရင်၊ ချင်ကျောင်းယုံ၏ရဲရင့်မှန်မြတ်သောစိတ်ထားကိုသိလာရသဖြင့် အစ်ကိုရင်းထက်မက ချစ်ခင် လေးစားခဲ့ရပေသည်။

ချူစွန်သည် ချင်ကျောင်းယုံ၏ ရှေ့တည့်တည့်၌ ဒူးထောက်ထိုင်ချလိုက်ပြီး ဦးသုံးကြိမ်ချ၍ခိုးကန်တော့လေ၏။

## အခန်း (၆၉)

## လေ့ကျင့်စိတ်ပြာသိုင်းပညာ

'ဆရာ....'

ချူစွန်က လှိုက်လှဲစွာခေါ်လိုက်၏၊ ထိုအခါချင်ကျင်းယုံက လက်ကာပြသည်။

'ငါ့ကို ဆရာလို့ မခေါ်ပါနဲ့၊ မင်းဟာ ငါ့အသက်ကို အသက်စွန့်ပြီး လာကယ်တဲ့လူပါ၊ မင်းလိုလူမျိုးဟာ ငါ့မိတ်ဆွေအဆင့်မှာပဲ ရှိသင့်ပါတယ်၊ ငါကမင်းကို အမြဲ ကျေးဇူးတင်နေမှာပါ'

'ဟင့်အင်း....ကျွန်တော်ဟာ ဆရာ့ဆီကသိုင်းပညာကိုသင်ယူချင်နေတဲ့ လူဟာ ဆရာလို့ပဲ ခေါ်သင့်တာပေါ့'

'ဟင့်အင်း....မခေါ်သင့်ဘူး။မင်းဟာ ငါ့ရဲ့ အသက်သခင် ကျေးဇူးရှင်၊ ဖြစ်ချင်ဖြစ်ရင် မင်းဟာ ငါ့ရဲ့ သွေးသောက် ညီပဲဖြစ်သင့်တယ်၊ ညီကိုရင်းတော် မင်းလို အသက်စွန့်ပြီး တယ်ချင်မှကယ်မှာ'

ချူစွန်မှာ အလွန်တရာဝမ်းသာသွား၏။

'ကျွန်တော် သိပ်ဝမ်းသာတာပဲအစ်ကိုကြီး၊ ကျွန်တော့်ကို အစ်ကို့ရဲ့ပညာတွေ သင်ပေးပါနော်'

'သင်ပေးမယ်၊ အစကလဲ သင်ပေးမယ်လို့ ရည်ရွယ်ချက် ထားတယ်၊ အခုအခါအနေကလဲ မသင်ရ မဖြစ်တဲ့ အခြေ အနေကို ရောက်နေတယ်၊ ငါ့ညီကို သင်ပေး ရမှာပေါ့ ကွယ်....'

ချူစွန်သည် ချင်ကျင်းယုံ၏ခြေသလုံးကိုကိုင်ကာဦးခေါင်း ခွင့်တိုက် နေလေ၏။

ချင်ကျင်းယုံ....

'ညီလေး....တို့ညီအစ်ကို ဒီလိုမလုပ်သင့်ပါဘူး၊ ထပါ'

ချူစွန်မျက်ရည်များဝဲနေ၏။

ဖုံကျက်ဝါမှာလည်း ချင်ကျင်းယုံနှင့်ချူစွန်တို့၏ အဖြစ်ကို ကြည့်ကာ မျက်ရည်များဝဲနေသည်။

'အစ်ကိုကြီးဆီက သိုင်းပညာတွေရရင် ခြသေ့်နဲ့ခေါင်းကို သုတ်သင်နိုင်မှာ သေချာပါတယ်၊ အစ်ကိုကြီးရဲ့ကျောပိုးအိတ် ကို ကျွန်တော် မရရအောင်ပြန်ယူပေးပါမယ်'

ချင်ကျင်းယုံက ဖြည်းညင်းစွာခေါင်းညိတ်၏။



သူ မြန်မြန် မလှုပ်ရှားနိုင်၍ ဖြည်းညင်းစွာ ခေါင်းညိတ် ရခြင်းဖြစ်ပါသည်။

တကယ်တော့ ချူစွန်၏ လိုက်လျောမှုကို သူလွန်စွာကျေနပ် နေပါသည်။

'စိတ်ချ....တို့တတွေ မနက်ဖြန်ကစပြီး သိုင်းပညာသင်မယ်၊ လိုလျှင်ကြံဆ နည်းလမ်းရ ဆိုတဲ့စကားလဲ ရှိသားပဲ၊ တို့အ သူတို့ကို ဘာမှမလုပ်တဲ့အဖြစ်မျိုး အရောက်မခံနိုင်ဘူး၊ လည် စင်းပေးရတဲ့အဖြစ်မျိုးကိုအရောက်မခံနိုင်ဘူး၊ သူတို့ကို အရင် ရှင်းပြီးမှ တို့လုပ်ချင်တဲ့အလုပ်ကို လုပ်ရမယ်'

'ကျွန်တော်သဘောပေါက်ပါပြီ'

'ညီမလေးကော သဘောပေါက်ရဲ့လား'

'သဘောပေါက်ပါပြီ အစ်ကို၊ အစ်ကို့ အကြံဉာဏ်ဟာ အများကြီးဖြစ်နိုင်ပါတယ်'

ဖုံကျက်ဝါလွန်စွာကျေနပ်သည်။ ချင်ကျင်းယုံသိုင်းပညာ သည် ခြသေ့်နှင့် ခေါင်းတို့ကို တောင်စွာ နိုင်နိုင်ကြောင်း ပန်းတစ်ရာ တောင်ကြားတိုက်ပွဲ အတွင်းကပင် သိရှိခဲ့ပြီးဖြစ် သည်။

ချင်ကျင်းယုံကသာ ချူစွန်အား သိုင်းပညာသင်ကြားပေး လျှင် ခြသေ့်နှင့်ခေါင်းတို့အား သုတ်သင်နိုင်မည်မှာ သေချာ ပေသည်။

ခြသေ့်နှင့်ခေါင်းကို နိုင်လျှင် ကျောပိုးအိတ်ကို ပြန်ရမည် မှာလည်းသေချာလှပေသည်၊ ချူစွန်နှင့် သူမ၏ ခင်မင်မှုမှာ လည်း တိုးတက်နေသည်။

သူမက မြေဖြူကို သုတ်သင်မည့် ကိစ္စ၌ ချင်ကျင်းယုံ မကူညီလျှင်လည်း ချူစွန်ကူညီ၍ရနိုင်သည်။ မည်သို့ပင်ဖြစ်စေ မြေဖြူကိုတော့ သူမ တစ်ယောက်တည်း အနိုင် တိုက်နိုင်ပေသည်။

ဤအချိန် များတွင် သူမအနေဖြင့် ဒုက္ခိတ ဖြစ်နေသော ချင်ကျင်းယုံအား ပြုစု စောင့်ရှောက်ခွင့် ရမည်၊ ထိုအခွင့်အရေးမှာ သူမအဖို့ မဟာအခွင့်အရေးကြီးပင် ဖြစ်လေတော့သည်။

သူမ၏ ဂရုစိုက်မှု၊ မေတ္တာထားမှုတို့ကို ချင်ကျင်းယုံ နှစ်ရှည်လများ တွေ့ရှိသွားလျှင် သူမ အပေါ် တိမ်းညွတ်ကောင်း တိမ်းညွတ်လာနိုင်သည်၊

သူမ၏ အတွေးအားလုံးမှာ စိတ်ချမ်းသာဖွယ် အတိ ဖြစ်နေသည်။



ယုံ့ကြောင့် ဖုံကျက်ဝါမှာ အကွက်ခံ ပျော့ရှုံးလာမိလေသည်။

နောက်တစ်နေ့ နံနက် မိုးသောက်သည်နှင့် ချူစွန်သည် ချင်ကျင်းယုံ ထိုင်နိုင်ရန် ဝါး၊ သစ်ကိုင်း၊ သစ်ခက် များဖြင့် ထိုင်ခုံတစ်ခုပြုလုပ်လေသည်။

ထိုထိုင်ခုံကို ဖုံကျက်ဝါနှင့် သူ အလှည့်တကျ မ,ယူ ရွှေ့ပြောင်းနိုင်သည်။

ချင်ကျင်းယုံသည်။ သက်တောင့် သက်သာ ထိုင်နိုင်လေသည်။

ဖုံကျက်ဝါသည် ချူစွန်၏ထိုင်ခုံကို ကြည့်ပြီး ချီးကျူးလေသည်။

'ရှင်ဟာ ဘာမဆို လုပ်နိုင်တာပဲ၊ သိုင်းပညာ ကောင်း ကောင်းမတတ်ဘဲနဲ့လဲ ရန်သူ့နယ်ထဲ ဝင်ပြီး ကယ်ရဲတာပဲ၊ မှုင်းကိုး ကျွန်မ ချီးကျူးပါတယ်'

ချူစွန်က တဟားဟားရယ်၏။

'ခုံလုပ်နိုင်တာလဲ ချီးကျူးစရာ မဟုတ်ပါဘူး၊ ကျုပ်က လွှသမားလုပ်ခဲ့တဲ့လူ ဆိုတော့ လက်မှုပညာ အားလုံးလိုလို လုပ်တတ်ကိုင်တတ်ပါတယ်၊ ပန်းတစ်ရာနန်းတော်ထဲ ဝင်ကယ်တဲ့ ကိစ္စကတော့ အစ်ကိုကြီး ချင်ကျင်းယုံကို ကယ်ရမယ့် ကိစ္စ မဟုတ်လား၊ ဒီးဟာဘွလဲ အသက်စွန့်ပြီး ကယ်ရတာပေါ့၊ အစုံးလုံ ဘာမှ ထူးဆန်းပါဘူး'

'အစ်ကို ချင်ကျင်းယုံကလဲ ရှင့်ကို အခုတော့ချစ်ခင်ပုံ ရပါတယ်'

'တင်ဦးမေတ္တာ ကစ်ဦးမှာ ဆိုသလိုပေါ့ဗျာ၊ သံသယာဇဉ်ပါပဲ'

နံနက်ခင်းအလင်းရောင် ကောင်းစွာရရှိသောအခါ ဖုံကျက်ဝါနှင့် ချူစွန်တို့သည် ချင်ကျင်းယုံအား ထိုင်ခုံ ဘူင်ဆိုင်ခဲ့ပြီး၊ ဘုရားကျောင်းအနောက်ဘက် ကွက်လပ်ဆီသို့ သယ်ယူခဲ့ကြလေသည်။

ထိုကွက်လပ်ကို ချူစွန် ရှင်းလင်းထားပြီးဖြစ်သည်။

ချူစွန်သည် ဝီရိယကောင်းသော လူငယ်လေးတစ်ဦး ဖြစ်ကြောင်း၊ ချင်ကျင်းယုံ ကောင်းစွာသိရှိလေ၏။ ကွက်လပ်သို့ ရောက်သောအခါ ချင်ကျင်းယုံက....

'ချူစွန်....ငါသိသလောက်တော့ မင်းဟာ ရွှေဂါးဆီက သိုင်းပညာအနည်းအကျဉ်းတော့တတ်မြောက်ထားတယ်နော်၊ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် အစ်ကိုကြီး'

'ကောင်းပြီ....ဒင်း တတ်ထားသမျှကို ငါကြည့်ချင်တယ်၊ အကောင်းဆုံးဖြစ်အောင် ကစားပြစမ်း၊'

ချင်ကျင်းယုံ စကားပြောခြင်းမှာ အနည်းငယ် သွက်သွက်လက်လက် ရှိလာသဖြင့် ချူစွန်ရော ဖုံကျက်ဝါပါ လွန်စွာဝမ်းသာကြ၏။



စကားပြော သွက်လက်လာသော်လည်း လှုပ်ရှားမှုကား လုံးဝမပြောင်းလဲသေးပါ။

ချည့်နဲ့နေဆဲသာဖြစ်ပါသည်။

စကားပြော သွက်လက်လာခြင်းနှင့် အနည်းငယ် အအေးခံနိုင်ခြင်းတို့ တိုးတက်လာသည်ဟု ဆိုရပေမည်။ ထိုအချက်မှာ ချူစွန် အတွက် လွန်စွာအရေးကြီးသည်။

ချင်ကျင်းယုံ စကားများများပြောပြီး သင်ကြားပေးနိုင်လေလေ သူ့တိုးတက်မှု မြန်ဆန်လေလေ ဖြစ်မည် မဟုတ်ပါလော။

ချူစွန်သည် ကွက်လပ်သို့ထွက်လိုက်၏။

ကြီးမားသော ချုံပုတ်နှင့်သစ်ပင်ငယ်များမရှိသော်လည်း မြက်ပင်စိမ်းစိမ်းများ ကျန်ရှိနေသဖြင့် မြေကွက်လပ်ကလေးမှာ နုပုံးဒမ္မ လျော်ဖျော်ဖွယ်ရာပင် ဖြစ်နေသည်။ ချူစွန်က ရွှေဂါးထံမှ သူသင်ယူတတ်မြောက်ထားသော သိုင်းကွက်များကို ဂရုတစိုက်ကစားပြသည်။

ချင်ကျင်းယုံနှင့် ဖုံကျက်ဝါတို့က ချူစွန်ကစားပြနေသည်ကို မျက်တောင်မခတ်တဲ့ ကြည့်နေကြ၏။ တစ်နာရီကျော်ကျော်မျှ ကစားပြီးနောက် ချူစွန်၏ သိုင်းပြကွက်များကုန်ဆုံးသွားတော့၏။

ချူစွန်၏ တစ်ကိုယ်လုံး ချွေးများစိုရွှဲနေပြီ။

ချင်ကျင်းယုံ၏စိတ်ထဲတွင်မူ ဤမျှလောက်သောသိုင်းပညာကလေးဖြင့် ပန်းထင်ရာတောင်ထဲ ဝင်ရောက်ကာယ်တင်ခဲ့သော ချူရွှန်၏သတ္တိကို ချီးကျူးစိတ် ပေါ်လာသည်မှအပ ချူရွှန်အား အထင်သေးသောစိတ် မဝင်ပေ။

ဖုံကျွက်ဝါမှ ချူရွှန်၏သိုင်းပညာကသူ့မပညာထက်အလွန် နိမ့်ကျနေကြောင်း ကိုယ်တွေ့မျက်မြင် ဖြစ်သွားသောအခါ အထင်သေးချင်သလို ဖြစ်သွားသည်။

ချူရွှန်သည် ချင်ကျင်းယုံ၏ရှေ့သို့ ခြေလှမ်းသံတစ်စိုစိုဖြင့် ရောက်ရှိလာပြီး ဂါရဝပြုလိုက်၏။

'အစ်ကိုကြီး....ကျွန်တော် တတ်သမျှမှတ်သမျှကတော့ ဒါ အကုန်ပါပဲ'

ချူရွှန်၏စကားကလည်း ရိုးသားလှ၏။ ချင်ကျင်းယုံက ခေါင်းညိတ်လိုက်၏။

'ညီလေး....မင်းရဲ့ပညာကိုကြည့်ပြီး ပန်းတစ်ရာနန်းတော်ထဲ ဝင်ကာယ်ခဲ့တဲ့သတ္တိကို ဝါတာက ယခုမှ ချီးကျူးမိတယ်၊ ဒီပညာလောကဟာ သိုင်းလောကထဲမှာ ကကြီးရေအဆင့်လောက်ပဲ ရှိတယ်ဆိုတာ မင်းလဲသိမယ်နဲ့တူပါတယ်'

ချူရွှန် ခေါင်းကြီးငုံ့၍ နားထောင်နေ၏။

'သတ္တိရှိပါပေတယ်၊ မင်းရဲ့ ဝါအနေပေါ် ချစ်ခင်ကြင်နာမှုကို ဒီပညာလေးက ဆက်သေပြနေသလိုရှိနေတယ် ငါ့ညီ'



ချူရွှန်မှာ မျက်ရည်ဝဲလာ၏။

'ကျွန်တော် ဒီပညာလောက်ကလေးမတတ်လဲ အစ်ကိုကြီးကို ဝင်ကယ်မိမှာပဲဗျာ'

'ဝါယုံပါတယ်ကွာ'

ချူရွှန်အား အထင်သေးချင်သလိုလိုဖြစ်နေမိသော ဖုံကျွက်ဝါမှာ သူ့စိတ်ကို တော်တော်ရှုံ အနက်ရှိမိလေ၏။ သူ့အတွက် ဝင်ကူညီခဲ့သော ချင်ကျင်းယုံကို သူမက သည်အတိုင်းပစ်ထားခဲ့၏။

ဘာမျှ အပေးအယူရှိမထားသော ချူရွှန်အား သတ္တိရှိပြီး ဝင်ကယ်တင်ခဲ့သည်။

သည်လိုလူမျိုးကို သူမက အထင်သေးချင်စိတ် ဖြစ်မိသော သည်။

မိမိသာ အထင်သေးရှောပါလားဟု သူမ ရှက်မိလေတော့ သည်။

ထိုစဉ် ချင်ကျင်းယုံက....

'မင်း ထိပ်တန်းသိုင်းပညာတွေကို ကြိုးစားလေ့ကျင့်ရ မယ်'

'ဟုတ်ကဲ့... ကျွန်တော် ကြိုးစားပါ့မယ်'

'ဒါပေမယ့် အချိန်တိုကိုအတွင်းမှာတော့ မင်း ထိပ်သီးသိုင်းသမား ဖြစ်လာမှာမဟုတ်ဘူး'

ချူစွန် အားငယ်သလိုဖြစ်သွားကာ....

'အကြာကြီးသင်ရမှာပေါ့နော် အစ်ကိုကြီး'

ချင်ကျောင်းယုံက ခေါင်းညိတ်၏။

'သိုင်းပညာဆိုတာ အခြေခံကစပြီး တစ်ထစ်ချင်း တစ်ထစ်ချင်း ကြိုးစားသင်ယူရတယ်၊ လေ့ကျင့်ရတယ်၊ နှစ်ပေါင်းများစွာ လေ့ကျင့်မှ ထိပ်သီးသိုင်းသမားဖြစ်မယ်၊ ဒါက ပညာရပ်တွေရဲ့ သဘောဓမ္မနှုန်းပဲ၊ ဒါပေမယ့်....'

ချူစွန် အားတက်သွားသည်။

'ပြောပါ အစ်ကိုကြီး'

'ဒါပေမယ့် သိုင်းပညာရပ်တွေမှာ အဓိကသဘောချက်တွေ ရှိတယ်၊ အဲ့ဒီအချက်တွေကို နားလည်သဘောပေါက်လွယ်ရင်တော့ ထိပ်သီးသိုင်းသမား မဟုတ်ပေမယ့် ထိပ်သီးသိုင်းသမားတွေကို ယှဉ်နိုင်ပါတယ်၊ ရန်သူကို အနိုင်တိုက်နိုင်တာမျိုးလဲ ရှိတတ်တယ်'

ချူစွန် ဝမ်းသာသွား၏။

'တော်ပါသေးရဲ့'

ဟု စိတ်ထဲမှ သက်ပြင်းချမိသည်။



'အစ်ကိုကြီး....ကျွန်တော့်ကို အဲ့ဒီ အဓိကသဘောချက်တွေ သင်ပေးမှာလားဟင်'

'သင်ပေးရမှာပေါ့၊ သင်ပေးချင်လို့မင်းကို ရှင်းပြနေတာပေါ့'

ချူစွန်သည် ဒူးထောက်ထိုင်ချပြီး ချင်ကျောင်းယုံကို ဦးချရှိခိုးလေ၏။

ချင်ကျောင်းယုံက လက်ဖြင့်အချက်ပြ၏။

'ကဲ...ထ၊ မြေပေါ်မှာ မတ်မတ်ရပ်လိုက်စမ်း'

'ဟုတ်ကဲ့'

ချူစွန်သည် ချင်ကျောင်းယုံ အမိန့်ပေးသည့်အတိုင်း ချက်ချင်းထရပ်လိုက်၏။

ချင်ကျောင်းယုံက....

'ငါမေးမယ်၊ မင်း ရန်သူတစ်ယောက်နဲ့ ရင်ဆိုင်တွေ့နေပြီဆိုပါတော့၊ ကိုယ်က ရှေ့ဦးအောင်တိုက်မလား၊ ဒါမှမဟုတ် သူ့ရဲ့တိုက်ကွက်ကို စောင့်ကြည့်မလား'

ချူစွန်ကစဉ်းစားခြင်းပင် မပြုတဲ့ ချက်ချင်းဖြေသည်။

'လက်ဦးအောင်တိုက်မယ်အစ်ကိုကြီး၊ ဒါမှရန်သူအပေါ် အသာစီးရမယ်၊ သူ့ကို အဆက်မပြတ် တိုက်နိုင်ရင် သူ့အဖို့ ကိုယ့်ကို တိုက်စစ်ဆင်ဖို့ခက်တယ်မဟုတ်လား။'

ချင်ကျောင်းယုံပြုံးလိုက်၏။

'ဝါသိုင်းလောကထဲ ရောက်လာတဲ့ အချိန်ကစပြီး တွေ့ခဲ့သမျှတိုက်ပွဲတွေမှာ သိုင်းသမား တွေဟာ ကိုယ်က 'လက်ဦးအောင်တိုက်ဖို့ပဲ အရေးကြီးတယ်' လို့ ယူဆကြတယ်၊ လက်ဦးအောင်တိုက်ဖို့ပဲ ကြိုးစားကြတယ်၊ ကိုယ် ဦးအောင်တိုက်မှ အသာစီးရမယ်လို့ ယုံကြည်ထားတော့ ယုံကြည်တဲ့ အတိုင်းပဲ တိုက်ကြတာပေါ့၊ ဒါပေမယ့် သိုင်းပညာရပ်ရဲ့ သော့ချက်ကို သိထားတဲ့လူတစ်ယောက်အဖို့တော့ လက်ဦးအောင်တိုက်တယ် ဆိုတာ အရေးမကြီးလှပါဘူး၊ လက်ဦးအောင် အတိုက်ခံရမယ့် ရှုံးနိမ့်မှာလဲမဟုတ်ပါဘူး။'

ချူစွန်သည်ချင်ကျောင်းယုံနှင့်သူ့ပြိုင်ဘက်များတိုက်ခိုက်သည့် ပြိုင်ပွဲများကို ပြန်လည် မြင်ယောင်လာ၏။ ချင်ကျောင်းယုံသည် မည်သည့်အခါမျှ စတင်တိုက်ခိုက်ခြင်းမရှိခဲ့ချေ။

ပြိုင်ဘက်က စတင်တိုက်ခိုက်သောအခါတွင်လည်း ပြန်လှန်တိုက်ခိုက်ခြင်းမရှိဘဲရှောင်ပေးလေ့ ရှိကြောင်းတို့ကို မြင်လည်းအမှတ်ရလာ၏။



ထိုသို့ရှောင်တိမ်းပေးပြီးနောက် သူ့တိုက်ကွက် ပြန်ထုတ်လိုက်သည်နှင့်ရန်သူများ အမြဲရှုံးနိမ့်ခဲ့ရသည်ကို ပြန်မြင်လာသည်။

ချင်ကျောင်းယုံ၏ တိုက်ကွက် အချို့ကို ကိုယ်တွေ့ မျက်မြင်မြင်ထားသဖြင့် ချင်ကျောင်းယုံက ထိုသို့ ရှင်းပြသည့်အခါ ချူစွန် ချက်ချင်း သဘောပေါက်သည်။

'အစ်ကိုကြီးပြောတာ ကျွန်တော်သဘောပေါက်ပါပြီ ခင်ဗျာ'

ချင်ကျောင်းယုံ ခေါင်းညိတ်လိုက်၏။

'အေး....တစ်ခုတော့ ရှိတာပေါ့၊ မြေပြင်ပေါ်မှာ မားမားမတ်မတ်ရပ်ပြီး ရန်သူရဲ့ တိုက်ကွက်တွေကို ရှောင်တိမ်းပေးနေတဲ့ အခါမှာ ရန်သူရဲ့ ပျော့ကွက်တွေကို ရှောင်တိမ်းပေးနေတဲ့အခါမှာ ရန်သူရဲ့ ပျော့ကွက်ဟာကွက်ကိုတော့ ကြည့်ထားမြင်အောင်ရမှာပေါ့၊ ပျော့ကွက်ဟာကွက်ကို တွေ့ရှိတော့ပြီ၊ ကိုယ်ကအနိုင်မယူနိုင်ရင်လဲ့ အလကားပဲပေါ့'

'အစ်ကိုကြီး၊ ရန်သူရဲ့ပျော့ကွက်ဟာကွက်ကို ရှာတာကလဲ့ ပညာတစ်ရပ်မဟုတ်ဘူးလားအစ်ကိုကြီး'

ချင်ကျောင်းယုံကျေနပ်သွား၏။

ချူစွန် သဘောပေါက် လွယ်သည်ကို သူ လက်ခံသွားသည်။

'မှန်တယ်၊ ရန်သူ့ပျော့ကွက်ဟာကွက်ကိုရှာတာကလဲပညာ
တစ်ရပ်ဖြစ်တယ်၊ သိပ်အရေးကြီးတယ်၊ ဒါကြောင့်ငါက မင်း
ကိုတစ်အချက်ရန်သူကို ဘယ်လို ရှောင်တိမ်းရမယ် ဆိုတာနဲ့
နှစ်အချက် ရန်သူရဲ့ပျော့ကွက်ဟာကွက်ကို ဘယ်လိုရှာရမယ်
ဆိုတာ သင်ပေးမယ်'

'ဟုတ်ကဲ့'
'ကောင်းပြီ....ရန်သူက မင်းရဲ့မျက်နှာကို လက်သီးနဲ့ထိုးပြီ
ဆိုပါတော့၊ မင်းဘယ်လိုများ ရှောင်တိမ်းမလဲ'

'နှစ်မျိုးရှောင်တိမ်းနိုင်ပါတယ်၊ နောက်ဆုတ် ရှောင်ရင်
ရှောင်၊ မရှောင်ရင် ခေါင်းငုံ့ပြီး ရှောင်တိမ်း ရပါမယ်'
'အဲ့ဒီအချက် နှစ်ချက်မှာ ဘယ်အချက်ဟာ ကိုယ်နေဟန်
ထားပျက်ပြားမလဲ'

ချူဗွန်စဉ်းစားနေသည်၊ ထိုအခိုက် ဖုံကျက်ဝါက ဝင်၍
ဖြေသည်၊

'နောက်ဆုတ် ရှောင်တာက ခြေလှမ်း နောက်ဆုတ်ရတဲ့
အတွက် ခေါင်းငုံ့ ရှောင်တာထက် ကိုယ်နေဟန်ထား ပိုပြီး
ပျက်ပြားပါတယ်'
ချင်ကျင်းယုံက ခေါင်းညိတ်၏၊



'ညီမလေးပြောတာမှန်တယ်၊ ကိုယ်နေဟန်ထားပျက်ပြား
တဲ့အတွက် ရန်သူကို ပြန်တိုက်ရာမှာ အခက်အခဲ ဖြစ်သွား
တယ်၊ ခြေပြန်တက်ပြီး ရန်သူကို တိုက်ခိုက်ရမှာ ဆိုတော့
အချိန်ကြန့်ကြာသွားတယ်၊ ရန်သူက အချိန်ပို ရသွားတယ်'

ချူဗွန်က ငြိမ်၍ နားထောင်နေ၏၊ ချင်ကျင်းယုံက ဆက်
ပြောသည်၊

'ရန်သူက ကိုယ့်ကိုလက်သီးနဲ့ထိုးလာတဲ့အခါမှာ ကိုယ်က
အဓိကသော့ချက်ကိုရှာရမယ်၊ ကိုယ်က ရှောင်တိမ်းပြီးတာနဲ့
တကယ်ဆိုရင် အဲ့ဒီ ရှောင်တိမ်းနေတဲ့ အချိန် မှာပဲ ရန်သူရဲ့
လက်သီးက အရေးပါသလား၊ လက်ကောက်ဝတ်က အရေးပါ
သလား၊ လက်မောင်းက အရေးပါသလား၊ လက်ဖျံက အရေး
ပါသလား၊ အဲဒါတွေကို ကိုယ်က စဉ်းစားလိုက်ရမယ်၊ ကဲ....
ဘာက အရေးပါသလဲ ညီမလေး'

ချူဗွန်က ဖုံကျက်ဝါကို ကြည့်လိုက်၏၊ သည်တစ်ကြိမ်
တွင်တော့ ဖုံကျက်ဝါလည်း မဖြေနိုင်ချေ၊

ချင်ကျင်းယုံက နှစ်ယောက်စလုံးကို အကဲခတ်ပြီးမှ....
'မှတ်ထား... လက်ထင်ပေါ်မှာ လက်ကောက်ဝတ်နဲ့ တံ
တောင်ဆစ်အကြားဟာ အဓိကကျတယ်၊ သူ့ထိုးနှက် အားကို

ယယ်ဆောင်လာတဲ့ ဆရာဘူဘာ ဝါဘူပဲ၊ ကိုယ် ကချောင် တိမ်းပေးပြီးတော့ ရန်သူ့ရဲ့ လက်ထောက်ဝတ်၊ ဝါမှ မဟုတ် တံတောင်ဆစ်အကြော ကို ဖုတ်ထုတ် ပစ်ဘင်နိုင်မယ်ဆိုရင် သူ့ ထိုးနှက်မှုဟာ ကိုယ့်ကိုထိဦးမှာမဟုတ်ဘူး။'

ချင်ကျင်းယူ အအေးသားစိတ် ပြေပြသဖြင့်ချူစွန် နားလည် သဘောပေါက်သွားတော့သည်။ ချင်ကျင်းယူက ဆက်ပြော ပြန်သည်။

'အစ်ကို ဥပမာပေး ပြောတာကလက်စေ့၊ အဲ...ရန်သူက လှံခြေထောက်နဲ့ ကန်ကျောက်လာပြီ ဆိုပါတော့၊ ရန်သူဟာ ခြေတစ်ချောင်းကို ကန်ထုတ်နေတဲ့ အချိန်မှာ ကျန်ခြေတစ် ချောင်းနဲ့ သူ့ခန္ဓာကိုယ်ကို ထိန်းထားရတယ်၊ ကိုယ်က အဲဒီ ခြေကိုရပ်ခနိုင်အောင် လုပ်ရင်ကန်နေဆဲ ခြေထောက်ဟာ ဘယ်လိုအရှေ့ရောက်နိုင်တော့မှာလဲ၊ သူ့ခန္ဓာကိုယ်ကို ထိန်းနိုင် အောင် ကမ္ဘာကယာပြန်ပြင်ဆင်ရတော့မှာပေါ့'

ချင်ကျင်းယူသည် ခန္ဓာကိုယ်ရပ်တည်ပုံ အနေအထား၊ သိုင်း သမားများ ကန်ချက်ဟူသည့် အနေအထား တို့ကို ကွက်ကွက် ကွင်းကွင်းဖြစ်အောင် စိတ်ရှည်လက်ရှည် ရှင်းပြသည်။

အချို့အချက်အလက်များကို ဖုံကျက်ဝါမှာလည်း မသိ ခဲ့ချေ။



သိုင်းကွက်ကိုသာတတ်မြောက်ခဲ့သည်။ သဘောတရားကို နားမလည်ခဲ့ချေ။

ချင်ကျင်းယူ ရှင်းပြမှ နားလည် လာသည်။ ချူစွန်မှာ ဖုံကျက်ဝါလေးက သိုင်းပညာအခံမရှိသဖြင့် အချို့ သဘော တရားများကို နားမလည်ချေ။

ထို့နောက် ချူစွန်က ဖုံကျက်ဝါထံပြန်လည်မေးမြန်း၍ မှတ် သားထားသည်။

ချင်ကျင်းယူ၏ရှင်းပြချက်များမှာ ကတ်တွေ့ဘိုက်ကွက်များ မဟုတ်ချေ။

အကျိုးအကြောင်းကို ပိုင်းခြားဝေဖန်ရှင်းပြခြင်းသာဖြစ် သည်။

နေမြင့်လာသောအခါ သူတို့သည် သိုင်းပညာဆင်ကြား ခြင်းကို ရပ်ဆိုင်းလိုက်ပြီး နွားကျောင်းသားဂေဟာသို့ ပြန် လည်အနားယူကြလေ၏။

ညနေပိုင်းတွင် ထိုကွက်လပ်သို့ပြန်လာပြီး သိုင်းကွက်ခင်းပုံ ခင်းနည်းများတို့ကို ချင်ကျင်းယူက သင်ပြ၏။ သူပြောသလို ချူစွန်က ပုံစံပြုလုပ်ရသည်။

ချူစွန်နားမလည် သဘောမပေါက်သောအခါ ဖုံကျက်ဝါက ဝင်ကူရ၏။

လက်တွေ့ လေ့ကျင့်ပေးရသည်။ ထိုအခါကျမှ ချူစွန် သဘောပေါက်နားလည်တော့သည်။

ချင်ကျင်းယုံ ပြောသည့်အတိုင်း လေ့ကျင့်သောအခါ သိုင်းကွက်များသည် အလွန်တရာပြင်းထန်လှကြောင်း တွေ့ရှိလာရသဖြင့် ဖုံကျက်ဝါသည် ချင်ကျင်းယုံကို လွန်စွာလေးစားတော့သည်။ ချင်ကျင်းယုံသည် သူ့ပါးစပ်ဖြင့် ပြောပြသည်ကို ချူစွန်ရော ဖုံကျက်ဝါပါ နားမလည်သောအခါမှ မြေပြင်ပေါ်တွင် တုတ်ဖြင့်ဖြည်းညင်းစွာ ရေးခြစ်ပြီး ရှင်းပြလေသည်။

သိုင်းကွက်များ အဆင့်ဆင့်ပြောင်းလဲပုံ၊ နိမ့်ရာမှမြင့်ရာသို့ တက်သွားပုံတို့ကို အရှင်းရေး၍ ရှင်းပြသည်။ နေ့စဉ် ဤသို့ သင်ပေးလာရာ ချင်ကျင်းယုံ၏ လှုပ်ရှားမှုမှာလည်း ပိုမိုကောင်းလာ၏။ ပို၍သွက်လာလေ၏။

ချူစွန်က အိပ်ချိန်နှင့် စားချိန်မှတပါး သိုင်းပညာကို သာ သဲကြီးမဲကြီး လေ့ကျင့်တော့သည်။ ဖုံကျက်ဝါမှာ ချူစွန်၏ဇွဲကို လက်ဖျားခါ အံ့သြရသည်။ ချင်ကျင်းယုံကား ချူစွန်၏ ကြိုးစားမှုကို လွန်စွာကျေနပ်နေသည်။



နွားကျောင်းထား ဂဟာတွင်ရက်သတ္တနှစ်ပတ်မျှကုန်ဆုံးပြီးသွားသောအခါ ချူစွန်နှင့် ဖုံကျက်ဝါတို့၏ သိုင်းပညာမှာ အံ့သြဖွယ်ရာ တိုးတက်လာတော့သည်။

## အခန်း (၇၀)

### ပျောက်သူ၏သတင်း

စည်သည့်ပညာရပ်မဆို ဇွဲလုံ့လ ဝီရိယတို့ဖြင့် စွဲစွဲမြဲမြဲ သင်ယူမှ ထိုက်သင့်သလောက်တတ်ပါသည်။ ဇွဲလုံ့လဝီရိယ မရှိလျှင်မည်သော၊ ဒေတ္တာဗျာဒိတ်ရသော တတ်ကျွမ်း ပါလေသည်။

သိုင်းပညာသည်လည်း ထိုသဘောအတိုင်း သင်ကြားကြ ရပါသည်။ ခိုတတ်လျှင် အကျိုးမရှိပါ။ ကိုယ်ကြိုးစားမှ ကိုယ်ရပါသည်။

ချူရွှန်နှင့် ဖုံကျက်ဝါတို့မှာ သိုင်းပညာကို အပျော်တမ်း သင်ကြားသူများမဟုတ်၍ သေအောင်ချာချာ ကြိုးစားကြပါ သည်။ သူတို့သင်ကြားရသည့်အချိန်ကာလည်း တိုးတောင်းလှ ပါသည်။ ချင်တွင်းယုံ၏ အဝါးဆုပ်ကော့ပြီးအိတ်ကို မြန်မြန်

ရအောင်ပြုလုပ်ရမည်။ သို့မှသာ သမားတော်ကြီး တစ်ဦးဦးထံ၌ ချင်ကျင်းယုံ၏အဆိပ်ကို ကုသရမည်။

ဤအချက်ကို သူတို့သုံးဦးစလုံး သိနားလည်ထားကြလေသည်။

တစ်လမျှသင်ကြားပေး၍သည်၊ ချူစွန်အနေဖြင့် ခြသေ့ကို အနိုင်ရနိုင်မည်မဟုတ်ကြောင်း ချင်ကျင်းယုံ သဘောပေါက်သဖြင့် ခြသေ့နှင့်ခေါင်းတိုက် အချိန်တိုတိုနှင့် ရင်ဆိုင်နိုင်ရန် တွေးတော ကြံဆရတော့၏။

နောက်ဆုံးတွင် စွန့်စားသည့်အနေဖြင့် ချင်ကျင်းယုံသည် ချူစွန်နှင့် ဖုကျက်ဝါတို့အား ဓားပစ်ပညာသင်ပေးရန် ဆုံးဖြတ်လိုက်လေ၏။

'ဓားပစ်ပညာသင်ပေးမယ်'

'ကောင်းတယ် အစ်ကိုကြီး'

ချူစွန်ကတော့ ချင်ကျင်းယုံသင်ပေးသမျှ အကောင်းချည်းပင်။

ဖုကျက်ဝါမှာမူ ယခင်ကပင် ထိုက်ဆင့်သလောက် သိုင်းပညာရှိနေသဖြင့် ဓားပစ်ပညာကိုသင်သောအခါ သိုင်းလောက၌ ကျော်ကြားနေသော လက်နက်ပုန်းပညာတတ်ကောင်းတတ်နိုင်ပါမည်လောဟု တွေးနေ၏။

လက်နက်ပုန်းဆိုသည်မှာ ပုတီးစေ့၊ သံလုံး၊ သံချွန်၊ သုံးမြှောင့်သံချွန်၊ မြား၊ အဆိပ်အပ်၊ ချိတ်၊ ပါးလွှာသောဓား စသည်ဖြင့် အမျိုးမျိုးရှိ၍ လက်နက်ကလေးများမှာ သေးငယ်လှသဖြင့် လက်နက်ပုန်းဟု ခေါ်ဆိုကြသည်။



ပစ္စည်းကလေးများ သေးငယ်လှသဖြင့် ပစ်ခတ်သောအခါ မဆိုစလောက်သာ အသံတိုးသံထွက်ပေါ်လာသည်။ ထိုမျှဆိုလောက်သော အသံတိုးသံထွက်သော လက်နက်ပုန်းကလေးများကို သိုင်းယိုဂီများက ထိန်းနိုင်ကြလေရာ သာမန်ဓားသမားများမှာ အဘယ်သို့ အသုံးဝင်ပါသနည်း။

ထိုသို့ တွေးမိသဖြင့် ဖုကျက်ဝါ အတွေးလွန်နေခြင်းဖြစ်သည်။

သို့သော် တကယ်တမ်းသင်ယူရသည့်အခါတွင်မူ လက်နက်ပုန်းပစ်ခတ်ပုံနှင့် တွေ့ဘဲတစ်မူထူးခြားနေကြောင်း ဖုကျက်ဝါ တွေ့ရှိရသဖြင့် ဘာမျှမပြောတော့ဘဲ ချင်ကျင်းယုံသင်ပေးသမျှကိုသာ ကြိုးကြိုးစားစား သင်ယူတော့သည်။

သင်ယူသူများမှာ လွန်စွာကြိုးစားကြသဖြင့် ဆယ့်ငါးရက်ခန့်အတွင်းမှာပင် ဓားပစ်ပညာကို တတ်မြောက်သွားလေတော့သည်။

'ကျွန်တော်တော့ သိပ်သဘောကျတာပဲ'

ချူစွန်က ဝမ်းသာအားရပြော၏။

ချူစွန်သည် လက်နက်ပုန်းပစ်သည့်ပညာကိုမသင်ခဲ့ရသဖြင့် ဓားပစ်ပညာမှာ သူ့အဖို့ အဆန်းတကြယ် ဖြစ်နေသည်။ သူပစ်ခတ်ကိုင်တွယ်ပုံမှာလည်း ချီးကျူးဖွယ်ကောင်းသည်။ ချင်ကျင်းယုံကမူ ပြုံးရုံသာပြုံးနေသည်။

ချူစွန်၏ တက်ကြွမှုကို စိတ်ထဲ၌ချီးကျူးနေမိသည်။

* * *

ခြင်္သေ့နှင့်ခေါင်းတို့သည် အကျဉ်းသား၊ လွတ်မြောက်သွားသည့်သတင်းကို နံနက်မိုးစင်စင်လင်းမှသိရသည်၊ မီးနီ၊ ရောင်သိုင်းဝတ်စုံ ဝတ်ဆင်ထားသည့် ကြီးကြပ်ရေးမှူးတစ်ယောက်သည် ခြင်္သေ့အား ဒူးထောက်ကလေးဝပ်ပြီး တုန်တုန်ယင်ယင်ဖြင့် သတင်းပို့သည်၊

'ဆရာကြီး....ကျွန်....ကျွန်တော်တို့ဖမ်းချုပ်ထားတဲ့အကျဉ်းသား ချင်ကျောင်းယုံတော့ လွတ်မြောက်သွားပါပြီ'

ခြင်္သေ့နှင့် ခေါင်းတို့မှာ ပြိုင်တူထရပ်မိကြလေ၏၊

ခြင်္သေ့နှင့် ခေါင်းမှာ ရုတ်တရက် စကားမပြောနိုင်ကြပေ။

ဒီလွန်အလွန်အံ့သြခြင်းက သူတို့၏နှုတ်များအားခဏတဖြုတ်ပိတ်ထားသလို ဖြစ်စေခဲ့သည်။

အတန်ကြာမှ မှင်တက်တွေဝေနေပြီးမှ ခြင်္သေ့စကားပြောနိုင်တော့သည်၊

ခေါင်းသည်ကားလွန်းသဖြင့် အသားများပင်ဆတ်ဆတ်တုန်နေသည်၊

'အစောင့်တွေ သောက်သုံးမကျလို့ပေါ့၊ ဘယ်လိုဖြစ်တာလဲ....'

'နံနက်တော်အဝင်ဝ ချုပ်ဂိုဏ်ထဲမှာတန်ချောင်အထောက်ခံရပါတယ်၊ မားရှည်နဲ့ ထိုးသတ်ခံထားရတာပါ၊ အနောက်ဘက်ဝေဝင်အနီးမှာတော့ ဝူကျင်မေ့နေပါတယ်၊ ချင်ကျောင်းယုံ၏ အခန်းစောင့်လဲ အကြောပိတ်ခံထားရပါတယ်၊ သော့တွေကတော့ သူ့ရဲ့ကိုယ်ပေါ်မှာ ရှိနေလျှက်ပါပဲ၊ ကြည့်ရတာ ချင်



ကျောင်းယုံကို လာကယ်တဲ့လူဟာ ချင်ကျောင်းယုံကို အပြင်ခေါ်ထုတ်ပြီးတော့နဲ့ တံခါးကိုပြန်ပိတ်၊ သော့ကိုအစောင့်ကိုယ်ပေါ်ပြန်တင်ပေးခဲ့ပုံရပါတယ်'

'ဒီည တာဝန်ကျတဲ့လူ ဘယ်နှစ်ယောက်ရှိသလဲ'

'တင် စုစုပေါင်းပဲ ဆရာကြီး၊ အစောင့်အားလုံးကိုဖမ်းချုပ်ထားပါတယ်'

'ဆ...ဆ...ဆရာကြီး၊ ကျွန်...ကျွန်တော် တောင်းပန်....'

'စကားမရှည်နဲ့၊ မင်းပါ မသေချင်ရင် အဲဒီကောင်တွေအားလုံးကို သေဒဏ်ပေးလိုက်စမ်း'

ခေါင်းကလည်း ဝင်ပြောသည်။

'ဟုတ်တယ်....အကုန်လုံး သေဒဏ်ပေးလိုက်၊ ဒီလောက်ပေါ့လျော့တဲ့ကောင်တွေ....သေဒဏ်ပဲ ထိုက်တန်တယ်'

'ဟုတ် ...ဟုတ်ကဲ့'

ကြီးကြပ်ရေးမှူးသည် အရိုအသေပေးပြီး ခပ်သုတ်သုတ်ထွက်သွားလေတော့၏၊

ထိုနေ့က ပန်းတင်ရာနန်းတော်မှ သိုင်းသမားများသည် အနယ်နယ်အရပ်ရပ်သို့ ခြေဆန့်ရှာဖွေကြလေတော့၏။

သို့သော် ချင်ကျောင်းယုံ၏ အရိပ်အယောင်ကိုပင် လုံးဝမတွေ့ရချေ။

သတင်းပို့ဆက်သားများသည် ပန်းတစ်ရာ နန်းတော်သို့ နေ့တိုင်းပြန်ရောက်လာကြ၏။ သို့သော် ထူးခြားသောသတင်း ကား မရှိချေ။

ထိုသူများ စုံစမ်းနေခဲ့သည်မှာ မြို့ရွာအနှံ့ မကျန်တော့ပေ။ ဒုက္ခိတပုံသဏ္ဌာန်ရှိသော လူတစ်ယောက်ကို မည်သူမျှ မတွေ့၊ မည်သူမျှ မမြင်ကြသဖြင့် သတင်းကား လုံးဝအစအနပျောက် နေတော့သည်။

ခြသေ့နှင့်ဒေါင်းတို့ကား သတင်းပို့ဆက်သားများပြန်လာ တိုင်း ဒေါသထွက်၍မဆုံးတော့ပေ။

ယနေ့ဆိုလျှင် ချင်ကျင်ယု လွတ်မြောက်သွားသည်မှာ ဆယ့်ငါးရက်တိုင်တိုင် ရှိလေပြီ။

ရက်ကြာလာသလေ ခြသေ့နှင့်ဒေါင်းတို့ နေမထိ ထိုင် မသာ ဖြစ်လေပင်။

စင်စစ် ချင်ကျင်းယု သည် ပန်းတစ်ရာနန်းတော်နှင့်ဆယ်မိုင် မျှသာ ကွာဝေးသော ဘုရားကျောင်းပျက်တစ်ခုတွင် ခိုအောင်း လျက် ရှိလေသည်။

ဝေးဝေးမြေပြင်ပြီးအထင်နှင့် ဝေးမဝေးတွင်ရှာလေလေ မတွေ့ လေလေပင်။

ချုံနွယ်၏အကြံဉာဏ်ကား ပိုင်လှ၏။



ဘုရားကျောင်းပျက်တွင် မခိုလှုံဘဲ ရွာတစ်ရွာရွာ၊ မြို့တစ်မြို့ မြို့တွင် ခိုအောင်းပါက လူတို့သတင်းကို မည်သို့မျှ သိုဝှက်နိုင် မည် မဟုတ်ချေ။

သုံးလေးရက်အတွင်း ခြသေ့၏ဒဏ်ရာများနှင့်ထိပ်ဘိုက်တို့ မည်မှာ သေချာသည်။

ယခုမူ ဆယ့်ငါးရက်ရှိသော်သည်း ခြသေ့တို့လုံးဝ သတင်း မရသေးချေ။

* * *

'အောက်....ဒီဒုက္ခိတကိုတောင် တွေ့အောင် မရှာနိုင်တာ တော့ အထက်ကို ရှက်ဖို့ကောင်းတာပဲ၊ အထက်ကို ညီဖျင်း ရာလဲ ကျတယ်၊ ဒီဒုက္ခိတက နဂါးလို မြေလျှိုးနိုင်သလား၊ ဂဠုန်လို မိုးပျံနိုင်လို့လား'

ခြသေ့က ကြိတ်မနိုင်ခဲရ ပြော၏။ ဒေါင်းကခေါင်းညိတ် သည်။

'ကျွန်မတို့နန်းတော်မှာ အစောင့်အရှောက်နဲ့ထားလျက်က ဒီလိုလွတ်သွားတယ် ဆိုတာများ သိုင်းလောကက သိသွားရင် ဒီထက်တောင် ရှက်ဖို့ကောင်းပါသေးတယ်'

ခြေသံ့မှာ မျက်နှာကြီးမည်းနေသည်။ သူ့အလွန်စိတ်ဆိုးနေပေပြီ။

ဤအကြောင်းမှုသိုင်းလေးစကကိုမပေါက်ကြားဟုမည်သူမျှ အာမမခံနိုင်ပေချေ။

ပန်းတစ်ရာနန်းတော်သည် သိုင်းလောကနှင့်အမည်ပျက်မှုရှိခဲ့ချေ။

ထို့ကြောင့်လည်း အောက်လမ်းသိုင်းလောကတွင်ပန်းတစ်ရာနန်းတော်ကို လေးစားခဲ့ကြခြင်း ဖြစ်ပေသည်။

'ညီလေး...မြေမြို့ကို ခေါ်လိုက်စမ်း'

ခြေသံ့က အမိန့်ပေးလိုက်သဖြင့် ခေါင်းက အစောင့်တစ်ယောက်ကို ထပ်ဆင့်အမိန့်ပေးလိုက်၏။ ထိုအစောင့်က မြေမြို့ကို ခေါ်လာသည်။

မြေမြို့မှာ ခြေသံ့နှင့်ခေါင်းတို့၏ လက်အောက် ငယ်သား ဖြစ်သည်။ တာဝန်ကျေသူဖြစ်၍ မဆက်ဆံနိုင်ပေ။

ချင်ကျင်းယု လွတ်သွားပြီးသည့်နောက် ခြေသံ့နှင့်ခေါင်းတို့သည် မြေမြို့ကိုခေါ်ယူတွေ့ဆုံခြင်းမရှိပေ။

သူတို့ ... များနှင့်သာ ချင်ကျင်းယုကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြသည်။

ယခု ပထမဆုံးအကြိမ် မြေမြို့ကိုခေါ်တွေ့ခြင်းဖြစ်သည်။ မြေမြို့သည် ခြေသံ့နှင့် ခေါင်းတို့ရှေ့ဝင်လာရာတွင် အလိုလိုသွေးလန့်နေသည်။

ယခု ချင်ကျင်းယု လွတ်မြောက်သွားသည့်ကိစ္စနှင့် ဖုံအုံ့ကျက်ဝါ လာကယ်သည့် အရိပ်အယောင်များ ရှိနေခဲ့သည်။ သော



အော အစောင့်နှင့် ဓတ်ရာရသေအစောင့်များမှာ ဖုံကျက်ဝါ၏ လက်ချက် ဖြစ်နိုင်သည် မဟုတ်ပါလား။

ချင်ကျင်းယုနှင့် ဖုံကျက်ဝါတို့ လာရောက်တိုက်ခိုက်စဉ်က ဖုံကျက်ဝါသည် သူနှင့်တိုက်ခိုက်ခဲ့သည်။ သူကသာ ဖုံကျက်ဝါကို တားဆီးနိုင်စွမ်းမရှိသဖြင့် ဖုံကျက်ဝါ လွတ်မြောက်သွားခဲ့သည် မဟုတ်ပါလား။

စင်စစ် ထိုသည်မှာ အပြစ်မဟုတ်ချေ။ ကိုယ့်ထက် သိုင်းပညာသာလျှင် မည်သူမျှ သိုင်းပညာသာသူကို မတားဆီးနိုင်ချေ။

သို့သော် ခြေသံ့နှင့် ခေါင်းတို့က ဤသည်ကိုပင် အပြစ်ဟု စွဲချက်တင်နိုင်သည်။ မြေမြို့သည် ထိုသို့ တွေးတောပြီး ကြောက်လန့်နေစဉ်မှာပင် ခေါင်း၏ အကြည့်သည် မြေမြို့ပေါ်သို့ ရောက်ရှိလာလေ၏။

'မြေမြို့...ချင်ကျင်းယုမှာ မိတ်ဆွေတစ်ယောက်ရှိတယ်ဆိုတာ ရှင်သိတယ် မဟုတ်လား'

မြေမြို့ ခေါင်းညိတ်၏။

'ဟုတ်ပါတယ်၊ ရှိပါတယ်'

'မိတ်ဆွေ မောင်ရောင်များ သလား'

'များများမရပါဘူး၊ ကျုပ်တွေ့ဘာဘာတ တစ်ယောက်တည်းပါပဲ'

'ဘယ်သူလဲ'

'ဖုံကျက်ဝါလေ၊ ခင်ဗျားတို့ တွေ့ဖူးသားပဲ၊ ပန်းတစ်ရာ ဆောင်ကြေးထဲ ချင်ကျင်းယုံ လာတိုက်တုန်းက ပါလာတဲ့ မိန်းမလေ၊ တကယ်တော့ သူကသာ ကျုပ်ရဲ့ တကယ့်ရန်သူပါ'

'ရှင်က ကျွန်မတို့ထက် ပိုသိနိုင်လို့မေးတာပါ၊ ဖုံကျက်ဝါ တစ်ယောက်တည်း ချင်ကျင်းယုံကို လာဂယ်ရဲပါ့မလား၊ ကယ်ရဲတဲ့သတ္တိ ရှိပါ့မလား'

မြေဖြူက ပခုံးတွန့်လိုက်သည်။

'ဒါတော့ ကျုပ်လဲမသိဘူး၊ သူက ကျုပ်ထက်တော့ သိုင်းပညာ နည်းနည်းအဆင့်မြင့်တယ်'

ထိုအခါ ခြူးသံ့က ကျယ်လောင်သောအသံဖြင့်ဝင်ပြောသည်။

'အဲဒါ မင်းညံ့တာပေါ့၊ မင်းဆီက တို့က ဘာမှအကူအညီ မရဘူး၊ အနည်းဆုံးတော့ ဒီ ချင်ကျင်းယုံရဲ့မိတ်ဆွေ ဘယ်နှစ်ယောက် ရှိတယ်၊ ဘယ်လိုအစွမ်းသတ္တိမျိုး ရှိတယ်၊ ဒီပန်းတစ်ရာ နန်းတော်ကို ဘယ်လိုထိုးဖောက်နိုင်တယ် ဆိုတာတွေ မင်းခန့်မှန်းနိုင်ဖို့တော့ ကောင်းတယ်၊ တို့ကိုအသိပေးဖို့လဲ ကောင်းတယ်'

မြေဖြူ စိတ်ပျက်သွား၏၊ သူ့ရှေ့ရေးအတွက် ပင်ရစ်လာသွား၏။



သူသည် နတ်သိကြားမှမဟုတ်ပေဘဲ၊ ထိုအချက်များကို သူကြိုတင်မသိနိုင်ပေ။

ဖုံကျက်ဝါကို မိမှသာလျှင် ချင်ကျင်းယုံဘယ်မှာရှိသည်ကို သိနိုင်ပေမည်။

'ကျုပ် နားလည်သလောက်ပြောရမယ်ဆိုရင်တော့ဖုံကျက်ဝါကို မိမှ ချင်ကျင်းယုံ ဘယ်မှာရှိတယ်ဆိုတာ သိမှာပါ'

မြေဖြူကထိုသို့ပြောလိုက်ရာခြူးသံ့က မြေဖြူအားမျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်လိုက်လေ၏၊ ခေါင်းကမူတခစ်ခစ် ရယ်လိုက်လေ၏။

ခြူးသံ့က ဒေါသကြီးဖြင့်....

'ဒါတော့ မင်းပြောနေစရာလား၊ ဖုံကျက်ဝါကို ဖမ်းနိုင်မှတော့ ချင်ကျင်းယုံကိုလဲ ဖမ်းနိုင်တော့မှာပေါ့၊ ဘယ်မှာလဲ အဲဒီ ဖုံကျက်ဝါက၊ မင်းရဲ့အတွေးအခေါ်က ဒီလောက်ညံ့ခန

မှာတော့ မင်းညီညီစန်းတို့ဘွေ ပြုံကွဲသွားတာလဲ ဘာမှမသန့်ဘူး....

မြွေဖြူ သောင်းခနဲ ဒေါသထွက်သွား၏။

သို့သော် ချက်ချင်းပင် သတိဝင်လာသည်၊ သူ ဒေါသထွက်လျှင် သူပင် နာပေလိမ့်မည်။

ခြင်္သေ့နှင့် ဒေါင်းတို့သည် အခြားနေရာ သူ့ထက်ပင် ဒေါသထွက်နေချင်သူများဖြစ်သည်။ ထို့ကြောင့်မြွေဖြူ ပါးစပ်ကို ပိတ်ထားရလေ၏။

ခြင်္သေ့သည် မြွေဖြူအား ဒေါသမပြေသေးသည့်မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

သူသည် မြွေဖြူအား ကြည့်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေ၏။

သူ၏ မျက်လုံးများ၌ ကောက်ကျစ် စဉ်းလဲသော အရိပ်အယောင်များ ထွက်ပေါ်နေသည်။

မြွေဖြူသည် ထိုမျက်လုံးများကိုကြည့်မိသောအခါ ရင်ထိတ်သွားသည်။

သူ့အတွက် အခြေအနေမကောင်းတော့ကြောင်း တဖြည်းဖြည်း ရိပ်မိလာသည်။

ခြင်္သေ့၏မျက်လုံးထဲမှ ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင်သည် မည်သည့်အဓိပ္ပာယ်ဖြစ်သည်ကိုသူကောင်းစွာ နားလည်လိုက်သည်။



ခြင်္သေ့တို့သည် ချင်ကျင်းယုံအား ရှာဖွေမတွေ့လျှင် အဝါရောင် ကျောပိုးအိတ်နှင့် ပတ်သက်ပြီး ဖြစ်ပေါ်လာသမျှအပြစ်တို့ကို သူ့အပေါ်ပုံချတော့မည် မဟုတ်ပါလော၊ အဝါရောင် ကျောပိုးအိတ်အတွင်းရှိ လျှို့ဝှက်စာများသည် သိုင်းလောကရှိ ထိပ်သီးသိုင်းသမားများ၊ မဟာ့မဟာ သိုင်းသမားကြီးများ၏ အတွက် စာများဖြစ်သည်။

ချင်ကျင်းယုံအား ဖမ်းမိထားပြီး အပိုင်အနိုင် ချုပ်ကိုင်ထားပါက ခြင်္သေ့နှင့် ဒေါင်းတို့သည် ထိုစာများကိုလက်ကိုင်ပြုပြီး သိုင်းလောကတစ်ခုလုံး သူတို့ခြေဖဝါးအောက် ရောက်အောင် လုပ်ကြပေလိမ့်မည်။

အကယ်၍ ချင်ကျင်းယုံအား ပြန်လည်မဖမ်းဆီးနိုင်ပါက ချင်ကျင်းယုံက ခြင်္သေ့နှင့် ဒေါင်းတို့ကို ပြန်လည်လက်စားချေပေတော့မည်။

ထိုအခါ ခြင်္သေ့နှင့် ဒေါင်းတို့က အဝါရောင် ကျောပိုးအိတ်ကို သူခိုးယူသွားကြောင်း၊ ယူထားသူမှာ မြွေဖြူသာ ဖြစ်ကြောင်း၊ အဝါရောင်ကျောပိုးအိတ်နှင့်ပတ်သက်ပြီးတာဝန်ရှိသူမှာ မြွေဖြူသာဖြစ်ကြောင်း၊ သိုင်းလောကသို့ သတင်းဖြန့်မည်မှာ သေချာလှသည်။

ထိုအခါ လျှို့ဝှက်စာများနှင့်ပတ်သက်သမျှသော သိုင်းထိပ်သီးများသည် တစ်ယောက်မကျန် သူ့ဆီသို့ ရောက်လာပေတော့မည်။

သူ့ညာမှာလည်း အားမျှပြောပေးလေစကားသည် မဟုတ်သဖြင့် ခွေးသေကို လင်းတဆွဲသည်ထက်ပင် သူ့အဖြစ်ဆိုးမည်ကို မြေမြှု သိပေသည်။

ခြင်္သေ့နှင့် ဒေါင်းတို့သည် ကလိမ်ကကျစ်အရာတွင် ဆရာတင်ရမည့်သူများ ဖြစ်၍ သူတို့ကား' နှမ်းစေ့ တစ်စေ့စာမျှ အနာခံမည် မဟုတ်ချေ။

အသားစစ်လျှင် စိမည်။

အနာခံမည်ကား မဟုတ်ချေ။

ခြင်္သေ့နှင့် ဒေါင်းတို့၏ အကြံအစည်ကို ရိပ်မိလိုက်သဖြင့် မြေမြှု ခေါင်းချော်မျှ နေလေပြီ။

ဤအကြံအစည်ကို သိုင်းလောကသားတို့အား သူကအလျှင်ဦးအောင် ဖြန့်ချိနိုင်လျှင်အော။

ဤသို့လည်း ဖြစ်နိုင်မည်မထင်။

ဤသို့ဖြန့်ချိနိုင်အောင် သူ လွတ်လွတ်လပ်လပ် ရှိနေရဦးမည်။ လွတ်လွတ်လပ်လပ်ရှိနေစေဦး၊ ခြင်္သေ့နှင့် ဒေါင်းတို့က ဤသတင်းကို အပျံ့ခံမည် မဟုတ်ချေ။ သူ့အားလိုက်လံသုတ်သင်မည်မှာ သေချာသည်။

မြေမြှုသည် ဤပန်းတစ်ရာနန်းတော်မှ အသက်နှင့် ကိုယ်ဖြိုးလွတ်မြောက် ထွက်ပြေးနိုင်ရေး အတွက် အကြီးအကျယ် အကြံထုတ်နေလေ၏။



ထိုစဉ် ခြင်္သေ့၏မေးမြန်းသံက မြေမြှုအတွေးကို ပျက်စီးသွားစေ၏။

'မြေမြှု...ဒီကိစ္စတွေ မင်းထင်စရာမဟုတ်လား'

မြေမြှုက ထစ်ထစ်ငေါ့ငေါ့ဖြင့်....

'ဟုတ်...ဟုတ်ပါတယ်'

'ကဲ...မင်းက တို့အတွက်ဒုက္ခကို သယ်ဆောင်လာတယ်ဆိုတာမင်းဝန်ခံလိုက်တာပဲ၊ ခု ကြည့်စမ်း၊ ငါတို့သိုင်းလောကမှာဘယ်လောက် မျက်နှာပျက်ရတော့လဲ'

ခြင်္သေ့က သူတို့ကိုယ်သူတို့ လူကောင်းလုပ်နေသည်။

မြေမြှုအဖော်ခံဖြစ်သွားသည်။ သူ့ဒေါသကို မထိန်းဘဲ လွှတ်မေး လိုက်တော့မည် ကဲ့သို့ ဖြစ်သွား၏။ အမှန်တော့ ချင်ကျွင်းယု နှင့် ပုကျွတ်ဝါတို့ကို ဖမ်းထားလိုက်၍ ဒုက္ခဖြစ်မည်မဟုတ်ပါ။ သူတို့က အဝါရောင် ဘောမိုးဘိတ်ကို အပိုင်စီးပြီး မတော်မလျော်ကြံစည်သဖြင့်သာ ဒုက္ခကို လက်ယပ်ခေါ်သလိုဖြစ်နေရခြင်းသာ။

မြေမြှုစကားမပြောရန် တန့်ပြင်နေခြင်းကို ဒေါင်းကတားလိုက်၏။

သူမက အစ်ကိုကြီးနိုင်ငံသူ ခြင်္သေ့အား ကြည့်လိုက်လေသည်။

'အစ်ကိုကြီး...သူ့ကို အပြစ်တင်နေ တာလား'

'အပြစ်တင်ခံရတာပေါ့၊ အခုပဲ ဒုက္ခ ကြုံနေပြီ၊ နောက်
ဘာဒုက္ခတွေ ထက်လာမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။
ကောင်းကင်ကြီး တစ်ခုလုံးတိုနှင်းတော်ပေါ်ပြို ကျလာမှသက်
သာလိမ့်ဦးမယ်'

'ဒါတော့ မဟုတ်သေးဘူး၊ ဒါက ကျွန်မတို့ အပြစ်ပါ၊
ချင်ကျင်းယုံ သာ လွတ်မသွားရင် သိုင်းလောက တစ်ခုလုံး
ကျွန်မတို့ခြေဖဝါးအောက် ရောက်လာရမယ် မဟုတ်လား၊
တကယ်တော့ ချင်ကျင်းယုံ ဒီကိုရောက်လာတာ သူတို့မြွေသုံး
ကောင်ကိုအကြောင်းပြုပြီး ရောက်လာကြတာ မဟုတ်လား၊
ဒီတော့ ကျူးငှူးဘင်စရာရှိရင် မြွေဖြူကိုတောင် ကျူးငှူးတင်
ရဦးမယ်၊ ပန်းတစ်ရာတောင်ကြားထဲမှာ မြွေနီကောင်အသက်
ဆုံးသွားရသေးတာပဲ'

ဒေါင်းက သူ့အတွက်ခုခံစကားဝင်ပြော ပေးလာသဖြင့်
မြွေဖြူမှာများစွာစိတ်သက်သာရာရသွားသည်။ ဒေါင်းက ဆက်
ပြောသည်။

'အစ်ကိုကြီး ကျွန်တော်တို့အခုအရေးတကြီး လုပ်ရမယ့်အလုပ်
ကတစ်ဦးကိုတစ်ဦး အပြစ်တင်နေဖို့ မဟုတ်ပါဘူး၊ ချင်ကျင်းယုံ
ကိုတွေ့အောင်ရှာဖို့ပါ၊

ထိုသို့ သုံးဦးသုံးဖလှယ် ဆွေးနွေးနေစဉ် ပန်းတစ်ရာနန်း
တော်မှသိုးသမားတစ်ယောက်သည် အမောတကော ပြေး
ဝင်လာလေ၏။

ခရီးအဝေးဝေးမှအလျှင်အမြန် ပြေးလာခဲ့ရကြောင်း
အကဲခတ်မိသည်။



'ဆရာကြီးခင်ဗျား.....ချင်ကျင်းယုံကို တွေ့ခဲ့ပါပြီ'
ခြေသံနှင့်အတူ တို့မှာ ခုန်ထမိကြလေ၏။
'ဘာ....ချင်....ချင်ကျင်းယုံကိုတွေ့ခဲ့တာ ဟုတ်လား'
'ဟုတ်ပါတယ်ခင်ဗျာ'
'သူ ဘယ်မှာလဲ'

'ဒီက ဆယ်မိုင်လောက်ဝေးတဲ့ ဘုရားကျောင်းပျက်တစ်ခု
မှာပါ၊ သူတို့က အဲဒီမှာပုန်းနေတာခင်ဗျ၊ တစ်ခြားဘယ်ကိုမှ
လွဲမသွားဘူး၊ ကျွန်တော်တို့ကလဲ သူတို့ အဲဒီမှာ ရှိမှန်းမသိ
ပါဘူး'

'ဘယ်လိုတွေ့တာလဲ'

'သူတို့ ပုန်းနေတဲ့ နေရာက လူသွားလမ်းနဲ့ တစ်ခြားစီ
ခင်ဗျ၊ ဆူးပင်ဝါးရုံတွေကြားကို ဖြတ်ပြီး အဲဒီနေရာကိုဘယ်
သူမှမသွားပါဘူး၊ ယမ်းလုံးဝ ရှိတာပါ၊ ကျွန်တော်က အဲဒီ
နေရာမှာအခင်းကြီးသွားချင်လို့ လမ်းမှာတွေ့တဲ့ ခွေး သားတစ်
ယောက်ကို လွှတ်သွားအောင် စောင့်နေတယ်၊ ဒီခွေးသားက
ကျွန်တော့်ကိုမြင်ရင် နိုင်မိပုံရတယ်၊ သူကသွားသေသွားပါ၊
ဒီဘက်တောနက်ထဲမှာ ဘုရားကျောင်းပျက်တစ်ခုတည်း ရှိတာ
ပါတဲ့ ခင်ဗျားတွေချင်းတွေ့ရင် တောကောင်နဲ့ပဲ တွေ့မှာလို့
ပြောတယ်၊ အဲဒီမှာတင် ကျွန်တော့်စိတ်စနိုးစနောင့်ဖြစ်သွား
ပြီး လူသွားလမ်းကလဲ ဆင်းပြီး တောထဲဝင်ခဲ့တာပဲ၊ တစ်မိုင်
လောက်သွား မိတော့ စကားသံတွေကြားရတာနဲ့ ချောင်းပြီး
ကြည့်ရတယ်လား....လား....ချင်ကျင်းယုံမှ ချင်ကျင်းယုံ အစစ်
ပါ၊ ကျွန်တော်တွေ့ခဲ့ပါပြီ'

'မင်းအားကြောင့်တစ်ခါတည်း မဖမ်းခဲ့တာလဲ'

ထိုသိုင်းသမားမှာမျက်နှာပျက်သွား၏။

ခြင်္သေ့၏ဒေါသသည် ချက်ချင်းသေခြင်းတရားကိုဖြစ်စေနိုင်သည်။

'သူ့မှာမိတ်ဆွေနှစ်ယောက်တောင်ရှိနေတာပဲ၊ ကျွန်တော်ဘယ်လိုဖမ်းရမှာလဲ၊ ဒါကြောင့်မို့ ကျွန်တော်အမြန်ဆုံးသတင်းလာပို့တာပါခင်ဗျား'

ခြင်္သေ့စိတ်ဆိုးသွားသေး၏။ သို့သော် ခေါင်းကာဝင်တားသည်။

'အစ်ကိုကြီး စိတ်မဆိုးပါနဲ့၊ ဒါ စိတ်ဆိုးစရာ မဟုတ်ဘူး၊ သူမိုက်ခုံးမဲ့မဲ့ဝင်ဖမ်းလို့ သူသေသွားရင် ဒီသတင်းကိုအစ်ကိုကြီးရဦးမှာတဲ့သလား၊ သူ့ရဲ့အစင်းလုပ်ပြီးဝင်မဖမ်းတာပဲအစ်ကိုကြီးကောင်းတာင်ရဦးမယ်၊ ကျွန်မတို့ ခုချက်ချင်း သွားဖမ်းကြစို့'

ခြင်္သေ့မှာ ထိုအခါကျမှစိတ်ပြေသွား၏။

ခြင်္သေ့သည် သိုင်းသမား များကို ခေါ်ရန် ပြင်ဆင်ရာ ခေါင်းကာတားမြစ်၏၊ ဤသို့ဖြင့်ခြင်္သေ့နှင့်ခေါင်းကာ သတင်းပို့သူသိုင်းသမားတို့သည် မြင်းကိုယ်စီဖြင့် ခရီးနှင်ကြလေတော့သည်။ သူတို့သည် မြေဖြူကို ခေါ်သွားရန်ပင် သတိမရချေ။



မြေဖြူမှာ သူ့ကိုမခေါ်သဖြင့် ခြင်္သေ့ကို စိတ်မဆိုးပေ။ ကျေးဇူးပင် တင်နေသေး၏။ ခြင်္သေ့နှင့်ခေါင်းကာ ရှိသည်နှင့် ဤနေရာမှ ထွက်ပြေးရန် အခွင့်အလမ်း၊ သာမည်ကို မြေဖြူ တွက်ချက်ထားသည် မဟုတ်ပါလား။

စာရှုသူများ၏ခမ္ဘာကို ခံယူလျက်.....

တက္ကသိုလ် နေလင်းအောင်